www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

# ချစ်ဝိညာဉ်လေးဝေ့ဝဲလည်

ဒုတိယအကြိမ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ဝိညာဉ်လေး ဝေ့ဝဲလည်

## ကလျာ (ဝိဇ္ဇာ သိပ္ပံ)

ပထမအကြိမ် – ၁၉၇၉ ခုနှစ်၊ မေလ
ဒုတိယအကြိမ် – ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံတော်၏ သုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | နိုအရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | နိုအရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | နိုအရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်

၅၀၀၅၈၉၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၈၁၃၀၆၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၆ ခုနှစ် စက်တင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သမီး နှမ်း ...

ဒီစာရရချင်း အိမ်ကို အမြန်ဆုံး ပြန်လာခဲ့ပါ။

ဒါပေမဲ့ ကျောက်မဲအိမ်ကိုပြန်မယ်ဆိုတာ ဘယ်သူမှ မသိပါစေနဲ့။

သိပ်အရေးကြီးတယ်။ အိမ်မှာ ခမ်းမရှိတော့ဘူး။

မေမေ

ဒေါ်နန်းမွေခမ်း

ကျောက်မဲမြို့။

နှမ်း၏ရင်မှာ လှိုက်ခုန်လာသည်။

"ခမ်းမရှိတော့ဘူး ဆိုပါလား"

"မမခမ်း ... ဘာဖြစ်လို့လဲ"

"မမခမ်း ဘယ်သွားလို့လဲ"

ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အို… အိမ်မှာ ဘာတွေဖြစ်ကုန်ကြပြီလဲကွယ်…"

အန္တရာယ်ကို ရင်ဆိုင်တွေ့လိုက်ရခြင်းထက် ကြိုတင် တွေးတောပူပန်ရခြင်းက ပိုမို၍ ခံစားရမည် ထင်ပါသည်။

မန်းတက္ကသိုလ်၏ မြန်မာစာအဓိက နောက်ဆုံးနှစ်ကျောင်းသူလေး နှမ်းမှာ မျက်စိမျက်နှာပျက်ဖြင့် ပစ္စည်းများကို အမှားမှားအယွင်းယွင်း ထည့်သိုသိမ်းဆည်းနေမိသည်။

"ဟေး… နှမ်း အချိန်အခါမဟုတ် အထုပ်အပိုးပြင်နေရင်တော့ မောင်မောင့်နောက်ကို…"

"ဟယ်… မဟုတ်တာတွေ"

"ဒါဖြင့် ဘယ်သွားမှာလဲ"

၈၀ လမ်းပေါ်ရှိ နှမ်းတို့၏ ကဠနဆောင်မှ ဘော်ဒါနေသူငယ်ချင်းများက ဝိုင်းအုံလာကြသည်။

"ကျောက်မဲအိမ်ကို ပြန်မယ်ဆိုတာ ဘယ်သူမှ မသိပါစေနဲ့ သိပ်အရေးကြီးတယ်"

ဆိုသော မမေ၏ အမှာစကားလေးက ယခု နှမ်း၏ လက်ထဲမှာမို့…

"ရန်… ရန်ကုန်က ဦးလေးတစ်ယောက်နေမကောင်းလို့ ခဏ ပြန်မလို့"

"နှမ်းဦးလေးအရင်းအချာ ရန်ကုန်မှာရှိတယ်လို့ ကျွန်တော်တို့ဖြင့် မကြားဖူးပေါင်ဗျာ"

ရွှေဘိုသူ မြင့်မြင့်ကြည်က ဝင်ပြီးစပ်စုနေပြန်သည်။ သူ့စကား





ကို နှမ်း ဂရုမထားအား၊ တခြားသောသူငယ်ချင်းတစ်ယောက်ကသာ…

"သူ့အဖေက ရန်ကုန်သားပဲ၊ နှမ်းမေမေကသာ ကျောက်မဲသူ၊ နှမ်းအမျိုးသမီး၊ နှမ်းတို့အဖေဘက်က ဦးလေးအရင်းတွေ ရှိချင်ရှိမှာပေါ့"

နှမ်းက လက်မှ ရိုးလက်(က်စ်)နာရီလေးကို မြှောက်ကြည့်လိုက်မိသည်။

နေ့လည် ၁၂ နာရီ ၁၅ မိနစ်…

ဘေးမှ သူငယ်ချင်းများ၏ စကားလုံးများကို ဘာမှ မကြားမိ နှမ်းကသာ…

"အခုလာခေါ်တဲ့ကားနဲ့ နှမ်း တစ်ခါတည်း လိုက်သွားရမယ်"

"ဟယ်… ချက်ချင်းကြီး"

"ဟုတ်တယ်၊ မောင်မောင် ညနေလာရင် စာတစ်စောင်ပေးထားကြပါကွယ်"

"နှမ်းက ဘယ်တော့ပြန်လာမှာလဲ"

"မပြောတတ်သေးဘူး"

"ကိုငြိမ်းဝေကြီးတော့ ဆွေးပြီ"

"သူက နှမ်းကို ရင်ထဲထည့်ထားမတတ် ချစ်တာ"

"အင်းလေ၊ သူ့တေးကဗျာတွေ ကြည့်ပါလား၊ အမြဲပဲ နှမ်းကို ရည်ညွှန်းရေးတာ"

"ညနေကျရင် ကိုငြိမ်းဝေကြီး ဘယ်လောက်ခိုက်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တို့ လိုက်ချောင်းကြည့်ဦးမယ်"

ဘော်ဒါကျောင်းသူတစ်သိုက် စုမိလျှင် ကုလားသိုက် ကျ… ကိုက်သည်ဆိုတာထက် ဆိုးပါလိမ့်မည်။

တစ်ယောက်တစ်ပေါက်စကားများကို နှမ်း နားမထောင်အ… ချစ်လှစွာသော မောင်မောင့်ထံသို့ စာလေး ရေးထားခဲ့ရပါဦးမည်…

**မောင်မောင်ရေ…**

သိပ်အရေးကြီးတဲ့ကိစ္စကြောင့် နှမ်း ပြန်သွားရပါတယ်…
မကြာခင် ပြန်လာခဲ့မယ်၊ မလာနိုင်ရင် စာရေးလိုက်…
မယ်။

နှမ်းကို သိပ်လွမ်းမနေပါနဲ့နော်ကွယ်။

**မောင်မောင့်ရဲ့**

**ချစ်သဲ… နှမ်း**

နှမ်းကိုယ်စား ထားရစ်ခဲ့တဲ့ နှမ်းရဲ့စာတိုလေးကို မောင်မော… ကျေနပ်နိုင်ပါစေဆိုသော ဆန္ဒများနဲ့ အားလုံးကို နှုတ်ဆက်ပြီး နှမ်… ကဋ္ဌနဆောင်မှ ထွက်ခွာခဲ့ရပါပြီ။

နှမ်းကိုလာခေါ်သော ဂျစ်ကားမှာ နှမ်းတို့၏လက်ဖက်ခြောက်… များကို အမြဲတင်သွင်း ရောင်းချပေးရသည့် မန္တလေးမှ 'မော်ရှမ်း လက်ဖက်ခြောက် လက်ဖက်စို ရောင်းဝယ်ရေးပွဲရုံ' ပိုင် ဂျစ်ကား ဖြစ်… ပါ၏။

မောင်းသူက 'ဦးဆန်း' နှမ်းနှင့် ရင်းနှီးပြီးသား၊ သူ့ကား… မန္တလေး–ပြင်ဦးလွင်လမ်းခွဲပေါ်သို့ ဦးတည်နေပြီမို့…





"ခုတစ်ခါတည်း ကျောက်မဲသွားမှာလား ဦးလေး"

"အေးပေါ့"

"အိမ်မှာ ဘာတွေဖြစ်နေကြလဲဟင်"

"ဦးလေး ဘာမှမသိဘူး၊ ဦးလေးကို မှာလိုက်တာက တစ်ခုတည်း"

"အဲဒီတစ်ခုတည်းဆိုတာက ဘာလဲ"

"နှမ်းကို ကျောက်မဲပြန်ပို့ပေးလိုက်ရတယ်လို့ ဘယ်သူ့ကိုမှ မပြောရဘူးတဲ့"

"အဲ… အဲဒါ ဘာဖြစ်လို့လဲ"

"မသိဘူးလေ…"

ဦးဆန်းထွန်းသည် အလွန်သစ္စာရှိသော ရိုးသားသော တစ်ကိုယ်တည်းသမားကြီးဖြစ်လေသည်။ သူ့ထံမှ ယခုထက်ပို၍ ဘာမှ သိခွင့်ရနိုင်စရာအကြောင်း မရှိပါ၍ နှမ်း ဘာမှ ဆက်မေးမနေမိတော့။

ပင်လယ်ရေမျက်နှာပြင်အထက်သို့ တဖြည်းဖြည်းမြင့်တက်ရာ တောင်ပေါ်လမ်း၏ သဘာဝအလှအပများကိုသာ ငေးမော်တွေဝေရင်း နှမ်းမှာ ကားဦးတည်ရာသို့ လိုက်ပါလာရသည်။

"မောင်မောင်"

ချစ်ရပါသော နှမ်းရဲ့မောင်မောင့်မျက်နှာ ညိုးညိုးနွမ်းနွမ်းလေးကို ကျောက်ဆောင်များပေါ်မှ၊ သစ်ခက် သစ်ရွက်များအကြားမှ တောင်ခိုးဝေသော ငွေမှုန်ငွေ့များကြားမှ နှမ်း မြင်နေရပါသည်။

www.burmeseclassic.com



ချစ်ရတဲ့ စာဆိုရှင် နတ်သျှင်နောင်မှ ရာဇဓာတုကလျာကို ဖွဲ့ညွှန်းသလို 'ရှုတိုင်း မျက်နှာထင်တော့သည်' ဆိုသည့်အတိုင်းပါလား။

မောင်မောင်သည် ဆင်းရဲနွမ်းပါးသော မိသားစုထဲမှ တစ်ယောက်သောသူပါ။

နွမ်းတို့တစ်နေ့တာသုံးရန် ဖေဖေက ပေးတတ်သောငွေသည် မောင်မောင် တစ်လသုံးရသည်ထက်ပင် ပိုမိုပါလိမ့်မည်။

မောင်မောင့်မေမေက မုဆိုးမ၊ သမီး အိမ်ထောင်သည်နှင့် အတူနေရသည်။ မောင်မောင့်ယောက်ဖက ပြေလည်သည်ဆိုသော်လည်း စီးပွားရေးမချောင်လည်၍ မောင်မောင် မျက်နှာငယ်ရမှန်း နွမ်းသိပါသည်။

မျက်နှာငယ်ရပါသည်ဆိုသော မောင်မောင့်ကို နွမ်းက ပိုမို၍ သနားရ ကြင်နာရသည်ပါ။

"မောင်မောင် ကြိုးစားနေပါတယ် နွမ်း"

"မောင်မောင်ဟာ တစ်နေ့တစ်ချိန်မှာ အနုပညာနဲ့ အောင်မြင်မှု ရလာမယ်လို့ မောင်မောင့်ကိုယ်မောင်မောင် အားတင်းထားပါတယ် အချစ်ရယ်"

သူများ အထင်သေးလေ နွမ်းက မောင်မောင့်ကို အထင်ကြီး ရလေပါ။

ဟော... အခုဆိုရင် မောင်မောင် ကြိုးစားရေးသားခဲ့တဲ့တေးလေးတွေဟာ ကျော်ကြားစပြုလာပြီ။ အလွှာစုံမှာ မဝင်ဆန့်နိုင်သေးပေမယ့် တေးလောကကို ထိတွေ့နေကြတဲ့ အသိုင်းအဝိုင်းမှာ





တော့ 'တေးကဗျာရှင် မောင်ငြိမ်းဝေ' ရယ်လို့ သိမှတ်လာကြပါပြီ။ မောင်မောင်ပြုစုတဲ့ တေးအနုအလှလေးတွေကိုလည်း အာရုံစိုက်လာခဲ့ကြပါပြီ။

"ဒီလောကမှာ မောင်မောင် အမက်မောဆုံး အတမ်းတဆုံးနဲ့ အလိုချင်ဆုံးဆန္ဒ နှစ်ခုတည်းပဲရှိပါတယ် နွမ်း"

"ပထမတစ်ခုက မောင်မောင် သိပ်သိပ်ချစ်ရတဲ့ နွမ်းကို ပိုင်ဆိုင်ရသည်အထိ ချစ်ရပါလို၏ ဆိုတဲ့ ဆန္ဒနဲ့... မောင်မောင့် တေးကဗျာလေးတွေ အောင်မြင်မှုရလာနိုင်ပါစေ ဆိုတဲ့ ဆန္ဒပါပဲ"

မောင်မောင့်ဆန္ဒ ဆုတောင်းလေးများကို ကြားယောင်လာမိသော နွမ်း၏ရင်မှာ နွေးလာသည်။

"ဩော်... မောင်မောင်ရယ် နွမ်းကို ပိုင်ဆိုင်ရသည်အထိ ချစ်ရပါလို၏တဲ့လား၊ကွယ်..."

မောင်မောင့်အကြောင်းလေးများသာ တွေးရင်း လိုက်ပါလာရသည်မို့ ကျောက်မဲလမ်း၏ အန္တရာယ်အသွယ်သွယ်များကို မေ့လျော့နေမိသည်။

ပေသုံးထောင်ကျော် တောင်ထိပ်များဆီသို့ ကွေ့ပတ်တက်ပြီး ထိုတောင်ထွတ်များ၏ အောက်ခြေရောက်အောင် ပြန်ဆင်းရသော ဂုတ်တွင်းလမ်းအဆင်းမှာ အဝီစိသို့များ လမ်းပေါက်သွားပြီလား အောက်မေ့ရအောင် တောင်ကြားလမ်းမှ ထိုးစိုက်ဆင်းသွားပါ၏။

ဂုတ်ထိပ်တံတားသည် ရထားလမ်းသာရှိပြီး တောင် ၂ လုံးကို ကူးယှက်ဆက်သွယ်ထားပါ၏။ ပေပေါင်း ၁၁၀၀ အထိ မြင့်၍



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား ဖြစ်ပါ၏။ သောအကာအရံ မရှိပါဘဲနှင့် ၂၂၆၀ ပေအထိ ရှည်လျားသည်။ အသက် ၈၀ ရှိ အိုမင်းလေပြီ။

ကားလမ်းမှာ တောင်ကြား၏အောက်ခြေလမ်းအရောက် ဆင်းပြီးမှ ပြန်တက်ရ၍ ခက်ခက်ခဲခဲ သွားလာရသည်။ လမ်းအန္တရာယ်များကိုလည်း အမှုမထားမိ။

ကားလမ်းတွင် လစ်သည်နှင့် ဓားပြထွက်တိုက်တတ်သည့် ဘေးဒုက္ခကိုလည်း သတိမရ။

တစ်လမ်းလုံး နွမ်း၏ရင်မှာ နွမ်း၏အတွေး၊ နွမ်း၏အမြင်များအားလုံးကို ဖုံးလွှမ်းစိုးမိုး၍ လိုက်ပါလာလေသူက မောင်မောင်ရယ်ပါ။

"ဦးအောင်စိုးတော့ နေကောင်းပါတယ်နော် မနွမ်း"

အတွေးသံသရာမြေမှ နွမ်းကို ဦးဆန်းက ခေါ်ယူလိုက်သည်။

"ဟုတ်ကဲ့ ဦးလေးဆန်း၊ စာထဲမှာတော့ ဖေဖေ့အကြောင်း ဘာမှမပါဘူး၊ နေကောင်းမယ်ထင်ပါရဲ့"

ဦးဆန်းက နွမ်းကို တစ်ချက်လှမ်းကြည့်ပြီး တောင်ဆင်းလမ်းကို ဂရုတစိုက် မောင်းနေရရှာသည်။ ဖေဖေ့ကိုချစ်ခင်သော ဦးလေးဆန်းက နွမ်း ကမန်းကတန်းပြန်ရသည့် အဖြစ်ကြောင့် ဖေဖေ၏ ကျန်းမာရေးကို စိတ်ပူနေဟန်ရှိပါ၏။

"အိမ်မှာ ခမ်းမရှိတော့ဘူး"

ဆိုသည့်အဖြစ်ကို ဦးလေးဆန်းမသိ၍သာပါ။ နွမ်းကလည်း





မေမေ့စာအရ ဘာမှမပြောဖြစ်ခဲ့။

မမခမ်းတစ်ယောက် သူ့ချစ်သူနောက်ကိုများ အရဲစွန့်ပြီး လိုက်သွားလေပြီလား။

ကိုယ့်အကြောင်းမှသည် ခမ်းအကြောင်းသို့ လွဲပြောင်းတွေးမိလာသည်။

ခမ်း၏ချစ်သူ ရှမ်းအမျိုးသား ခွန်မိုင်းတစ်ယောက် ကျောက်မဲမြို့မှ ပျောက်ဆုံးသွားခဲ့သည်မှာ သုံးနှစ်နီးပါး ကြာမြင့်ခဲ့ပါပြီ။

တောတွင်းစခန်း အမှောင်လမ်းသို့ ဝင်သွားသလိုလို၊ အသတ်ခံလိုက်ရသလိုလို၊ တစ်ဖက်နိုင်ငံကို ခိုဝင်သွားသလိုလို အမျိုးမျိုးပြောနေကြသည့် ကောလဟာလသတင်းများကြားတွင် ခွန်မိုင်းတစ်ယောက် နစ်မြုပ်ပျောက်ဆုံးနေခဲ့သည်။

ခွန်မိုင်းသည် ခမ်း၏ချစ်သူ...

ယခု သူ့ချစ်သူကို ခြေရာကောက်မိ၍ ခြေရာတစ်လျှောက် နောက်ယောင်ခံ၍များ သူ လိုက်သွားခဲ့လေသလား။

ခမ်းက နွမ်းလို သတ္တိနည်းသူမဟုတ်... စွန့်စားရဲသူ။

အခက်အခဲကို ကျော်လွှား၍ရသည့် အောင်မြင်မှုမျိုးကို မြတ်နိုးတတ်သောသူ...။

အင်းလေ... ဘာပဲဖြစ်ဖြစ် သူ့ချစ်သူနဲ့ သူနဲ့ ပေါင်းဆုံမိပါစေလို့ပဲ နွမ်းဆုတောင်းပေးပါတယ် မမခမ်း...

သည်လိုပဲဖြစ်ပါစေ... တခြားသော အမင်္ဂလာသတင်းဆိုးများ မကြားရပါစေနှင့်... ခမ်း၏ပျောက်ဆုံးခြင်းသည် ကောင်းသော

www.burmeseclassic.com



ပျောက်ဆုံးခြင်းသာ ဖြစ်ပါစေ...

ဟူသော ဆန္ဒများဖြင့် နွမ်းတို့ အတော်ခရီးပေါက်ခဲ့ပါပြီ။

ပြင်ဦးလွင်ကျော်ပြီး ဝက်ဝံ၊ ဘန့်ဘွေ၊ စစ်တပ်စိုက်ပျိုးခင်းများကိုဖြတ်ပြီး သဲခေါ်ရွာ၊ အုံးမသီးရွာနှင့် ရထားလမ်းဖြတ်ဝင်သော အုံးမခါးရွာများကို ဖြတ်ခဲ့ပြီးပါပြီ။ ကျောက်ကြမ်းရွာ၊ သဖန်းကိုင်းရွာများမှ ထွက်ပြီး အမြင့်ပေ ၃၃၄၂ ပေရှိသော နောင်ချိုမြို့မှာပင် မရပ်နားတော့။ ခိုက်တုန်ဟုန်း၊ ဂုတ်တွင်းများ လွန်ပြီးသည်နှင့် ကျောက်မဲမြို့နယ်အစသို့ ရောက်ခဲ့ပါပြီ။

တံတားလေးကိုဖြတ်ရစဉ်၌ တံတားအောက်မှ ဖြတ်စီးနေသည့် စမ်းရေအလျဉ်ထဲမှာလည်း မောင်မောင်ပါပဲလားကွယ်...

အဝီစီလောက် အသူရာချောက်တမျှ ဖောက်နက်လှသော နေရာမှသည် မိုးတိမ်လွှာထဲသို့ ဖောက်ထွက်သွားမတတ် မြင့်တက်သောလမ်းသို့ တက်ခဲ့ရပြန်ပါပြီ။ မကြာမီမှာပင်...

❖



# အခန်း (၂)

**ကျောက်မဲမြို့**

နွမ်းတို့ရဲ့လှပသော ကျောက်မဲမြို့ကို မြင်ရပါပြီတည်း။

"ဟောဒီကျောက်မဲမြို့ကိုဝင်ရင် ဆေးရုံတက်ချင်စိတ် ပေါက်လာတယ်"

"ဟင်... ဦးလေးဆန်းမှာ ဘာရောဂါရှိလို့လဲ"

"ဘာရောဂါမှမရှိပါဘူး ဆေးရုံလေးက လှလွန်းလို့"

"ဟာ... ဦးလေးဆန်းကလည်း"

နွမ်း ရယ်မောရင်း မြို့အဝင်မှ ဆေးရုံရှုခင်းလေးကို ကြည့်မိသည်။

တောင်စောင်းတွင် ဆောက်လုပ်ထားပါသည်။ ဆေးရုံ၊ ဆေးခန်း၊ နေအိမ်လေးများက တစ်ဆင့်စီ တစ်ထပ်စီ ဆောက်လုပ်ထားပါ၍ အဝေးမှကြည့်လျှင် ဘုံအဆင့်ဆင့်လေး ဖန်ဆင်းထားသည်သို့ပါ။ ထင်းရှူးပင်များကလည်း အလှခြယ်ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့အဝင်တွင် ဘုရားလေးနှင့် ဆေးရုံရှခင်းက ကျောက်မဲမြို့၏ တစ်စိတ်တစ်ဒေသသော ကျက်သရေဆောင် အလှလေးများ ပါပဲ။

မြို့တွင်းဝင်သည့် ပင်လုံလမ်းအတိုင်း ဂျစ်ကားက မောင်းနှင်လာပြီး ဈေးရှေ့ ဓာတ၀တီသာလမ်းအရောက်တွင် လက်ယာဘက်သို့ ချိုးကွေ့ပြီးမှ လက်ဝဲဘက်ရှိ ဗိုလ်ချုပ်လမ်းသို့ ပြန်ဝင်မောင်းနှင်လာခဲ့သည်။

လမ်းအဆုံး နမ်းဆန်၊ မိုင်းငေါ့လမ်းခွဲလေး၏ထိပ်ရှိ နွမ်းတို့၏ကျယ်ဝန်းသပ်ရပ်သော ခြံလေးအတွင်းမှ တစ်ထပ်ခွဲတိုက်လေး၏ရှေ့သို့ ကားတည့်တည့်ရပ်ပါပြီ။ ဖေဖေဦးအောင်စိုးက ထွက်၍ကြိုနှင့်သည်။

"သမီး... နွမ်း..."

"ဖေ... ဖေ... ဘာ... ဘာဖြစ်ကြ"

"သမီးမေမေ အခန်းထဲမှာ"

ဖေဖေက ဘာမှ ပြောချင်ပုံမရ၍ မေမေရှိရာသို့ နွမ်း အပြေးအလွှား ရောက်လာခဲ့ရသည်။

ဒေါ်နန်းမွေခမ်းက မျက်ရည်များနှင့် နွမ်းကိုကြိုသည်။

"သမီး... သမီးလေးနွမ်း"

"မေမေ... မေမေရယ်... မေမေ နေကောင်းတယ်နော်"

မေမေက ခေါင်းညိတ်ရင်း ခေါင်းအုံးအောက်ကို လက်သွင်း၍ နှိုက်ယူနေသည်။





"ခမ်း... မမှခမ်း ဘာဖြစ်တာလဲ မေမေ"

ဒေါ်နန်းမွေခမ်းက မဖြေ။ သူ့လက်မှာပါလာသော စာတစ်စောင်ကိုသာ နွမ်းကို လှမ်း၍ပေးလိုက်သည်။

တနင်္လာနေ့ညနေ လေးနာရီမှာ

မြို့ပြင်ဂေါက်ကွင်းဘေးက ညောင်ပိန္နဲပင်ကြီးအောက်ကို ငွေတစ်သိန်းသုံးသောင်းနဲ့ အတူ ဦးအောင်စိုးတစ်ယောက်တည်း လာစောင့်ပါ။

ခမ်းကို အရှင်ပြန်လိုချင်ရင် ဘယ်သူ့မှ မပြောနဲ့...

ဗိုလ်ထွန်းအုံနဲ့ အဖွဲ့

"ဟင်... ခမ်းကို ပြန်ပေးဆွဲသွားပြီ"

"ဟုတ်တယ် သမီး... ဒီအဖျက်သမားတွေဟာ အမေတို့လို ဖြစ်မဲ့သူတွေကို သိပ်ဒုက္ခပေးကြတာပဲကွယ်"

"မငိုပါနဲ့ မေမေရယ်... ဒီပြဿနာမျိုးဟာ နွမ်းတို့က ပထမအကြိမ်ဆိုင်ရတာ မဟုတ်ပါဘူး... ဒီလိုနည်းနဲ့ ဒုက္ခပေးခံခဲ့ရသူတွေ ကျောက်မဲမြို့မှာ မနည်းတော့ပါဘူး"

"ငါ့သမီးချောချောလှလှလေးတော့ ဒုက္ခတွေ့နေပြီ ထင်ပါတယ်ကွယ်"

"သူတို့တောင် တဲ့ငွေရရင်တော့ လူကို ဒုက္ခပေးကြမှာ မဟုတ်ပါဘူး မေမေရယ်၊ သိပ်လဲ စိတ်ပူမနေပါနဲ့၊ ဖေဖေက ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့သဘောကတော့ သက်ဆိုင်ရာကို တိုင်မယ်တဲ့၊ မေမေ... မေမေကတော့..."

"မေမေက ဘာလုပ်ချင်သလဲဟင်..."

"သူတို့တောင်းသလောက် ပေးလိုက်ချင်တယ်"

"မေမေ့ဆန္ဒအတိုင်း ဖြစ်ရအောင် သမီး ဖေဖေ့ကို ပြောမယ် လောလောဆယ်တော့ ဒီနည်းအကောင်းဆုံးပဲလို့ သမီးလဲ ထင် ပါတယ်"

"အင်း... ချက်ချင်းသာ ပြေးရွေးယူလိုက်ချင်ပါရဲ့၊ သူ ချိန်းတာက တနင်္လာနေ့တဲ့"

"ဟုတ်ပါရဲ့... ဒီနေ့မှ သောကြာနေ့ပဲ ရှိသေးတယ်၊ ချိန်း နေ့က ဝေးလိုက်တာ"

"ဒါကြောင့်... ဒါကြောင့် ငါ့သမီးလေးတော့..."

"ဒီလောက်လဲ မပူပါနဲ့ မေမေရယ်၊ မေမေ့သမီးက အလည် သတ္တိလဲ ရှိတယ်၊ သူ့အန္တရာယ်ကို သူ ကာကွယ်တတ်မှာပါ"

မေမေ့ကိုသာ ဖြေသိမ့်ရသည်။ နွမ်းကိုယ်တိုင်လည်း ခမ်း အတွက် တွေးတွေးဆဆနှင့် ပူပန်ရသည်ပါ။

ကားပြန်ထွက်သွားသံ ကြားရသည်။ အပြင်တွင် မှောင်နေပြီ ဦးလေးဆန်း နွမ်းတို့၏ရွှေဖီဦးလမ်းမှ ပွဲရုံတွင် သွားအိပ်ပြီ ထင်ပါ

ဖေဖေ ဝင်လာသည်။

မိသားစုသုံးယောက်သား ကြိတ်၍တိုင်ပင်ကြရသည်။

ခါတိုင်း နွမ်းပြန်လာလျှင် မိသားစုလေးယောက် စုစည်းနေ





ဖြစ်ကလေးကို သတိရပြီး နွမ်းပင် ဟန်မဆောင်နိုင်တော့။ ချက်ရည်ကျမိရပါပြီ။

"ကဲပါကွယ်... ငိုမနေကြပါနဲ့... သမီးမေမေရဲ့ဆန္ဒအတိုင်း တနင်္လာနေ့ညနေမှာ ဖေဖေကိုယ်တိုင် ငွေတစ်သိန်းသုံးသောင်းယူပြီး ခမ်းကို လဲလှယ်ပေးပါ့မယ်"

"ဖေဖေ ဒီလိုဆုံးဖြတ်လိုက်တာ သမီး ဝမ်းသာပါတယ် ဖေဖေ"

"သမီးမလာခင်ကတည်းက နန်းရဲ့ဆန္ဒအတိုင်းဖြစ်ဖို့ ဖေဖေ ဆုံးဖြတ်ထားပြီးပါပြီ"

'နန်း' ဟူသော သူ့ချစ်ဇနီးချောကို ဖေဖေ သိပ်ချစ်မြတ်နိုး ကြောင်း နွမ်းတို့ သိကြပြီးသားပါ။

"အဲဒီလိုဆုံးဖြတ်ပြီးရင် သိပ်အရေးကြီးတာ ရှိပြီ"

"ဘာလဲ ကိုစိုး"

"တို့သားအဖသုံးယောက်က လွဲလို့ ဘယ်သူမှ မသိကြစေဖို့ ...။"

"ဟုတ်တယ် ဖေဖေ ဒါ သိပ်အရေးကြီးတယ်"

"တော်သေးတယ် ခမ်းကို လာခေါ်သွားတဲ့အချိန်မှာ အိမ်မှာ ဘယ်သူမှ မရှိလို့"

နွမ်းတို့၏အလုပ်သမားများသည် ပွဲရုံမှာသာ ရှိကြရသည်။ ဤမိသားစုပိုင်အိမ်လေးတွင် တခြားအစေအပါး ထားလေ့ ...ခဲ့။ အလုပ်နှင့်လက်နှင့် မပြတ်အောင် နေတတ်သော ရှမ်းအမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီး မေမေသည် တစ်အိမ်လုံးကိစ္စကို နိုင်နင်းကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သည်။ သမီးများကိုလည်း စည်းစနစ်ထား၍ ခိုင်းစေခဲ့သည်။

ယမန်နေ့ ညနေစောင်းက အိမ်တွင် သားအမိနှစ်ယောက်ထဲ ရှိနေခိုက် လူဆိုးနှစ်ယောက် ခပ်တည်တည်နှင့်ပင် အိမ်သို့ ဝင်လာခဲ့သည်။ ဒေါ်နန်းမွေ့ခမ်းကို ခုတင်တိုင်မှာ ချည်နှောင်ပြီး ပါးစပ်ကို အဝတ်စည်းထားခဲ့သည်။ စာတစ်စောင် ပေးခဲ့သည်။

ခုခံရန်ကြံသော ခမ်းကို သေနတ်နှင့် တေ့ပြီး ခေါ်ထုတ်သွားကြသည်။ အသင့်စောင့်နေသော ဂျစ်ကားပေါ်တင်ပြီး နမ့်ဆန်လမ်းအတိုင်း အပြင်းမောင်းနှင်သွားကြောင်းသာ မေမေ သိလိုက်ရသေးသည်။

ဖေဖေပြန်လာမှ အကြောင်းစုံသိရတော့သည်။ မတတ်နိုင်တော့။

လင်မယားနှစ်ယောက် တစ်ညလုံး မအိပ်နိုင်ဘဲ အမျိုးမျိုး စဉ်းစားဆွေးနွေးကြရသည်။ သမီးနှမ်းထံ ဒေါ်နန်းမွေ့ခမ်းက စာရေးပြီး သွားခေါ်ရေးကို ဦးအောင်စိုးက စီစဉ်ပေးခဲ့ရခြင်း ဖြစ်ပါသည်။

"ဩော်... မမခမ်းတစ်ယောက် အပင်ပေါ်မှ ပန်းလေးတစ်ပွင့်လိုပဲ လန်းဆန်းသန့်စင်မြဲ ရှိနိုင်ပါစေရှင်"

❖



## အခန်း (၃)

"အရေးအကြောင်းရှိလို့ မိသားစုကိစ္စမို့ သမီးကို ပြန်ခေါ်တာက ပထမအချက်"

"ဒုတိယအချက်ရှိသေးလို့လား ဖေဖေ"

"ရှိတယ် သမီး"

"ဟင်... ဘာများလဲ ဖေဖေရယ်"

"နက်ဖြန်မနက် ကျော်ဇေလတ်တို့မိသားစု ရောက်လာကြတော့မယ်လေ"

"ကျော်ဇေလတ်"

"ဒေါက်တာကျော်ဇေလတ်"

"ဟုတ်တယ်လေ သမီး၊ သူတို့မိသားစု ဘာလာလုပ်မယ်ဆိုတာ သမီးသိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဟုတ်ပါရဲ့... ဒုက္ခပါပဲ"

"အစကတော့ ဒီကိစ္စမှာ သမီးကို မမှာတော့ဘူး၊ သမီးလည်း စာမေးပွဲနီးနေပြီ၊ လူကြီးတွေစီစဉ်ရမယ့်ကိစ္စလည်း ဖြစ်လို့ သမီး လာဖို့ မလိုတော့ဘူးလို့ ဖေဖေဆုံးဖြတ်ထားတယ်၊ ခုတော့..."

"အင်းလေ... ဟုတ်တာပေါ့ ဖေဖေရဲ့၊ ဒေါက်တာကျော်ဆွေ လတ်နဲ့ မမခမ်းတို့ရဲ့စေ့စပ်ကြောင်းလမ်းခြင်းကိစ္စမှာ သမီး လာစရာ မလိုပေမယ့် ခုလို မမခမ်း ပြန်ပေးဆွဲခံရတဲ့ကိစ္စကြီးမှာတော့ သမီး ရောက်လာရမှာပေါ့..."

ဦးအောင်စိုးသည် သမီးငယ်လေးနှမ်းကို လေးနက်သော စကားများပြောကြားရန် အရှိန်ယူနေဟန် ရှိသည်။

"မေမေတို့ အများကြီးစဉ်းစားကြရပါတယ် သမီး၊ နောက်ဆုံး တော့ သမီးဖေဖေ တွေးဆစီစဉ်တာ အကောင်းဆုံးဖြစ်မယ်ဆိုပြီး သမီးကို မှာရတာပဲ၊ အဲဒါဟာ ခုနပြောခဲ့တဲ့ ဒုတိယအချက်ပဲ"

ဒေါ်နန်းမွေခမ်း၏ တည်ကြည်တိုးတိတ်သော စကားသံအပြီး တွင်...

"သမီး... နှမ်း"

"ဟုတ်ကဲ့ ဖေဖေ"

"သူတို့မိသားစု နက်ဖြန်ရောက်လာကြမယ်၊ သန်ဘက်ခါမှာ ဒီရပ်ရွာက လူကြီးစုံရာနဲ့ စေ့စပ်ကြဖို့ ဖိတ်ကြားထားပြီးပြီ"

"ဟုတ်ကဲ့"

"အဲဒီလို လူသိရှင်ကြား မင်္ဂလာအခမ်းအနားမှာ ခမ်းမရှိဘူး ဆိုရင်... ခမ်း ဘယ်မှာလဲ... ဘယ်သွားလဲ... ဆိုတဲ့ အမေးတွေ ထပ်ဆင့်မလာပေဘူးလား"

"ဟုတ်ကဲ့ လာမှာပေါ့ ဖေဖေ"

"ဒီလိုဆိုရင် တို့ဘာဖြေမလဲ"

"ဟုတ်ပါရဲ့ မမခမ်းပြန်လာနိုင်မှာက တနင်္လာနေ့၊ စေ့စပ် မှာက တနင်္ဂနွေနေ့ တစ်နေ့ထဲ လွဲတယ်နော်..."

"အေး ဒါကြောင့် သမီးကို ခေါ်ယူရတာပေါ့၊ ဘယ်သူမှ မသိအောင် အိမ်ကို ပြန်လာစေရတာပေါ့"

ဖေဖေ၏ဦးတည်ချက်ကို နှမ်း ရိပ်မိလာပါပြီ။ သို့ပါသော်လည်း ယုံရဲ ယုံရဲဖြင့် စေ့စပ်ပွဲ၏စီစဉ်ပုံများကို နှမ်း နာယူရပါပြီ။

နှမ်းနဲ့ ခမ်းနဲ့ဟာ အမြွှာညီအစ်မပဲ။ မွေးထားတဲ့ ဖေဖေတို့ တောင် တစ်ခါတလေ မှားကြရတယ်။ သေးလူတွေ သိနိုင်ဖို့ဆိုတာ ဝေလာဝေး။

နှမ်းမှာ ဦးအောင်စိုးကို အလန့်တကြားကြည့်မိသည်။

"ဒီတော့ လိုရင်းပြောရရင် နက်ဖြန်မှာ ငါ့သမီးနှမ်းက ခမ်း အဖြစ်နဲ့..."

"ရှင်..."

"ဘာမှပြဿနာရှိလာနိုင်စရာ မရှိဘူး သမီး၊ ကိုယ့်အိမ်မှာပဲ ကိုယ့်မိဘရှေ့မှာပဲ၊ ပြီးတော့ သမီး သရုပ်ဆောင်ရမှာကလဲ တစ်နေ့ တည်း"

မှန်ပါသည်။ ဖေဖေတို့ သည်သို့စီစဉ်ဖို့ အကြံရသည်ကိုင်







www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာစရာပါ။

ခမ်းရှိမနေသည်ကို အားလုံးမသိကြစေဖို့အတွက် အကောင်းဆုံးသောနည်းလမ်းလေးတစ်ခုဖြစ်မှန်း နှမ်း နားလည်ပါသည်။

သို့သော်...

ရင်ထဲမှာ တစ်မျိုးကြီးပါ စိတ်လေးလှပါသည်ဟု အယူအ မရှိပါဘဲလျက် အတိတ်နမိတ်မကောင်းသလိုများ ဖြစ်နေလေသလား ဟုလည်း ကြဲကြဲဖန်ဖန် တွေးမိရုံမျှမက...

ချစ်လှစွာသော မောင်မောင်၏အခြားမဲ့၌ ဒေါက်တာကျော်ဇေလတ်နှင့် စေ့စပ်လိုက်ရသည်အထိ၊ သရုပ်ဆောင်ရမည့်အဖြစ်မျိုးမို့ မောင်မောင်မှ ကျေနပ်ပါ့မလား။

"သမီး..."

"ရှင်... မေမေ"

"ဒီနည်းဟာ အကောင်းဆုံးနည်း ဖြစ်လိမ့်မယ်လို့ မေမေထင်မိတယ်၊ သမီးလေးက ခမ်းအဖြစ် ခေတ္တ အစားဝင်ရမှာကို ဝမ်းလေးနေသလားဟင်..."

"ဝန်လေးတယ်တော့ မဟုတ်ပါဘူး မေမေရယ်၊ ဒါပေမဲ့ ရင်ထဲမှာ တစ်မျိုးကြီးပဲ"

"သမီးခံစားရမှာ တစ်နေ့တာတည်းပါ"

"နောက်တစ်နေ့ညနေမှာ ခမ်း ပြန်လာတော့ရော..."

"ဟယ်... အလွယ်လေး နှမ်းပြန်လာတယ်ပေါ့၊ ပြီးတော့ ခမ်းနေရာခမ်း ပြန်နေရုံပဲ"





"အင်း... အဲဒီဆရာဝန်တော့ နှမ်းတို့ အမြွှာညီအစ်မနှစ်ယောက်ကြားမှာ အရှုပ်အထွေးအဖြစ်နဲ့ လုံးလည်လိုက်နေတော့မှာပဲ မေမေရယ်..."

သောကများကြားမှပင် သားအမိ သားအဖသုံးယောက်လုံး ယဲ့ယဲ့လေး ပြုံးမိကြပါသတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

'ခမ်း'

သူ့အခန်းစားပွဲပေါ်မှ စားပွဲတင်ဓာတ်ပုံလေးကို ကြည့်ရင်း နှမ်းရင်မှာ လှိုက်လှဲလာမိသည်။

ပြန်ပေးဂိုဏ်းသား လူဆိုးများအလယ်မှာ မမခမ်းတစ်ယောက် သိပ်ကြောက်နေရှာမလား... ဘယ်လိုအန္တရာယ်တွေနဲ့များ ရင်ဆိုင်နေရသလဲရှင်...

အချင်းတစ်ခွက်ထဲမှ ညီအစ်မနှစ်ယောက်မို့ တစ်ယောက်ကို တစ်ယောက် သူများတွေထက် ပိုချစ်မိကြမည် ထင်သည်။

နှမ်းမှာ အစ်မအတွက် ညဉ့်နက်သည့်တိုင် အိပ်၍မပျော်ခဲ့ပါ။ သူ့ဓာတ်ပုံလေးကြည့်ပြီး လွမ်းဆွတ်စိတ် ပူပန်စိတ်များက နှမ်း၏ အိပ်ချင်စိတ်များကို တွန်းထိုးဖယ်ထုတ်ထားလိုက်ကြသည်။

"မေမေတို့က ဘာမှန်းလဲ မသိဘူး၊ ငါ့ကို ဒေါက်တာကျော်ဇေလတ်နဲ့ပဲ အတင်းယူခိုင်းနေတာပဲ၊ အဲဒီလူပုံက ကြောတောတော ရင့်တင့်တင့်နဲ့..."





"ဒီမှာ နှမ်း ငါများ သူ့ကို မယူမနေရတဲ့အခြေအနေ ဖြစ်လာရင်လေ ငါ ခွန်မိုင်းရှိမယ့်နေရာကို ရှာပြီး ထွက်ပြေးပြီသာမှတ်"

ဓာတ်ပုံထဲမှ ခမ်းသည် လှုပ်ရှားလာသည်။ စကားပြောလာသည်။ တစ်ချိန်က ဤအိပ်ရာထဲတွင် ညီအစ်မနှစ်ယောက်ရှိနေစဉ်က ပုံစံအတိုင်း အသံအတိုင်း။

"ခမ်း... မမခမ်း"

"ဒေါက်တာကျော်ဇေလတ်ကို ယူရမယ်ဆိုလို့များ ဥာဏ်ဆင်ပြီး ထွက်ပြေးပြီလား..."

"ကိုခွန်မိုင်းဆီ သွားပြီလား"

ဤအတွေးများသည် သံသယစိတ်များကိုပါ ဖိတ်ခေါ်ပြီး နှမ်း၏ရင်ထဲသို့ ဝင်ရောက်လာတော့သည်။

"မမခမ်းတစ်ယောက် တကယ်ပဲ ပြန်ပေးဆွဲခံရတာလား... ဒါမှမဟုတ်..."

"သူကိုယ်တိုင်က အကွက်ထွင်ပြီး စွန့်စွန့်စားစားနဲ့ ထွက်များ ပြေးပြီလား"

ယင်းအတွေးများကို မေမေ၏စကားများက ပြန်လည်ချေဖျက်ပေးခဲ့ပြန်သည်။

"အစတုန်းကတော့ ခမ်းကို အတော်နားချရလိမ့်မယ် ထင်တာ၊ သူက တခေါက်ကန်း၊ တဇွတ်ထိုးမလေး မဟုတ်လား၊ ခုတော့ မေမေတို့စီစဉ်တာ သမီးနာခံပါမယ်တဲ့... တော်သေးရဲ့၊ အင်း... သူ့ရည်းစား ခွန်မိုင်းတစ်ယောက်လဲ သေရှာပြီလို့ သူ ယုံကြည်လိုက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီလေ"

မေမေ၏စကားများက လျှော်ကန်သင့်မြတ်လှပါ၍ ခမ်းတစ်ယောက် အမှန်တကယ်ပင် အန္တရာယ်နယ်မြေမှာ ရှိနေရှာရပါပြီဟု နွမ်း ဆုံးဖြတ်ထားလိုက်ရပါပြီတည်း။

ညက အိပ်မပျော်၍ နွမ်း ခေါင်းနောက်နေရသည်။ မေမေသည်လည်း မျက်ရည်စများကို သုတ်သိမ်းပြီး အိမ်ကို ပြင်ဆင်ခြင်း၊ စားသောက်မှုအတွက် ပြင်ဆင်ခြင်းများကို ညွှန်ကြားနေရရှာပေသည်။

မေမေကိုယ်တိုင် ဦးစီးလုပ်ကိုင်နေသည်မို့ နွမ်းနှင့် အတူ အကူ မိန်းကလေးတို့မှာ မအားမနားရပါပေ။

"သမီးနွမ်း ရေချိုးတော့၊ ကျန်တာတွေ မေမေ ဆက်လုပ်လိုက်တော့မယ်"

သမက်လောင်းကို လှလှပပပြချင်သော မေမေက နွမ်းကို မီးဖိုထဲမှ ထွက်စေသည်။

"ဒေါက်တာစိုင်းခမ်းအောင်တို့မိသားစုလဲ ပါလာကြမှာ"

"ဒါဖြင့် ကားနှစ်စီးနဲ့ လာကြမှာပေါ့နော် မေမေ"

"အေး လားရှိုးက သူတို့ အစောကြီးသာထွက်လာဖြစ်ရင် ရောက်ခါတောင်နီးပြီ... ဩော်... သမီး"

"ရှင်"

"သူတို့ရှေ့မှာ နွမ်းဆိုတဲ့စကား မပါစေရအောင် ဂရုစိုက်နော်၊ ခမ်းလို့ပဲ ပြောရမယ်နော်၊ အဲဒါတော့ သတိကြပ်ကြပ်ထားပါ သမီး"





"စိတ်ချပါ မေမေ"

ကိုယ်တိုင် သတို့သမီးလောင်း မဟုတ်သော်လည်း ရင်ခုန်ရသားပါလား။

ဒေါက်တာကျော်ဇေလတ်တို့မိသားစုမှာ ရန်ကုန် ဝင်ဒါမီယာတွင် နေထိုင်ကြသော ချမ်းသာလွန်းသည့် မိသားစုများ ဖြစ်ကြပါ၏။ သားနှစ်ယောက်တည်းသာရှိသည်။ သားအကြီး ကျော်ဆွေလတ်က နိုင်ငံခြားမှာ ပညာသင်ယူနေဆဲပါ။

ဤမိသားစုသည် ခရီးစဉ်အတိုင်း ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ ကျောက်မဲသို့ ရထားသို့မဟုတ် ကားခရီးနှင့် မလာကြ။ ပင်ပန်းလှသည်ဟု အကြောင်းပြပြီး ရန်ကုန်မှ လားရှိုးသို့ လေယာဉ်ခရီးဖြင့် လိုက်လာကြသည်။

လားရှိုးတွင် ကျော်ဇေလတ်မိခင်၏မောင်အရင်း ဒေါက်တာတင်ဦးလွင် ရှိနေသည်။ ဤဒေါက်တာတင်ဦးလွင်တို့ ဇနီးမောင်နှံနှင့်အတူ နွမ်းတို့၏မိတ်ဆွေရင်း သူတို့ချင်းလည်း ရင်းနှီးနေပြီးဖြစ်သော ဒေါက်တာစိုင်းခမ်းအောင်တို့မိသားစုလည်း လိုက်ပါလာကြမည်ဟု ဆိုပါ၏။

အနည်းဆုံး ဧည့်သည်က ဆယ်ယောက်လောက် ရှိပေလိမ့်မည်။

ယနေ့မနက်စောစောတွင် ကိုယ်ပိုင်ကားများနှင့် လားရှိုးမှ ကျောက်မဲသို့ ဆင်းလာကြပါလိမ့်မည်။ မန္တလေးနှင့် လားရှိုးသည် ၁၇၅ မိုင်ဝေးကွာပါ၏။ မန္တလေးနှင့် ကျောက်မဲသည် ၁၀၈ မိုင်မျှ



www.burmeseclassic.com

www.burmeseclassic.com



ဝေးကွာပါ၍ လားရှိုးမှ ကျောက်မဲသို့ ပြန်ဆင်းလာရမည့် ခရီးမှာ မိုင် ၆၀ ကျော်သာရှိပါ၍ နေ့လည်မတိုင်မီ သူတို့ ရောက်နိုင်ပါလိမ့်မည်။

မထူးတော့၍ နှမ်းမှာ သဏ္ဌာန်လုပ် သရုပ်နှင့်တူပါစေရန် သောကရုပ်ကို လုပသောအဆင်းတန်ဆာများဖြင့် မွမ်းမံဖိဖုံးရပါမည်။

"သိပ်လှတာပဲ နှမ်းရယ်"

မှန်ထဲတွင်မြင်ရသော ပြင်ဆင်ပြီး ကိုယ့်ရုပ်လွှာကို မောင်မောင်သာ မြင်ပါလျှင် သူပြောနေကျစကားအတိုင်း ပြောဖြစ်လေမည်သာ။

"သြော်... နှမ်းပျောက်သွားလို့ မောင်မောင်တစ်ယောက် စိတ် ကောက်နေမှာလားကွယ်"

အချိန်ပြည့် မောင်မောင်သည်သာ နှမ်းကို စိုးမိုးနိုင်သူပါလား ဟူသော အသိဖြင့် လှပြီးသားအလှလေးများကို ထပ်မံ၍ ပြင်ဆင်ရပြန်သည်။

ရွှေအိုရောင် ဆင်တူတစ်စုံ၊ လက်ဖောင်း လည်ပတ်အင်္ကျီလေးမှာ စိန်ဆွဲကြိုးလေးကပ်၍ ဆွဲထားရသည်။ စိန်လော့ကတ်သည် နှမ်း၏ဖွေးအိနေသော ရင်ညွန့်မို့မို့လေးပေါ်ဝယ် တဖျပ်ဖျပ်ပြေးလွှားနေပါ၏။ မျက်နှာကို မိတ်ကပ်ခပ်ပါးပါးလေး တင်ထားပြီး ဆံပင်ကို သည်အတိုင်း ဖြန့်ချထားလိုက်သည်။

"နှမ်းရေ လာကြပြီဟေ့"

မေမေ၏တပ်လှန့်သံကြောင့် နှမ်းရင်မှာ လှုပ်ခါသွားရပါပြီ။

"သမီး လာတော့လေ ဣန္ဒြေမပျက်စေနဲ့နော်"





ဖေဖေကိုယ်တိုင် အခန်းဝမှ လာခေါ်ပြီး သတိပေးသည်။

"စိတ်ချပါ ဖေဖေ"

သားအဖနှစ်ယောက် အတူထွက်လာချိန်တွင် မေမေက ဧည့်သည်များကို ကြိုနှင့်နေလေပြီ။

လာကြသူများက အားလုံး ဆယ့်သုံးယောက်။ နှမ်းတို့ဘက်က အကြီးအကဲများပါ ကြိုဆိုနေကြပါ၍ လူနှစ်ဆယ်ကျော်လောက် ရောနှောရှုပ်ထွေးသွားတော့သည်။ လူနှစ်ဆယ်၏ အသံများ လုံးထွေးမြုံထွက်လာနေသည်။ နောက်နားဆီမှ ခပ်ကြောင်ကြောင်လေးရပ်နေမိသော နှမ်းဆီသို့...

"အရင်တွေ့တုန်းကထက်တောင် ခမ်းက ပိုပြီး လှနေပါလား"

နီးနီးကပ်ကပ် မျက်နှာချင်းဆိုင်ရပ်ပြီးပြောလာသူက ဒေါက်တာကျော်ဇေလတ်...

နှမ်း၏ရင်မှာ ပိုမို၍ လှုပ်ခါသွားရပါပြီ။ အပြာရောင် ဆာဖာရီကုတ်နှင့် ဘောင်းဘီကို ဝတ်ဆင်ထားပါ၏။ နှမ်းမှာ ငုံ့နေမိ၍ သူ့ဘောင်းဘီအောက်နား ကားကားကြီးကိုသာ မြင်နေရသည်။

"ဘယ့်နှယ်လဲ ခမ်းရဲ့... ဧည့်သည်ကို မဖိတ်ခေါ်တော့ဘူးလား"

"သြော်... ခေါ်ပါတယ်၊ ခမ်း... ခမ်း ဘာပြောရမှန်း မသိလို့ပါ ထိုင်ပါ"

"ခမ်းဆိုတဲ့ ရှမ်းမလေးက တကယ်လှတာပဲကွာ"

ချီးမွမ်းမှုများ ခြံရံနေသော ဒေါက်တာကျော်ဇေလတ်၏ဘေးတွင် နှမ်း ဝင်၍ ထိုင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခမ်း"

"ရှင်"

"အခု စေ့စပ်ပွဲဟာ မာမီတို့ဆန္ဒကြောင့် ကိုယ် လိုက်လာခဲ့တယ်လို့ ခမ်း ထင်သလား"

"ခမ်း မထင်တတ်ပါဘူးရှင်"

"မထင်ပါနဲ့ ခမ်း... ခမ်းကို ရန်ကုန်မှာ မြင်တွေ့ခဲ့ရဖူးတဲ့ ကိုကိုကိုယ်တိုင်က ခမ်းကို ချစ်လို့ လာပြီး စေ့စပ်တာပါ၊ မကြာခင်မှာပဲ လက်ထပ်ကြဖို့လဲ တစ်ခါတည်း စီစဉ်သွားမှာပါ၊ ခမ်းဘက်ကရော..."

"ရှင်..."

"ဩော်... ခမ်းအနေနဲ့ကရော ဘယ်လိုသဘောထားရှိသလဲ ဟင်..."

"ရှင်... ဘာမှ မရှိပါဘူး"

"ဟင်... ဘာမှမရှိဘူး... ဘယ်လိုလဲ ခမ်းရဲ့"

"အို... မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ"

"ဩော်... ဘယ်လိုမှ သဘောထားမရှိပါဘူး၊ မေမေတို့ စီစဉ်တာကို ကျေနပ်ပါတယ်လို့"

သူက ဘာမှ မပြောတော့ပါဘဲနှင့် နှမ်း၏လက်ကို ဆုပ်ညှစ်လိုက်သည်။ ခေါင်းငုံ့နေသောနှမ်းက မသိမသာလေး ရှန်းထွက်လိုက်ရင်း...





"စားသောက်ဖို့ စီစဉ်လိုက်ဦးမယ်နော်"

ပြောပြောပြေးပြေးဖြင့် နောက်ဖေးဘက်သို့ ထွက်လာခဲ့ရသည်။

ရှေ့မထွက်ချင်၍ စားသောက်မှုများ ဝိုင်း၍ စီစဉ်ပေးနေရပါသည်။ သည်များ ထမင်းစားချိန်တွင်ဖြင့် နှမ်းမှာ ယပ်တောင်လေးတစ်င်းနှင့် ရပ်စောင့်နေရပါ၏။ ဒေါက်တာကျော်ဇေလတ်နှင့် အကြည့်း မဆုံရဲပါ၍ အနေရအထိုင်ရခက်လှပါဘိသည်။

အချိန်ဆိုသော အရာသည်သာ အကောင်အထည်ရှိပါလျှင် လှသိမ်းခေါက်ပစ်လိုက်ချင်ပါသည်။

သည်နေ့ဝက်နှင့် နောက်နေ့ဝက်ကျော်အချိန်များသည် ရှည်ားလှပါဘိ။ ခမ်း ပိုင်ဆိုင်လှုပ်ရှားရမည့် အချိန်များကို အစားဝင်းနေရသော နှမ်းအတွက် ပင်ပန်းလွန်းလှချေသည်တကား။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

အရှေ့ဘက် ရှမ်းတောင်တန်းကြီးများနောက်ကွယ်မှ မြင့်တက်လာသော နေဝန်းနီ၏ရောင်ခြည်တန်းများသည် လွယ်ခွမ်တောင်ကို နွေးထွေးသော ထိတွေ့မှုဖြင့် နှုတ်ဆက်ထိနမ်းလာသည်။

"ဒါ လွယ်ခွမ်တောင်နော် ခမ်း"

"ဟုတ်ကဲ့ နှုတ်ကခေါ်တော့ လွယ်ခွန်တောင်ပါ"

"သိပ်လှတာပဲကွာ"

"ဟုတ်ကဲ့ ဒီတောင်ဟာ တစ်မြို့လုံးရှုခင်းကို အပေါ်စီးက မြင်ရတော့ ရှုခင်းက လှနေမယ်ထင်ပါတယ်၊ ခမ်းတို့ကတော့ အမြဲ ရိုးနေပါပြီ"

"ရှုခင်းလှတာကို ပြောတာမဟုတ်ဘူး ခမ်းရဲ့"

"ရှင်"

"ခမ်း သိပ်လှတာကို ပြောတာ"

"အို..."





ဒေါက်တာကျော်ဇေလတ်က နွမ်း၏လက်ကလေးကို ချိတ်တွဲဆိုက်သည်။

နွမ်း ငိုချင်စိတ်ပေါက်ရပါပြီ။ ချစ်လှစွာသော မောင်မောင့်ရွယ်ရာမှာ တခြားသောအမျိုးသားနှင့် ယခုလိုပုံစံမျိုးဖြင့် နေရသည်ကို စိတ်ထဲက မလုံလဲပါ၊ မနေချင်ပါ။

နွမ်း၏ဘဝ နွမ်း၏အသည်း နွမ်း၏ကိုယ်ခန္ဓာကို မောင်မောင် ခတစ်ပါး...

"ဟေး... ခမ်း... ခမ်းက တစ်မျိုးပဲကွာ၊ ကိုကိုဟာ ခမ်းကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီဆိုတာ ခမ်းက မသိသလိုပဲ၊ ရှောင်ဖယ်ဖယ်နဲ့..."

"မဟုတ်ပါဘူး"

"ဒါနဲ့ လက်ကလေးဆွဲတာတောင် ဘာလို့ ရုန်းနေရတာလဲ"

သူ့အသံက လွှမ်းမိုးလွှန်းလှသည်။

"ခမ်း ရှက်လို့ပါရှင်၊ ဟိုမှာလည်း ဘုန်းကြီးကျောင်းရှိနေပါတယ်"

လှပသော ညောင်ပိန္နဲပင်ကြီးများအနီးတွင် သီဟိုဠ်ကျောင်းနှင့် ပရိယတ္တိစာသင်တိုက် ရှိနေပါ၍ သူ အရှိန်သတ်လိုက်သည်။

မနေ့ညနေက စေ့စပ်ပွဲ ပြီးဆုံးသွားခဲ့ပါပြီ။ ယနေ့မနက်တွင် သူ၏ဆန္ဒကြောင့် နွမ်းနှင့်နှစ်ယောက်တည်း ဤလွယ်ခွမ်တောင်ပေါ်သို့ ရောက်လာရခြင်းဖြစ်ပါ၏။ အိမ်ထောင်ရေး အဆောက်အဦဆောက်ရသေးသော်လည်း ပန္နက်ရိုက်ပြီးပြီ။ ခြံစည်းရိုးခတ်ပြီးလေပြီမို့ ဤမိန်းကလေးကို သူ ပိုင်ဆိုင်ခွင့် ရပြီးပါပြီဟု ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေလတ် သတ်မှတ်ပြီးပါပြီလေ။

"ခမ်းကလည်း ညနေ ပြန်လာတော့မှာ၊ သူတို့လည်း နေ... ဆို ပြန်ကြတော့မှာပါ"

ဟူသော အားတင်းစိတ်ဖြင့် ဟန်မပျက် ဆက်လက်ရှ... နေရပါသည်။

"ဒီတောင်ရဲ့အနောက်တည့်တည့်မှာ လမ်းလေးတစ်ခု ... တယ် ခမ်း၊ တောင်ကြားလမ်းမှာ ကွေ့ကွေ့ကောက်ကောက်... အဲဒါ ဘယ်သွားတာလဲဟင်"

"အဲဒါ မိုးကုတ်သွားတဲ့လမ်းပါ"

"ဟင်... မိုးကုတ်လဲ သွားလို့ရတယ်လား"

"ဟုတ်ကဲ့ လမ်းကတော့ ရှိပါတယ်၊ လုံခြုံရေးမကောင်း... ဘူး၊ ဒီမြောက်ပိုင်းနယ်ကနေ ကချင်ပြည်နယ်ထိအောင် သွား... ရနိုင်ပါတယ်၊ ဒါပေမဲ့ အဖျက်သမားတွေကြောင့် ခရီးသည်ကား... သွားလာဖို့ ခက်ခဲပါတယ်၊ အားလုံးငြိမ်းချမ်းကြပါစေလို့ ခမ်း... ဆုတောင်းတာပါပဲ"

"အံမယ်... ခမ်းက ငြိမ်းချမ်းရေးအတွေးတွေ တွေး... လား"

"ဟုတ်တယ်... အားလုံးငြိမ်းချမ်းရင် ဘယ်လောက်... ကောင်းမလဲနော်"

အန္တရာယ်ကြားမှ မမခမ်းအတွက်လည်း ရည်ရွယ်ပါသည်...

"ဟိုဘက်က လမ်းကရော"





"အဲဒါက မိုင်းငေါ်နဲ့ နမ့်ဆန်သွားတဲ့လမ်းပါ၊ ဟိုမှာ မြင်ရ ...တာတော့ ကျောက်မဲမီးရထားလမ်းနဲ့ ဘူတာရုံပါ၊ အောက်ခြေက ...ာ သစ်လင်ရပ်ကွက်လို့ ခေါ်ပါတယ်"

လမ်းပြတစ်ယောက်ကို ခေါ်လာသလိုပါပင်။ နွမ်းက စုံစုံ ...လင် ရှင်းပြရပါသည်။ အရှေ့ဘက်တွင် မြင့်မတ်သော ကုလား ...် ချွန်ချွန်ကြီးနှင့်၊ ဈေးရှုခင်းများ၊ ပိတောက်လမ်း၊ ကံ့ကော်လမ်း၊ ...တိ သာလမ်း၊ ပဥ္စသီလမ်းနှင့် ရွှေဖီဦးလမ်းများကို လက်ညှိုးလေး ...၍ ရှင်းပြရသည်။

နွမ်းတို့မှာ ငြိမ်းအေးလှပခြင်းများနှင့် ဖွဲ့စည်းထားသော ...ာက်မဲမြို့ရှုခင်းကို အပေါ်စီးမှ တဝကြီး ကြည့်မြင်အပြီးတွင်မှ ...ာကန်တော့ပြီး ပြန်ဆင်းလာကြသည်။ လူသူရှင်းသော စောင်းတန်း ...း၏အလယ်တွင်...

"ခမ်း"

"အင်"

နောက်ဖက်မှ နွမ်း၏လက်မောင်းလေးကို တို့ဆွဲခြင်းခံလိုက် ...ပါ၍ နွမ်းမှာ ယိုင်လဲမတတ် ဖြစ်သွားရသည်။

"နေစမ်းပါဦး ခမ်းရဲ့၊ ခမ်းပုံစံက ဧည့်သည်တစ်ယောက်ကို ...ာ်ပို့သလိုပဲ"

"အမှန်ကလဲ ဒီလိုပါပဲ"

ဟုသာ နွမ်း ပြောပစ်လိုက်ချင်ပါပြီ။ ဖြစ်နိုင်ပါလျှင် ဤတောင် ...မှသည် မောင်မောင်ရှိနေရာသို့ အတောင်လေးများ တပ်ပြီး ပျံသန်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားချင်လှပါပြီ။

“ထိုင်စမ်းပါဦး ခမ်း”

သူ့ဆွဲယူမှုအားနှင့် သူ့ဘေးနားမှာ ကပ်လျက်သား ထိုင်လိုက်ရသည်။

“ခမ်း ကိုကို့ကို ချစ်သလား”

“ဟင်”

“ကိုကို့ကို လက်ထပ်မယ်လို့ ဆုံးဖြတ်လို့သာ ခုလို စေ့စပ်တာကို ခမ်း လက်ခံခဲ့တာမဟုတ်လား”

“ဟုတ်... ဟုတ်ကဲ့ပါ”

“ဒါဖြင့် ကိုကိုမေးတာကို ဖြေလေ”

“ရှင်”

“ခမ်း ကိုကို့ကို ချစ်သလား”

နွမ်းမှာ ဒေါက်တာကျော်ဇေလတ်ကို အလန့်တကြား မော့ကြည့်လိုက်မိသည်။ သူ့မျက်နှာက တည်ကြည်ငြိမ်သက်နေပါ၏။

“သူ ဒေါက်တာကျော်ဇေလတ်ဟာ မမခမ်းရဲ့ ရာသက်ပန် ချစ်သူ ဖြစ်လာရတော့မယ်၊ သူ ညနေဆို ပြန်ရောက်ပါပြီ။ ငါ ခဏ အစားဝင်ပေးရတဲ့ အချိန်လေးမှာ ဒေါက်တာကျော်ဇေလတ် မကျေမနပ်ဖြစ်သွားရတာမျိုး ငါ့ကြောင့် မဖြစ်ရပါစေနဲ့တော့လေ”

ဟူသော အတွေးလေးများ နွမ်း၏အသိအာရုံတွင်းသို့ ဝင်လာခဲ့မိခြင်းသည် နွမ်း၏ ပထမဆုံးသောအမှားကြီး ဖြစ်လာရပေလိမ့်မည်ဟု နွမ်း မတွေးတောမိခဲ့၍...





“ခမ်း ကိုကို့ကို ချစ်နိုင်လို့သာ လက်ခံခဲ့တာပါ”

“ဟင်...”

“ဒါ... ဒါပေမဲ့ ခမ်း ရှက်နေသေးလို့ပါ၊ ခမ်းကို ခွင့်လွှတ်ပါနော်... ကိုကို”

“အို... ခမ်းရယ် ကိုကို ဝမ်းသာရပြီကော”

“အာ...”

နွမ်း၏လျှင်မြန်မှုက နှောင့်နှေးခဲ့ရပါပြီ။

နွမ်းမှာ ယစ်မူးခြင်းဆိုသည်ကို နားမလည်နိုင်အား၊ အလန့်တကြား ရှန်းဖယ်ရှောင်တိမ်းလိုက်ရသည်။ ချစ်လှစွာသော မောင်မောင်သည်ပင် နွမ်းကို သည်လို တစ်ခါမှ မဆက်ဆံဖူး။ အနောက်ဟန်ဆန်ယဉ်သော အာရုံခံအနမ်းမျိုးဖြင့် မောင်မောင် မယစ်မူးတတ်။ မေတ္တာပါသော အကြင်နာလွှမ်းသော မြန်မာယဉ်ကျေးမှု အနမ်းမျိုးလေးသာ တစ်ခါတစ်ရံမှာ မောင်မောင့်ထံမှ...

“ခမ်းက တကယ့်အရိုင်းမလေးပဲ”

တုန်ရီလှုပ်ရှားနေသော နွမ်း၏ပခုံးစွန်းကလေးများကို ကိုင်တွယ်ရင်း သူက ပြောလိုက်သည်။ သူ့လေသံတွင် ကျေနပ်နှစ်သိမ့်ခြင်းများ ပြည့်လျှမ်း၍ပါ။

“ကိုကို့ဘေးမှာ တွန်းထုတ်လို့ မကုန်နိုင်အောင် မိန်းကလေးဆွ ဝိုင်းနေပေမဲ့ ကျောက်မဲသူ ရှမ်းမြန်မာကပြားမလေးကို ရွေးခဲ့တာ အဲဒီအချက်ပဲ ခမ်းရဲ့”

နွမ်း ရင်တုန်မပြေသေး၍ ငုံ့နေရဆဲတွင် သူက...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုယူမယ့် မိန်းမဟာ အသန့်စင်ဆုံးဖြစ်ရမယ်ဆိုတာ ကိုကို့ရဲ့အမှာခံမှုပဲ၊ ခုတော့ ခမ်းကို ကိုကို တကယ်မြတ်နိုးရပါပြီ ဗျာ"

"ဒီလိုဆိုရင် ခမ်း ဝမ်းသာရပါပြီရှင်၊ ခမ်းတို့ ပြန်ကြပါစို့ နော်"

"ခမ်း"

"ရှင်"

"ကိုကိုမေးတာ မဖြေသေးဘူးနော်"

"ရှင် ဘာကိုလဲဟင်"

"ကိုကို့ကို ချစ်ရဲ့လားဆိုတာလေ"

"ခုတော့ ခမ်းမဖြေရဲသေးဘူး၊ ဒါပေမဲ့ နောက်ကျရင်တော့..."

"ပြောလေ နောက်ကျရင်တော့ ဘာဖြစ်လဲ"

"ချစ်... ချစ်လာမယ်ထင်ပါတယ်"

"ဟင်... ခမ်းအဖြေက အားမရစရာကြီး"

"ချစ်လာမှာပါ"

"ဒီလိုမှပေါ့ ခမ်းရဲ့၊ ဒါဆို ကိုကို ဝမ်းသာရပါပြီ"

"ပြန်ကြစို့နော်"

"ကိုကိုနဲ့ နေရတာ စိတ်ကျဉ်းကြပ်နေပြီလား"

"မဟုတ်ပါဘူး အိမ်ကို စိတ်မချလို့ပါ၊ အားလုံးစားသောက်ဖို့အတွက် စီစဉ်ခဲ့တာ အဆင်ပြေပါ့မလားလို့ပါ"

လှေခါးထစ်များကို နင်း၍ ဆင်းလာနေဆဲ ခြေလှမ်းများကို





ရပ်တန့်ပြီး ဒေါက်တာကျော်ဇေလတ်က နှမ်းကို ကြည့်လာသည်။

"မာမီတို့ တကယ် ရွေးမရွေးတော်တယ်"

"ဟင်..."

"ခမ်းဟာ သိပ်လှတယ်၊ သိပ်ချောတယ်၊ ပြီးတော့ အိမ်မှုကိစ္စကိုလဲ တကယ်နိုင်နင်းတဲ့ မိန်းကလေးပဲ"

တကယ့်ခမ်းနဲ့ဆိုရင်တော့ ဒီဆရာဝန်ကျွတ်ပြီဟု တွေးရင်း နှမ်း ရယ်ချင်လာမိသည်။ ခမ်းသည် နှမ်းလို၊ အိမ်ကိစ္စကို စိတ်ဝင်စားသူ မဟုတ်၊ အပြင်ကို ဘယ်နှစ်ခေါက်ခိုင်းမလဲ၊ ခမ်း မည်းည်းညှုတတ်သော်လည်း အိမ်တွင်းမှာ ထမင်းအိုးတစ်လုံး ဖြောင့်အောင် ခမ်းမတည်ချင်။ နှမ်းက တည်ငြိမ်သူ၊ ခမ်းက လှုပ်ရှားသူပါ။

"တကယ်တော့ အိမ်ထောင်ရေးတစ်ခုမှာ ချစ်မေတ္တာဆိုတဲ့ စိတ်ကူးယဉ်မှုလေးနဲ့ တည်ဆောက်တဲ့ အိမ်ထောင်ရေးဟာ အလကားပဲ"

"ဟင်"

"ဟုတ်တယ် ခမ်း၊ ချစ်လှချည်ရဲ့ဆိုပြီး စွန့်လွှတ်ကျောခိုင်းရဲပြီး လက်တွဲကြတဲ့ အိမ်ထောင်သည်တွေဟာ ပြဿနာတက်လိုက်ရင် သူတို့အရင်ပဲ"

နှမ်းနှင့် မောင်မောင်တို့၏ အိမ်ထောင်ရေးအဘိဓမ္မာနှင့် ကွာဟလှသော စကားလုံးများကို ဒေါက်တာကျော်ဇေလတ်က ဆက်လက်၍ ပြောကြားနေပြန်သည်။

"အိမ်ထောင်ရေးရဲ့အဓိကခိုင်မာမှု အုတ်မြစ်ဟာ စီးပွားရေးပဲ"

"ကိုကို့ခံယူချက်က တစ်မျိုးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးမယဉ်နဲ့ ခမ်း၊ အခြေခံခိုင်မာတဲ့၊ ပြီးပြည့်စုံတဲ့ အိမ်ထောင်ရေးဖြစ်ဖို့သာ အဓိကပါ၊ ချစ်မေတ္တာဆိုတာက အပေးအယူမျှဖို့ စိတ်ကြည်နူးဖို့အတွက် အိမ်ထောင်ရေးရဲ့အခြံအရံ အသိုင်းအဝိုင်းတွေပါလေ"

လောကမှာ မောင်မောင့်လို မေတ္တာကို ရှေ့တန်းမတင်တတ်သော ယောကျ်ားများလည်း ရှိပါသေးလား။

"ကိုကိုတော့ အဲဒီလိုခံယူချက်တွေနဲ့ ဒေါက်တာ စိုင်းခမ်းအောင်တို့၊ အန်ကယ်တင်ဦးလွင်တို့ အောင်သွယ်ပေးတာကို လက်ခံခဲ့တာပါ၊ ခမ်းတို့ဘက်က လက်ဖွဲ့တဲ့ ငွေတစ်သိန်းနဲ့ ကိုကိုတို့ အိမ်ထောင်ရေး အခြေခံ ကောင်းနိုင်မှာပါ၊ မာမီတို့ကလဲ ကြည့်နေမှာမဟုတ်ပါဘူး"

နှမ်း သိပ်အံ့သြရပါပြီ။ ဤဆရာဝန်ကို ရယူနိုင်ဖို့အတွက် နှမ်းတို့ဘက်က ငွေတစ်သိန်းနှင့်အတူ ခမ်းကို ပေးလှူရပါလား။ ဒါကို နှမ်းမသိခဲ့၊ ခမ်းလည်း သိမည်မထင်။

ဆရာဝန်တွေ ဈေးကျကုန်ပါပြီဆိုသည်ကို မေမေတို့ မသိကြလေရော့သလား။ ဘာပဲဖြစ်ဖြစ် မိဘတို့၏ရက်ရောလွန်းသော မေတ္တာတရားကို နှမ်း အံ့သြရပါပြီ။

"ကိုကိုဆိုလိုတာက ကိုကိုတို့အိမ်ထောင်ရေးဟာ အစကတည်းက အခြေခိုင်ပါပြီ၊ အရံလိုအပ်တာက ချစ်မေတ္တာပါ၊ ကိုကိုတော့ ခမ်းရဲ့အလှလေးတွေ၊ ခမ်းရဲ့အရည်အချင်းလေးတွေကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်သွားမိပါပြီလို့ ခမ်း ယုံကြည်ပါတော့နော်၊ ခမ်းလဲ





ကိုကို့ကို ချစ်လာနိုင်ပါစေလို့ ကိုကို မျှော်လင့်ပါတယ်၊ ကဲ… ကဲ အိပ်ကြပါစို့လေ"

အဆင်းလမ်းတွင် နှမ်းခြေလှမ်းများက သွက်လှပါသည်။ ဒေါက်တာကျော်ဇေလတ်နှင့် သရုပ်ဆောင်ရသည့်အခန်း၊ သည်မျှနှင့် ပြီးဆုံးသွားပါပြီ။ အိမ်တွင် လူကြီးများနှင့် ရောနှောနေလိုက်ရုံသာ။

ညနေလေးနာရီမှာ ခမ်း ပြန်လာနိုင်ပါတော့မည်။

ယင်းအသိများဖြင့် ပြုံးပြုံးရွှင်ရွှင်ပင် နှမ်းတို့ပြန်လာကြစဉ် ခန်းရှေ့အရောက်၌ ပွဲရုံမှ စာရေးကြီး ဦးမန်းစံက…

"ဟေး… ခမ်း၊ အိမ်မှာ နှမ်းရှိနေလား"

"ရှင်"

နှမ်း ကြောင်သွားမိသည်။ မနည်းပြန်၍ သတိထားလိုက်ရပါ၏။

"မရှိဘူး ဦးမန်း ဘာဖြစ်လို့လဲ"

"စောစောက မန္တလေးက ဖုန်းလာတယ်"

"ဟာ… ဘာ… ဘာတဲ့လဲ၊ ဘယ်သူ့ဆီကလဲ"

"ချစ်စုမ ဆိုလားဟယ်"

"ဟင်… ချစ်စုမ ဟုတ်လား၊ ဟာ… ဘာ… ဘာတဲ့လဲဟင် သူက ဘာတဲ့လဲ"

"နှမ်း ကျောက်မဲကို ပြန်ရောက်လာလားတဲ့၊ အဆောင်မှာ မရှိလို့ သိပ်စိတ်ပူတယ်တဲ့၊ ကျောက်မဲမှာ ရှိမနေရင် သူ ရန်ကုန် လိုက်သွားရှာမယ်တဲ့… ဒါပဲ…"



www.burmeseclassic.com

www.burmeseclassic.com



"အဲ... အဲဒီတော့ ဦးမန်းက ဘာပြောလိုက်လဲဟင်"

နှမ်းမှာ စကားလုံးများ ထပ်ကုန်မတတ် ကမန်းကတန်းပြောလိုက်ရသည်။

"မသိဘူး၊ အိမ်မှာရောက်နေလားမသိဘူးလို့ ပြောလိုက်ရတာပေါ့၊ ငါမှ မသိဘဲ"

"ဟာ... ဒုက္ခပါပဲ"

"နှမ်းရှိနေရင် အမြန်အကြောင်းပြန်ပါတဲ့"

"အင်း... အင်း... ပြန်လိုက်မယ်၊ တော်ကြာ ဖုန်းပြန်လာဆက်မယ်"

"မရှိဘူးဆိုလဲ ပြီးတာပဲ၊ ငါဆက်ပေးမယ်လေ"

"ဟင့်အင်း... နေပစေ နှမ်းကိုယ်တိုင်ဆက်မှ"

"ဟ... နှမ်းမရှိဘူးဆို"

"အမလေး ဟုတ်ပါရဲ့ ခမ်းကိုယ်တိုင်ဆက်မှလို့ ပြောတာသွားမယ် ဦးမန်း"

"နှင့်ချစ်စုမဆိုတာက ယောကျ်ားသံကြီးဟဲ့"

ဦးမန်းစကားကို ဒေါက်တာကျော်ဇေလတ် ကြားမှာ စိုး၍ တစ်ကြောင်း၊ အမှားမှားအယွင်းယွင်းဖြစ်သွားသော ကိုယ့်စကားများကြောင့် တစ်ကြောင်းမို့၊ နှမ်းမှာ ပွဲရုံရှေ့မှာ ရပ်နေသော ဒေါက်တာကျော်ဇေလတ်ထံသို့ ကသုတ်ကရက် ပြန်ထွက်ပြေးလာရပါသတည်း။

အကဲခတ်နေသော ဒေါက်တာကျော်ဇေလတ်၏ မျက်နှာကိုပင် နှမ်းမှာ သတိမထားနိုင်အားပါ။





"ချစ်စုမ... တဲ့"

ဤအမည်သည် မောင်မောင်က နှမ်းကို တင်စား၍ ခေါ်သော အမည်လေး... မေးလာသူက မောင်မောင်ကိုယ်တိုင်များလား... ဤအမည်လေးသည် နှမ်းတို့ချစ်သူနှစ်ယောက်၏ ဆက်သွယ်ရေး သင်္ကေတလေးပါ။

မန္တလေးသို့ လိုင်းကောင်းနေပါ၍ မောင်မောင့်ထံ သတင်းရောက်နိုင်မည့် မောင်မောင်တို့အိမ်အနီးမှ ဖိနပ်လုပ်ငန်းဆိုင်သို့ ဆက်သွယ်ရပါမည်။ အို... ယခုပင် အကြောင်းပြန်လိုက်ချင်ပါရဲ့၊ မောင်မောင် စိတ်မပူပါနဲ့လို့...

"ဒီညနေ ခမ်းလာရင် ငါလည်း နက်ဖြန်ပြန်တော့မယ်၊ မောင်မောင့်ကို လွမ်းလှပြီကွယ်၊ မောင်မောင်လဲ စိတ်ပူနေရှာမယ်"

ဘေးမှ ဒေါက်တာကျော်ဇေလတ်ကို နှမ်း လုံးလုံးလျားလျား မေ့သွားရပါပြီတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

စကားသာပြောနေရသည် ဖေဖေနှင့်မေမေတို့၏ မျက်လုံးများက နာရီဆီသို့သာ မသိမသာကြည့်နေကြကြောင်း နွမ်း မြင်နေရပါ၏။

လေးနာရီတိတိအချိန်တွင် ဖေဖေသည် ချိန်းဆိုသောနေရာသို့ သွားရောက်၍ ငွေတစ်သိန်းသုံးသောင်းနှင့် ခမ်းကို လဲလှယ်ယူရပါ လိမ့်မည်။

အင်း... တော်တော်တန်ဖိုးရှိတဲ့ မမခမ်း... သူ့အသက်ကို ငွေ တစ်သိန်းသုံးသောင်းပေး၍ လဲလှယ်ယူရုံမက သူ့ဘဝထဲသို့ ဒေါက်တာ ကျော်ဇေလတ် ဝင်လာနိုင်ဖို့အတွက်လည်း ငွေတစ်သိန်း ပေးချေရပါ ဦးမည်။

"ကဲ... ကျွန်တော် ကိစ္စလေးရှိသေးလို့ ခဏ ခွင့်ပြုကြ ပါဦးနော်"

ဖေဖေက ငွေအိတ်ကို ယူပြီး အားလုံးကို နှုတ်ဆက်၍ ဂျစ်ကား မောင်းလျက် တစ်ယောက်တည်း ထွက်သွားတော့သည်။

နှုတ်ခမ်းများဖြူသွားအောင် စိုးရိမ်တကြီး ဖေဖေ့ကိုကြည့်ရင်း ကျန်ရစ်သော မေမေ့ကို နွမ်းက ဖေးဖေးမမ ကာကာကွယ်ကွယ်ဖြင့်





အခန်းတွင်းသို့ ခေါ်ဆောင်လာခဲ့ရသည်။

"သမီးလေးရော အဖေကြီးရော ချောချောမောမော ပြန်ရောက် ပါစေဘုရား..."

လက်အုပ်ချီကာ တုန်တုန်ရီရီဆုတောင်း၍ မေမေသေါ်နန်းမွေ့ ခမ်း မျက်ရည်များကျဆင်းလာတော့သည်။ ကြိတ်၍ ငိုရှိုက်နေရရှာ ပါ၏။ အိမ်ရှေ့တွင် ဧည့်သည်များက အပြည့်...

ကိုယ့်သောက ကိုယ့်ပရိဒေဝကို မဖွင့်ဟရဲပါဘဲ ရင်ထဲမှာ မြိုသိပ်ထားရသည့်အဖြစ်က ပိုမိုပြင်းထန်စွာ ခံစားရမည်သာဖြစ်ပါ၏။

"တိုက်တိုက်ဆိုင်ဆိုင်မှ လာဖြစ်ရတယ်လို့ကွယ်"

"ဒါပေမဲ့ မေမေ စိတ်ချမ်းသာပါ မေမေရယ်၊ သမီးမှာလဲ ဘာအမှား ဘာချို့ယွင်းချက်မှ မရှိဘဲ စေ့စပ်ပွဲကြီး အောင်မြင်သွားခဲ့ တယ်၊ ခဏနေရင် ဖေဖေနဲ့ ခမ်းနဲ့ ပြန်လာကြတော့မှာပါ"

မေမေ့ကိုသာ နှစ်သိမ့်ရသည်။ နွမ်း၏ရင်မှာ ခမ်းအတွက် ဖေဖေ့အတွက် ပူပန်စိတ်များက လျှပ်ပိတ်ပြည့်နှက်နေရသည်။

"ဧည့်သည်တွေရှေ့မှာ အားလုံးအဆင်ပြေသွားလို့ သမီးကို မေမေ ကျေးဇူးတင်ပါတယ်ကွယ်"

"သားအမိချင်းပဲ မေမေရယ် မလိုပါဘူး"

"ဒေါက်တာကျော်ဇေလတ်နဲ့ ခမ်းကို မေမေရော ဖေဖေပါ သိပ်သဘောတူကြတာ၊ မျိုးရိုးလည်း ကောင်းတယ်၊ ပညာလည်း တတ်တယ်၊ ပိုက်ဆံလည်း ချမ်းသာတယ် မဟုတ်လား"

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒေါက်တာကျော်ဇေလတ်နဲ့ စေ့စပ်မယ်ဆိုတဲ့ ကိစ္စကို ခမ်းအ ကျေနပ်တယ်လား"

"အေးလေ သူ့သဘောဘဲ့လို့ ဒေါက်တာတင်ဦးလွင်တို့က တစ်ဆင့် လက်ခံပါပြီလို့ အကြောင်းကြားရတာပေါ့"

"သူ့ခွန်မိုင်းရော"

"သေပြီတဲ့လေ"

ခမ်းကိုယ်တိုင်က လက်ခံခဲ့သော စေ့စပ်ပွဲမို့ ခမ်း လစ်ထွက် ပြေးစရာ အကြောင်းမရှိနိုင်ပါ ဟူသော အသိစိတ်များနှင့် ဖေဖေ ကားသံကို နားစွင့်နေရသည်။

"ခမ်း"

"ဩော်... ဘဘ"

"ဧည့်သည်တွေကို ရေကူးကန်ဘက် လိုက်ပြဦးမယ်၊ သူတို့ လည်း ပျင်းနေကြတယ် သမီးပါ လိုက်ခဲ့ဦးလေ"

နွမ်းတို့၏အကြီးအကဲ ဘကြီးက အိပ်ခန်းရှေ့မှ လာခေါ်သည်။ မေမေက အိပ်ရာထဲမှာ လဲလျောင်းလျက်...

"ဟုတ်တယ် ခမ်း လိုက်ခဲ့ပါလား"

ဒေါက်တာကျော်ဇေလတ်ပါ အနီးမှာ လာရပ်၍ ဖိတ်ခေါ် သည်။

"ခမ်းကို ခွင့်လွှတ်ပါ၊ မေမေ ခေါင်းသိပ်မူးပြီး နေမကောင်း နေလို့ပါ"





"ကိုကိုကြည့်ပေးရမလား ခမ်း"

"ရပါတယ် ကိုကို နေပါစေ၊ မေမေက နည်းနည်းလေး ပင် းသွားလို့ပါ၊ ဟို... ကိုကိုလည်း အန်တီတို့နဲ့ လိုက်သွားလိုက်ပါ၊ း ဒီမှာ ညစာအတွက်လည်း စီစဉ်စရာရှိလို့ပါ"

"ခမ်းကလည်းကွာ"

ဒေါက်တာကျော်ဇေလတ်က မကျေမနပ်နှင့် ပြောကြားသွား သော်လည်း သူ့မျက်နှာတွင် ခွင့်လွှတ်သောအပြုံးမျိုးကို မြင်လိုက်ရ ၏။

သူတို့အားလုံး ထွက်သွားကြပါပြီ။

အချိန်က အကွက်ကိုမလည်၊ မန္တလေးသို့ ဖုန်းဆက်ရန် ပွဲရုံ သို့သွားချိန်ပင် မရ။ ကိစ္စမရှိတော့ပါ။ နက်ဖြန် မန္တလေးသို့ ပြန် ဆင်းမှ ဖြစ်မည့်အကြောင်း ညကျမှ ပြောပြပါတော့မည်ဟု နွမ်း တစ်ယောက်ထဲ တွေးနေမိသည်။

နက်ဖြန်တွင် ကျောက်မဲမြို့ကို ဗဟိုပြု၍ ဒေါက်တာကျော်ဇေ လတ်တို့က လားရှိုးမြို့သို့ တက်မည်။ နွမ်းက မန္တလေးမြို့သို့ ဆင်းရ ပါမည်။

မတူညီသော ခရီးနှစ်ခုဆီသို့ ကျောခိုင်းကာ ထွက်ခွာရပါတော့ သည်။ နောက်ထပ် ပတ်သက်စရာ အကြောင်းမရှိတော့။ ခဲအိုနှင့် ယ်မအနေမျိုးဖြင့်သာ ခပ်တန်းတန်းနေ၍ ရပါပြီ။

"ဟော... ဟော... ကားသံ"

"ဟာ... ဟုတ်တယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



နွမ်းရော ဒေါ်နန်းမွေ့ခမ်းပါ အခန်းထဲမှ ခုန်၍ ထွက်ပြေး
မိကြသည်။ အချိန်ကိုက်ထားသလိုပါပဲ အိမ်မှာ ယခင်ကလိုပင်
လင်းတိတ်ဆိတ်နေသည်။

"ဝမ်းသာတော့ မေမေရေ… ဖေဖေ ပြန်လာပြီ"

ကားက အိမ်ဝင်းထဲသို့ ကွေ့ချိုးဝင်လာသည်။

"ဟင်…"

ကားပေါ်တွင် ဖေဖေတစ်ယောက်တည်း ခမ်း ပြန်၍ ပါမလာ

"အမလေး… ကို… ကိုစိုး… သမီး… သမီးရော… ခမ်း
ရော…"

ဖေဖေကိုယ်တိုင် တုန်တုန်ရီရီနှင့် အိမ်ပေါ်သို့ တက်လာသည်

လက်ထဲမှ စာကို နွမ်းသို့လှမ်းပေးပြီး ဖေဖေ့မှာ အရုပ်မှ ကြိုး
များဖြတ်ချလိုက်သလို ကုလားထိုင်ပေါ်သို့ ကစင့်ကလျား ထိုင်
လိုက်သည်။

နွမ်းမှာ လက်ကစာကို ဖြန့်ဖတ်လိုက်သည်။ မေမေလည်း
နွမ်းနှင့်အတူ စာလာဖတ်သည်။

*ထိန်းသိမ်းထားဆဲ ညဘက်ထွက်ပြေး၍ ရန်သူထ*
*ပစ်လိုက်မိသည်။*

*ခမ်း၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးကြောင်း*
*ဝမ်းနည်းစွာ အကြောင်းကြားလိုက်သည်။*

ဗိုလ်ထွန်းအုံနဲ့အဖွဲ့





"အ… မယ်… လေး"

မေမေ၏အသံက သဲ့သဲ့လေး တိုးတိုးလေး မေမေ၏ခန္ဓာသည်
မဲ့အဝတ်စုတစ်ခုလို ပျော့နွဲ့စွာ ပုံကျသွားပါပြီတည်း။

"ဟင်… မေမေ… မေမေ… အမလေး မေမေမေ့သွားပြီ
ပါဦး ဖေဖေရဲ့"

"ဟာ… နန်း… နန်း… အို… ဒုက္ခပါပဲ၊ နန်း သတိမရ
ဘူး၊ မဖြစ်ပါဘူး ဆေးရုံခေါ်သွားမှပဲ…"

"ဟုတ်တယ် ဖေဖေ သမီးလဲ လိုက်ခဲ့မယ်"

နွမ်းမှာ စာကလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး မေမေ့ကို
နှင့်အတူ ဝိုင်းကူမပြီး ကားပေါ်တင်ကြရသည်။

သမီးအတွက် များစွာခံစားနေရပါသော်လည်း၊ ယောကျ်ားမို့
တင်း၍ ကားကို အရှိန်မြှင့်ပြီး မောင်းနှင်နေရရှာသည်။

နွမ်း၏ရင်ခွင်ထဲမှာ မေ့နေဆဲ မေမေ…

"ခမ်း"

"မမခမ်း"

"ဖြစ်မှဖြစ်ရလေ မမခမ်းရယ်"

နွမ်းသည်လည်း ကားပေါ်တွင်ပင် ရင်နာကြေကွဲစွာ အစ်မ
တွက် ငိုရှိုက်ရပါပြီ။

ဆေးရုံ၏ တာဝန်ကျဆရာဝန်ရှေ့မှောက်သို့ ရောက်ပြီးသည့်တိုင်
မေ သတိပြန်လည်၍ မလာသေး။

တာဝန်ကျ ဆရာဝန် ဆရာမများအားလုံး ကိုယ့်မိသားစုက



www.burmeseclassic.com

www.burmeseclassic.com



လူနာတစ်ယောက်ပမာ အထူးဂရုတစိုက် ပြုစုကြရှာပါသည်။

မေမေ့မှာ နဂိုကတည်းက မကျန်းမာလှ။ မနေတတ်၍ [illegible] နှင့်လက်နှင့် မပြတ်လုပ်နေသော်လည်း မေမေ၏ကျန်းမာရေး [illegible] ကျဆင်းနေကြောင်း နှမ်းတို့ သတိထားမိသည်မှာ ကြာပါပြီ။

"မေမေ... မေမေ ဘာမှမဖြစ်ပါစေနဲ့ရှင်၊ မေမေရော [illegible] တစ်ခါတည်းဆုံးရှုံးစွန့်လွှတ်လိုက်ရရင် ဖေဖေရယ် သမီးတို့ [illegible] ပါလိမ့်မယ်"

သမီးငယ်၏ပရိဒေဝကို ဖေဖေက နှစ်သိမ့်ရရှာပြန်သည်။

ကံကြမ္မာဆိုးသည် နှမ်းတို့သားအဖကို တစ်ဝက်တစ်ပျက်[illegible] ကျရောက်စေပါသည်။

မေမေ ပြန်လည်သတိရလာသည်။ အသက်အန္တရာယ် [illegible] စရာ မရှိတော့ပါ။

ဆရာဝန်များ၏ကုသမှုသည် မေမေ၏ပရိဒေဝကို မတွန်း[illegible] နိုင်ပါ။ သည်းသည်းထန်ထန်ငိုကြွေးနေသော မေမေ့ကို အငိုတိတ်[illegible] စေရန် အိပ်ဆေးများ ထိုးပေးထားလေသလား မသိ။

မေမေသည် သောကနယ်မြေမှ ခေတ္တခွဲခွာ၍ ခဏတာ [illegible] အေးနေရှာပြီ။

"သမီးလေး... နှမ်း"

"ရှင်... ဖေဖေ"

"ဖေဖေကိုယ်တိုင်လည်း သမီးကြီးခမ်းအတွက် ရင်ကွဲမတ[illegible] ခံစားနေရပါတယ် သမီး"

"သမီးသိပါတယ် ဖေဖေရယ်"

"ဒါကြောင့် ဒီအချိန်မှာ တို့သားအဖ ဘာကိုမှ မဆုံးဖြတ်[illegible]တာ အကောင်းဆုံးပဲ"

"ဘာကိုလဲ ဖေဖေ"

"အားလုံးကိုပဲ သမီး"

"ရှင်"

"ခမ်းရဲ့ကိစ္စကို ဘယ်လိုကိုင်တွယ်ရမလဲလို့ ဖေဖေ ခေါင်း[illegible]အေးအေးထားပြီး စဉ်းစားဦးမယ်၊ ဒါကြောင့် အိမ်က ညှော်သည်တွေနဲ့[illegible]လုံးကို ခမ်းကိစ္စမကြေညာပဲ ထားလိုက်ဦး"

"ဟုတ်ကဲ့ပါ ဖေဖေ"

"သမီးမေမေ မူးလဲသွားတယ်လို့သာ ကြေညာပြီး ညှော်သည်[illegible]ရှေ့မှာ အတတ်နိုင်ဆုံး ဣန္ဒြေမပျက်အောင် နေလိုက်ပါ သမီး၊ [illegible]တို့လည်း မနက်အစောကြီး ပြန်ကြတော့မှာပဲ"

"သမီးနားလည်ပါတယ် ဖေဖေ၊ စိတ်ချပါ..."

"သြော်... ငြိမ်းအေးချစ်ခင်လှစွာသော ဤမိသားစုလေး[illegible]တွင်းမှ ခမ်းကို တမလွန်သို့ ဆွဲထုတ်ခေါ်ဆောင်ပြီး ပရိဒေဝမီးများကို [illegible]ကိုယ်စား ပေးထားခဲ့တဲ့ ဗိုလ်ထွန်းအုံဆိုတဲ့အဖွဲ့တို့ရယ်..."

ပရိဒေဝနလုံးသားဆီမှ စိမ့်စီးလာသော မျက်ရည်တို့သည် [illegible]ဆို့ဆီးတား၍ မရပါတကား...

"ကိုကို ကြည့်ပြီးပြီ၊ အန်တီ့အခြေအနေက သိပ်မဆိုးပါ[illegible] [illegible] ဘာလို့များ ဒီလောက်တောင် ငိုနေရတာလဲကွယ်"





www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ပြန်ရောက်လာသော ဒေါက်တာကျော်ဇေလတ်တို့အဖွဲ့မှာ ဒေါ်နန်းမွှေခမ်း မူးလဲသွား၍ ဆေးရုံတင်လိုက်ရသည် ဟူသောသတင်းကြောင့် အားလုံး လိုက်လာကြခြင်း ဖြစ်ပါ၏။

"ကိုကို စိတ်မကောင်းဘူး ခမ်းငိုနေတာကို မကြည့်ရက်ဘူး အန်တီ့အခြေအနေက စိုးရိမ်စရာမရှိပါဘူး ခမ်းရဲ့၊ အငိုတိတ်တော့နော်"

သြော်... အစ်မရင်းတစ်ယောက်လုံး ဆုံးရှုံးသွားရတဲ့အဖြစ်ကို သူမသိ၍သာ အငိုတိတ်ခိုင်းနေရှာတာပါ... ဟူသော အသိစိတ်များဖြင့် အငိုတိတ်ဖြစ်အောင် နှမ်းကိုယ်တိုင်လည်း ကြိုးစားရပါသည်။

"မနက် မာမီတို့ ပြန်နှင့်ပစေလေ၊ ကိုကို နေခဲ့ပေးရမလား ခမ်း"

"အို... ဟင့်အင်း... ဟင့်အင်း နေပါစေ မနေခဲ့ပါနဲ့၊ ကိုကိုတို့လာတုံး ခုလိုဖြစ်ရတာကိုတောင် အားနာလှပါပြီ"

နှမ်း ကမန်းကတန်းငြင်းပယ်လိုက်ရသည်။ သူနေခဲ့လျှင် အခက်။

"အားနာစရာမလိုပါဘူး ခမ်းရယ်၊ ကိုကိုတို့လာရင်းကိစ္စ အောင်မြင်ကြပြီပဲ"

"ဟုတ်ကဲ့"

"လက်ထပ်ဖို့ရက်ရွေးထားတဲ့ နိုဝင်ဘာမတိုင်ခင် ကိုကို ခမ်းဆီကို တစ်ခေါက်ပြန်လာခဲ့ဦးမယ်နော်"

"ရှင်... သြော်... ဟုတ်ကဲ့ ဟုတ်ကဲ့"

အခုရှင်းလို့ နောင်ရှုပ်ချင်လည်း ရှုပ်ပစေတော့... ဟုတ်ကဲ့





...သာ လိုက်လိုက်သည်။ အေး ပြီးရော...

ဧည့်သည်များအတွက် ညနေစာကို နှမ်းတို့၏ဆွေမျိုးသားချင်း...က ဝိုင်းဝန်းဧည့်ခံပေးကြရသည်။ နှမ်းက ဆေးရုံမှာသာ မတတ်...တော့ပါ လျစ်လျူရှုရပါပြီ။

ဒေါက်တာကျော်ဇေလတ်မှာ ကျောက်မဲဆေးရုံမှ ဆရာဝန်...နှင့် မသိကျွမ်းသော်လည်း ဆရာဝန်ချင်းမို့ ခင်မင်ရင်းနှီးမှုက...ူစွာ ရရှိသွားခဲ့ကြသည်။

အတော်ညဉ့်နက်သည်အထိ ဆေးရုံရှိ နှမ်း၏အနားမှာသာ...ခွဲမခွာနေသွားခဲ့သည်။

ခမ်းကို သနားရပါကြောင်း၊ သံယောဇဉ်တွယ်မိရပါကြောင်း...ချစ်မေတ္တာအကြောင်းများကို အနီးကပ်ပြောကြားနေသော သူ့...စကားများကို နှမ်းမှာ စိတ်ပင်ပန်းစွာ ကြားနာနေမိရပါသည်။

နှမ်းတို့၏လျှို့ဝှက်မှုကြီးကို သူသိမသွားစေတာဘဲ ကောင်း...တယ်လေ။ ဖေဖေစီစဉ်တာ အဆင်ပြေပါတယ်။ ခုနေသာ ခမ်း...သဆုံးသွားပြီဖြစ်ကြောင်း ကြေညာလိုက်ရလျှင် နှမ်း၏လူစားထိုးမှု...ကြီးက ရှက်ဖွယ်ရာ ပေါ်ပေါက်လာပါတော့မည်။

ရှိစေတော့

ဒေါက်တာကျော်ဇေလတ်ပြန်သွားမှသာ နှမ်းမှာ သက်ပြင်း...ကြီးကို ချနိုင်ပါတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

"ဟယ်... ထွေးထွေးပါလား"

"ဟာ... အမနွမ်း အမနွမ်းပါနော်"

"ဟုတ်ပါတယ်"

"အစ်မတို့ညီအစ်မက ရွေးမရအောင်တူတာ၊ အစ်မခမ်း နေမှာစိုးလို့ အမလေး တော်ပါသေးရဲ့"

ထွေးထွေးက သူ့ရင်ဘတ်လေးကိုနှိပ်ရင်း မျက်စိမှိတ်ပြီး ပြောလိုက်သည်။

"ထွေးထွေး သီပေါသွားမလို့လား"

ထွေးထွေးတို့၏ဆွေမျိုးရင်းချာများ သီပေါမှာရှိကြောင်း သိထားရသော နွမ်းက ခရီးကြုံဝင်လာသည်အထင်နှင့် မေးလိုက်မိသည်။

"ဘယ်ကဟုတ်ရမှာလဲ အစ်မနွမ်းရယ်၊ ဆရာ လွှတ်လိုက်တာ ပေါ့"





"ဟင်..."

"ကြည့်စမ်းပါဦး အစ်မနွမ်းကတော့ ကိုယ့်အိမ်မှာ ကိုယ် နေလို့ ဟိုမှာ ဆရာတော့ သေတော့မယ်"

"ဟယ်... မောင်မောင်... မောင်မောင် ဘာတွေဖြစ်နေလဲ ထွေးထွေးရယ်"

"ဘာဖြစ်ရမလဲ အစ်မနွမ်းပျောက်လို့ ရူးတော့မယ်၊ တကယ်ပဲ ဆရာကတော့ အစ်မနွမ်းကိုလေ ငုံထားမတတ် ချစ်ရှာတာ"

"အေးကွယ် ချက်ချင်းကြီးပြန်ခဲ့ရလို့ မောင်မောင့်ကို စာပဲ ရေးထားခဲ့ရတယ်"

"တော်တော်ဆိုးတဲ့အစ်မနွမ်း စာထဲမှာ ဘယ်လိုရေးခဲ့လဲ"

"ဘာဖြစ်လို့လဲ"

"ရန်ကုန်သွားမယ်လို့ ရေးခဲ့တယ် မဟုတ်လား"

"အင်း... ဟုတ်ပါရဲ့"

"အဲဒီ အစ်မနွမ်းစာရပြီးတဲ့ ညရထားနဲ့ပဲ ရန်ကုန်လိုက်သွားတယ်ဗျ"

"ဟောတော့"

"အစ်မနွမ်းက ဒီကို ဘယ်လိုက ဘယ်လို ပြန်ရောက်နေတာလဲ"

"နေဦး ထွေးထွေး မမအကြောင်းနဲ့ မမပါ၊ နောက်တော့မှ ပြောပြပါ့မယ်၊ မောင်မောင် ဘာတွေဖြစ်နေလဲ... ပြောစမ်းပါဦး ထွေးထွေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်သနားစရာပါ အစ်မနွမ်းရယ် ရန်ကုန်ကို လိုက်သွားပြီး နှစ်ရက်လုံးလုံးရှာလိုက်တာတဲ့ အစ်မနွမ်းသူငယ်ချင်း မော်လီဆိုတာ ရှိတယ်ဆို"

"အင်း... အင်း... ဟုတ်တယ် သူနဲ့မောင်မောင်နဲ့ ဆုံဖူးကြတယ်"

"အဲ... သူ့ကို အကူအညီတောင်းပြီး အစ်မနွမ်းရဲ့အမျိုးတွေ အသိတွေအိမ် ရှာလိုက်တာတဲ့၊ မလာဘူးဆိုတော့ တက်ချက်မှ မနားပဲ ရန်ကုန်မြို့ထဲမှာ အစ်မနွမ်းကို တွေ့မလားဆိုပြီး လျှောက်လိုက်ဟာတဲ့လေ..."

"မောင်မောင်ကလည်းလေ"

"အဲဒီ နှစ်ရက်ရှာပြီး မတွေ့တော့ ညရထားနဲ့ မန္တလေး ပြန်လာတယ်"

"သြော်... နေဦး ဖုန်းဆက်သေးတယ်မဟုတ်လား"

"အဲဒါ ထွေးထွေးတို့အဖွဲ့က ကိုမျိုးတင့်ကြီးကို ဆက်ခိုင်းခဲ့တာ၊ ဒီကလည်း ဘာအကြောင်းမှ ပြန်မလာဘူးတဲ့"

"ဟုတ်တယ် မမလည်း မဆက်ဖြစ်နိုင်တော့ဘူး ထွေးထွေးရေ"

"အစ်မနွမ်းပျောက်တာ ရူးမလောက်ဖြစ်နေလို့ ထွေးထွေးက မနေနိုင်တာနဲ့ မောင်လေးကိုခေါ်ပြီး သီပေါသွားမယ်ဆိုပြီး ထွက်လာခဲ့တာ"

"ကျေးဇူးပါပဲ ထွေးထွေးရယ်"

"အစ်မနွမ်းရယ် ဆရာ့ကို မသနားဘူးလားဟင်"





"သြော် ထွေးထွေးရယ်... ဘယ့်နှဲ့ပြောပါလိမ့်၊ ကဲ... ဒီမှာလေလည်း မောင်မောင်နဲ့ သိပ်တွေ့ချင်နေပါတယ်၊ မမတော့ မန္တလေး ပြန်မဆင်းနိုင်သေးဘူး၊ မေမေတောင် ဒီနေ့မှ ဆေးရုံက ဆင်းရတာ၊ ဒီတော့ မောင်မောင် ကျောက်မဲကို လိုက်ခဲ့ပါလို့ ထွေးထွေး ပြန်ပြောဆေးပါနော်"

"စိတ်ချ ကားကြုံရှိရင် စာပေးလိုက်မယ်၊ မရှိရင်လဲ အစ်မနွမ်း ဆိုင်ရုံက ဖုန်းကို ဆက်လို့ရမလား"

"လူတွေ သိကုန်ပါဦးမယ်"

"ရတယ် ထွေးထွေးဘာသာ တစ်နေရာကနေပြီး တစ်နည်းနည်းနဲ့ ဆရာ့ကို မှာယူမယ်၊ ညကြီးမင်းကြီး တောတွေ တောင်တွေကိုတောင် ကျော်လွှားပြီး ပြေးလာမလား မသိဘူး"

"ဆရာ့တပည့်ပီသပါတယ်၊ ခပ်သည်းသည်းတွေ"

"တကယ်ပါ အစ်မနွမ်းရယ်၊ ဆရာ့အဖြစ်ကို ပြချင်တယ်၊ ဆရာက အစ်မနွမ်းကိုချစ်တဲ့ အချစ်မျိုး ဒီကမ္ဘာပေါ်မှာ ဘယ်ယောကျ်ားမှ မချစ်နိုင်ပါဘူး"

ချစ်လှစွာသော မောင်မောင့်ကို ပူလောင်မှုများပေးခဲ့မိလေသလားဟု စိတ်မကောင်းခြင်းဖြစ်ရပါပြီ။

"မောင်မောင်ရေ... နွမ်း ဘာတွေဖြစ်နေရတယ်ဆိုတာ မောင်မောင်ကိုယ်တိုင်သာ လာကြည့်လှည့်ပါတော့ကွယ်..."

ထွေးထွေး၏နောက်ကျောပြင်ကို ငေးကြည့်ရင်း နွမ်းမှာ မောင်မောင့်ကို တမ်းတမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေး မနေနိုင် မထိုင်နိုင် လိုက်လာပေလို့သာ...

မဟုတ်ရင် နွမ်းမှာလဲ နွမ်းအပူနဲ့နွမ်းမို့။ မောင်မောင်နှင့် မဆက်သွယ်နိုင်အားပေ။ မောင်မောင်တစ်ယောက် ဒေါင်းတောက်နေ ရှာလေနေမှာပါ။

ထွေးထွေးဆိုသောမိန်းကလေးသည် နွမ်း့မှတစ်ဆင့် မောင်မောင် နှင့် ရင်းနှီးသွားရသော အဆိုတော်မလေးပါ။

ဂီတကို ဝါသနာကြီးလွန်းလှသူလေး ဖြစ်သည်။ တရုတ်တန်း ဈေးတွင် ဈေးရောင်းရသော သာမန်မိသားစုထဲမှ ဈေးသည်မလေး ဖြစ်ပါ၏။

ထွေးထွေးမှာ သွက်လက်ချက်ချာသည်။ သွားနိုင်လာနိုင်သည်။ အကြောက်အရွံ့မရှိ။ ဇတ်ဇတ်ကြဲထဲက ဖြစ်ပါ၏။

နွမ်းနှင့် မောင်မောင့်ကိုမူ သူ့မှာ ကိုးကွယ်ဆည်းကပ်စရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များလို ထင်မှတ်လေသလားမသိ။ ဤနှစ်ယောက် ၏ကိစ္စကို ထာဝရရှေ့တန်းတင်ထားရှာသည့် မိန်းကလေးပါ။ ဤ မိန်းကလေးသည် နွမ်းနှင့် မောင်မောင်တို့၏ဘဝတွင် ထာဝရအရေး ပါတော့မည့် မိန်းကလေးတစ်ယောက်ပါတည်း။

ကျောင်းတွင်နေစဉ်က သောကဆိုသည်မှာ မိမိနှင့် မအပ်စပ် မပတ်သက်သော ပူလောင်မှုတစ်မျိုးပါဟု မှတ်ယူနားလည်ထားခဲ့ရှာ၏

ယခု မောင်မောင့်အတွက် ရတက်မအေးရခြင်းက တစ်မျိုး။ ခမ်းအတွက် နံမြောတသလွမ်းဆွတ်ရသော ဝေဒနာက တစ်ခု...

အသက်ဘေးစိုးရိမ်နေရရှာသော မိခင်ကြီး၏ရောဂါက တစ်





ချောင့်နှင့် ဖခင်ကြီးတစ်ယောက်ထဲ ပြေးလွှားလှုပ်ရှားနေရသည့် အဖြစ်များကို သနားမိရသောစိတ်များက သောကမီးအတွက် လောင်စာ များအဖြစ်နှင့် နွမ်း၏ရင်မှာ လောင်မြိုက်နေရပါ၏။

"နွမ်းဆိုတာ ခင်ဗျားလား"

ထွေးထွေး ထွက်သွားရာသို့ ငေးကြည့်နေမိဆဲတွင် မျက်နှာ ခိမ်းတစ်ယောက်က အနီးကပ်မေးလာလေမှ နွမ်း လန့်သွားမိသည်။

သားရေဂျာကင် ဘောင်းဘီပြာနှင့် လူငယ်တစ်ယောက်ပါပဲ။ သူ့အမူအရာက မတည်ငြိမ်၊ မျက်လုံးများက မငြိမ်သက်၊ မလုံလဲ သလိုလို ဟိုဟိုဒီဒီဝေ့ဝဲကြည့်ရင်းက မေးလာပါ၍...

"ခင်ဗျားနဲ့ စကားနည်းနည်း ဆွေးနွေးစရာရှိလို့ ခဏလိုက် ခဲ့ပါ"

"အို"

သူက ဂျစ်ကားကိုညွှန်ပြပြီး ပြောလိုက်သည်။ ကားပေါ်တွင် သိုးမွေးဦးထုပ်နှင့် လူတစ်ယောက်က စတီယာရင်ကို ကိုင်ရင်း နွမ်း တို့၏အရိပ်အခြေကို ကြည့်နေသည်။

"ဟင်... ရှင်... ရှင်တို့ ဘာတွေလဲ"

နွမ်းက အလန့်တကြားနှင့် နောက်ဆုတ်လိုက်မိသည်။

"ဒီလိုမလုပ်နဲ့လေ ငြိမ်ငြိမ်နေပါ"

သူ့လက်ထဲမှာ ပစ္စတိုတစ်လက်။ ဤလက်နက်က နွမ်းတို့ အသံတိတ်စေသည်။ ငြိမ်သက်စေပါပြီ။

"မကြောက်ပါနဲ့ ခမ်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့အဖွဲ့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နဲ့ ဆွေးနွေးကြဖို့ပါ"

"ရှင်... ခမ်း... ဟုတ်လား"

"ဟုတ်တယ် ခမ်းဆုံးရှုံးရတဲ့အတွက် မနစ်နာရအောင် ဆွေး နွေးကြဖို့ပါ"

"အို... မ... မလိုတော့ပါဘူး"

"ကဲ... ရှေ့ကသွားပါ... ဘာမှ မလှုပ်ရှားနဲ့နော်"

သူက သေနတ်ကို အနီးကပ်ချိန်ရွယ်ပြလိုက်ရင်း ပြောသည်။

တုန်နေသောခြေကို မနည်းအားယူ၍ လှမ်းရင်း ထိုသူ့ရှေ့မှ လျှောက်ရသည်။ ကားက အသင့်စက်နှိုးထားဆဲပါ။

"ခမ်း... ခမ်းတုံးကလည်း ဒီလိုပဲခေါ်သွားပြီး... မ"

ကိုယ့်အတွေးကိုတောင် ဆုံးအောင်မတွေးရဲတော့။ အသက် သေးဟူသော ကြောက်လန့်စိတ်ဖြင့် ခွေညွှတ်သွားမတတ် တုန်ရီစွာ ထွက်လာရပါတော့သည်။

ကားနှင့် လက်တစ်လံစာမျှအကွာလောက်အရောက်တွင်...

"ဟာ... ဖေဖေ့ကား"

ခြံဝင်းရှိရာသို့ အရှိန်နှင့် ချိုးကွေ့ဝင်လာသော ကား၏ရှေ့ မှောက်သို့ နွမ်း စွတ်ပြေးမိသည်။

"ကျွီ"

ဟူသော အသံကြီးက ကျယ်လောင်စွာ ပျံ့နှံ့သွားတော့သည်။

နွမ်းမှာ ကားနှင့်လုံးဝမတိုက်မိပါဘဲနှင့် ကားရှေ့တွင် ညွှတ်ခွေ လဲကျသွားရပါပြီ။





စောစောကရပ်ထားသော ကားပေါ်သို့ သေနတ်နှင့်လူ ခုန် တက်ပြီးသည်နှင့် ကားက တရှိန်ထိုးမောင်းထွက်သွားတော့သည်။

"သမီး... သမီးရယ် ဘယ်လိုလုပ်လိုက်တာလဲ... ဟင်"

ဖေဖေသည်လည်း စစ်ထွက်ယောကျ်ားမို့ စိတ်တင်းထား၍ပါ။ တ်ပါလျှင် ဖေဖေလည်း တုန်ရီမှုကြောင့် မေ့လဲသွားပေလိမ့် ည်သာ။

နွမ်း၏အဖြစ်ကို သူ ဘာမှမရိပ်စားမိသေး။ နွမ်းမှာ ဖခင် ၏ကားနှင့် အကြိတ်ခံပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံလေသ သောစိတ်ဖြင့် ဦးအောင်စိုးက...

"သမီး... သမီးလေး... ထ ခမ်းကြောင့် ရင်ကွဲပက်လက် င်နေရတဲ့အထဲ သမီးပါ ဒီလိုဖြစ်သွားရင် ဖေဖေတို့ပါ လိုက်သေ ဲ ရှိတော့တယ် သမီးရဲ့"

ဦးအောင်စိုးက မျက်ရည်မျှ ဝိုင်းလျက်ပါ။

"မဟုတ်ဘူး ဖေဖေ သမီးကြောက်တယ်၊ လာပါ အိမ်ထဲ င်ကြပါစို့"

"ဘာမဟုတ်တာလဲ သမီး၊ ဖေဖေ့မျက်စိထဲမှာ သမီးဖြတ် ပြေးပြီး ကားရှေ့မှာ လဲ့အိပ်လိုက်တာပဲ မြင်လိုက်ရတယ်၊ မျက်စိကို ကြသွားတာပဲ"

"လာ ဖေဖေ... အိမ်ထဲသွားကြပါစို့"

ကားနှင့်ပင် သားအဖနှစ်ယောက် ခြံဝင်းတွင်းသို့ ဝင်လာခဲ့ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ နှမ်းကိုယ်တိုင်ပင် ခြံဝင်းတံခါးကို အသေ အချာ သော့ခတ်ပိတ်လိုက်ရသည်။

မေမေ့ရှေ့သို့မရောက်မီ အစအဆုံး အဖြစ်အပျက်များကို ဖေဖေ့အား အသေးစိတ်ပြန်ပြောပြအပြီးတွင်...

"တောက်... ဒီအဖွဲ့ဟာ တို့ကို ရှေ့လျှောက် ဘယ်လောက် အထိများ ဒုက္ခပေးနေဦးမလဲ မသိပါဘူး"

"ဒီမှာနေဖို့တောင် မကောင်းတော့ပါဘူး ဖေဖေရယ်"

"ဟာ... ဘယ်ဟုတ်မလဲ သမီးရဲ့၊ သက်ဆိုင်ရာတွေက ဒီအတိုင်းကြည့်မနေပါဘူး၊ ဖေဖေ ခုပဲ တိုင်ချက်ဖွင့်ပြီး ပြန်လာတာ ခုလိုဖြစ်တယ်ဆိုတော့ ထပ်ပြီးတိုင်ပင်ရဦးမှာပေါ့၊ ဖေဖေတို့အတွက် လုံခြုံမှုရှိလာစေရမှာပေါ့..."

"ဖေဖေ ဘယ်လိုတိုင်ခဲ့လဲ"

"ခမ်းနဲ့ နှမ်းလဲလှယ်ထားတဲ့ ပြဿနာတွေက စေ့စပ်ပွဲအတွက် လေးတင် လုပ်ထားတာပဲ၊ တရားဝင်တိုင်တာကတော့ ခမ်းသေဆုံးတဲ့ အကြောင်းပေါ့..."

"ဒါဖြင့် ဒီမှာရှိနေတာ ခမ်းမဟုတ်ဘူး နှမ်းပါဆိုတာ အားလုံး သိကုန်ကြမှာပေါ့၊ ဒီတစ်မြို့လုံးသိတာ အရေးမကြီးပါဘူး ဖေဖေ၊ ဒေါက်တာကျော်ဇေလတ် မသိဖို့သာ အရေးကြီးပါတယ်"

"သူလည်း သိမှာပဲ"

"ဟင်"

"သိလည်း ဘယ်တတ်နိုင်မလဲ သမီး၊ တစ်နည်းနည်းနဲ့ တော





ချင်းကြရမှာပေါ့"

"အို... ဖေဖေရယ်... သမီး... သမီးတော့"

"နေပါဦး သမီး အဲဒီကိစ္စ နောက်အေးအေးဆေးဆေးနဲ့ကျမှပဲ ပြောင် ကြတာပေါ့၊ တစ်ခုခု စီစဉ်ကြတာပေါ့၊ ဒါနဲ့ နေစမ်းပါဦး၊ ရောက်လာတဲ့လူတွေကို သမီး မှတ်မိပါ့မလား"

"မှတ်မိတယ်ထင်တာပဲ"

"ကားနံပါတ်ရော မှတ်မိလား"

"ဟင့်အင်း မသိဘူး ဖေဖေ"

"အေး ဖေဖေလည်း ဘာကိုမှ သတိမထားလိုက်မိဘူး၊ သမီး ထွက်လာပြီး လဲကျသွားတာပဲ မြင်လိုက်ရတာ"

"သမီး သိပ်ကြောက်သွားတာပဲ"

"ကဲ... ကဲ... သမီး နားနေလိုက်ဦး၊ နန်းကို ဒီအကြောင်း မပြောပါစေနဲ့ သမီးရယ်၊ ဖေဖေ နန်းဆီ သွားလိုက်ဦးမယ်"

ခမ်း သေဆုံးပြီ...

စေ့စပ်ခြင်းကို လက်သင့်ခံလိုက်သူမှာ ခမ်းမဟုတ် နှမ်းသာ ဖြစ်ကြောင်း...

နှမ်း ဆက်မတွေးရဲတော့... မတွေးချင်တော့ပါ။ ပေါ်ပေါက်လာမယ့် ဝေဖန်မှုများစွာကို နှမ်း ခံနိုင်ရည်ရှိပါသည်။ ပြောချင်သလို ပြောကြပါစေတော့။

နှမ်း မဖြေရှင်းဝံ့သည်က... ဒေါက်တာကျော်ဇေလတ်တို့ မိသားစု...



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘယ်လိုပြောကြမလဲ...
ဘယ်လိုဖြေရှင်းရပါ့မလဲ...
အို ခက်လှပါချည်ရဲ့ကွယ်...

❖



## အခန်း (၈)

ဒုဋ္ဌဝတီမြစ်သည် နှမ်းတို့လိမ္မော်ခြံ မြေကမ်းပါးကို စမ်းသပ်တ်ပြီး ဆက်လက်စီးဆင်းသွားတော့သည်။

စီးဆင်းမှု ကျယ်ပြန့်ရှည်လျား၍ မြစ်ဟု အမည်ပေးရသော်ည်း ဒုဋ္ဌဝတီသည် တခြားသောမြစ်များလို နောက်ကျိရှုပ်ထွေးခြင်းပါ။ သန့်ပြန့်ကြည်လင်လွန်းသော အေးမြငြိမ်းချမ်း ပွန်းသော ရေအလျဉ်ပါ။

ဒုဋ္ဌဝတီသည် မြင်ရသူ၏ရင်တွင်းသို့ စီးဆင်းကျလာသလို မြငြိမ်းအေးခြင်းကို ပေးနိုင်စွမ်းသော ချစ်စရာမြစ်။

"နှမ်း"

"မောင်မောင်ရယ်"

နှမ်းတို့သည် လိမ္မော်ပင်ကြား ဒုဋ္ဌဝတီမြစ်ကမ်းပါးမှာ နှစ်ကတည်း။ မောင်မောင့်ရင်ခွင်ထဲမှာ ငိုရှိုက်နေသော နှမ်း၏ က်နှာနုနုလေးကို ကိုငြိမ်းဝေက မော့ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင့်ဘဝမှာ အကြောက်ဆုံးနဲ့ မရင်ဆိုင်ရဲဆုံးအရာ ဟာ တစ်ခုပဲ ရှိပါတယ် နှမ်း"

"ဟင် ဘာလဲ မောင်မောင်"

"နှမ်းရဲ့မျက်ရည်"

"မောင်မောင်ရယ်၊ နှမ်း ဝမ်းနည်းလွန်းလို့ပါ၊ မမခင် အတွက်လည်း ရင်နာလွန်းလို့ပါ ပြီးတော့လေ..."

"နှမ်းရယ်"

"ပြီးတော့ နှမ်း မန္တလေးကို ကျောင်းပြန်လာတက်ဖို့ဆိုတာ လည်း မမျှော်မှန်းရဲတော့ပါဘူး မောင်မောင်ရယ်"

ကိုငြိမ်းဝေက သူ့ရင်ထဲမှ နှမ်းကို အလန့်တကြားလို ဖက် ထားလိုက်ရသည်။

"နှမ်းရယ်... နှမ်းကိုသာ အကြာကြီးခွဲထားရရင်... အို မောင်မောင်မပြောပါရစေနဲ့... မောင်မောင် နှမ်းကို ဘယ်လောက် လွမ်းရပါတယ်ဆိုတာ နှမ်းသိပါတယ်နော် အချစ်ရယ်"

မျက်ရည်ဝိုင်းလာသော မောင်မောင့်မျက်ဝန်းများကို မျက်ရည် များကြားမှ နှမ်းက မှုန်ဝါးဝါးလေးမြင်ရသည်။

နှမ်း သိပါသည်။

မောင်မောင်နှင့် ကွဲကွာနေရသော ငါးရက်အတွင်း မောင်မောင် ရန်ကုန်လိုက်သွားသည်။ မန္တလေး ...မှာ တစ်နေ့ကုန်လျှောက်၍ နှမ်းကို ရှာသည်။ ထွေးထွေးကို ကျောက်မဲလွတ်သည်။ ဒါက မောင်မောင် လှုပ်ရှားမှုတွေ၊ မောင်မောင့်ရင်တွင်းမှ ပြင်းထန်သောခံစားမှုများ



...က်ချက်က မောင်မောင့်မျက်နှာတွင် မြင်နေရဆဲပါ။ နေလောင်နေ သော မောင်မောင့်မျက်နှာလေး ညှိုးချောင်နေသည်ကို နှမ်းတောင် မျက်မြင်ပါ။

နှမ်းကို နှမ်းထက် ပိုပြီးချစ်တတ်လွန်းတဲ့ မောင်မောင့်မှန်း နှမ်းသိပါသည်။

"မောင်မောင်"

"ဗျာ"

"နှမ်း ဘာလုပ်ရမလဲဟင်"

"မောင်မောင် ဘာပြောတတ်မှာလဲ နှမ်းရယ်၊ နှမ်းကို မောင် မောင်ပြောနိုင်တာ တစ်ခုပဲ ရှိပါတယ်၊ မောင်မောင့်ကို ခွဲမသွားနဲ့လို့"

"နှမ်းရဲ့သစ္စာတရားကို မောင်မောင် မယုံဘူးလားဟင်"

"နှမ်းကိုယုံပါတယ် ပတ်ဝန်းကျင်ကို မယုံဘူး နှမ်း"

"ဟင်"

"ဒေါက်တာကျော်ဇေလတ် တကယ်စေ့စပ်သွားရတဲ့သူဟာ နှမ်းပဲ"

"ဒါပေမဲ့ နှမ်းဟာ ခမ်းအဖြစ်နဲ့ပါ"

"ဟုတ်တယ်လေ... ခမ်းပြန်လာရင် အားလုံးပြီးပြတ်မယ်၊ ဒါပေမဲ့ အခု ခမ်းမရှိတော့ဘူး၊ မောင်မောင် ရင်လေးလှတယ် သက်ရယ်..."

နီးကပ်သောနှလုံးသားနှစ်ခုဆီမှ သက်ပြင်းချသံ သံပြိုင်ကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှမ်းကိုယ်တိုင်လည်း မောင်မောင်တွေးသလို တွေး... နှမ်း၏ရင်မှာ စိုးထိတ်မှုများဖြင့် နှမ်းလျှနေရသည်ပါ။

မောင်မောင့်ကိုဖြင့် နှမ်း အကြောင်းစုံ အသေးစိတ်ပြော... ပြီးပါပြီ။

ကိုငြိမ်းဝေမှာ နှမ်း၏နုနုထွထွ နှုတ်ခမ်းလှလှလေးကို ... လက်ညှိုးလေးနှင့် ရစ်ဝိုင်းတောက်တို့ရင်း...

"ကြည့်ပါဦးကွယ် မောင်မောင်တောင် မထိရက်သေး..."

"တော်ပါတော့ မောင်မောင်ရယ်"

"နှမ်းမှာ အပြစ်မရှိပါဘူးကွယ်၊ နှမ်းပေါ်မှာ ကျေနပ်ပါ... ဒါပေမဲ့ မောင်မောင် မကြည်ဖြူနိုင်ပါဘူး အချစ်ရဲ့"

"ဒါတွေ မေ့လိုက်ပါတော့ကွယ်"

"မောင်မောင်က မေ့နိုင်တယ်ထား၊ ဒေါက်တာကျော်ဇေ... ကတော့ မေ့နိုင်မယ်မထင်ဘူး နှမ်း..."

"ဟင်"

"ဒီလောက်လှတဲ့ ဒီလောက်ချစ်စရာကောင်းတဲ့ နှမ်းနဲ့... ယှဉ်တွဲခွင့်ရသွားတဲ့အဖြစ်ကို သူ့အနေနဲ့ မေ့နိုင်စရာအကြောင်း... ဘူး၊ ပြီးတော့ သူ အရှုံးလုပ်ခံရတဲ့အဖြစ်ကို ဒီအတိုင်း ငြိမ်နေလိ... မယ်လို့ မောင်မောင်မထင်ဘူး နှမ်း"

နှမ်းကိုယ်တိုင်လည်း မောင်မောင့်လို တွေးမိပြီးသားပါ... ပေမယ့် ဘာပဲဖြစ်ဖြစ် ဘယ်နည်းပဲဖြစ်ဖြစ် မောင်မောင့်ကို မ... ဟူသော သံန္နိဋ္ဌာန်ကိုလည်း နှမ်းမှာ အခိုင်အမာချထားပြီးသား...

"ဒေါက်တာကျော်ဇေလတ်က ဆရာဝန်၊ ပြီးတော့ သိပ်ချမ်းသာ... သူ့မှာ အင်အားတွေများလိုက်တာနော်၊ မောင်မောင်ကတော့ ...ပါးတဲ့သူ၊ ဘာပညာမှ မတတ်တဲ့သူ၊ ဘယ်နေရာကိုမှ မယှဉ်ဝံ့ ...ဖြစ်ပါလား၊ ဒါပေမဲ့ နှမ်းရယ်... မောင့်ရင်ထဲမှာ ဘယ်သူမှ ...လောကမှာ ယှဉ်ပြိုင်လို့မနိုင်နိုင်တဲ့ အင်အားတွေ ရှိနေပါတယ်၊ ...ဒါကတော့ နှမ်းအပေါ်မှာထားရှိတဲ့ မောင်မောင့်ရဲ့မေတ္တာအင်အား ...ပါ နှမ်း"

"နှမ်းသိပါတယ် မောင်မောင်ရယ်... နှမ်းကိုလဲ မသင်္ကာတဲ့ ...ားတွေ မပြောစမ်းပါနဲ့၊ ဒီမှာ မောင်မောင့်ကိုပစ်ပြီး နှမ်း အဲဒီ ...ရာဝန်နဲ့သာ ယူဖြစ်ရင်လေ မောင်မောင့်မေတ္တာတွေ နှမ်းရဲ့နှလုံး ...းကို စူးမှာပါ၊ နှမ်းရင်ကွဲပြီး သေရမှာပါ..."

"တော်ပါတော့ မောင်မောင့်အသက်ရယ်... သိပ်ချစ်ကြတဲ့ ...ောင်မောင်တို့နှစ်ယောက်ဟာ မကွဲကွာနိုင်ပါဘူးနော်... နော် နှမ်း"

"မောင်မောင် နှမ်းကိုမခွဲနိုင်ဘူး မဟုတ်လား"

"တစ်စက္ကန့်လေးတောင်မှ..."

"တော်ပါပြီ သိပါပြီ... မောင်မောင့်လိုပဲပေါ့"

"ဟုတ်မှာပါနော်၊ တွေ့ရတုံးလေး သံသယစကားတွေ မပြော ...တော့ပါဘူး နှမ်းရယ်..."

ဒုဋ္ဌဝတီသည် နှမ်းတို့ချစ်သူနှစ်ဦးကို ကြည်နူးစိတ်ဖြင့် အသံ ...နှုတ်ဆက်လျက် ဆက်လက်စီးဆင်းသွားတော့သည်။

နမ္မတူမြစ်သည် ဤမြောက်ပိုင်းရှမ်းပြည်နယ်တွင် ဒုဋ္ဌဝတီ





www.burmeseclassic.com

www.burmeseclassic.com



မြစ် ဖြစ်လာကာ သိပေါမြို့အနောက်ဘက် ရေတံခွန်တောင်တန်း… ဆီမှ စီးဆင်းလာသော နမ့်ပေါ်ချောင်းနှင့် ပေါင်းဆုံ၍ ဆက်… စီးဆင်းသွားသည်။ အညာမြေအထက်နားတွင် မြစ်ငယ်မြစ် ဟု… အမည်သစ်နှင့် ဧရာဝတီနှင့် ပေါင်းဆုံမိသည့်အခါ…

ဒုဋ္ဌဝတီ၏အမည်ရော ဘဝပါ ပျောက်ဆုံးရရှာတော့… သနားစရာ စမ်းရေယဉ်သာလေး…

အေးမြကြည်လင်၍ ညင်သာစွာ စီးဆင်းသွားနေသော ဒုဋ္ဌ… ထံမှ အကြည့်ကို လွှဲဖယ်ပြီး၊ မျက်ရည်စ လက်ကျန်လေးများ… မောင်မောင့်ရင်မှာ သုတ်ဖယ်ရှင်းပစ်နေမိသည်။

"တိတ်တော့နော် အသက်၊ မောင်မောင်တို့ရဲ့ရှေ့ရေး… ဆွေးနွေးကြမယ်လေ… နော်"

မောင်မောင့်ရင်ထဲမှာပင် ခေါင်းလေးညိတ်ပြမိသည်။ မျက်… စက်ကလေးများ စွန်းထင်နေသော မောင်မောင်၏ရင်ဘတ်နေရာ… အကျႌစလေးကို ပွတ်သပ်ကိုင်တွယ်နေမိဆဲ။

"အောင်မယ်… မောင်မောင် ထောနေတယ်"

ကိုငြိမ်းဝေက သူ့အိတ်ကိုစမ်းလိုက်သည်။ ရာတန်တစ်ရွက်… နှင့် အစိတ်တန်၊ ဆယ်တန်များကို ငုံ့ကြည့်ပြီး မျက်နှာပျက်သွား… သည်။ ပြီးမှ တည်တည်ငြိမ်ငြိမ်ပင်…

"ဒါ ထွေးထွေးပေးခဲ့တာ၊ သူ စာရေးပေးလိုက်တာကို … ကုန်စိမ်းတန်းမှာ သွားပြတော့ အဲဒီငွေနှစ်ရာ ထုတ်ပေးလိုက်တာ… နွမ်း"



"ဟင်…"

"ထွေးထွေးတော့ ပြန်သွားပြီ၊ မောင်မောင့်မှာ ပိုက်ဆံပါမလာ …လည်း သူသိတယ်၊ သူ့မှာလည်း ပေးစရာမရှိလို့ ဖန်တီးပေး …ရှာတာ၊ မောင်မောင်မသိလို့ အဲဒီစာ သွားပေးမိတာပါ"

"နွမ်း… ရှိနေသားပဲကွယ်"

"နေပါစေ နွမ်းရယ်၊ မောင်မောင် ဘယ်တော့မှ မယူရက်ပါဘူး၊ ရွှေဖီမန်းကားခ ၁၆ ကျပ်ကို မနည်းဖန်တီးပြီး လာခဲ့တာ၊ နွမ်းရှိတဲ့မြေမှာ မောင်ရှိနေခွင့်ရရင် တော်ပါပြီ"

"ဟင်… မောင်မောင့်မှာ ကားခပဲ ပါလာတယ်"

"ဟုတ်တယ်… ဒီမနက်မှ ထွေးထွေးပေးတဲ့ပိုက်ဆံနဲ့ ရှမ်းခေါက်ဆွဲနဲ့ တို့ဟူးကြော် ဝယ်စားရတာ၊ မနေ့က တစ်နေ့လုံး မောင်မောင် ထမင်းမစားရဘူး"

"ဖြစ်ရလေ မောင်မောင်ရယ်"

နွမ်းမှာ ရာတန်အထပ်လိုက်ကိုင်ပြီး သုံးနိုင်သော သူဌေးသမီး ဖြစ်ပါလျက်နှင့် မောင်မောင် ဒီလောက်တောင်ချို့ငဲ့နေရသည့်အဖြစ်ကို ရင်နင့်မိလှပါသည်။

"မောင်မောင်က နွမ်းရဲ့စေတနာကို တန်ဖိုးမထားဘူး၊ မောင်မောင်က မာနသိပ်ကြီးတာပဲ"

"ဒီလိုမဟုတ်ရပါဘူး နွမ်းရယ်၊ မောင်မောင်က ယောကျာ်းပဲ ပြီးတော့ ဆင်းရဲသားပဲ၊ နွမ်းပေးတဲ့ငွေကို မောင်မောင် မယူထိုက်ပါဘူး၊ ယူပြီး သုံးစရာကိစ္စလည်း မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကလိုဖြစ်ရတယ်ဆိုတော့ နှမ်း ဘယ်စိတ်ကောင်းမှာလဲ လို့၊ နှမ်းလည်း မနက်ဖြန်တစ်နေ့လုံး ထမင်းမစားတော့ဘူး"

"အာ... နှမ်းရယ်... မဟုတ်တာ၊ ကြည့်စမ်းပါဦးဗျာ၊ နှုတ်ခမ်းလေးစူ၊ မျက်စောင်းလေးထိုးပြီး ပြောတာလေးက ချစ်စရာကောင်းလိုက်တာ၊ မောင်မောင့်ကိုချစ်ရင် အဲဒီလိုနှုတ်မလုပ်ရဘူးနော်..."

နှမ်းကို ချစ်တတ်လွန်းသော ချစ်နိုင်ရှာလွန်းသော ကိုငြိမ်းဝေ၏ မေတ္တာရေးနှင့် သင်းပျံ့စိုဝေနေသော သူ့ရင်ခွင်မှာ နှမ်းမှေးနေမိသည်။

"နှမ်း"

"ဟင်"

"မောင်မောင့်မှာသာ အင်အားတွေရှိနေမယ် ပြည့်စုံနေမယ်ဆိုရင်လေ၊ နှမ်းကို ခုပဲ တစ်ခါတည်း ခေါ်သွားချင်လှတယ် ဒါပေမဲ့..."

"ပြောလေ မောင်မောင်ရဲ့"

"မောင်မောင့်ဘဝရဲ့နှမ်းပါးမှု မပြည့်စုံမှုတွေနဲ့ ပြည့်စုံနေတဲ့ မောင်မောင့်ဘဝထဲကို နှမ်းဝင်လာရရင် နှမ်း ဆင်းရဲရမယ်၊ ပင်ပန်းရမယ်..."

"အင်းလေ... ဒါတွေကို နှမ်းတို့ သဘောတူကြပြီးသားပဲ မောင်မောင်ရဲ့နှမ်းက ဘွဲ့ရအောင်ဖြေ၊ မောင်မောင်က တေးဂီတနယ်မှာ အောင်မြင်အောင်ကြိုးစား၊ ပြီးရင် လက်ထပ်ကြမယ်လေ..."

"သြော်... ကိုယ်တို့အနုပညာသမားတွေအတွက် ပန်းတိုင်ဆိုတာ အချိန်အခါနဲ့ နေရာအတိအကျ မရှိတော့လည်း ဘယ်ထိ





အောင်ကြိုးစားရုန်းကန်ရမယ်ဆိုတာ ခန့်မှန်းလို့ မရဘူး၊ တစ်ခါတလေတော့လည်း မောင်မောင့်ဘဝကို မောင်မောင် အားငယ်လာမိတယ်၊ နှမ်းနဲ့ယှဉ်လိုက်တိုင်း မောင်မောင်ဟာ..."

"တော်ပါတော့ မောင်မောင်ရယ်၊ အားငယ်တဲ့စကားတွေ ပြောမနေစမ်းပါနဲ့၊ မောင်မောင်တို့အဖွဲ့ ရှေ့လကုန်လောက် ရန်ကုန်ဆင်းပြီး အသံသွင်းရမယ် မဟုတ်လား"

"အင်း"

"အဲဒီကအပြန်မှာ မောင်မောင့်တေးသံတွေ လှိုင်နေရမယ်၊ လွှမ်းသွားရမယ် သိရဲ့လား"

"အပိုင်ကို ပြောနေပါလား"

"အို... ကိုယ့်ချစ်သူရဲ့အရည်အချင်းကို သိပြီးသား"

ကိုငြိမ်းဝေမှာ ဖြစ်ထွန်းခဲ့သော ရွှန်းရွှန်းဝေအပြုံးများဖြင့် နှမ်းကို အားကိုးတကြီး ဖက်ပွေ့ပိုက်ထွေးထားရှာသည်။

"နှမ်း"

"မောင်မောင်"

"မောင်မောင် ဘယ်တော့ပြန်ရမလဲဟင်"

"နှမ်းမနှင်ရက်ဘူး... မောင်မောင့်သဘောပဲ"

"နှမ်း မန္တလေးကို ဘယ်တော့လောက်ဆင်းနိုင်မှာလဲဟင်"

"မမျှော်မှန်းနိုင်သေးဘူးပေါ့ မောင်မောင်ရယ်"

"နှမ်းရှိနေတဲ့ မောမြေမြင့်မှာ မောင်မောင်ပါ နေချင်ပါတယ်"

"ဒါပေမဲ့ နှမ်းက မောင်မောင်နဲ့ ခုလိုတွေ့နေခွင့် ပေးနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ခုတောင် မနည်းပတ်ပြီး ထွက်ခဲ့ရတာ၊ ပြန်တောင် ပြန်သင့်နေပြီ..."

"မောင်မောင်သိပါတယ်၊ ဒါပေမဲ့ ဖွတ်မေ့ထားရပါတယ် နှမ်း"

"နှမ်းလည်း မခွဲချင်ပေမယ့်..."

"မောင်မောင် ပြန်ရတော့မယ်လား"

"ဒီမှာနေလို့ နှမ်းကမှ မကူညီနိုင်ပဲကွယ်၊ မောင်မောင် အနေခက်နေမှာပေါ့..."

"ဟုတ်တော့ဟုတ်တယ်၊ ဟိုမှာလည်း တီးဝိုင်းတိုက်စရာတွေ ရှိသေးတယ်၊ ဒါပေမဲ့ နှမ်းကို မောင် ခွဲမသွားရက်ဘူး၊ ဒီက အခြေအနေတွေသိရတော့လည်း စိတ်မချနိုင်ဘူး နှမ်းရေ..."

"ဒါတွေအတွက်တော့ မပူပါနဲ့ နှမ်းတို့မိသားစုတွေ သတိ ဝီရိယနဲ့ နေပါတယ်ကွယ်..."

အားငယ်ညှိုးနွမ်းနေသော ကိုငြိမ်းဝေ၏ မျက်နှာနွမ်းနွမ်းလေးကို ကြင်နာခြင်းအပြည့်ဖြင့် နှမ်းကြည့်နေမိသည်။

ကိုငြိမ်းဝေသည် ဆယ်တန်းကျခဲ့သူ၊ ဆင်းရဲသူ ဟူသော သိမ်ငယ်သောဂုဏ်ပုဒ်များမှ လွဲ၍၊ အားလုံးပြည့်စုံသော သူပါ။ အသားညိုသော်လည်း နှာတံပေါ်ပေါ် မျက်ခုံးကောင်းကောင်း၊ မျက်နှာသွယ်သွယ်နှင့် တည်ငြိမ်သောမျက်ဝန်းပိုင်ရှင်မို့ ခန့်ငြားခြင်း၊ လှပခြင်း ရှိလေသည်။ ကျစ်လျစ်သောကိုယ်ခန္ဓာနှင့် အရပ်က မြင့်မားလှသည်။ အနုပညာသမားဆိုသော်လည်း အရက်မသောက် ဆေးမသုံးဘဲ သန့်ရှင်းသပ်ရပ်ခြင်း၊ စည်းကမ်းရှိခြင်း၊ သိက္ခာရှိခြင်း စသော





အကျိုးမြတ်တို့၏ အရည်အချင်းနှင့် ပြည့်စုံသောသူ...။

"နှမ်း... နှမ်း... ထစမ်း"

ရင်ခွင်ထဲမှ သူ့အကြောင်းစဉ်းစားနေသော နှမ်းကို သူက တွန်းဖယ်၍ ဖျတ်လတ်စွာထရပ်လိုက်သည်။

"ဘာလဲဟင်... မောင်မောင်"

"မောင်မောင်တို့ကို တစ်ယောက်ယောက်က စောင့်ကြည့်နေတယ် နှမ်း"

"ဟင်"

"ထကြည့်တော့ ပြေးသွားပြီ"

"အို... နှမ်းကြောက်တယ် မောင်မောင်ရယ်"

"မကြောက်နဲ့ နှမ်း မကြောက်နဲ့၊ မောင်မောင် ရှိနေသားပဲ၊ ဒါ... မောင်မောင်တို့ ပြန်ကြမှထင်တယ် နှမ်း"

တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး လိမ္မော်ခြံထဲမှ ထွက်ခဲ့ကြသည်။ မိုးကောင်းကင်ဘက်သို့ လုတက်နေကြသော ယှက်ဖြာဝေနေသည့် လိမ္မော်ပင်တန်းကလေးများကို ဖြတ်သန်းပြီး နှမ်းတို့ ပြေးထွက်လာခဲ့ကြရသည်။

"ဒါ ခြံစောင့်တဲပဲ၊ တံခါးပိတ်ထားတယ်နော်"

"ဟုတ်တယ် မမေ့တူတစ်ယောက် စောင့်ပေးနေတာ၊ ဒါ နှမ်းတို့ခြံပဲ သူလည်း မရှိဘဲနဲ့"

"ဟုတ်တယ် မောင်မောင်တို့ကို စောင့်ကြည့်နေတာ နှစ်ယောက်လောက်၊ မောင်မောင် ရိပ်ခနဲ မြင်လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဘယ်သူတွေလဲဟင်"

"မောင်မောင်လည်း သိချင်ပါတယ်"

"ဟိုနေ့က နွမ်းကိုလာခေါ်တဲ့လူတွေလားပဲ"

"ဒါတော့ မဟုတ်ဘူးထင်တယ်၊ သူတို့ဆိုရင် သေနတ်နဲ့ ခြိမ်းခြောက်ပြီး နွမ်းကို တစ်ခါတည်းခေါ်သွားမှာပေါ့..."

"ဒါဖြင့် ဘယ်သူတွေလဲဟင်"

"နွမ်းနဲ့ မောင်မောင်တို့အတွက် နိမိတ်ဆိုးရဲ့ရှေ့ပြေး သားကောင်ေ ြ ဖြစ်မလာနိုင်ပါစေနဲ့လို့ ဆုတောင်းရတာပဲ နွမ်းရော့ ကဲ... ကားလမ်းပေါ် ရောက်ပါပြီ... နွမ်း မကြောက်နဲ့တော့နော်..."

"ကားကြုံမတွေ့လည်း ရပ်မနေဘဲ ဆက်လျှောက်သွားကြစို့ မောင်မောင်ရယ် နော်"

သောကများရစ်ဝိုင်းနေသော ချစ်သူနှစ်ဦး၏ကျောဘက်ဆီတွင် ဒုဋ္ဌဝတီသည် ညင်သာစွာ စီးဆင်းမြဲ စီးဆင်းလျက်ပါတကား။

❖



# အခန်း (၉)

တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရနှင့် တပ်မတော်၏ဆိုးစစ်ဒဏ်ကြောင့် ဗိုလ်ထွန်းအုံနှင့်အဖွဲ့ကို ချေမှုန်းနိုင်ခဲ့သည်။ ဗိုလ်ထွန်းအုံကို အသေဖမ်းဆီးရမိပြီး၊ သူ့အဖွဲ့သားအချို့ကို လက်ရဖမ်းဆီးမိခဲ့သည်။

"ခမ်းဆိုသော မိန်းကလေးကို ပြန်ပေးဆွဲခဲ့ကြောင်းလည်းကောင်း၊ သတ်ပစ်ခဲ့သည်ကိုလည်း လုံးဝ မမြင်မိခဲ့ပါ..." ဟု တညီတည်းသွတ်တည်း အစစ်ခံခဲ့ကြသည်။

ဤအဖွဲ့သားငယ်များ မသိကြ၍လေလား။ တခြားနေရာ တခြားအဖွဲ့သားများကိုများ တာဝန်ချခဲ့လေသလား။

ဗိုလ်ထွန်းအုံကိုလည်း မေး၍ မရနိုင်တော့။ ဘယ်သောအခါမှ ပြန်မပြောပြနိုင်သောနေရာသို့ သူ ထွက်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ဖေဖေဦးအောင်စိုးမှာ အကြီးအကျယ် ဦးနှောက်ခြောက်ရပါပြီ။

"မဟုတ်ပါဘူး ကျွန်တော်သိချင်တာက တစ်ခုတည်းပဲ ရှိပါ တယ်၊ ကျွန်တော့်သမီးလေး အသက်ထင်ရှား ရှိသေးလား၊ တကယ် သေသွားပြီလားဆိုတာပါပဲ"

ဖေဖေ၏အမေးကို ဘယ်သူမှ မဖြေနိုင်ကြပါ။

"ခမ်း တကယ်သေဆုံးပြီလား" "အသက်ထင်ရှား ရှိနေသေး လား" ဆိုသည့် မေးခွန်းနှစ်ခုသည် နွမ်းတို့၏အိမ်ထောင်စုလေး အတွင်းမှာ စက္ကန့်မြည်သံလေးနှင့်အတူ အော်မြည်နေသည်ပါ။

"သတင်းစာက ကြော်ငြာကြည့်ရရင် မကောင်းဘူးလား... ကိုစိုး... ဟင်"

"တောထဲကို ဘယ်လိုလုပ်ပြီး သတင်းစာ ရောက်နိုင်မှာလဲ..."

"မပြောနိုင်ဘူး ဖေဖေရဲ့၊ သူတို့က အမှောင်ထဲကနေ အလင်း က သတင်းတွေကို မပြတ်ယူတော့ သတင်းစာရှိချင်လည်း ရှိနေ မှာပါ ပြီးတော့လည်း..."

"ပြီးတော့ ဘာဖြစ်လဲ"

နွမ်း၏စဉ်းစားနေဆဲ မျက်နှာလေးကို ဖခင်ဦးအောင်စိုးက ကြည့်ပြီး မေးလိုက်သည်။

"ပြီးတော့ မမခမ်းကိုယ်တိုင်ကရော တောတွင်းစခန်းထဲမှာ ရှိနေချင်မှ ရှိနေမှာ"

"ဘယ်လို"





"ဩော်... သူဟာ အလင်းတစ်နေရာရာကို ရောက်ချင်လည်း ရောက်နေမှာ၊ သူ့သဘောနဲ့ပဲဖြစ်ဖြစ် ဖမ်းချုပ်ထားသူတို့ရဲ့ အစီအမံ နဲ့ပဲ ဖြစ်ဖြစ်ပေါ့..."

"သမီးနွမ်းရဲ့စကားအရဆိုရင်တော့ ခမ်းဟာ သူကိုယ်တိုင်က သူ့အိမ်ကို တိမ်းရှောင်နေတယ်လို့ ဆိုလိုတာလား သမီး"

"အစောကြီးကတည်းက သမီးမှာ သံသယရှိနေပါတယ် ဖေဖေ"

"ဟင်... ပြောစမ်းပါဦး"

"မမခမ်းက သမီးကိုပြောဖူးတယ်၊ တကယ်လို့များ ဒေါက်တာ ကျော်ဇေလတ်နဲ့ ဖေဖေတို့က အတင်းပေးစားမယ်ဆိုရင် သူဟာ သူချစ်သူရှိတဲ့နေရာကို လိုက်ရှာမယ်၊ ထွက်ပြေးမယ်... တဲ့"

ဦးအောင်စိုးက ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး သမီး"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ခမ်းဟာ ခွန်မိုင်းကို သိပ်မျှော်လင့်နေခဲ့တယ်၊ တစ်နေ့ သူ့ဆီ ပြန်ပြီးဆက်သွယ်လာလိမ့်မယ်လို့ သူ စောင့်နေရှာတယ်၊ ဒါ ကြောင့် ဒေါက်တာကျော်ဇေလတ်နဲ့ စေ့စပ်ပါရစေလို့ ပြောတာကို သူ ဇွတ်ငြင်းခဲ့တယ်"

"ဟုတ်တယ် ဒါကို သမီးသိပါတယ် ဖေဖေ"

"အေး ခုတော့ သူကိုယ်တိုင်ကပဲ ကဲ... စေ့စပ်ပါတော့ ဖေဖေတို့စိတ်ချမ်းသာအောင် သမီးနားထောင်ပါတော့မယ်ဆိုလို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆန္ဒအရနဲ့ စေ့စပ်ခဲ့တာပါပဲ”

“ဟုတ်ကဲ့ ဖေဖေ”

“အဲဒါဟာလည်း တောထဲမှာ ခွန်မိုင်းသေပြီဆိုတဲ့ သတင်း
သူ ယုံကြည်လက်ခံလို့ပဲ ဖြစ်မှာပေါ့”

“ဟုတ်တယ် နွမ်း၊ ကိုစိုးပြောတာ ဖြစ်နိုင်တဲ့လမ်းပဲ၊ ငါ့သ
ကြီးခမ်းတော့ အန္တရာယ်တွေနဲ့ တွေ့နေရပါပြီ... အန္တရာယ်တွေ
ပဲလား... သူတို့ပြောသလို တကယ်များ သေသွားပြီလား”

မေမေ့မျက်ရည်နှစ်သွယ်က နွမ်းတို့သားအဖနှစ်ယောက်
အသည်းနှလုံးဆီသို့ ပြိုင်တူစီးဆင်းလာသည်။

“နေပါဦး နန်း... စိတ်ကို ဖြေသိမ့်ထားပါဦး၊ ဒီဗိုလ်ထွန်း
တို့အဖွဲ့က ကောင်တွေကတော့ အခိုင်အမာကို ထွက်ဆိုနေတာ
သူတို့ ခမ်းကိုပြန်ပေးဆွဲသွားတာ မဟုတ်ပါဘူးလို့...”

“အင်းလေ... ဘာပဲဖြစ်ဖြစ်ပေါ့ ဖေဖေရယ်၊ မေမေပြောသ
သတင်းစာထဲက ကြော်ငြာလိုက်ရင်တော့ မမှားဘူးလို့ သမီး
တာပဲ”

နွမ်း၏ အကြံပေးချက်မှာ ခမ်းအတွက် ထိရောက်လေသလား
မထိရောက်လေသလားဖြင့် မသိ။ နွမ်းအတွက်ဖြင့် သေသေချာ
ကြီးကို ထိရောက်ခဲ့ရပါပြီတည်း။

❖



# အခန်း (၁၀)

**မမခမ်း**

ရောက်ရာအရပ်က အမြန်ဆုံး အိမ်နဲ့ဆက်သွယ်ပါ...

**နွမ်း...**

ဤကြော်ငြာတိုလေးသည် သတင်းစာအစောင်စောင်တွင်
များစွာ ပါရှိလာခဲ့သည်။

ခမ်းကို ပြန်ပေးဆွဲသွားခဲ့ပြီ။ နွမ်းကိုလည်း ပြန်ပေးဆွဲသေး
ည် မအောင်မြင်ခဲ့... ဟူသော သတင်းများသည် ကျောက်မဲမြို့
ကျင်တစ်ခုလုံး ပြန့်နှံ့နေပါပြီ။

အဖြစ်မှန်ကို အားလုံးက သိကုန်ကြပါပြီ။ သတင်းမေးလာ
သူများက အိမ်နှင့်တစ်လုံး...။ သတင်းစာမှာ ဘာကြောင့်ကြော်ငြာ
ာလဲဟု အပြစ်တင်သူက တင်သည်။ သက်ဆိုင်ရာကို ဘာလို့
ရတာလဲ ငွေထုပ်ပိုက်ပြီး လိုက်ပါလားဟု တီးတိုးပြောသူက
ပေါ၏။

ကြော်ငြာထည့်တာ မှန်တယ်... လုံခြုံရေးတာဝန်ရှိသူများကို



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကြားသင့်တယ် ဟူ၍ ဝေဖန်သည့်ဘက်က ဝေဖန်နှင့်မို၊ ... မိသားစုမှာ ဘာကိုမှ ပြန်လည်၍ မချေပဖြစ်။ အလိုက်သ... အဆင်ပြေအောင် ပြောဆိုနေကြရပေသည်။

ခမ်းအတွက် သောကမီးကဖြင့် ရင်တွင်းမှာ တငွေ့ငွေ့... နေကြရဆဲပါ။ ဤအတောအတွင်းမှာ နှမ်းတို့၏ပွဲရုံမှ မန်... ဦးလေးကြီးဦးမန်းစံက ...

“ဦးလေးတော့ နှမ်းကို လာခေါ်တဲ့ကောင်တွေနဲ့ ခမ်းကို... သွားတဲ့အဖွဲ့ဟာ အတူတူပဲဖြစ်ရမယ်ထင်တယ်၊ အဲဒီကောင်... ခြေရာခံပြီး လိုက်နိုင်မယ်ဆိုရင် ခမ်း ဘာဖြစ်နေတယ်ဆိုတာ ... မယ် ထင်တယ်”

“ဦးလေးမန်းစံပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ အဲဒီ... ယောက်ကို မြင်လိုက်ရသူဟာ နှမ်းတစ်ယောက်တည်းပဲ ရှိပါ... နှမ်း သူတို့ကို ပြန်မြင်ရရင် မှတ်မိတယ်၊ ဒီမျက်နှာတွေ နှမ်း... ထဲမှာ စွဲနေပါတယ်၊ ဒါပေမဲ့ နှမ်းအနေနဲ့ သူတို့ကို ဘယ်လို... လိုက်ရှာမလဲ”

“ကားကိုရော မှတ်မိလား”

“ဂျစ်ကားအစိမ်းဆိုတာက လွဲလို့ ဘာမှမသိတော့ဘူး... တော့ ကားကို ဘေးတည့်တည့်က မြင်ရတော့လည်း နံပါတ်ကို ... လို လုပ်ပြီး သိမှာလဲ”

“ဒါလည်း ဟုတ်တယ်”

“ဒီလို ကိုမန်းစံ... သူတို့ပြောသလို ခမ်း တကယ်သေ...



...နိုင်လည်း လုပ်သင့်လုပ်ထိုက်တာလေးတွေ လုပ်ပြီး တဖြည်းဖြည်း ...ငြိမ့်ယူရမှာပေါ့”

“လုပ်သင့်လုပ်ထိုက်တယ်ဆိုတာက ဘာလဲ”

“ဩော်... ဆွမ်းကျွေးတာတို့ ဘာတို့ပေါ့”

ဦးအောင်စိုးသည် နှမ်းကို လေးနက်စွာကြည့်ရင်း အဖြေပေး ...သည်။ နှမ်းကို ခမ်းဖြစ်စေရအောင် ဟူသော သဘောမျိုးဆောင်သည့် ...အောင်စိုး၏အကြည့်ကို ဦးမန်းစံက ရိပ်မိသည်။ နှမ်းခမျာဖြင့် ...မိရှာ...။

“အေးလေ ခုတော့ ဘာမှန်းလည်း မသိရဘူး၊ နန်းကိုလည်း ... သနားလှပါပြီကွယ်”

သူ့ချစ်ဇနီး နှမ်းတို့၏မွေးမေမေ ဒေါ်နန်းမွှေခမ်းကိုကြည့်ရင်း ...ရှာသည်။ ဒေါ်နန်းမွှေခမ်းမှာ ခုတင်ပေါ်တွင် ပျော့ပျော့ခွေခွေ ... လှဲနေရှာသည်။

နှမ်းတို့၏စကားဝိုင်းအပြီးတွင် ဦးမန်းစံက ထက်မြက်စူးရှ ...အကြည့်များဖြင့် နှမ်းတို့သားအဖသုံးယောက်လုံးကို ကြည့်ပြီး ...သွားသည်။

သူသည် နှမ်းတို့ညီအစ်မ ကလေးဘဝ၊ ဖေဖေ ပွဲရုံစထောင်စ ...င် အလုပ်ဝင်ခဲ့သော ဖေဖေ၏ သစ္စာရှိ မန်နေဂျာကြီးပါ။ နှမ်းရော ...ကိုပါ သူက သမီးလေးလို ချစ်ရှာပါသည်။ သူ့မှာ သားမယား ... ဇာတိက ကျောက်ဆည်ခရိုင်ဘက်မှဟု ဆိုသည်။ ကျောက်မဲ ...ကသို့ တစ်ယောက်တည်း တက်လာရင်း အလုပ်ကို ကြိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားစား လုပ်နေသူပါ။

နှမ်းထက် ခမ်းကို ပို၍ သူချစ်သည်။ နှမ်းလို မ
သောခမ်းက ဟိုစပ်စပ် သည့်စပ်စပ် နေရာအနှံ့ လျှောက်သွား
သည်။ သွားလေရာလည်း ဦးလေးဦးမန်းစံ ပါရသည်။

ဤ... ဦးလေးဦးမန်းစံသည် ခမ်းအတွက် တစ်စုံတစ်
လျှို့ဝှက်ထားလေသလား...။ စိတ်ကပဲ ထင်လို့လား... နှမ်း
တတ်ပါ...။

နှမ်း၏စိတ်ထဲတွင် အချိန်ပြည့် သတိရနေသည့်ကိစ္စ
ရှိသည်။

နှမ်းနှင့် မောင်မောင်တို့ နှမ်းတို့၏ ဒုဋ္ဌဝတီမြစ်ဘေးက
ခြံလေးတွင် ချိန်းတွေ့ကြစဉ်က လူနှစ်ယောက် အနီးကပ်လာ
ချောင်းမြောင်းသည် ဆိုသည့် အကြောင်းပါ။

ဤကိစ္စကို ဖေဖေ့အားတင်ပြ၍လည်း မဖြစ်၊ လိမ္မော်
ဘာကြောင့်သွားရသည့်အကြောင်းကို တင်ပြရပါလိမ့်မည်။
မဖြစ်သေး...။

မောင်မောင်ကပြောတော့ နှမ်းကို ပြန်ပေးဆွဲလာသူ
မဖြစ်နိုင်။ ဟုတ်ခဲ့လျှင် လက်နက်မဲ့မောင်မောင့်ကို ခြိမ်းခြောက်
နှမ်းကိုခေါ်သွားရန်သာ ရှိသည်။

ယခု မောင်မောင်က သူတို့ကိုသတိထားမိသည်နှင့် သူ
ရတ်တရက်ထွက်ပြေးသွားကြသည်။ နှမ်းတို့ကို တိမ်းရှောင်သွား
သည်။



"ဩော်... သူတို့ဟာ ဘယ်သူတွေများလဲကွယ်... နှမ်းနဲ့
မောင့်ကို ဘယ်လိုအန္တရာယ်တွေများပေးချင်လို့ နောက်ယောင်
လိုက်နေကြတာလဲ"

နှမ်း၏ရင်မှာ သောကများ သံသယများနှင့် ပြည့်သိပ်ကြပ်
ည်းလျက်ပါ...

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

"နွမ်း"

"ဟင်... ဟာ"

အာမေဋ္ဌိတ်သံနှစ်ခု နွမ်း၏နှုတ်မှ တစ်ဆက်တည်း ရွတ်[illegible] လိုက်ရသည်။

နွမ်း၏ ရင်မှ အသည်းနှလုံးများကို ဖွင့်ခွဲဆွဲနှုတ်ယူပြီး နွမ်း[illegible] ဝေသီမြင့်ခေါ်သော တောင်ထွဋ်တစ်ခုပေါ်မှ တွန်းချလိုက်သ[illegible] ခံစားရပါပြီ။ ပြူးကျယ်ဝိုင်းစက်သော မျက်ဝန်းများဖြင့် သူ့ကို [illegible] ကြည့်နေမိသည်။

သူကား ဒေါက်တာကျော်ဇေလတ်..,

ယမမင်းဆိုသည့် ငရဲမင်းကို မျက်ဝါးထင်ထင် မြင်ရလျှင်ပင် နွမ်း သည်မျှလန့်လိမ့်မည်မထင်...

"သိပ်လန့်သွားသလား... သိပ်ကြောက်သွားသလား... ဟင် နွမ်း"





"ရှင်"

သူ့နှုတ်က နွမ်းဟု ခေါ်လာသည်။ သူ့မျက်နှာက ခက်ထန် [illegible]မာန် ဝင်နေပါ၏။

"ဘယ်... ဘယ်တုံးက ရောက်ပါသလဲ"

"ခုပဲပေါ့... ကြော်ငြာတွေ့ပြီးမှ ထူးဆန်းတယ်ဆိုပြီး စုံစမ်း [illegible]ကြည့်တော့ အကြောင်းစုံ သိခဲ့ရတယ်၊ ဒါကြောင့် ချက်ချင်းပဲ လိုက် [illegible]လာခဲ့တာ"

တောက်ပနက်ရှိုင်းလွန်းသော သူ့အကြည့်ဒဏ်ကို နွမ်း ခံယူ[illegible] စွမ်းအား မရှိတော့။ ခေါင်းငုံ့ထားရပါသည်။ နှလုံးဆီမှ သွေး [illegible]နှုန်းသည် ခေါင်းထဲသို့အရောက် တဒိတ်ဒိတ်ခုန်တိုးနေသည်။

နွမ်းတို့၏ကြော်ငြာကို ဒေါက်တာကျော်ဇေလတ်တို့ တွေ့ရှိ [illegible]သွားလျှင် ... ဟူသော အတွေးမျိုး တစ်ခါမှမတွေးမိခဲ့။ လုပ်သင့် [illegible]သာကိစ္စတစ်ခုကို လုပ်လိုက်သည်ဟုသာ ယူဆခဲ့မိသည်။

[illegible]ခမ်းနှင့် နွမ်း... ဆိုသော ညီအစ်မနှစ်ယောက်၏ အမည်နှင့် ကြော်ငြာကို သူတို့တွေ့မိမှာပဲဟု မတွေးခဲ့မိလေခြင်း။

"နွမ်း"

နွမ်း မထူးမိ... မဝံ့မရဲလေးသာ ဘေးတိုက်စွေ၍ ကြည့်မိသည်။

"ကိုယ့်ကို ဘာလို့ အရူးလုပ်ရတာလဲ"

"ရှင်"

"ကိုယ်နဲ့ စေ့စပ်ခဲ့တဲ့အချိန်မှာ ခမ်းမရှိတော့ဘူး မဟုတ်လား ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့သော်လည်း မလှုပ်ရှားရဲ၊ ကျောက်ရုပ်တစ်ခုလို နှမ်း ငြိမ်နေမိပါသည်။

"ဖြေစမ်းပါ နှမ်း"

သူ့လွှမ်းမိုးသံကြောင့် နှမ်းမနေရဲတော့။

"ဟုတ်... ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် ကိုယ်စေ့စပ်လိုက်ရသူဟာ နှမ်းပဲပေါ့ ဟုတ်လား"

"ဟုတ်... ဟုတ်ကဲ့"

"အဲဒီလို ဘာအကြောင်းကြောင့် ကိုယ့်ကို ညာကြရတာလဲ ဟင်၊ ကိုယ့်ကို ကြောင်လွှတ်လိုက်တာ တစ်ပတ်ရိုက်လွှတ်လိုက်သလို သိပ်အခံရခက်တယ်၊ ပြောစမ်း နှမ်း... ဘာအဓိပ္ပာယ်နဲ့ ဒီလိုလုပ်ကြတာလဲ..."

"နှမ်း... နှမ်းရှင်းပြပါ့မယ်ရှင်..."

မျက်ရည်များလျှံဝဲနေသော မျက်ဝန်းများဖြင့် ဒေါက်တာကျော်ဇေလတ်ကို ကြောက်ကြောက်ရွံ့ရွံ့ကြည့်ရင်း အတိုချုံး၍ ရှင်းပြလိုက်ရသည်။

"မမခမ်း မရှိတော့ဘူးလို့ ကြေညာလိုက်ရင် အားလုံးသိကုန်ပြီး ပြန်ပေးဂိုဏ်းက သတ်ပစ်မှာစိုးလို့ပါရှင်၊ နှမ်းက အစားခဏဝင်ပေးရတာပါ၊ သူပြန်လာရင် နှမ်းပြန်သွားရုံပါ၊ ဒါပေမဲ့ ဒီလို ဖြစ်မလာခဲ့ဘူး..."

နိဂုံးချုပ်စကားအပြီးတွင် သူ့မှတ်ချက်များကို နာခံရန် နှမ်းမှာ ခေါင်းလေးငုံ့၍ နေလိုက်ရသည်။ သူက ယင်းကိစ္စကို ဘာဝေဖန်





ချက်မျှ မပေးသေးပါဘဲနှင့်...

"နှမ်းတို့အဖေနဲ့ အမေရော..."

"မေမေ အိပ်နေပါတယ်"

"ဦးအောင်စိုးရော"

"ပွဲရုံမှာပါ... ဟော... ပြောနေရင်း ဖေဖေ့ဂျစ်ကား ပြန်လာပြီ"

"ကောင်းပြီ နှမ်းအမေကို နှိုးလိုက်ပါ၊ ကိုယ် လူကြီးတွေနဲ့ပဲ စကားပြောမယ် နှမ်း"

နှမ်းမှာ ကျားရှေ့မှောက်ရောက် သမင်မငယ်လေး၏ ကြောက်ရွံ့ခြင်းမျိုးဖြင့် မေမေ့ကိုဖက်တွယ်ရင်း ငိုလိုက်မိသည်။

ဖေဖေရော မေမေပါ ခက်ထန်သောမျက်နှာနှင့် ရောက်လာသော ဒေါက်တာကျော်ဇေလတ်ကို မျက်စိပျက် မျက်နှာပျက်နှင့် သိမ်ငယ်စွာ ရင်ဆိုင်ကြရရှာပါသည်။

နှမ်းပြောခဲ့သည့် အဖြစ်မှန်အတိုင်း သူက ပြန်ပြောသည်။ ပြီးတော့...

"အဲဒီအတိုင်း ဟုတ်လား... တခြား ဘာရည်ရွယ်ချက်များ ရှိလို့ ကျွန်တော့်လိုလူကို အရူးလုပ်လိုက်ကြရတာလဲ၊ ဒက်ဒီတို့ မသိကြသေးဘူး၊ အိမ်ကသာသိရင် သိပ်စိတ်ဆိုးကြမှာပဲ..."

မာကြောပြတ်တောက်သော လေသံနှင့် ချေပလာသူ ဒေါက်တာကျော်ဇေလတ်ကို ဖေဖေက အသေအချာကြည့်ရင်း...

"သမီးတစ်ယောက်လုံး ပြန်ပေးဆွဲခံနေရချိန်ဆိုတော့ ကျုပ်

www.burmeseclassic.com



တို့လဲ ထိပ်မြွေပေါက်သလို ဖြစ်နေရချိန်ပဲ မောင်ကျော်ဇေလတ် ခမ်းမရှိလို့ မောင်ရင်နဲ့ စေ့စပ်ပွဲပျက်ရချည်ရဲ့ဆိုပြီး နှမ်းကို အစော ထိုးနိုင်းတာ မဟုတ်ဘူး"

"ဗျာ"

"ခမ်းမရှိဘူးလို့ မစေ့စပ်ဖြစ်ရင် ခမ်း ဘယ်ရောက်သွားသလဲ ဆိုတဲ့ မေးခွန်းရဲ့နောက်မှာ ပြန်ပေးဆွဲခံရတယ်ဆိုတဲ့ ဖြစ်ရပ်မှန်က ပေါ်ပေါက်လာတော့မယ်၊ ဒါဆိုရင် ကျုပ်သမီးကြီးကို သတ်ပစ်ကြ မှာစိုးလို့..."

ဖေဖေ၏အသံကလည်း ဒေါသကြောင့် အနည်းငယ်တုန်နေ သည်။ ဒေါက်တာကျော်ဇေလတ် ငြိမ်နေသည်။ သူကိုယ်တိုင်လည်း ဘာပြန်ပြောရမည်မှန်း စဉ်းစား၍ ရသေးဟန်မတူ။

"မောင်ကျော်ဇေလတ်ရယ် အန်တီ တောင်းပန်ပါတယ်ကွယ် အန်တီတို့နေရာကနေပြီး စဉ်းစားကြည့်စမ်းပါ၊ ဒီလိုမှ မလုပ်ရင် မဖြစ်လို့ပါ၊ ဘာပဲဖြစ်ဖြစ် အားလုံးအတွက် အားလုံးရဲ့ကိုယ်စား အန်တီတောင်းပန်ပါတယ်၊ ကိုစိုး မောင်ကျော်ဇေလတ်ဟာ ညှော်သည်ပါ၊ ပြီးတော့ နန်းတို့က အပြစ်ရှိတဲ့အိမ်ရှင်တွေ၊ သူ့အပေါ်မှာ တာဝန်ကျေကြပါကွယ်"

ချစ်မေမေ၏ ပြေရာပြေကြောင်းစကားကြောင့် သားအဖနှစ် ယောက် ဘာစကားမှ မပြောဖြစ်ကြတော့ပါ။

"မောင်ကျော်ဇေလတ်"

"ဟုတ်ကဲ့ခင်ဗျာ"





"ခေါင်းအေးအေးထားပြီး ဖြေရှင်းပါလို့ အန်တီ တောင်းပန် ပါတယ်၊ ခုတော့ နားနားနေနေ နေပါဦးကွယ်နော်"

"ကောင်းပါပြီ အန်တီ"

"သိပ်ခင်နေတဲ့လူကြီးချင်း မုန်းသွားရမယ့်အဖြစ်မျိုး အန်တီ တို့ မလိုလားပါဘူး မောင်ကျော်ဇေလတ်၊ မင်းကြိုက်သလို ဆုံးဖြတ် နိုင်ပါတယ်၊ အန်တီတို့အနေနဲ့ အတတ်နိုင်ဆုံး လိုက်လျောဖို့ အသင့် ပါ"

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော့်စိတ်မှာ သိပ်ခံပြင်းသွားမိ လို့ပါ၊ ကျွန်တော့်ရဲ့အမူအယာတွေ စကားတွေ ရိုင်းပျသွားခဲ့ရင် ခွင့်လွှတ်ပါလို့ ကျွန်တော် အားလုံးကိုပဲ တောင်းပန်ပါရစေခင်ဗျာ"

သူ့စကားအဆုံးတွင် ဖေဖေနှင့် မေမေတို့ ပြိုင်တူကြည့်လိုက် ကြသည်။

မိဘနှစ်ပါး၏ရင်မှာ ဒေါက်တာကျော်ဇေလတ်အတွက် အေး ငြိမ်းသွားကြသည်နှင့် ဆန့်ကျင်လျက် နှမ်း၏ရင်မှာတော့...

ညှော်ခန်း၏လက်ယာဘက် ဘုရားခန်းထားသည့်နေရာမှာ မီးဖို ထားရှိသည်။ မေချမ်းမြေ၏အအေးဒဏ်ကို မီးဖိုရှိမှသာ ကာကွယ် နိုင်ပါမည်။

မီးဖိုထဲတွင် ထင်းရှူးသားများကို မီးစတင် စွဲလောင်နေလေ ပြီ။ နှမ်း၏ရင်၌လည်း မီးပွားကလေး ပျိုးထားရပါပြီ။ မကြာမီ စွဲလောင် ရတော့မည် ထင်ပါသည်။

"နှမ်း"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖက်ဆီမှ ဒေါက်တာကျော်ဇေလတ်က နူးညံ့ညင်သာစွာ ခေါ်လာသည်။

"ကိုယ် ဒီမှာထိုင်မယ်နော်"

နွမ်း၏ဘေးမှ ခုံပုပုလေးတွင် သူ ဝင်ထိုင်သည်။ မီးတောက်ရောင်က နွမ်း၏မျက်နှာမှာ ဟပ်နေသဖြင့် နွမ်း၏အလှက ပို၍ တောက်ပနေသည်။

ဒေါက်တာကျော်ဇေလတ်က နွမ်းမျက်နှာကလေးကို အသေအချာစိုက်ကြည့်ရင်း...

"နွမ်းရဲ့ဖေဖေနဲ့ မေမေကို ကိုယ်တင်ပြခဲ့တဲ့အတိုင်း သူတို့က ကျေကျေနပ်နပ်ကြီး လက်ခံကြည်ဖြူပါပြီ နွမ်း၊ နွမ်းဆန္ဒကိုသာ ကိုယ် သိချင်ပါတယ်"

မောင်မောင်စိုးရှို့ခဲ့သည့်အတိုင်း... နွမ်းထင်ခဲ့သည့်အတိုင်း ပါပင်...

"ခမ်းကိုယ်စား နွမ်းကိုပဲ လက်ထပ်ပါရစေ"

ဟူသော ဒေါက်တာကျော်ဇေလတ်၏တင်ပြချက်ကို အန်တီတို့က ငြင်းကွယ်စရာမရှိပါ နွမ်းကိုသာ မေးပါ။ သူ သဘောတူရင် လက်ထပ်ပေးဖို့ အဆင်သင့်ပါပဲ ဟူသော ပြန်ကြားထားချက်ကိုလည်း နွမ်း ကြားသိခဲ့ရပြီးပါပြီ။

"ကိုယ် နွမ်းကို စကားနည်းနည်းပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါ"

"ရန်ကုန်ဝင်ဒါမီယာက ကိုယ်တို့မှာ ဒေါက်တာတင်ဦးလွင်၊





ဒေါက်တာစိုင်းခမ်းအောင်တို့နဲ့ အတူ နွမ်းတို့မိသားစုကို ကိုယ်တို့က ထမင်းဖိတ်ကျွေးခဲ့တယ်နော်..."

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"အဲဒီတုံးက ကောင်မလေးလှလှနှစ်ယောက်အဖြစ်နဲ့ပဲ အပေါ်ယံကြည့်ခဲ့မိတယ်၊ ဘယ်သူက ခမ်း ဘယ်သူက နွမ်းမှန်း မသိခဲ့ပါဘူး..."

ဒေါက်တာကျော်ဇေလတ်၏အစ်ကို အင်ဂျင်နီယာ ကိုကျော်ဇေလတ် နိုင်ငံခြားသို့သွားခါနီးတွင် ထမင်းစားသွားခဲ့ရသည့်အဖြစ်များကို နွမ်းစိတ်ထဲမှာ ပြန်လည်မြင်ယောင်လာမိသည်။

တစ်ဆက်တည်းမှာပင် ဒေါက်တာကျော်ဇေလတ်တို့မိသားစု၏ ကြွယ်ဝချမ်းသာမှု၊ အရှိန်အဝါကြီးမြင့်မှုများကိုလည်း မြင်တွေ့ခဲ့ရပါသည်။

ငွေကြေးပမာဏချင်းမှ နွမ်းတို့က သူတို့ထက်ပိုပြီး နိမ့်ကျသည်မထင်၊ ပိုချင်သာ ပိုပါမည်။ အရှိန်အဝါနှင့် ဟိတ်ဟန်နှင့် နေ၍ဖြစ်သည့် ရှမ်းပြည်နယ်၏မြို့တစ်မြို့မို့သာ သူတို့ထက် သိမ်ငယ်သလို ဖြစ်နေရသည်ပါ။

နွမ်းတို့၏ကြွယ်ဝမှုကို သိရှိပြီးသော ဒေါက်တာကျော်ဇေလတ်တို့၏ဦးလေးအရင်း လားရှိုးမှ ဒေါက်တာတင်ဦးလွင်၏ ကမ်းလှမ်းချက်ဖြင့် စေ့စပ်ခဲ့ရသည်အထိ ဖြစ်ခဲ့ရပြီးသည့်အကြောင်းများကို နွမ်း ပြန်စဉ်းစားနေမိပါသည်။

"ဒါပေမဲ့ ကိုယ်တကယ်စေ့စပ်လိုက်ရသူဟာ နွမ်းဖြစ်တယ်၊

www.burmeseclassic.com



လွယ်ခွန်တောင် သွားခဲ့ရတဲ့နေ့က နွမ်းရဲ့အလှ နွမ်းရဲ့အသံနဲ့ ဟန် လေးတွေ၊ နွမ်းနဲ့ ထိတွေ့ခဲ့ရပုံလေးတွေကို ကိုယ့်ရင်ထဲမှာ ခုချိန် စွဲနေဆဲပါပဲ နွမ်း...”

တလှပ်လှပ်ခုန်သော ရင်များဖြင့် လှုပ်ရှားနေသော မီးစု များကို နွမ်းကြည့်နေမိသည်။

“ဒီမှာ နွမ်း”

“ဟုတ်ကဲ့”

“ကိုယ် နွမ်းကိုပဲ လက်ထပ်ပါရစေ”

နွမ်း ဘာမှ မဖြေဖြစ်မီ...

“တကယ်လို့ ခမ်းပြန်လာရင်တောင်မှ ကိုယ် ခမ်းကို လ ထပ်ဖို့ ငြင်းဆန်ရပါလိမ့်မယ”

“ရှင်”

“ကိုယ်နှ ကကယ်စေ့စပ်လိုက်ရသူဟာ နွမ်းပဲ၊ ကိုယ် တက ချစ်သွားခဲ့ရသူဟာလည်း နွမ်းပါပဲ၊ ဒါကြောင့် ကိုယ် နွမ်းကို လက်ထပ်ပါရစေ၊ ကိုယ့်ဆန္ဒအတိုင်းဆိုရင်တော့ နွမ်းကို တစ်ခါတ ပဲလက်ထပ်ပြီး ခုပဲ ရန်ကုန်ကို ခေါ်သွားချင်တယ်၊ မင်္ဂလာအခ အနားဆိုတာတွေ ဘာတွေကို နောက်မှကြည့်လုပ်ကြ ကိုယ့်ဆန္ဒ ဒါပဲ နွမ်း”

နွမ်းမှာ တစ်ဖက်သတ်ပြတ်သားနေသော ဆရာဝန်ကြီး မျက်နှာကို မနှစ်မြို့သောစိတ်ဖြင့် ကြည့်လိုက်မိသည်။

“နွမ်းဘက်ကလည်း ပြောပါရစေဦးရှင့်”

“ပြောပါ နွမ်း”

“အခုလို ခမ်းကိုယ်စား နွမ်းသရုပ်ဆောင်ခဲ့ရတာဟာ နွမ်းရဲ့ လုံးဝမပါဘူး၊ မိဘတွေကလုပ်ခိုင်းလို့ လုပ်ခဲ့ရတာပါ”

“ဒါတွေ အကြောင်းစုံ ကိုယ်သိပြီးပါပြီ နွမ်း”

“ဟုတ်ကဲ့ နွမ်းအနေနဲ့ ဒေါက်တာ့ကို ဘယ်လိုနည်းနဲ့မှ မထပ်နိုင်ပါဘူးလို့ ပြောပါရစေ...”

“ဘာဖြစ်လို့”

“ဘာဖြစ်လို့လဲဆိုတော့ နွမ်းမှာ သိပ်ပြီးချစ်မြတ်နိုးရတဲ့ ချစ်သူ နေ့င့်လို့ပါ...”

သူ မျက်နှာတစ်ချက်သာ ပျက်သွားသည်။ ပြီးတော့ နွမ်းကို လာသလိုကြည့်ရင်း...

“နွမ်းလို နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်းသူတစ်ယောက် နဲ့ ချစ်သူရှိနှင့်နေပြီဆိုတာ မဆန်းပါဘူး နွမ်း။ ဒါပေမဲ့ စဉ်းစား ဆတတ်တဲ့ မိန်းကလေးတိုင်းဟာ သူတို့ရဲ့အိမ်ထောင်ဖက်ကို တော်အားကိုးရမယ့် ယောကျ်ားမျိုးကိုသာ ရွေးချယ်တတ်ကြပါ ယ်...”

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းနေသော ဒေါက်တာကျော သတ်ကို စကားနှင့် မချေပတော့ပါ။ မကျေနပ်သောမျက်ဝန်းများ သာ ကြည့်နေမိသည်။

“နွမ်းချစ်သူက ကျောင်းသားလား”

“မဟုတ်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကရော"

"တေးပြုစာဆိုပါ"

"ဒါဆို နှမ်းကို အချွဲကောင်းမှာပေါ့"

နှမ်းရင်မှာ ဒေါသတရားက မီးစွယ်လို အညွန့်လူလာသ

"သူ့မိဘတွေက ဘာလုပ်လဲ"

"အဖေမရှိဘူး အမေမုဆိုးမနဲ့နေတယ်၊ သိပ်ဆင်းရဲ ဒါပေမဲ့ သိပ်ချစ်တတ်တယ်၊ နှမ်းကလည်း သူ့ကို သိပ်ချစ် နှမ်းရဲ့တစ်သက်တာမှာ အဲဒီနှမ်းရဲ့ချစ်သူက လွဲပြီး ဘယ်သူ့ လက်မထပ်နိုင်ဘူးလို့လည်း ဆုံးဖြတ်ထားပြီးသားမို့ နှမ်းကို လွှတ်ပါ ကိုကျော်ဇေလတ်ရှင့်..."

အပြတ်ပြောပြီး ဒေါက်တာကျော်ဇေလတ်၏အနီးမှ ညင် သာစွာ ထလာသည်။ မီးဖိုခန်းထဲတွင်ဖြင့် ဒေါက်တာကျော်ဇေ မှာ မီးညွှန့်များကို စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

❖



## အခန်း (၁၂)

"နှမ်းတို့အိမ်မှာ ဟိုဆရာဝန်ရောက်နေတယ်ဆိုတာ တကယ် လား ထွေးထွေး"

"ဩော် ထွေးထွေးကိုယ်တိုင် မြင်ခဲ့ရတာပါ၊ ဆရာဝန်ကတော့ ချောပဲ... ပုံကလည်း အပျံစား"

"နှမ်းနဲ့ စကားပြောနေသလား ဟင်"

"ထွေးထွေးသွားတော့ သူတို့ ဧည့်ခန်းမှာထိုင်နေကြတာပဲ၊ ပေမဲ့ အစ်မနှမ်းက ခပ်တည်တည်ပါပဲ၊ မျက်နှာလဲ မကောင်းဘူး၊ စ်မနှမ်းရဲ့မေတ္တာပေါ်မှာတော့ ဆရာ သံသယမဖြစ်ပါနဲ့နော်..."

"ဟာ မဖြစ်ပါဘူး ထွေးထွေးရယ်၊ နှမ်း ဆရာ့ကို ဘယ် လောက်ချစ်တယ်ဆိုတာ ဆရာသိပါတယ်၊ သူ့ရဲ့သစ္စာတရားတွေကို ည်း ဆရာ အကြွင်းမဲ့ယုံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်… ဒါကြောင့် ဆရာ ကျောက်မဲကို အမြန်ဆုံး လိုက်ခဲ့ပါလို့ မှာယူရတာပေါ့"

"နှမ်းက စာတော့ မရေးလိုက်ဘူးနော် ထွေးထွေး"

"ဟုတ်တယ် ထွေးထွေးကလည်း သိပေါကဆင်းလာတာ ခဏဝင်ရတော့ အချိန်မရဘူး၊ ဒါကြောင့် ဆရာအမြန်လိုက်ခဲ့ပါလို့ စကားနဲ့ပဲ မှာလိုက်တာ"

"ဆရာ့ကိုမှာတာ ဘာအကြောင်းလို့ ထွေးထွေးထင်သလဲ ဟင်"

ထွေးထွေးမှာ ကျူထရံတိုင်ပုန်းကလေးကို မှီကပ်လိုက်ရင်း စဉ်းစားနေပြီးမှ…

"ထွေးထွေးထင်တာ ပြောမယ်နော် ဆရာ၊ မဟုတ်ခဲ့ရင်လည်း ထွေးထွေးကို ခွင့်လွှတ်ကြပါ"

"ပြောစမ်းပါ ထွေးထွေး"

"အစ်မခမ်းမရှိတော့ဘူး၊ အစ်မနှမ်းကိုပဲ လက်ထပ်ဖို့ အဲဒီ ဆရာဝန်ရောက်နေတာ ထင်တယ်၊ အဲဒါကြောင့် အစ်မနှမ်းက ဆရာ့ကိုမှာပြီး သူ တစ်ခါတည်း ဆရာ့နောက်လိုက်ခဲ့မယ်ထင်တယ်"

"ဟင်"

ကိုငြိမ်းဝေ တုန်လှုပ်သွားမိသည်။

သူ့ရှေ့တည့်တည့်ရှိ ဓနိ ဒိုဆောင်ယှဲယှဲလေးထဲတွင် အမေ သည် ပြည်သူ့ဆိုင်မှပေးသော ဝမိန်ဆန်နှင့် ထမင်းစားနေရသည်။ ဘောပွဲနေသော ခုံဝိုင်းညစ်ထေးထေးပေါ်တွင် စွန်တန်ဟင်းချိုတစ်ခွက် ချားသီးတို့စရာနှင့် ငါးပိရည်တစ်ခွက်သာ တင်ထားသည်။ ရောင်းမ်း ငြုပ်သီးမှုန့်ကြမ်းကြမ်းအဖတ်များသည် ငါးပိရည်ကျဲကျဲ ပန်းကန်ထဲတွင် ဝေ့ဝဲနေသည်။ သူ ထမင်းမစားရသေး။ စားခါနီးတွင် ထွေးထွေးရောက်လာ၍ အမေတစ်ယောက်တည်း စားနှင့်နေရခြင်း ဖြစ်ပါ၏။

သူနှင့်အမေတို့ စားနေကျ ဤထမင်းဝိုင်းတွင် နှမ်းကို ထိုင်စေကြည့်စေသည်။ မစားတတ်ရှာမည့် မစားနိုင်ရှာမည့် နှမ်း၏အဖြစ်ကို မျက်စိထဲမှာ မြင်တွေ့လာရသည်။ တင်းကြပ်နေသောရင်မှ သက်ပြင်းတရှိုက်ကို လွှင့်ထုတ်လိုက်ရသည်။

"အစ်မနှမ်း လိုက်လာမယ်ဆိုရင် ဆရာ ခေါ်မလာရက်ဘူးလား"

"ဆရာ နှမ်းကို ဘယ်နည်းနဲ့မှ မခွဲရက်ဘူး ထွေးထွေး၊ နှမ်းနဲ့ ဝေးရရင် ဆရာ ဆက်လက်ရပ်တည်နိုင်စွမ်းမယ် မထင်ပါဘူး ထွေးထွေးရယ်၊ ထွေးထွေးအသိဆုံးပါ…"

"ဟုတ်ကဲ့ပါ ဆရာ"

ကိုငြိမ်းဝေက မျက်ရည်ဝဲရုံသာ ဝဲလာသေးသည် ထွေးထွေးကတော့ အသံဖြင့် ငိုလေပြီ။

"ဒါပေမဲ့ နှမ်းကို ခေါ်လာကြည့်တယ်၊ ဘယ်လိုလုပ်ပြီး ဒီဆင်းရဲတွင်းထဲမှာ နှမ်းနေနိုင်မှာလဲ၊ အမေစားနေတဲ့ ထမင်းဝိုင်းမျိုးမှာ နှမ်းကို ထိုင်မခိုင်းရက်ဘူး ထွေးထွေး၊ နှမ်းပင်ပန်းဆင်းရဲမှာ ဆရာသိပ်သနားတယ်၊ နှမ်းသာ ဆရာနဲ့ လိုက်ခဲ့တော့မယ်လို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးရင် ဆရာ ဘာလုပ်ရမလဲကွယ်..."

ဆရာ့မျက်ဝန်းစပ်မှ မျက်ရည်များ စိုစွတ်လာသည်။ နှမ်း... ပတ်သက်လေတိုင်း အလေးအနက် ခံစားလွန်းရရှာသည့် ဆ... ကိုငြိမ်းဝေကို ထွေးထွေးမှာ ကြင်နာသနားရခြင်းကြီးစွာဖြင့် ... ကြည့်နေမိသည်။

"ဆရာ့ကို ဆရာလုပ်တာတော့ မဟုတ်ဘူးနော် ထွေးထွေး... တာပြောမယ်"

"ပြောပါ ထွေးထွေး"

"အစ်မနှမ်းက ဆရာနဲ့ လိုက်ခဲ့တော့မယ်လို့ ဆုံးဖြတ်ပါရင်... ဆရာက မခေါ်ခဲ့နိုင်ရင်တော့ ဆရာ့အလွန်ဖြစ်သွားလိမ့်မယ်... တယ်၊ အစ်မနှမ်းကိုလည်း တစ်သက်လုံး လက်လှမ်းမှီနိုင်တော့... မထင်ဘူး"

"အင်း... ဟုတ်တယ်နော် ထွေးထွေး၊ နှမ်းကို စွန့်လွှတ်... ရင် ဆိုတဲ့ အတွေးမျိုးကိုတောင် မတွေးရဲတဲ့ ဆရာပါကွယ်"

"ဒါဖြင့်လည်း ယောကျ်ားပဲ ဆရာရယ်၊ စွန့်စားရဲရမှာ... အစ်မနှမ်းကိုသာ ခေါ်လာခဲ့ပါ၊ အစစအရာရာ ထွေးထွေးတို့လည်... ဝိုင်းကူမှာပေါ့"

ကိုငြိမ်းဝေက ခေါင်းကို ဆက်ကာဆက်ကာညိတ်သည်။

"နှမ်းကသာ ဆရာ့ဘဝကို နားလည်ပြီး ဆရာ့ဘဝထဲ... ဝင်ရဲမယ်ဆိုရင်တော့ တစ်ခါတည်းခေါ်လာခဲ့တော့မယ် ထွေး... ရေ..."



"ကောင်းတယ် ဆရာ၊ ကဲ... ဒါဖြင့် ဆရာ မနက်ဖြန်တက်မဲ့ ...တစ်စင်းစင်းနဲ့ လိုက်သွားပေတော့နော် ထွေးထွေးပြန်တော့မယ်၊ ...နှမ်းပါလာရင်သာ ထွေးထွေးကို အကြောင်းကြားပါနော်..."

နှုတ်ဆက်လျက် ထွေးထွေးပြန်ထွက်သွားသည်။ ၃၇ လမ်းမ ...သို့ ကွေ့ချိုးသွားသည်။

ကိုငြိမ်းဝေတို့၏နေထိုင်ရာအရပ်မှာ မန္တလေးမြို့၏ ၃၇ လမ်း ...နှင့် ကိုက်နှစ်ခုကြားမှ ဝင်ရပြီး သူများနောက်ဖေးပိုင်းရှိ တဲတန်း ...ကြီးအတွင်းမှ တစ်ခုသော တဲအိမ်ငယ်တစ်လုံးမျှသာ ဖြစ်ပါ၏။

"သား... ငြိမ်းဝေ"

ထမင်းဝိုင်းပေါ်သို့ မှိုင်းညို့ပေါက်ပြနေသော ဝါးအုပ်ဆောင်း ...ဟောင်းနှင့် အုပ်၍ ပုဆိုးစုတ်နှင့် လက်သုတ်ပြီး ဒေါ်ဒွန်းမေက ...ငြိမ်းဝေ၏အနားသို့ ရောက်ရှိလာသည်။

"သား ထမင်းမစားသေးဘူးလား"

"မဆာသေးဘူး အမေ"

"သား ငြိမ်းဝေ"

အမေက ထပ်ဆင့်ခေါ်လိုက်ရင်း ငါးသေတ္တာခွက်ထဲမှ ဆေး ...တိုကို ယူ၍ မီးညှိလိုက်သည်။ ဆေးလိပ်တိုကို အားပါးတရဖွာ ...ပြီးမှ အမေက...

"စုန ဈေးသည်မလေးနဲ့ သားနဲ့ ပြောနေကြတာတွေ အမေ ...ကြားပါတယ်၊ သား မိန်းမယူမလို့လား"

"သားမိန်းမယူဖို့ မရည်ရွယ်သေးပါဘူး အမေ၊ ဒါပေမဲ့ ...ခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေတွေက ပြောင်းလာလို့ပါ…"

"အမေ ရှင်းရှင်းသိပါရစေ"

"ဟုတ်ကဲ့ သူလိုက်ရင်တော့ ခေါ်လာခဲ့ရပါလိမ့်မယ်"

"သား မိန်းမယူမှာကို အမေ မကန့်ကွက်လိုပါဘူး၊ ဒါ… ခေါ်လာပြီးရင် ဘယ်မှာနေကြမလဲ"

ကိုငြိမ်းဝေ တွေဝေရပြန်ပါပြီ။

ဤတဲစုတ်ငယ်ကိုပင်လျှင် ယောက်ဖနှင့် အစ်မတို့က … ထားကြခြင်းဖြစ်၍ သူတို့ပိုင်ဂေဟာပါ။

"မောင်လှအေးရော၊ မင့်အစ်မရော တစ်နေကုန် အလုပ်… လုပ်ကြတာတောင် စားရသုံးရတာ မြင်တဲ့အတိုင်းပဲ"

ကိုငြိမ်းဝေ သက်ပြင်းချမိသည်။

"ကုန်သွယ်ရေး ၁-မှာ တာလီစာရေး ရတုံးက လုပ်… လည်း မင်းက မလုပ်ဘဲကိုး၊ ဝင်ငွေမရတဲ့ ဒီဂီတအလုပ်ပဲ လုပ်… တော့ တို့သားအမိနှစ်ယောက်ကို တင်ကျွေးထားရတဲ့ မောင်လှ… ကိုတောင် အမေ မျက်နှာပူလာပြီ… ဒီကြားထဲက…"

"တော်ပါတော့ အမေရယ်… ကျွန်တော့်ကို မကျွေးနိုင်… ကျွန်တော် ထမင်းမစားပါဘူး"

"မင်းက ပြောလိုက်ရင် ဒါမျိုးချည်းပဲ၊ ဘယ်တော့မှ … မလျှော့ဘူး၊ မင်းသာ အလုပ်လေးအကိုင်လေးနဲ့ အတည်တကျရှိ… ဆိုရင် အမေ မင်းနဲ့လိုက်နေမှာပေါ့၊ သားမက်ရှာစာထက် သားရှာ… စားချင်တာပေါ့၊ ခုတော့ မင်းက…"

"ကျွန်တော့်ဝါသနာကို အပြစ်မပြောပါနဲ့လို့ အမေ့ကို ကျွန် … တောင်းပန်ထားပါတယ်ဗျာ"

"မင်းရဲ့ ဂီတဆိုတဲ့ဝါသနာနဲ့ မင်းရဲ့ဘဝကို လဲနေတာပဲ … …"

"အမေ ဘာကိုပြောတာလဲ"

"ကိုယ့်ဘဝအတွက်တိုးတက်ဖို့ ငွေကြေးချောင်လည်ဖို့ ဆိုတာ … ကို ဂီတအနုပညာဆိုတဲ့ ယာဇ်ပလ္လင်မှာ မင်း ပူဇော်နေတာပဲ၊ … ခံနေတာပဲ ငြိမ်းဝေ…"

အမေ့ကို တုန်လှုပ်စွာကြည့်မိသည်။ ဘာမှ မချေပရဲ။ ဂီတကို … ကိုယ့်ဘဝထက် တန်ဖိုးထားမိသည်ကတော့ အမှန်ပါ။

ဒါပေမဲ့ ဤဂီတအနုပညာသည် ငြိမ်းဝေ၏ဘဝကို ဝါးမျို … သည်ဆိုတာမျိုးဖြင့် မဟုတ်တန်ရာပါ။ မအောင်မြင်သေးချိန်မှာ … သတ်နှင့် အနုပညာ၏ဒဏ်ကို ခါးစည်းခံရမည်ဖြစ်သော်လည်း … အောင်မြင်လာချိန်တွင်ဖြင့် အနုပညာပရိသတ်၏ ချစ်မြတ်နိုးမှုဖြင့် … မြင့်ပေါ်မှာ ဝင့်ထည်လာမည့်အဖြစ်မျိုးလည်း ရှိနိုင်ဦးမှာပါပဲဟု … အားတင်းထားလျက်ပါပင်။

"ဆိုကြပါစို့ကွာ၊ ခုနေသာ မင်းမှာ အလုပ်နဲ့ အကိုင်နဲ့ အိုးနဲ့ … အိမ်နဲ့ရှိမယ်ဆိုရင် မိန်းမတစ်ယောက်ယူဖို့ ဘာခက်ခဲစရာရှိမလဲ၊ … တော့ ဒီယောက်ဖအိမ်ကို ဘယ်လိုလုပ်ပြီး ခေါ်လာလို့ ဖြစ်မလဲ … ငြိမ်းဝေ၊ နေရတာကလည်း ကျဉ်းကျဉ်းလေး မင်းကောင်မလေးက … ဘယ်ကလဲ တို့လိုပဲ ဆင်းရဲသလား…"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချမ်းသာတယ် အမေ"

"သူ့မိဘက မင်းနဲ့ သဘောတူသတဲ့လား"

"တူမှာ မဟုတ်ပါဘူး"

"အေးလေ တူနိုင်စရာလည်း မရှိဘဲကိုး၊ အမေ့မှာသာ ပိုက်ဆံရှိရင် အမေ့သားကို အထုပ်နဲ့ အထည်နဲ့ အိမ်နဲ့ ယာနဲ့ ခွဲပေးချင်ပါတယ်၊ ခုတော့ မုဆိုးမဘဝနဲ့ နေခဲ့ရပြီး မင်းတို့မောင်နှမ ဝလင်အောင် ဈေးတောင်းခေါင်းရွက် ရောင်းခဲ့ရတာ..."

ဝိုင်းလာသောအမေ့မျက်ဝန်းမှ မျက်ရည်စများကို ကိုငြိမ်းဝေ ရင်မချမ်းမြေ့စွာ မြင်နေရသည်။

"ငါ့သား စဉ်းစားပါ မင်းယောက်ဖ မောင်လှအေးက ကြည်ဖြူတယ်ထား သူဌေးသမီးဆိုတဲ့ မင်းကောင်မလေးက စွန်တန်ဟင်းချို တစ်ခွက်နဲ့ ငစိန်ဆန်ကို စားနိုင်မှာလား ငါ့သား စဉ်းစားပေါ့"

ထွန်းလှဟော်တယ်မှ မြန်မာထမင်းဟင်းများ၊ စိန်လီဟော်တယ်မှ တရုပ်ဟင်းလျာများ၊ မန္တလေးဟော်တယ်မှ အနောက်တိုင်းအစားအစာများနှင့် အအေးမျိုးစုံကို မကြာခဏ မိမိနှင့်အတူ မှာယူစားသောက်လေ့ရှိသော နွမ်း... မကုန်နိုင် မခန်းနိုင်မှာယူပြီး ခံတွင်းမတွေ့လျှင် တစ်ကိုနှစ်ကိုသာစားပြီး ထားပစ်လေ့ရှိသော သူဌေးသမီးလေးနွမ်းအတွက် စွန်တန်ဟင်းချိုနှင့် ငစိန်ဆန်။

ကိုငြိမ်းဝေ၏ရင်မှာ တင်းကြပ်လာမိသည်။

ဤအိမ်သို့လည်း နွမ်းကိုခေါ်မလာချင်၊ အပေါင်းအသင်းများကလည်း ဘဝနှစ်ခုစာဖူလုံအောင် ဘယ်သူ ကူနိုင်ပါ့မလဲ မတွေးရဲ...။





ထွေးထွေးသည်လည်း ငွေကြေးအနည်းငယ်လောက် ပေးနိုင်ရုံသာ ရှိရှာမည်။ ဒါတောင် ဈေးသည်မလေးမို့...။

ကိုငြိမ်းဝေ၏ပင်ကိုယ်သဘာဝကိုက အေးဆေးတည်ငြိမ်သည်။ ငွေပေါသော ဂုဏ်ရှိသော အပေါင်းအသင်းများကို သူ ရှောင်ကြဉ်တတ်သည်။ ပြန်ချင်းခတ်နိုင်သော အင်အားမရှိသူမို့ စိတ်မှာ သိမ်ငယ်နေမိသည်။ အပေါင်းအသင်းများနှင့်လည်း လည်ပတ်ပျော်ပါးတတ်သူ မဟုတ်။ အချိန်ပြည့် တေးကဗျာနှင့်သာ ကာရန်နှင့်သာ အသံရှာ၍သာ သူ့တစ်ဘဝစာကို ကုန်ဆုံးလွန်မြောက်စေခဲ့သည့်သူ...။

မမျှော်မှန်းဝံ့သော နွမ်း၏မေတ္တာကို ရယူနိုင်ခဲ့ပြီးသည်မှ စ၍ သူ့ဘဝလေး စိုပြည်ရှင်သန်လာခဲ့ရသည်ပါ။

ယခုအခြေမှာ သူ့အနေနှင့် ကြိုးစားနေရဆဲကာလမို့ နွမ်း ရင်ပမ်းရာရမည့်ဘဝထဲကို သူ ဆွဲမခေါ်လာရဲ။ သို့ပါသော်လည်း နွမ်းကို စွန့်လွှတ်ရမည်ဆိုသော စကားလုံးကိုပင် မကြားရဲခဲ့သူမို့...

အို... ငါယောကျ်ားပဲကွယ်၊ နွမ်းကတောင်မှ နားလည်စွာနဲ့ ဆက်တွဲရဲရင် ငါလည်း နွမ်းအတွက် အစွမ်းကုန်ကြိုးစားပေးရမှာပေါ့...

မောင်မောင့်ဘဝထက် ဂီတကို ပိုမိုပြီး မောင်မောင်မြတ်နိုးခဲ့တယ်... ဂီတထက် နွမ်းကို ပိုပြီးချစ်တယ်...

အို... နွမ်းထက်ပိုပြီး အဖိုးတန်တဲ့အရာ ဒီကမ္ဘာမှာ မရှိနိုင်ဘူး... နွမ်းကို ဘာနဲ့မှ မလဲနိုင်ဘူး... ဘယ်လိုမှ မစွန့်လွှတ်နိုင်ဘူး... နောက်ဖြန်ခါမှာ နွမ်းမှာတဲ့အတိုင်း မောင်မောင် နွမ်းဆီ လိုက်လာခဲ့ပါ့မယ်... နော်...



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်နဲ့ နှမ်းနဲ့ ဒုဋ္ဌဝတီမြစ်ဘေးက လိမ္မော်ပင်ဆော တွေကြားမှာ ထပ်မံတွေ့ဆုံပြီး နှီးနှောဆွေးနွေးကြရအောင်ပါနော်– မောင်မောင့်အချစ်ရယ်...

❖



# အခန်း (၁၃)

"ခမ်းရှိတုံးက ပြောထားဖူးတယ်၊ မေမေ့သမီးက ရည်းစား ထားနေပြီတဲ့၊ ဒါပေမဲ့ မေမေတို့နေနဲ့က လိမ္မာပြီးသား နှမ်းကို ...ချယုံကြည်ခဲ့တယ်၊ ဒီလောက်မိုက်လိမ့်မယ် မဟုတ်ဖူးလို့"

အမေ့စကားကြောင့် နှမ်း ဆောက်တည်ရာ မရလောက်အောင် ...ပ်ရှားရပါပြီ။ ယခုပင် အင်ကြင်းတောင်ခြေမှာ မောင်မောင်နှင့် ...်းတွေ့ပြီး ပြန်လာခဲ့သည်မို့ပါ။

"အရင်တစ်ခါလည်း လိမ္မော်ခြံထဲမှာ ချိန်းတွေ့ကြပြီးပြီ၊ ...မေ့တူ အိုက်မောင်နဲ့ သူ့သူငယ်ချင်း စိုင်းဖတို့ကိုယ်တိုင်ပဲ အမေ့ကို ...ပြောကြတာ၊ သူတို့ကို လိုက်ကြည့်ခိုင်းထားလို့"

စေ့စပ်ကြောင်းလမ်းပြီး ဒေါက်တာကျော်ဇေလတ်တို့ ပြန်သွား ...က နှမ်းတို့၏လိမ္မော်ခြံထဲမှာ မောင်မောင်နှင့် ချိန်းတွေ့ကြစဉ် ...စ်ယောက် ထွက်ပြေးသွားသည့်အကြောင်းကို နှမ်း ပြန်စဉ်းစားမိ

www.burmeseclassic.com



ပါပြီ။ ပြန်ပေးဂိုဏ်းမှ မဟုတ် မေမေ ဖေဖေတို့၏ သူလျှိုသာ ဖြစ်
ပါလား။

"သမီးအဖေ စုံစမ်းပြီးပြီ၊ ပညာလည်း မတတ်၊ ဆင်းရဲမွဲ
ပြီး အလုပ်မရှိအကိုင်မရှိနဲ့ အလကားကောင်ဆို ဟုတ်လား"

"ဆင်းရဲတာတော့ ဟုတ်ပါတယ် အလကားကောင်ဆို
မဟုတ်ပါဘူး မေမေရယ်၊ သူဟာ ဂီတနဲ့ အောင်မြင်အောင်..."

"တော်စမ်း နွမ်း... နင့်ကိုယုံအောင် မက်လုံးပေးထားမှာပေါ့"

"မဟုတ်ပါဘူး မေမေရယ်... သူဟာ..."

"တော်ပါ မကြားချင်ဘူး... မိဘမှာဖြင့် တစ်ပူမအေးသေး
တစ်ပူက ဆင့်လာပြန်ပြီ"

မေမေ၏ နွမ်းလျပင်ပန်းနေသော မျက်နှာလေးကို နွမ်း မ
ရက်ပါ။ မေမေဒေါ်နန်းမွေခမ်း၏ ကျန်းမာရေး ချို့ယွင်းမှုကိုလည်
နွမ်းအသိဆုံးပါ။

"ဒီမှာ နွမ်း... အဲဒီကောင်ကို ယူမယ်လို့ မှန်းထားသလ
ပြောစမ်း"

နွမ်း မဖြေရဲ... မဖြေရက်... နွမ်းအဖြေအတွက် မေ
စိတ်အနှောင့်အယှက်ဖြစ်ပြီး ပင်ပန်းဆင်းရဲသွားမှာ စိုးရိမ်လှပါဘိ...

"အမှန်အတိုင်းပြောစမ်း နွမ်း၊ သူ့ကိုယူမယ်လို့ ဆုံးဖြ
ပြီးပြီလား၊ ကတိပေးပြီးပြီလား"

"လောလောဆယ် သမီး မရည်ရွယ်သေးပါဘူး မေမေရယ်"

"ဒါဖြင့် နောက်တော့ရော"





နွမ်း မေမေ့ကိုမကြည့်ရဲ။ ပြတင်းမှ တစ်ဆင့် အပွင့်မဝေသေး
သာ ချယ်ရီပင်ကြီးကို ငေးကြည့်ရင်း စိတ်ကိုတင်းလိုက်ပြီး...

"သူကလွဲလို့ ဘယ်သူ့ကိုမှ မယူနိုင်ပါဘူး မေမေ..."

"ဟင်... ခွေးမ"

"အမလေး..."

"ဝုန်း"

"ဒိုင်း"

ဆိုသော အော်သံမြည်သံနှင့် ရေမွှေးပုလင်းများ ပေါင်ဒါဗူး
ား၊ နှုတ်ခမ်းနီဗူးများစွာတို့ လဲပြိုကျသံများ ရောနှောကုန်ကြသည်။

ခုတင်ပေါ်မှ ဒေါ်နန်းမွေခမ်းက ဒေါသကြီးစွာဖြင့် ခေါင်းအုံး
င် သမီးကို လှမ်းပေါက်လိုက်သည်။

ခေါင်းအုံးမှန်းသိပါလျက် မနာမည်မှန်းသိပါလျက်နှင့် လန့်ပြီး
ှောင်လိုက်သော နွမ်းမှာ မှန်တင်ခုံရှေ့မှ ခုံငယ်လေးပေါ်မှ လိမ့်ကျ
ားခဲ့ရသည်။ အရှိန်နှင့်တွန်းမိသော မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်း
ားစွာတို့ ဖရိုဖရဲနှင့် လိမ့်လဲကျကွဲသွားရပါသဖြင့် တစ်အိမ်လုံး
ညံဟည်းသွားရသည်ပါ။

"ဟယ်... သမီး... သမီးရယ်"

မေမေ့အော်သံမဆုံးမီ ဖေဖေ ပြေးဝင်လာသည်။

"သေပါပြီ... ငါ့... သမီးတော့... ဟင်... နန်း...
လေးကို ဒီလိုပဲ အရမ်းလုပ်ရသလားကွ"

ဖေဖေကိုယ်တိုင် နွမ်းကို ပွေ့ယူလိုက်သည်။ ခုတင်နှင့် မှန်



www.burmeseclassic.com

www.burmeseclassic.com



တင်ခုံကြား ကြမ်းပြင်မှ သမီးငယ်လေးကို ထပ်မံမထိခိုက်စေရန် ဖေဖေ အသက်မရှုနိုင်လောက်အောင်၊ ဂရုတစိုက်ချီပွေ့ပြီး သမီးငယ်ကို ခုတင်ပေါ်သို့ တင်လိုက်ပါ၏။

"သမီး… သမီးလေးရယ်"

မေမေက မေ့လဲသွားတော့မလောက် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် နှမ်းနား ကပ်လာရှာသည်။

"ကြည့်စမ်း ငါ့သမီးနဖူးလေး ရဲ့ပြီး ယောင်လာပြီ…"

"ကိုစိုးရယ် သမီးလေးနာမှာစိုးလို့ ခေါင်းအုံးနဲ့ ပေါက်လိုက်မိတာပါ… နန်းရိုက်တာ မဟုတ်ရပါဘူး၊ သမီးလေး… သိပ်နာသွားလား သမီးရယ်… ဖယ်… မေမေ လုပ်ပေးပါ့မယ်"

ပက်လက်အနေအထားနှင့် နဖူးပေါ်သို့ လက်ဝါးလေးကာထားမိသော နှမ်း၏လက်ကို ဖယ်ရှားလိုက်ပြီး မေမေက နှမ်း၏နဖူးပြင်ကို အာ့ငွေ့လေးနှင့် ငုံ၍ မှုတ်ပေးနေရှာသည်။

ဘေးမှ ရပ်နေသော ဖေဖေကလည်း ကိုယ်ကိုကိုင်းညွှတ်၍ နှမ်း၏လက်ကလေးကို ဆုပ်ကိုင်ရင်း…

"သမီးလေး ဘယ်လိုနေလဲ… မူးနေလား ဟင် ဘယ်နေရာ နာသေးလဲ"

မိဘနှစ်ပါး၏ယုယခြင်း၊ စိုးရိမ်ကြီးခြင်း၊ သမီးပေါ် သနားကြင်နာကြခြင်း ဟူသော မေတ္တာကြိုးသွယ်လေးများသည် နှမ်း၏နှလုံးသားကို အထပ်ထပ်ရစ်ပတ်သည်သို့ပင်။ တင်းကြပ်သိပ်သည်းစွာ ရင်မှာ ခံစားလာရသည်။ ဤခံစားမှုများကား ဝမ်းနည်းခြင်းအသွင်သို့ ပြောင်းလာသည်။ ဝမ်းနည်းခြင်းမှသည် မျက်ရည်များအဖြစ်နှင့် မျက်ဝန်းမှာ ခိုတွယ်စီးသွယ်လာရပါပြီ။

"ဘာလို့ငိုရတာလဲ သမီးရယ်… မေမေလည်းလေ…"

ဒေါ်နန်းမွှေခမ်းက ငိုသံပါလာသည်။ နီနေသော သမီး၏ နဖူးလေးကို သေတတ်သောဒဏ်ရာကြီးတစ်ခုလို ချောက်ချားစွာ ကြည့်နေပါ၍…

"မေမေ… ဖေဖေ… သမီး… သမီး မနာပါဘူး ဘာမှ မဖြစ်ပါဘူး၊ သမီးဟာသမီး လန့်ပြီး လဲသွားရတာပါ…"

"ဒါပေမဲ့ မေမေ့ကြောင့်ပါ"

"မဟုတ်ပါဘူး မေမေရယ်၊ ဘာမဟုတ်တဲ့ဒဏ်ရာလေးကို မေမေတို့က ဒီလောက်ဂရုစိုက်နေကြတယ်နော်၊ သိပ်စိုးရိမ်နေကြတယ်နော်၊ ဒါကို… အဲဒါကို သမီး ဝမ်းနည်းတာပါ ဖေဖေတို့ရယ်…"

"ဩော် ငါ့သမီးလေးကလည်း ဝမ်းနည်းစရာမဟုတ်တာ၊ ကဲ… ကဲ… ထ နဖူးကို အိုင်အိုဒင်း(က်စ်)လေး ဖေဖေ လိမ်းပေးမယ်"

ဦးအောင်စိုးကိုယ်တိုင် လိမ်းပေးရှာသည်။ ဆေးမှ အမဲရောင်လေးပျောက်သွားအောင် နဖူးပြင်ကို ညင်သာစွာ ပွတ်သပ်နေရာမှ ဖေဖေက…

"ဖေဖေတို့မှာ တစ်ယောက်ကလည်း အဆုံးလမ်းလို ထားရက်ရပြီ၊ ဒါကြောင့် ကျန်တဲ့သမီးလေးများ တစ်ခုခုထပ်ဖြစ်သွားရင် ဖေဖေနဲ့မေမေတို့ရဲ့ဘဝဟာ အဓိပ္ပာယ်မဲ့သွားမှာပါ သမီး၊ ဒါကြောင့် ကျန်တဲ့သမီးလေး နှမ်းအတွက် သိပ်ပြီး စိုးရိမ်သောကကြီး

www.burmeseclassic.com



နေကြရတာပါ"

ဖေဖေရည်ရွယ် ရည်ညွှန်းသည့်အကြောင်းအရာသည် နှ မေတ္တာကိစ္စကိုများ ဦးတည်လေသည်လား။

"သမီးသိတဲ့အတိုင်း ဖေဖေနဲ့ မေမေဟာ အိမ်ထောင်ရေ အကြာကြီးနေမှ သမီးတို့ကို ဆုတောင်းယူပြီး ရခဲ့ကြတာ၊ မွေ တော့ အမြွှာလေးနှစ်ယောက်၊ ပေါင်ချိန်ကမပြည့်တော့ မကျန်းမာ ဘူး၊ မေမေနဲ့ ဖေဖေဟာဆိုရင် သမီးတို့ လေးနှစ်တင်းတင်းပြ တစ်ညလုံးအိပ်ရတဲ့ အရသာကို သိကြရတယ်"

အိမ်ထောင်သည်မိသားစုမှသာ သိနိုင်သော ကလေး ည ရသည့်အကြောင်းအရာများကို နှမ်း ကြားဖူးရုံ ကြားဖူးခဲ့ပါသ နှမ်းတို့ညီအစ်မငယ်စဉ်က ဖေဖေနဲ့ မေမေတို့ ပိန်ချုံးကျသွား အိပ်ပျက် စားပျက် စီးပွားရေးဘက်မလှည့်နိုင်ဘဲ ပြုစုခဲ့ကြ အဖြစ်များကို နှမ်းတို့၏အမျိုးများမှ တစ်ဆင့် နှမ်းတို့ညီအစ်မ ခဏ ကြားသိခဲ့ကြရဖူးပါသည်။

"အေးလေ သမီးရယ် ဆိုလိုတာက ဖေဖေတို့ဟာ သမီး ညီအစ်မနှစ်ယောက်အတွက်ပဲ အချိန်ပြည့်လှုပ်ရှားနေကြရပါ ဆိုတာ သိစေချင်တာရယ်.."

မှန်ပါသည်။ ဖေဖေသည် ဘဏ်မှာငွေအပ်လျှင်ပင် ခ သဏ်စာရင်းထဲ ထည့်လိုက် နှမ်း၏ ဘဏ်စာရင်းထဲ ထည့်လိုက်နှ မေမေဆိုလျှင် လုံချည်တစ်ထည်ဝယ်ဖို့ကိစ္စ နားချလိုက်ရသည် ခြင်း၊ သမီးများအတွက်ဆိုလျှင် လာခဲ့ပါပဲ။ ဈေးဈေးက ကျက်





သာရေမွေးမှာ ၆၄၀ ကျပ်ပေးရသော မဒမ်(မ)ရိုရှယ် စပရေးနှင့် မွေးပုလင်း။

နှမ်း စဉ်းစားနေဆဲမှာပင် ဖေဖေက စကားထပ်ဆက်သည်။

"ဖေဖေ မေးချင်ပါတယ် သမီးနှမ်း"

"မေးပါ ဖေဖေ"

"ဖေဖေနဲ့ မေမေတို့ရဲ့မေတ္တာကို သမီး အသိအမှတ်ပြုနိုင်ရဲ့ ... လို့"

"ဘယ်လိုမေးလိုက်တာလဲ ဖေဖေရယ်၊ သမီ.တို့အတွက် ရှာ တာတွေ၊ ခုကတည်းက အမွေခွဲသလို တစ်ခါတည်း ပေးထားခဲ့ပြီး တွေကို အသာထားလိုက်ပါ၊ အခု သမီးဟာသမီး လဲကျတဲ့ လေးကို မေမေရော ဖေဖေပါ တကယ်ထိခိုက်သွားကြရတဲ့အဖြစ် သမီး မြင်ပါပြီ... သိပါပြီ ဖေဖေတို့ရယ်..."

ဖေဖေက မေးမှုန်သောအကြည့်များနှင့် ပြတင်းမှ တစ်ဆင့် တင်းကင်ပြင်သို့ မော့ကြည့်နေရှာသည်။

ဖေဖေ့မြင်ကွင်းပေါ်မှာ တိမ်ဆိုင်တိမ်ထွေးကြီးများ ရွေ့လျား ကြသည့် အသွင်သဏ္ဍာန်အမျိုးမျိုးတို့ တစ်ခဏအတွင်း ပြောင်းလဲ ပြေးလွှားလှုပ်ရှားနေကြသည်။ ဖေဖေသည် တိမ်ဆိုင်တိမ်လိပ် ကို စိတ်မှနေ၍ သူဖြစ်စေချင်သည်များကို ပုံဖော်၍ နေလေသလား။

"အေး... ဖေဖေပြောချင်တာနဲ့ တောင်းပန်ချင်တာကတော့ ခုတည်းရှိပါတယ် သမီး"

"ဘာများလဲ ဖေဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ကို သိပ်ပြီးချစ်ရလွန်းတဲ့ ဖေဖေနဲ့ မေမေတို့အ
နောက်ထပ်သမီးတစ်ယောက် ထပ်ပြီးမဆုံးရှုံးပါရစေနဲ့ ... လို့

"ရှင်"

"သမီးလေးနှမ်းကို မဆုံးရှုံး မစွန့်လွှတ်ပါရစေနဲ့လို့ ... ဒါ
သမီး ..."

ဖေဖေက အခန်းတွင်းမှ ဖြည်းညင်းညင်သာစွာ ထွက်သွား
ပါသည်။ နှမ်းမှာ ချစ်မေမေ ဒေါ်နန်းမွေခမ်း၏မျက်နှာကို အ
သလို ကြည့်လိုက်ရင်က ...

"မေမေ မေမေ သမီးကိုဆူတဲ့ကိစ္စတွေ ဖေဖေ အား
သလား ဟင် ..."

ကြည့်နူးရာမှ ဖြစ်ထွန်းလာသော အပြုံးမျိုးမဟုတ်သည့်
ခြင်းမျိုးဖြင့် မေကော ပြုံးရင်း ...

"ဟင်း ... ဟင်း ... ဒီကိစ္စတွေအားလုံးကို သမီးအ
တစ်ဆင့် မေမေ သိလာရတာပါ ..."

"ဟင်"

"သမီးမှာ ရည်းစားရှိပြီဆိုကတည်းက သိပ်စိတ်ပူရှာ
ဟိုသူငယ် ကျောက်မဲလိုက်လာတာ၊ ချိန်းတွေ့ကြတာကိုလည်း
လိုက်ကြည့်နိုင်းတာပဲ ပြီးတော့ ..."

ဒေါ်နန်းမွေခမ်းက စက ားကို ရပ်နားထားသည်။ နှမ်း
ချင်သော်လည်း မမေးရဲ ... ခဏနေမှ ...

"ပြီးတော့ မောင်ငြိမ်းဝေရဲ့ နေတဲ့အိမ်အခြေအနေ၊ အ



ိုင်၊ မျိုးရိုးဗီဇက အစ သူ အားလုံး စုံစမ်းလာခဲ့တာပဲ"

"အို"

"မောင်ငြိမ်းဝေဆိုတဲ့လူဟာ သီချင်းရေးတတ်တာကလွဲလို့
ာဟာ အားလုံး သုညပဲတဲ့ ..."

"အို ... မေမေရယ်"

"အနုပညာနဲ့အသက်မွေးနေကြတဲ့လူတွေထဲမှာ တေးပြုစုရတဲ့
တွေဟာ ဒီနေ့အထိ အနစ်နာခံရခဲ့လူတွေ များတယ်ဆိုတာ
သိမှာပါ၊ ကိုယ့်သီချင်းတစ်ပုဒ် ထုတ်လွှင့်နိုင်ဖို့အတွက် တေးပြု
ဘက်က အစစအရာရာ အနစ်နာခံရတယ်ဆို ..."

"မေမေ့ကို ဘယ်သူတွေက ပြောတာလဲ၊ ဒီနေ့ အနုပညာ
မှာ တေးဂီတနဲ့ ကိုယ်စားပြုပြီး အောင်မြင်တိုးတက်နေတဲ့လူတွေ
ပြီ မေမေရယ် ..."

"ဒီနယ်မြေပိုင်းကို နားမလည်လို့ မေမေ မငြင်းလိုပါဘူး၊
ပဲ့ မောင်ငြိမ်းဝေဟာ မအောင်မြင်သေးဘူးဆိုတာတော့ သမီး
ခံတယ် မဟုတ်လား"

နှမ်း လက်မခံချင်သော်လည်း မငြင်းရဲသည့် ပြဿနာတစ်ရပ်

"ပြီးတော့ မေမေတို့နဲ့ဆိုလည်း ဘယ်လိုမှ အပ်စပ်ပတ်သက်
မရနိုင်ပါဘူး သမီး၊ စောစောက သမီးရဲ့ဖေဖေပြောသွား.တာ
ဘယ်မဟုတ်လား ..."

"ဘာကိုလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော် ဖေဖေတို့အနေနဲ့ နောက်ထပ်သမီးတစ်ယောက် ... လွှတ် ဆုံးရှုံးမခံပါရစေနဲ့ ဆိုတာလေ”

“ဟုတ်... ဟုတ်ကဲ့ ကြားပါတယ်”

“အေး... သူ့ဆိုလိုရင်းကို သမီး နားလည်သဘောပေါက်... လားဟင် သမီးလေးနွမ်း...”

“နားလည်ပါတယ် မေမေ၊ သမီး သဘောလည်း ပေါ... ပါတယ်”

မျက်ဝန်းမှာ မျက်ရည်များပြန်၍ ပြည့်လျှံလာရပြန်ပါပြီ...

အကယ်၍ မောင်မောင့်ကိုသာ လက်ထပ်ယူမည်ဆိုပါ... ဖေဖေ့အနေနှင့် အမွေပြတ် စွန့်လွှတ်ပါတော့မည် ဟူသည့် အဓိပ္ပာ... ပါ။

မောင်မောင်၏ ဆင်းရဲနွမ်းပါးမှုဘဝထဲကို နွမ်း ဝင်ရဲပါသ...

အမွေဆိုသည့် ဖေဖေတို့၏ကြွယ်ဝမှုများကိုလည်း နွမ်း ... လွှတ်ရပါစေ ဆုံးရှုံးရပါစေ နွမ်း ကျေနပ်ပါသည်။ ဤကမ္ဘာ... အဖိုးတန်ဆုံးသော အရာဆိုသည်ထက်ပင် နွမ်း၏မောင်မော... နွမ်းအတွက် ပိုမိုတန်ဖိုးရှိသော ရတနာပါ။

သို့ပါသော်လည်း...

ဤမျှချစ်ကြသော မိဘနှစ်ပါး၏မေတ္တာကို ဆုံးရှုံးရ... ဖေဖေမေမေတို့၏ ယုယကြင်နာရိပ်မှ ထွက်ခွာသွားရမည် ဆို... အဖြစ်များကို နွမ်း ရင်မဆိုင်ရဲပါလား။

“မေမေရယ် နွမ်းဘာလုပ်ရမလဲ”



“မောင်မောင်ရယ် နွမ်း ဘာဆုံးဖြတ်ရမလဲကွယ်”

ဤမေးခွန်းနှစ်ခုကို နွမ်း၏ရင်ထဲမှ အသည်းနှလုံးက မေး...သည်။ အဖြေသည် ရင်ထဲမှလည်း ထွက်မလာ။ ဦးနှောက်မှ မဖြေနိုင်ပါလား။

“သမီးလေး မငိုနဲ့တော့လေ...”

“ဟုတ်ကဲ့ပါ မေမေရယ်”

“ကဲ... နေမညိုခင် ရေချိုးလိုက်ဦး၊ တော်ကြာဆို သိပ်ချမ်း...မှာ”

“နေပစေတော့ မချိုးချင်တော့ပါဘူး”

“ဩော် တော်ကြာ မောင်ကျော်ဇေလတ် ပြန်လာဦးမယ်လေ”

“ဟင်”

“သူ မနေ့က လားရှိုးတက်သွားတယ်လေ၊ ခွင့်က သိပ်မ... ဒီနေ့ပဲ ပြန်ဆင်းလာမယ်လို့ မှာသွားခဲ့တာပဲ”

ဒေါက်တာကျော်ဇေလတ်ဆိုသော အမည်သည် နွမ်း၏ နား ခါးသီးစွာ ဝင်ရောက်လာခဲ့သည်။

သူသည် မောင်မောင့်လို မပြည့်စုံခြင်းများနှင့် ပြည့်စုံနေသော ...မဟုတ်ပါ...

ပြည့်စုံခြင်းများစွာဖြင့် ပြည့်စုံနေသောသူသာ ဖြစ်သော်လည်း ...အတွက်မူ မောင်မောင်သည်သာ ချိုမြိန်နှစ်လိုဖွယ်ရာလူ။

ဒေါက်တာကျော်ဇေလတ်သည် ခါးသီး မနှစ်မြို့ဖွယ်သော ... တကာ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး မောင်ကျော်ဇေလတ် မပြန်ခင်တော့ အဖြေပေးလို
သင့်တယ်လို့ မေမေ ထင်တယ်ကွယ်၊ မေမေနဲ့ဖေဖေတို့အတွက်
ထည့်စဉ်းစားပါလို့ မေမေတောင်းပန်ပါတယ် သမီးလေးနွမ်းရယ်..."

❖



# အခန်း (၁၄)

ဝန်းဝိုင်းသောပုံစံ မဟုတ်၊ တစ်ဆစ်ချိုးလေးများဖြင့် အရံ
...ငယ်များ ပတ်ရံ၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်သွားသော
...ကြီးဘုရားသည် ထုံးသင်္ကန်းများဖြင့် ဖွေးဖြူသန့်စင်နေသည်ကို
...ည်ညိုဖွယ်ရာ ဖူးတွေ့နေရသည်။

စေတီတော်၏အောက်ခြေတွင် မုခ်လေးမုခ် ဘုရားလေးဆူနှင့်
သန့်သောတန်ဆောင်း၏ပြင်ပတွင် ကျယ်ဝန်းလွန်းလှသော အုတ်
...င်းပတ်လည် ကာရံထားသည်။ ဘုရားပုရဝဏ်က စိတ်ကြည်နူး
...လွတ်လပ်အေးငြိမ်းစရာ ကောင်းလှပါသည်။ အုတ်တံတိုင်း
...တွင်လည်း စေတီငယ်များစွာ တည်ထားပါ၏။

...မျိုးသမီးများ ဝင်ရောက်ဖူးခွင့်မရှိသော ရတနာဉာဏ်အောင်၊
...အောင်၊ ရတနာရန်အောင်နှင့် ဖောင်တော်ဦးဘုရားလေးဆူ
...သို့တည်တွင် သဘာဝရေအိုင်ကြီးနှင့် ဖောင်တော်နှင့်
... အမျိုးသမီးများ ဘုရားပေါ်မတက်ရခြင်း ဖြစ်ပါ၏။

www.burmeseclassic.com



အနော်ရထာမင်း၏အနှင်ခံမိဖုရား စောမွန်လှ၏ မလှပသော အပြန်ခရီးကို ဖခင် မိန်းမောစော်ဘွားကြီးက ဆင်းသက်ကြိုဆိုသော နေရာကို ရှမ်းဘာသာအရ ပေါ့ကြိုဟု တွင်ခဲ့ရာမှ နောင်အခါတွင် မြောက်ပိုင်းရှမ်းပြည်တစ်ခွင်၌ တန်ခိုးအကြီးဆုံး ဘော်ကြိုဘုရားကြီး တည်ရှိရာနေရာအဖြစ်နှင့် ထင်ရှားလာခဲ့ပါ၏။

ပဒေသရာဇ်ခေတ်က ဤဘုရားပွဲချိန်တွင် ကြီးကျယ်ခမ်းနား သော လောင်းကစားပွဲများ ဖန်တီး၍ ပဒေသရာဇ်စော်ဘွားတို့က အကောက်အခွန် သိမ်းနှင့်ချီ၍ ရကြောင်းလည်း နာမည်ကြီးလှသည်။ ယခုအချိန်တွင်ဖြင့် ပဒေသရာဇ်တို့၏အာဏာနှင့်အတူ လောင်းကစား မှုများလည်း ပပျောက်ကုန်ပါပြီ။

ဘုရားပရဝုဏ်၏အရှေ့မြောက်ထောင့်မှာ ကျောက်စာချပ်ကို ရေးထိုးထားပါ၏။ ဘုရားသမိုင်းအကျဉ်းနှင့် ဂေါပကစာရင်းများ ပါဝင်သည်။ စေတီတော်ကြီး၏ ဉာဏ်တော်နှင့် အပြိုင် လွင့်မြင့်စွာ ပေါက်ရောက်နေသော စကားပင်ကြီးတစ်ပင်တည်း ထီးထီးမတ်မတ် ကြီးကလည်း ဘုရား၏ကျက်သရေကို ဆောင်နေသည်သို့ပါ။

သက္ကရာဇ် ၅၃၆–ခုနှစ် နရပတိစည်သူမင်းကြီး ဤနေရာ ရောက်ရှိစဉ်က စကားသားနှင့် ဖောင်တော်ဦးဘုရား ထုစေပြီး စကားသားစကို ပစ်ထားရာမှ အဆင့်ဆင့်ပေါက်လာခဲ့သည်မှာ ထိရှင်သန်နေသည် ဆိုပါ၏။ ဤသစ်ပင်၏ ပင်စည်ကို ပါသဖြင့် ဤနယ်သားတို့ ဤသစ်ပင်ကြီးကို မည်မျှမြတ်နိုး ဖော်ပြနေပေသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်



ဘော်ကြိုဘုရားမှ လှမ်းမြင်နေရသော စိမ်းလန်းသည့် တောင် န်းပေါ်တွင် ဆားထွက်သည့် ဆားတွင်းရွာ ရှိလေသည်။

ဘုရားပရဝုဏ်၏ပြင်ပ မြက်ခင်းပေါ်တွင် ချစ်သူနှစ်ဦး နွမ်းလျ င်ပန်းစွာ ထိုင်နေရာက...

"နွမ်း ပြန်ချင်ပြီလားဟင်"

"မောင်မောင် ဘယ်လိုမေးလိုက်တာလဲကွယ်"

"သြော်... မဟုတ်ပါဘူး နွမ်းရယ်၊ ပြန်သင့်တဲ့အချိန်ရောက်ပြီ ားလို့ပါ"

"ရပါတယ် မောင်မောင် စိတ်မပူနဲ့၊ သီပေါကအလှူကို သွား ယ်၊ စိတ်မချရင် ဦးလေးဦးမန်းစံကြီးကို ထည့်လိုက်ပါ၊ မောင်မောင် ည်း ပြန်သွားပါပြီဆိုတဲ့ နွမ်းရဲ့ဖြီးလုံး ရှီးလုံးတွေကို ယုံပြီး လွှတ် က်တာ မောင်မောင်ရဲ့ အချိန်ရပါတယ်..."

"နွမ်းတို့ရဲ့မန်နေဂျာကြီးက တကယ်အားကိုးရတာပဲ၊ ကြည့် ဦး ဂျစ်ကားပေါ်မှာ အိပ်ပြီးတော့ကို စောင့်နေတယ်"

မောင်မောင်ရော နွမ်းရော ပြုံးရပါသည်။ ကျောက်မဲ လားရှိုး သွား မီးရထားလမ်းနားတွင် ကားထိုး၍ စိတ်အေးလက်အေး အိပ် နေရှာသည်။ နွမ်း သူ့ကိုစည်းရုံးစဉ်က...

"အေး... ငါ့မြင်ကွင်းအနားမှာ ကြိုက်သလောက်နေကြပါ၊ ါပေမဲ့ လိုက်တော့မသွားရဘူးလို့ ကတိပေးရင် ငါ လိုက်ပို့ပါ့မယ်"

ဟူသော နှစ်ဦးနှစ်ဖက် ဝန်ခံချက်ဖြင့် နွမ်းနှင့် မောင်မောင်တို့ ဆုံစည်းကြရသည်ပါ။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"နှမ်းရယ်"

"မောင်မောင်က နှမ်း၏လက်ကိုဆွဲယူပြီး နှမ်း၏လက်ခုံလေးကို သူ့ပါးမှာ ကပ်ထားရှာသည်။

"နှမ်းကို ပိုင်ဆိုင်ရမှာပါ... ဆိုတဲ့ မျှော်လင့်ချက်လေးတွေနဲ့ မောင်မောင့်ဘဝ ရှင်သန်နေချင်သေးတယ် အချစ်ရယ်"

မောင်မောင့်အသံလှိုင်းလေးများက တုန်ခါတိမ်ဝင်သွားသည်။ ညှိုးလွန်းသော မောင်မောင့်မျက်နှာလေးကို ကြင်နာရခြင်းများစွာနှင့် နှမ်း ကြည့်နေမိသည်။

"နှမ်း"

"မောင်မောင်"

"နှမ်းဆီက အဖြေကို မကြားရခင်ကတည်းက မောင်မောင့် ရင်ထဲမှာ ရင်တွင်းစစ်ပွဲလေးတွေ ဖြစ်နေရတယ်"

"ဟင်"

"မောင်မောင့်ရဲ့ဆန္ဒလေးနှစ်ခုချင်း ပဋိပက္ခဖြစ်နေကြပါတယ် နှမ်း..."

"ဘာဆန္ဒတွေများလဲ မောင်မောင်ရယ်"

"နှမ်းရဲ့ဘဝမှာ မောင်မောင်ဆိုတဲ့ကောင်ကိုသာ ဖယ်ပစ်လိုက်ရင် အားလုံးအဆင်ပြေသွားမယ်၊ နှမ်းတို့မိသားစု အေးငြိမ်းကြမယ်၊ ချမ်းသာမှုနဲ့ ကြွယ်ဝမှုတွေ ထပ်ဆင့်ပေါင်းစပ်ကြမယ်၊ ပြီးတော့ နှမ်းဟာ ဆရာဝန်ကတော်..."

"အို... မောင်မောင်..."





"အဲ... အဲဒါက မောင်မောင်ရဲ့ဆန္ဒ အမှတ် (၁) ပါ နှမ်း၊ ဒုတိယကတော့ မောင်မောင် နှမ်းကို မျှော်လင့်နေပါရစေဦး၊ မစွန့်လွှတ်ပါရစေနဲ့ဦး၊ မောင်မောင်ရဲ့အသည်းနှလုံးလေး နှမ်းကို သူများရင်ခွင်ထဲကို စွန့်လွှတ်ရဲလောက်တဲ့သတ္တိ မောင်မောင့်မှာ မရှိပါဘူး၊ နှမ်း... နှမ်းရယ်..."

"အိုကွယ်... မောင်မောင်ငိုနေတယ်"

မျက်ရည်စများပျောက်သွားအောင် မောင်မောင်က မျက်ဝန်းကို ခက်ချင်းသုတ်ပစ်လိုက်ရှာသည်။

"မောင်မောင် အငိုလွယ်တဲ့ယောကျ်ား မဟုတ်ပါဘူး နှမ်း၊ မောင်မောင့်ဘဝမှာ မျက်ရည်ကျလောက်တဲ့ သောကမျိုးလည်း မရှိခဲ့ဘူး၊ မောင်မောင် မျက်ရည်မကျဖူးပါဘူး နှမ်းရယ်..."

"မောင်မောင့်ရင်ထဲက ဝေဒနာတွေကို နားလည်နိုင်စွမ်းသောသူဟာ နှမ်းပါ မောင်မောင်"

"ဒါဖြင့် မောင်မောင့်ကို ဆုံးဖြတ်မခိုင်းပါနဲ့လား နှမ်းရယ်... မောင်မောင့်ရဲ့အသိဉာဏ်က နှမ်းကို နှင်နေတယ်၊ မောင်မောင်ရဲ့အသည်းနှလုံးက နှမ်းကို ဆွဲခေါ်နေတယ်၊ မောင်မောင့်ရင်မှာ ဆန့်ကျင်ဘက်အင်အားနှစ်ခု ပြိုင်နေကြပါတယ် အချစ်ရယ်"

ကိုငြိမ်းဝေ၏ပခုံးစွန်းပေါ်သို့ နှမ်း မှီလှဲချပစ်လိုက်မိသည်။ ချစ်လျစ်သန်မာသော သူ့လက်မောင်းတစ်ဖက်ကို ပွေ့ဖိုက်ဖက်ထွေးယင်း နှမ်းပါ ငိုရှိုက်မိပါပြီ။

"မငိုပါနဲ့ မောင့်ချစ်စုမလေး၊ မောင်မောင့်အတွက် ဒီတစ်သက်



www.burmeseclassic.com

www.burmeseclassic.com



မှာ နှမ်း မျက်ရည်မကျစေရပါဘူးလို့ မောင်မောင် ကတိပေးထား တယ်လေကွယ်…”

“ခုဟာက မောင်မောင့်ကြောင့်မှ မဟုတ်ဘဲကွယ်၊ အခြေအနေ က ဖြစ်လာတာပဲ…”

ဒေါက်တာကျော်ဇေလတ် ပြန်ရောက်လာသည်။ ခမ်းကို မလို ချင်တော့။ သူ တကယ်စေ့စပ်လိုက်ရသူ နှမ်းကိုသာ ရယူပိုင်ဆိုင် လိုပါကြောင်းများ။ မောင်မောင်နှင့် အင်ကြင်းတောင်မှာ ချိန်းတွေ့ပြီး အပြန် အဆူခံရပုံ၊ နှမ်းလဲကျ၍ မိဘများ သည်းသည်းလှုပ်သွားရပုံ များကို အသေးစိတ်နှင့် လားရှိုးမြို့သို့တက်သွားသော ဒေါက်တာ ကျော်ဇေလတ် မနေ့က ပြန်လည်ရောက်ရှိ မလာဖြစ်သေးသည့် အကြောင်းအရာအစုံစုံကို မောင်မောင့်အား ပြန်လည်ပြောပြပြီးပါ လေပြီ။

“မောင်မောင်”

“နှမ်း”

“မိဘဆိုတာ သားသမီးအပေါ်မှာ အမြဲတမ်းခွင့်လွှတ်တဲ့ အချစ်မျိုးနဲ့ ချစ်တယ်ဆို ဟုတ်လားဟင်”

“ဟုတ်မှာပေါ့ နှမ်း၊ မောင်မောင့်အဖေကို မသိမမီလိုက်ပေ မယ့် မောင်မောင့်အမေကတော့ သူ့ဆုရင် ခဏပဲ၊ အမြဲပဲ ခွင့်လွှတ် ပြီး ချစ်ရှာပါတယ်”

“သားသမီးက အပြစ်လုပ်ရင်ရော မုန်းသွားတတ်ကြသလား ဟင်”





“မောင်မောင့်ကိုကြည့်လေ အမေက ကျောင်းဆက်တက်နိုင်း ယ် မတက်ဘူး၊ အလုပ်ဝင်ခိုင်းတယ် မဝင်ဘူး၊ မောင်မောင်က ဂီတမှ ာ၊ အဲဒါလည်း ဆူရုံကလွဲလို့ ချစ်မြဲပါပဲ နှမ်း… နှမ်း ဘာလို့ း‌နေတာလဲ”

နှမ်းသည် စိုပြည်လန်းဆန်းသော ရှမ်းတောင်တန်းကြီးများကို းမောကြည့်ရင်း အာ‌မာန်လေးများ တင်းပြည့်စွာဖြင့်…

“မောင်မောင်ရေ”

“ဟင်”

“နှမ်းမိဘတွေကလည်း နှမ်းကို ဒီလိုပဲချစ်မှာပဲနော်”

“ဒီ့ထက်တောင် သာဦးမှာပေါ့ နှမ်းရယ်”

“ဟုတ်တယ်နော် မောင်မောင်၊ မေမေတို့က နှမ်းကို စွန့်ပစ် က်မယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ နှမ်းကို ခွင့်လွှတ်ကြမှာပါ၊ နှမ်း ာင်းပန်ရင် ပြန်ခေါ်ကြမှာနော် မောင်မောင်”

“ဘာကိုပြောနေတာလဲ နှမ်းရဲ့”

“နှမ်း မောင်မောင့်နောက် လိုက်ခဲ့ပြီးရင်ပေါ့”

“ဟင်”

“ဟုတ်တယ် မောင်မောင်ရယ်၊ ဘာပဲဖြစ်ဖြစ် နှမ်း မောင်မောင့် ာက် လိုက်ခဲ့တော့မယ်”

“အို… တကယ်… တကယ်လား နှမ်း တကယ်ဆုံးဖြတ်ရဲပြီ း‌ကွယ်”

“ဟုတ်တယ် မောင်မောင် နှမ်းဆုံးဖြတ်လိုက်ပြီ၊ မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



နှမ်းကိုခွဲရရင် ရင်ကွဲမတတ် ခံစားရမယ်ဆိုတာ နှမ်းသိပါတယ်၊ နှမ်းလည်း ဘာထူးလဲ၊ အသည်းကွဲပြီးသေမှာပဲ ထင်ပါရဲ့၊ ပြီးတော့ ယောက်တည်း ရင်ကွဲနာရကျရတာမျိုးဆိုရင် တဖြည်းဖြည်း ဖြေလို့ ရသေးရဲ့၊ ခုတော့ နှမ်းတစ်ယောက်တည်းနေလို့ရမှာ မဟုတ်ဘူး ဟိုဆရာဝန်ရဲ့ရင်ခွင်ထဲ ဝင်ရဦးမှာ"

"ဟုတ်တယ် ဟုတ်တယ်... နှမ်း... နှမ်းဆိုတဲ့ ချစ်စုမလေး ဟာ မောင်မောင့်ရဲ့အချစ်ဦး၊ နှမ်းကလည်း မောင်မောင်တစ်ယောက် ထဲ ချစ်ဖူးတာ၊ တို့ချစ်သူနှစ်ဦးရဲ့ ချစ်တတ်လွန်းတဲ့ နှလုံးသားသား လေးတွေကို အနာတရ မဖြစ်ပါစေနဲ့တော့၊ အချစ်တွေနဲ့ပဲ သစ် လန်းဆန်းပါစေတော့ နော်... နော်... နှမ်းရယ်..."

"ဟုတ်ပါတယ်... နောက်ပိုင်း ဖြစ်ချင်ရာ ဖြစ်တော့၊ နှမ်း မောင်မောင့်ကို ဘယ်နည်းနဲ့မှ မခွဲနိုင်တော့ဘူး၊ ဒီမှာ မောင်မောင်

"ဗျာ"

"အဲဒီငွေတွေနဲ့ အိမ်ထောင်ဦးလေး ထူထောင်နိုင်မှာပါ မောင်မောင်၊ ဘာမှမပူနဲ့ သိလား..."

"နှမ်းကိုပဲ ရယူပါရစေ နှမ်းရဲ့ကြွယ်ဝမှုတွေကို မောင်မော မစံစားထိုက်ပါဘူး နှမ်းရယ်၊ မောင်မောင်လည်း ယောကျ်ားပဲ ကြ စားပါ့မယ်၊ နှမ်းနဲ့ မောင်မောင်တို့ရဲ့ရှေ့ရေးအတွက် ဂီတလည်း ဂီ ပဲပေါ့၊ ငွေလည်း ရအောင် မောင်မောင်ရှာပါ့မယ် မောင်မောင့်ချစ် လေးရဲ့၊ ကဲ... ခုသွားကြရင် ဘာနဲ့လိမ့်ကြမှာလဲ၊ ကားထဲမှာ ဦးမင်း ကြီးက အိပ်နေတာ..."





"ဘာကိုလဲ မောင်မောင်ရဲ့"

"နှမ်းပဲ မောင်မောင်နဲ့ လိုက်ခဲ့တော့မယ်ဆို"

"လိုက်မယ်လို့ဆုံးဖြတ်တာကို ပြောတာရှင့်၊ ခုချက်ချင်းကြီး ဘယ့်နယ်လုပ် လိုက်မလဲ၊ ငွေလည်းမပါ အဝတ်တစ်ထည် ကိုယ် တစ်ခုနဲ့..."

"ကိုယ်ပဲ လိုတာပဲ"

"မောင်မောင်နော်"

"ဩော်... ဟေး... ဘယ့်နှယ်ထုနေရတာလဲ၊ မောင်မောင်က တော်မကြီး မဟုတ်ပါဘူးဗျ... ဟား ဟား အကောင်းပြောတာပါ၊ နှမ်းကလွဲလို့ မောင်မောင့်အဖို့ ဘာမှမလိုပါဘူးလို့ ပြောတာပါဗျာ"

စောစောဆီက မျက်ရည်စလေးများသည် ကြည်နူးစ ချစ်သူ နှစ်ဦး၏ သမုဒယနယ်မြေမှာ နေစရာနေရာ မရရှိကြတော့ပါ။

"နှမ်း မောင်မောင့်ချစ်စုမလေး"

"အင်"

"ဒါဖြင့် မောင်မောင်က ဘာလုပ်ရမလဲ၊ ဒီမှာ စောင့်နေရ မှာလား..."

"မောင်မောင်ပြန်သွားပြီး စီစဉ်ဦးလေ၊ နှမ်းလည်း ငွေတို့ အဝတ်တို့ စုဦးမယ်"

"စီစဉ်ဆိုတာ ဘာလုပ်ရမှာလဲ ဟင်... နှမ်း"

"ဩော် မောင်မောင်ကလည်း အတူနေဖို့ အိမ်လေးဘာလေး ရှာထားပေါ့ ပြီးတော့ နှမ်းကိုလာခေါ်ဖို့ ကားလည်း ငှားလာခဲ့ဦး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေအတွက်ရော မောင်မောင် စီစဉ်ထားလို့ ဖြစ်ရဲ့လား... မောင်မောင့်မှာ ငွေဖန်တီးလို့ဖြစ်ရဲ့လား... ဟင် မောင်မောင်"

"ဟင်... ရှိ... ဖြစ်... ဖြစ်ပါတယ် နှမ်း"

နှမ်းကို မပြောရက်၍သာ လိမ်ညာလိုက်ရပါသည်။ ကိုငြိမ်း... ၏ရင်ထဲတွင်ဖြင့် လေးလံသောအရာကြီးတစ်ခု ခိုဝင်လာသလို... ငွေရှာ ငွေချေးရသောအလုပ်ကို တစ်ခါမှ မလုပ်ခဲ့ဘူး။ ကိုယ့်ဘော်... အသိုင်းအဝိုင်းတွင်လည်း ငွေထောသူက မရှိ။ အားကိုးစရာ ဈေးသ... မလေး ထွေးထွေးကလည်း ကူညီနိုင်လှမှ ဆယ်လောက် ရလော... ပေါ့။

အို... နှမ်းကတောင် ဒီလောက်စွန့်လွှတ်ပြီး လိုက်လျော... တော့ ငါယောကျာ်းပဲ ဖြစ်အောင်လုပ်မယ်...

"မောင်မောင် ဘာငိုင်သွားတာလဲ"

"နှမ်းကိုခေါ်ဖို့ တွေးနေတာပါ၊ ဘာပဲဖြစ်ဖြစ် ဘာတွေပဲ... ဆိုင်ရ ရင်ဆိုင်ရ မောင်မောင်တော့ နှမ်းကို ပိုင်ဆိုင်ရတော့မယ်ဆို... အတွက် ရင်ကွဲထွက်မတတ် ဝမ်းသာလွန်းလှပါတယ် အချစ်ရယ်... တကယ်... တကယ်ပါ... မောင်မောင့်ချစ်သည်း နှမ်းရယ်...

"နှမ်းကို ပိုင်ဆိုင်ရသည်အထိ ချစ်ရပါလို၏ ဆိုတဲ့ မောင်... ဆုတောင်းလေး ပြည့်ပြီပေါ့..."

"ပြည့်ခါနီးပါပြီ... ...ကယ်ပြည့်ပါစေလို့ ဟောဒီက ... တောင်းပြည့် ဘော်ကြိုဘုရားကြီးမှာ မောင်မောင် ထပ်ဆုတောင်း... မယ် နှမ်း"

"ပိုပြ"

"လိုပါတယ် နှမ်း၊ အခြေအနေဆိုတာ မမျှော်မှန်းနိုင်တာတွေ ...လာတတ်တယ် မဟုတ်လား"

"ကဲပါ မောင်မောင်ရာ... လာမယ့်ဆန်းဒေးမှာ မောင်မောင် ...းကို လာခေါ်ပေတော့ ဟုတ်ပြီလား"

"ဒါဆို စနေနေ့ကတည်းက မောင်မောင် လာစောင့်နေမယ် ...ော် နှမ်း..."

"အင်း ဟုတ်တယ်၊ တနင်္ဂနွေမှ တက်လာရင် ပြန်ဆင်းဖို့ ...ဘူး၊ ကျောက်မဲဆေးရုံနောက်နားက စန္ဒာမုနိဘုရားတည်နေတဲ့ ...ောင်ခြေက မောင်မောင်စောင့်နေ၊ ထွက်လို့ရတဲ့အချိန်မှာ နှမ်း ...က်လာခဲ့မယ်နော်..."

"ကောင်းပါပြီဗျာ ကြားထဲမှာ လေးရက်တောင် ခြားထား ...ယ်နော်... ဝေးလိုက်တာ ချစ်ရာ"

"ကိုပို မကတော့ဘူး ကိုဖိုးသဲ"

"ကိုဖိုးသဲလည်း မဟုတ်သေးဘူး ကိုဖိုးကဲကြီး ဖြစ်မှာဗျ..."

"ကြည့်... သူက တစ်ခွန်းပိုနေပြန်ပြီ၊ ကြည့်လဲ ကဲဦးနော် ...မ်းကလည်း သိပ်ပြီးမတ်စောက်တာ၊ စိတ်ချရတဲ့ ကောင်းတဲ့ကား ...ည်း ရှာလာခဲ့ဦးနော်၊ တော်ကြာ ကိုဖိုးကဲကြီး ကိုယ်ကျိုးနည်းနေ ...ယ်..."

"ဒီမှာ နှမ်း မောင်မောင့်ကို စိတ်ချ၊ တကယ်လို့များ ...ောင် ...ောင်ရဲ့ခန္ဓာကိုယ် မရောက်လာနိုင်ရင်တောင် မောင်မောင့်ရဲ့ဝိဉာဉ်





www.burmeseclassic.com

www.burmeseclassic.com



ကတော့ နွမ်းနားကို ရောက်လာမှာပါ နွမ်း"

"မပြောနဲ့ကွာ နောက်ရင်းနဲ့ ကြောက်လာပြီ မောင်မောင် အစစအရာရာ သတိထားပါနော်..."

"မောင်မောင့်ကို စိတ်ချပါ နွမ်း၊ မောင်မောင် နွမ်းကို ရက်နိုင်လွန်းကြောင်း တင်ပြတာပါ၊ မောင်မောင်သာ တစ်စုံ ဖြစ်သွားရင်လေ မောင်မောင်ရဲ့ဝိညာဉ်လေးဟာ နွမ်းနားမှာ ဝဲနေ လည်နေမှာပါ နွမ်း..."

❖



# အခန်း (၁၅)

တစ်နေ့က ယခင်လိုပင် မေမေပြန်မူး၍ မေ့လဲကျသွားသည်။ ...တော့မတင်ရ အိမ်မှာပင် ဆရာဝန်နှင့် ပြုစုနေရသည်။ အနား ...ဆို၍ အိပ်ရာထဲမှာပဲ နေစေရသော်လည်း မေမေ လန်းလန်း ...ဆန်းပါပင်။ အစားလည်း စားသင့်သလောက် စားနိုင်လာပါပြီ။

မေမေ၏ညီမတစ်ဝမ်းကွဲ ဒေါ်အဲနွမ်းက လူမမာသတင်းမေး ...က်နေသည်။ ယူနန်လူမျိုး တရုတ်သွေးနည်းနည်းစပ်သော ရှမ်း ...တ်မတစ်ဦး ဖြစ်ပါ၏။ ဤမြောက်ပိုင်း ရှမ်းပြည်ဘက်သည် ...တ်ပြည်ကြီးနှင့် နီးကပ်၍လား မသိ ရှမ်းတရုတ်လူမျိုးများလည်း ...ိုင်ကြပါ၏။

မေမေ့ညီမ ဒေါ်အဲနွမ်းသည် တောင်ပိုင်းနယ်နှင့် မြောက်ပိုင်း ...ပြည်နယ်ကို ကုန်ကူးနေသော ကုန်သည်တစ်ဦး ဖြစ်ပါ၏။

တောင်ပိုင်းနှင့် မြောက်ပိုင်းနယ်ကို ဆက်သွယ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ခက်ခဲကြမ်းတမ်းလှပါ၍ ကျောက်မဲမှ မန္တလေး၊ မန္တလေး... တောင်ကြီး ခရီးစဉ်အတိုင်း မန္တလေးကို ဗဟိုပြု၍သာ သွားနေလာ... ကြရပေသည်။

ဒေါ်အဲနွမ်းမှာ မုဆိုးမတစ်ဦးဖြစ်ပြီး ရောင်းရေးဝယ်ရေး လ... ဝယ်ကျင်လည်၍ ချောင်လည်သည်။ လက်ဖက်ခြောက်မြို့တော်... သော နမ့်ဆမ်တွင် သူ့ယောကျ်ားလက်ထက်က ပိုင်ဆိုင်ခဲ့သော လက်ဖက်ခြံများ ယခုတိုင်ရှိနေပါ၏။ သူ့ကိုယ်စား သူ့သားများ... သူ့တပည့်များသည် ၇၆ မိုင်သာဝေးကွာနေသော နမ့်ဆမ်မြို့... မကြာခဏသွားလေ့ရှိကြကြောင်း နွမ်းသိပြီးသားပါ။ လွတ်သ... အခါလည်း လွတ်လာ၊ ဓားပြတိုက်ခံရသည့်အခါလည်း များစွာပါ...

"ဟဲ့ နွမ်း... နင် အင်္ဂါနေ့က ဘယ်သွားလဲ"

အားလုံးရှေ့မှာ ဒေါ်အဲနွမ်းက မေးလိုက်သည်။ ထိုအင်္ဂါ... သည် မောင်မောင်နှင့် နွမ်းနှင့် ဘော်ကြိုဘုရားကြီး၏ဝတ္တက... မြက်ခင်းပြင်မှာ ချိန်းတွေ့သောနေ့...

"ဟင့်အင်း... ဘယ်မှမသွားပါဘူး အန်တီ"

ကြောက်စိတ်ဖြင့် လိမ်ညာမိသည်။ ဖေဖေက မသိသလို... သည်။ မေမေက...

"သမီးမေ့ပြန်ပြီ၊ အင်္ဂါနေ့က သီပေါက အလှူကို သွားတာ... လေ..."

"ဘယ်သူနဲ့သွားတာလဲ မမနန်း"

ဒေါ်အဲနွမ်းက ဒေါ်နန်းမွေခမ်းကို လှမ်း၍မေးလိုက်သည်...



"ပွဲရုံက သူ့ဦးလေးကိုမန်းစံနဲ့ပေါ့၊ ဘာဖြစ်လို့လဲ အဲနွမ်း"

"ဘာမှမဖြစ်ပါဘူး"

ဒေါ်အဲနွမ်းက သည်းညည်းမျှသာအဖြေပေးပြီး ကခြားစကားများ ...ပြောသည်။ မေမေလည်း အမှတ်မထားနိုင်အောင် ဖြစ်သွားရှာ...သည်။

သို့ပါသော်လည်း...

"ငါသိတယ်နော် မိနွမ်း"

ဟူသော စကားစုကို ဒေါ်အဲနွမ်း၏မျက်ဝန်းမှ နွမ်းကို လှမ်း...ပြောနေကြောင်း နွမ်းသိနေရပါပြီ။ ကြောက်လှပါပြီ မောင်မောင်နဲ့ ...တွေ့ကြသည်က အင်္ဂါနေ့၊ ယနေ့ သောကြာ၊ သန်ဘက်ခါ ...ဂနွေနေ့တွင်...

မောင်မောင်နောက်လိုက်ဖို့ အစီအစဉ်အကြောင်း တွေးလျှ...လေးလှပါဘိ။

"ကဲ... မမနန်း ပြန်လိုက်ဦးမယ် ညနေကျမှ ကြက်ပေါင် ...လို့မယ်၊ မရွှေနွမ်း... အန်တီကို ခြံတံခါး လိုက်ဖွင့်ပေးစမ်း"

အပြင်တွင် ပွဲရုံမှ ကောင်လေး ဟိုဒီပြေးဖို့ ခေါ်ထားပါလျက် ...နွမ်းကို ထုတ်ယူခေါ်ဆောင်သွားသည့်အတွက်...

"အန်တီအဲနွမ်းကို မှန်မှန်ပြောစမ်း၊ အင်္ဂါနေ့က ငါ့တူမ ...သီပေါမသွားဘူး မဟုတ်လား"

"ရှင်... နွမ်း... နွမ်း..."

ခိုးထုပ်ခိုးထည်နှင့် လက်ပူးလက်ကြပ် အမိခံလိုက်ရပြီမို့



www.burmeseclassic.com

www.burmeseclassic.com



နှမ်းတစ်သက် ဤသို့ မျက်နှာချင်းဆိုင်ရက်ရသော ကိစ္စမျိုး တစ်ခါမျှ မကြုံဖူးခဲ့ပါ။ ရင်မှာ သွက်သွက်ခါအောင် လှုပ်ရှားနေရသည်။

"ကိုယ့်အပေါ်ကို ဒီလောက်တစ်ခါမှ မကြောက်ဖူးဘူးမဟုတ်လား အဟား... ဟား"

ဒေါ်အဲနှမ်းသည် သူကိုယ်တိုင်ကလည်း အမြဲတမ်းတက်ကြွလှုပ်ရှားနေသည်။ တူမများအပေါ်၌လည်း သူငယ်ချင်းလို ဆက်ဆံရှာသူပါ။

"တို့လည်း ရည်းစားထားခဲ့တာပဲ၊ ယောကျ်ားယူခဲ့တာပါပဲ တကယ်တော့ ဒါတွေဟာ မဆန်းပါဘူး၊ ဒါပေမဲ့ နှမ်းအနေနဲ့ ခုချိန်မှာ နည်းနည်းဆင်ခြင်သင့်တယ်လို့ အန်တီအဲနှမ်းထင်တယ် နှမ်း"

"ဟုတ်... ဟုတ်ကဲ့ပါ အန်တီ"

အလိမ်ပေါ်ပြီမို့ ဝန်ခံရပါပြီ။ ဘော်ကြီးဘုရား၏ နောက်ဘက် အုတ်တံတိုင်းဘေးမှာ လူသူလေးပါး ရှင်းနေပါလျက် ဦးမန်းစံ စောင့်နေပါလျက် တွေ့ဖြစ်အောင် တွေ့သွားရသည့်အတွက် နှမ်း စိတ်ပျက်ဝမ်းနည်းသွားမိသည်။ ဝန်ခံခြင်းဖြင့် ခေါင်းငုံ့နေရရှာသော နှမ်း၏ ပခုံးကို ဒေါ်အဲနှမ်းက ဖက်တွယ်၍...

"ဟိုဆရာဝန်နဲ့ကိစ္စကလည်း မပြီးပြတ်ကြသေးဘူး၊ သူက နှမ်းကို တောင်းနေတာ၊ ပြီးတော့ ကိုယ့်အမေကလည်း မကျန်းမာ ခမ်းကလည်း ဆုံးပြီးခါစအချိန်မှာ နှမ်း ဒီလောက်အတင့်မရဲသင့်ဘူး"

"အန်တီနှမ်းရယ် မေမေ့ကို ပြန်မပြောလိုက်ပါနဲ့နော်"

"အေး ဒါကြောင့် ဒီကို နှစ်ယောက်ချင်း ခေါ်ပြောတာပေါ့





ဒီကျောက်မဲမြို့ဝန်းကျင်တစ်ဝိုက်လောက် ရည်းစားနဲ့ချိန်းတွေ့လို့ကောင်းတဲ့နေရာ ဘယ်မှာရှိလဲ နှမ်း၊ တစ်မြို့လုံးကို တောင်တွေက ဝိုင်းထားတာ၊ တောင်ခြေမှာ ပြောမလား၊ တောင်ပေါ်ဘုရားတွေမှာ ဆိုတောင်းမလား နေရာတွေကို ပြည့်လို့"

ဒေါ်အဲနှမ်း၏ လေကြောရှည်မှုကို နှမ်း မတွန်းလှန်ရဲ ငြိမ်နေရသည်။

"အဲဒီလောက်ချောင်တွေ ကောင်းပါရက်နဲ့ ဘာဖြစ်လို့များ ခဲ့ဆမ်းလမ်းအထိ လိုက်သွားရတာလဲ"

"ရှင်..."

"အိမ်က နှမ်းအစ်ကို အိုက်အေးလေ၊ မိုင်းပေါ်တင် ခိုင်းလိုက်တာ သူက ရှည်ပြီး နမ့်ဆမ်သွားတာ၊ ဒါကြောင့် နှမ်းတို့စုံတွဲကို တွေ့ခဲ့ရတာပေါ့"

"ရှင်... ဟင်... မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ မမနန်းကိုလည်း မပြောတော့ပါဘူး၊ နောက် ဒီလောက်အတင့်ရဲပြီးမသွားနဲ့လို့ သတိပေးတာ၊ ဟိုနယ်မြေတွေက လုံးဝစိတ်ချရတာ မဟုတ်ဘူး..."

"ရှင်... အိုက်... အိုက်အေးက နှမ်းကိုမြင်တယ်... ဟုတ်... ဟုတ်လား... ဟင် အန်တီ"

"ဟုတ်တယ်၊ သားက ဘတ်စ်ကားနဲ့ နှမ်းတို့က ဂျစ်ကားနဲ့ ဖြတ်ခေါင်းတဲ့လူဘေးမှာ နှမ်းက ထိုင်လို့၊ ပြီးတော့ ကပ်ရက်ဖက်ထိုင်သွားတာက သားရေဂျာကင် သားရေဘောင်းဘီ မျက်မှန်နက်တပ်



www.burmeseclassic.com

www.burmeseclassic.com



လို့တဲ့၊ ဟိုကောင်က သေသေချာချာပြန်ပြောပြတာ"

"ဟင်... အန်တီနွမ်း နွမ်းကို အစ်ကိုအိုက်အေးကိုယ်တိုင် မြင်တယ်လား"

"အေးပေါ့... ဘာအခုမှ ကြောက်နေတာလဲ"

"အန်တီ... အဲနွမ်း"

"ကဲပါ လန့်မနေပါနဲ့တော့၊ အဲဒီနေ့က စွယ်တာနက်နဲ့ နွမ်းကလည်း ဘောင်းဘီနဲ့ပဲတဲ့၊ ခေါင်းမှာ စာစကပ်(ဖ်)စည်းထားတယ်၊ မျက်မှန်နက်ဝိုင်းကြီး တပ်ထားတယ်၊ ပြီးတော့ ဟောဒီဒေါ်လာဝိုင်း ဆွဲကြိုးကြီးတောင် ဆွဲထားလိုက်သေးသတဲ့၊ အစ်ကိုလုပ်တဲ့လူက ဘတ်စ်ကားပေါ်က အသေအချာကြီးကို အကြာကြီးကပ်ပြီး မြင်ခဲ့ရတာ"

"အို..."

"နောက်ကို အဲဒီလမ်းမျိုး မသွားနဲ့နော်၊ ဟုတ်လား နွမ်း... ကဲ... အန်တီသွားမယ်..."

"ဘုရား... မြတ်စွာဘုရား"

နွမ်းမှာ လှုပ်ရှားလွန်းနေသော သူ့ရင်လေးကို လက်နှင့်ဖိကာ ရင်း ဘုရားတမိသည်။ ရင်ဘတ်ပေါ်မှ ရွှေလော့ကတ်သီးဝိုင်းဝိုင်း ကြီးကိုလည်း ဖိစမ်းမိသည်။

နွမ်းတို့အမြွာညီအစ်မ၏ တစ်ဆယ့်ကိုးနှစ်မြောက်မွေးနေ့က ဖေဖေ အမှတ်တရပေးထား၍ မြတ်မြတ်နိုးနိုး ဆွဲထားမိကြသော ဆွဲကြိုး...။





ခမ်းမှာလည်းရှိသည်။ ခမ်းလည်း နွမ်းလိုပင် ထာဝရဆွဲထား ဘတ်သည်။

အိုက်အေးသည် နွမ်းတို့၏အစ်ကို၊ ငယ်စဉ်ကတည်းက အမြဲ တွေ့မြင်နေခဲ့ရသောသူ...

မမှားနိုင် အစ်ကိုအိုက်အေး အမြင်မမှားနိုင်ပါ။

ခမ်း... မမခမ်း...

မမခမ်း အသက်ထင်ရှား ရှိနေသေးပါလား...

ဘာဝေဒနာမှန်းမသိ၊ နွမ်း မျက်ရည်များ ကျလာမိသည်။ ရင်မှာ လှုပ်ရှားလွန်းရပါဘိ...

တိုက်တိုက်ဆိုင်ဆိုင် ထိုအင်္ဂါနေ့က နွမ်းလည်း ချစ်သူနှင့် ချိန်းတွေ့သောနေ့...။

သည်အတွက် ခိုးထွက်ကြောင်း မိသွားရသော နွမ်း၏အဖြေက ဝန်ခံခြင်းဖြင့် ရောထွေးသွားရသည်။

ဒီအကြောင်းစုံကို မေမေနဲ့ ဖေဖေ့ကို ခုပဲ ငါဖွင့်ပြောလိုက် ရမလား...

ထိန်ချန်လျှို့ဝှက်ထားသင့်သလား...

ခမ်း အသက်ထင်ရှား ရှိနေသေးသည် ဆိုသည့်အတွက် မေမေ ဖေဖေတို့ ဘယ်လောက်များ ဝမ်းသာသွားကြရှာမလဲ။

သို့ပါသော်လည်း...

သားရေဝတ်စုံနှင့် လူငယ်တစ်ယောက်၏ရင်ခွင်မှာ ဖက်လျက် သား မြင်တွေ့လိုက်ခြင်းနှင့် အသက်ထင်ရှားရှိပါလျက် မိဘများနှင့်



www.burmeseclassic.com

www.burmeseclassic.com


မဆက်သွယ်ခြင်း အကြောင်းရင်းများကို မေမေတို့သိလျှင် ဘယ်နည်းနှင့်မှ ဝမ်းသာနိုင်ကြတော့မည် မဟုတ်။

လက်လှမ်းမမီနိုင်သောနေရာမှ မမခမ်းကို နှမ်း ဘယ်လိုလုပ်ဆက်သွယ်ရပါ့မလဲ။

မေမေတို့ကို ဘယ်လိုပြောသင့်သလဲကွယ်...

မဝေခွဲနိုင်သောစိတ်များသည် နှမ်း၏နှလုံးသားရင်ပြင်ကို စစ်ဆင်မှုတစ်ခုလို ပတ်ဝိုင်းဝန်းရံလာသည်။

အေးငြိမ်းခြင်း ပြေလည်ခြင်း ဟူသော လွတ်မြောက်ခြင်းလမ်းစတို့ ရှာမရနိုင်လောက်အောင် ပိတ်ဆီးကာရံထားလေပြီသာ...။

❖



# အခန်း (၁၆)

"ရွှေများ ကိုယ်ဝယ်ချင် ဈေးတင်ပြီ၊ ကိုယ်ရောင်းရင်တော့ ဈေးနှိမ်တယ်၊ ဈေးချိုရွှေဆိုင်တန်းအနှံ့ပဲ သွားခဲ့တာ ရော့ ဆရာ"

"ဘာလဲ ထွေးထွေး"

ချွေးများစိုစိုရွှဲလျက် မျက်နှာလေးနီမြန်းပြီး နေပူထဲက ပြန်သာသော ထွေးထွေးက ညည်းညူရင်း စက္ကူအိတ်လေးတစ်ခုကို လှမ်းပေးလိုက်၍ ကိုငြိမ်းဝေက မေးလိုက်ရသည်။

"ငွေလေ ရှစ်ရာ့နှစ်ဆယ် ရခဲ့တယ်၊ ကားခတော့ ပြည့်ပြီပေါ့"

"ဟင်... ထွေးထွေး... ထွေးထွေး ဘာလုပ်လာခဲ့လဲ"

"ထွေးထွေးဆွဲကြိုးလေး ရောင်းလာခဲ့ပြီ"

"အို"

ကိုငြိမ်းဝေမှာ လက်ထဲရောက် စက္ကူအိတ်လေးကို အလန့်တကြား ဆုပ်ညှစ်လိုက်မိသည်။

www.burmeseclassic.com



"ထွေးထွေးကို အားမနာပါနဲ့၊ ထွေးထွေးက ဈေးသည်ထဲ ငွေသွားရင် ငွေလာလိမ့်မယ်၊ ဟင်းခပ်ထုပ်တွေ မော်လမြိုင်ထိ ဆင် သယ်လို့ ပွတုံးက လုပ်ထားတဲ့ ဆွဲကြိုးလေးပါ ဆရာ၊ နောက်တစ်ခါ ထောစရာတွေ့တော့ ထွေးထွေး ပြန်လုပ်ဝတ်မှာပေါ့"

"ထွေးထွေးရဲ့စေတနာက ရက်ရောလှချည်လားကွယ်၊ ဆရာ မယူပါရစေနဲ့ မယူရက်ပါဘူး ထွေးထွေးရယ်"

"ဆရာနော် လုပ်မနေနဲ့၊ ဒီနေ့ သောကြာနေ့ရှိပြီ နက်ဖြန် နေ့လယ်လောက်မှ ကားငှားပြီး တက်မသွားနိုင်ရင် ဆရာ အစ်မနှမ်းကို ဘယ်လိုလုပ်ခိုးမလဲ"

သည်တော့လည်း ကိုငြိမ်းဝေ မချေပရဲတော့။ ဝမ်းနည်း အားငယ်စွာ ငြိမ်နေလိုက်ရသည်။

"နေဖို့ရော ဆရာ စီစဉ်ပြီးပြီလား"

"နေဖို့ဆိုတာလည်း ငွေရှိမှ ရှာလို့ဖြစ်မှာမို့လား ထွေးထွေး လောလောဆယ်တော့ စိန်ပန်းထဲက အစ်ကို့သူငယ်ချင်းတစ်ယောက် အိမ်မှာပဲ နေကြမယ်၊ သူ့အဘိုးကြီး အဘွားကြီးတွေ ရန်ကုန် ခေါ သွားကြလို့"

"သူ့အိမ်က ကောင်းရဲ့လား"

"အင်း ဝါးထရံအိမ်ပဲ၊ အစ်ကိုတို့လို မြေစိုက်တော့မဟုတ်ဘူး ပျဉ်ခင်း၊ ရေတွင်းဘေးမှာဆိုတော့ အဲဒီဝိုင်းထဲက လူစုံ ရေလာချိုး ကြတော့ လူရှုပ်တာပေါ့"

"အစ်မနှမ်းက သိပ်ပြီး စည်းစိမ်ရှိတာ ဆရာရဲ့၊ အားလုံး





ပြည့်စုံပြီးသား၊ စိန်ပန်းရပ်ထဲက အိမ်ဆို သူ စိတ်များညစ်မလား မသိဘူး"

"နှမ်းက ဆရာ့ကို နားလည်ရှာပါတယ် ထွေးထွေးရယ်"

"ထွေးထွေးတို့အိမ်ကလည်း ကလေးလူကြီး ဆယ့်သုံးယောက် အောင် နေရတာမို့ပါ၊ မဟုတ်ရင် ဆရာတို့ကို ခေါ်ထားပါတယ်"

"ထွေးထွေးရဲ့စေတနာကို ဆရာ ယုံကြည်ပြီးသားပါကွယ်"

ထွေးထွေးတို့အိမ်မှာ မိသားစုကများ အိမ်ထောင်သည်တွေ လည်း ရှိသည်။ ကိုယ့်အပိုင်းနှင့် ကိုယ်ရုန်းကန်နေကြရသဖြင့် ထွေးထွေးက လွတ်နေသည်။ သွားလိုရာသွား ကိုယ့်စီးပွားကိုယ်ရှာ ကိုယ်ရ ကိုယ်ယူစနစ်ကို ထွေးထွေး ကျင့်သုံးနေသည်။

ဘာပဲဖြစ်ဖြစ် မိန်းမသားငယ်လေးတစ်ယောက် ရှာဖွေထား သော ဆွဲကြိုးလေးရောင်းပြီး ပေးသောငွေကို ယူ၍ မိန်းမခိုးရမည့် အဖြစ်ကို ကိုငြိမ်းဝေ မတွေးဝံ့လောက်အောင် ရှက်ကြောက်လာမိ သည်။

အိတ်ထဲတွင် အပေါင်းအသင်းများ ထောက်ပံ့လာသော ငွေ ရာကျော်တော့ ရှိနေပြီ။ နှမ်း စီစဉ်ပေးလိုက်သည့်အတိုင်း ဂျစ်ကား ကြည့်တော့ အသွားအပြန် ငွေတစ်ထောင်တိတိ တောင်းနေပါ သား။ အပေါင်းအသင်းများ၏ အပေါင်းအသင်းကား ငှားတော့မှ အသွားအပြန် နှစ်ရက်အတွက် ငွေရှစ်ရာနှင့် ဈေးတည့်ထားပြီး ငွေက မရှိသေး။

ယခု ထွေးထွေး ဖန်တီးလာရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးဆီက ငွေယူ နွမ်းကို သွားခေါ်၊ နွမ်းပါလာ... ငွေကို စောင့်သုံးရမည့် မိမိ၏ဘဝကို ကိုငြိမ်းဝေ စက်ဆုပ်လာမိသည်။

အမေပြောခဲ့သည့် တိုးတက်ရာ တိုးတက်ကြောင်းဆိုသ... လမ်းကြောင်းများကို လွဲကွေ့လျှောက်ခဲ့မိသည့် မိမိ၏အဖြစ်... ယခု လို မိန်းမယူခါနီးမှ ကိုငြိမ်းဝေ နောင်တရလာမိပါပြီ။

ဩော်... အလွှာချင်းကွာဟလွန်းသော နွမ်းလို သူဌေးသ... လေးကိုမှ ဘာဖြစ်လို့ နှစ်နှစ်ကာကာ ချစ်မိရတာလဲကွယ်...။

နွမ်းတို့ဌာန၏မြန်မာစာမိသားစု မောင်မယ်သစ်လွင်ကြို... အခမ်းအနားအတွက် သီချင်းရေးပေးပြီး စန္ဒရားတီး၍ အဆိုအ... များနှင့် ဇာတ်တိုက်ရသည့်အချိန်ကာလက စတင်၍ သီချင်းဆိုသ... နွမ်းနှင့် တွေ့ခဲ့ရ သိခဲ့ရ ချစ်ခဲ့ကြရသည်ပါ။

အလွှာဆိုသော အကာအရံကို ဘေးဖယ်၍ ချစ်ခဲ့ရရှာ... နွမ်းသည် ယခုလည်း အားလုံးကို စွန့်လွှတ်ပြီး လိုက်လာရှာ... ဆိုပါသည်။

မောင်မောင့်ချစ်စုမလေး နွမ်းရယ်... မောင်မောင်ဟာ ... ပေါ်မှာ အမွဲဆုံးလူဖြစ်ပေမယ့် မေတ္တာတရား ပြည့်ဖြိုးမှုမှာ... မောင်မောင်ဟာ အချမ်းသာဆုံးလူသားတစ်ယောက်ပါ...

မောင်မောင့်လောက် နွမ်းအပေါ်မှာ ချစ်မယ့် မြတ်နိုး... ညှာတာမယ့် ယုယမယ့်ယောကျ်ား ဒီလောကမှာ မရှိပါဘူး၊ ရှိမ... နိုင်ပါဘူးဗျာ... မောင်မောင့်ရဲ့ကြင်နာမှုမျိုးစုံအောက်မှာ မောင်... ချစ်ရလွန်းတဲ့ နွမ်းလေး...



"ဆရာ"

"အင်"

"ဘာတွေစဉ်းစားနေတာလဲ တစ်ယောက်ထဲပြုံးလို့ ပါးစပ်... ...သည်း လှုပ်တော့မလို ပြောတော့မလိုနဲ့၊ အစ်မနွမ်းကို နိုးလာ... ...င် ဘယ်လိုချော့မြှူလိုက်မယ်ဆိုတာတွေ စဉ်းစားနေတာ မဟုတ်... ..."

"အာ... အဟဲ... ဟဲ... ဟဲ... မဟုတ်ပါဘူး ထွေးထွေးရာ"

"ကဲ... ကဲ... တွေး... တွေး တစ်ယောက်ထဲတွေးပြီး ...ရအောင် စိတ်ကူးယဉ်ပေဦးတော့နော် ဆရာ၊ ထွေးထွေး သွား... ..."

"အာ သွားတော့မယ်လား"

"သွားမယ်လေ မနက်ကျရင် တရုတ်တန်းဈေးမှာပဲ လာခေါ် ...နော် ဆရာ၊ မနက်ပိုင်း ဈေးထွက်လိုက်ဦးမယ်... ကိုးနာရီခွဲ ...က်မှ စထွက်ကြတာပေါ့"

"ကောင်းပါပြီ ထွေးထွေး"

"ထွေးထွေးသွားမယ်နော် ဆရာ"

"ထွေးထွေးရဲ့ကျေးဇူးတွေကို ထိုက်ထိုက်တန်တန် ပြန်ဆပ် ...အောင် ဆရာ ကြိုးစားပါ့မယ် မိန်းကလေးရယ်"

"မလိုပါဘူး ဆရာရယ်၊ ဆရာနဲ့ အစ်မနွမ်းအတွက်ဆိုရင် ...ထွေးလေ ဘာပဲလုပ်ပေးရ လုပ်ပေးရပါရှင်..."

ကျော်ခိုင်းထွက်ခွာသွားသော စေတနာရှင်မလေး ထယ်တင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မလေး ကိုငြိမ်းဝေ၏ ဂီတတပည့်မလေး ထွေးထွေးရယ်

နက်ဖြန် သူ့ဟူးပေးသည့်ကားနှင့် သူပါ ကျောက်မဲသို့ ကိုငြိမ်း နှင့် အတူ လိုက်လာကာ နွမ်းကို ဆက်သွယ်ခေါ်ယူပေးမည့် ထွေးထွေး ဆိုသော မိန်းကလေးသည်...။

❖



## အခန်း (၁၇)

ရောက်လာမည်ဆိုသည့်နေ့က သူ ရောက်မလာ။ ယနေ့ နေ့တွင်မှ စနေကြိုဟ်မင်း ကြွလာသည် မွေတော့မည်လား။

"အန်ကယ် ဒေါက်တာတင်ဦးလွင်တို့မိသားစုနဲ့ ကွတ်နိုင် ကို ပါသွားလို့ ဒီနေ့မှ ပြန်ရောက်လာနိုင်တာ၊ အန်တီက ...တင်ထားရပြန်ပြီဆို..."

ဒေါက်တာကျော်ဇေလတ်က ခရီးရောက်မဆိုက် မေးဟသည်။

"ဟုတ်ကဲ့ အခြေအနေက သိပ်ပြီး ဆိုးဆိုးဝါးဝါးကြီးတော့ ...ပါဘူး၊ ဒါပေမဲ့ ခေါင်းထူမရအောင် မူးမူးနေပါတယ်၊ နွမ်းက မပြုစုတတ်တော့ ဆေးရုံမှာထားတာပဲ ပိုပြီး သင့်တော်မယ် ...ပါ"

"ဆေးရုံဆိုတာ လူနာအတွက် အကောင်းဆုံးအားထားရာ ...လေ နွမ်း"

"ဟုတ်ကဲ့ နွမ်း၊ ထမင်းချိုင့်ယူပြီး ဆေးရုံပြန်သွားရပါဦး ...ကိုကျော်ဇေလတ်ရော အိမ်မှာပဲ အနားယူနေခဲ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ခရီးမပန်းပါဘူး… ရေတော့ ချိုးလိုက်ချင်တယ် ကိုယ် နွမ်း ခဏ စောင့်ပါလား၊ ပြီးတော့ အတူတူသွားကြတာပေါ့"

"ဟို… မေမေများ ထမင်းဆာနေမလားလို့ပါ…"

"ဆယ်မိနစ်ထဲစောင့်ပါ နွမ်း…"

နွမ်း လွတ်လမ်းမမြင်တော့။ အားလျှော့ရင်း ဆိုဖာ ထိုင်စောင့်နေရပါသည်။

အိမ်မှာ ဖေဖေလည်းမရှိ ကားလည်းမရှိ။ ကိစ္စအရေးကြီး လှ၍ နောင်ချိုသို့ နေ့ချင်းပြန်သွားသည်။ ခုချိန်ထိ ပြန်မရောက် ဆေးရုံသို့များ ရောက်နေနှင့်ပြီလား။ အိမ်မှာ အဖော်အမျိုးသမီး ယောက်နှင့် ပွဲရုံမှ ကောင်လေးတစ်ယောက်တို့ကို ခေါ်ထားရသ

နွမ်းတစ်ယောက်တည်းသာဆိုပါလျှင် စက်ဘီးနောက်မှာ စရာခြင်းကို အသေအချာညှပ်ပြီး စက်ဘီးစီးသွားရုံသာ။ သူ လိုက် ဆိုလျှင် စက်ဘီးအပိုမရှိ၍ နှစ်ယောက် လမ်းလျှောက်သွားကြ မည်သာ။

ညနေ လေးနာရီ ရှိပြီ။

နွမ်းက တေးသံစုံနာရီလေးကို မော့ကြည့်လိုက်ရင်း…

"မောင်မောင်တစ်ယောက် ခုချိန်လောက်ဆိုရင် ကျောက် ရောက်နေရောပေါ့…"

သူ အားလုံး စီစဉ်လာ ာမည်။ လိုက်သွားဖို့ အထုပ် လည်း အဆင်သင့်ပါ။ ယူစရာငွေများလည်း ထည့်သိုပြီးပါပြ

သို့ပါသော်လည်း…





မနေ့ကညနေကမှ မေမေ့တစ်ယောက် ခံကောက်ကာငင်ကာ ကြီးအကျယ်မူးလာ၍ ဆေးရုံသို့ တင်ထားလိုက်ရသည်။ ရောဂါ ကြီးမဟုတ်ပါ စိုးရိမ်စရာ မရှိပါ။ သို့ပါသော်လည်း ဆေးရုံမှ င်းခွင့်ပြု၍ မဖြစ်သေး။ အားဆေးများသွင်းပြီး အနားယူထားရပါ ည်ဟု ဆရာဝန်က ပြောကြားသည်။

အစ်မတစ်ယောက်လုံး ပျောက်ဆုံးနေပါလျက်…

အမေတစ်ယောက်လုံး ဆေးရုံတင်ထားရပါလျက်…

နွမ်းမည်သော တစ်ဦးတည်းရှိသမီးငယ်မှာ ဘာမဟုတ်သည့် တစ်ယောက်နောက်သို့ ခိုးရာလိုက်သွားသည် ဆိုသော ပတ်ဝန်း ၏ကဲ့ရဲ့ရှုတ်ချခြင်း သတင်းဂယက်လှိုင်းများသည် ချစ်ဖေဖေ မေမေတို့ထံ ပြင်းထန်စွာရိုက်ပုတ် ထိခတ်လာလေမည်သာ။

"ပတ်ဝန်းကျင်ဆိုတာကိုတော့ သိပ်ပြီး ထည့်မတွက်ချင်ပါ ဒါပေမဲ့ မေမေ့ကို ထားခဲ့ရမယ့်အတွက်တော့ ငါ စဉ်းစားရ …"

"မေမေ့ကိုလည်း သနားတယ်၊ ဖေဖေ့ကိုလည်း သနားတယ်၊ င်မောင့်ကိုလည်း သနားတယ် ငါ ဘာလုပ်ရပါ့မလဲကွယ်…"

"အို… မတတ်နိုင်ဘူး၊ နက်ဖြန်မှ အခြေအနေကောင်းရင်လဲ င်မောင့်နောက် လိုက်သွားမယ်၊ အခြေအနေ အခွင့်မသာရင်လည်း င်မောင့်ကို နားလည်အောင်ပြောပြီး ပြန်လွှတ်ရမှာပဲ၊ အရေးထဲ ရာဝန်ကလည်း တမော့င်၊ ရောက်လာပြန်ပြီ သူ…"

"ကဲ… ပြီးပြီ နွမ်း သွားလို့ရပါပြီ…"



www.burmeseclassic.com

www.burmeseclassic.com



နိုင်လွန်စပို့ရှပ်အဖြူနှင့် နက်ပြာရောင် တက်ထရက်(စ်)
စိပ်စိပ်လေး ခြေနားကားဘောင်းဘီနှင့် ဖိနပ်မြင့်နှင့် ဆံပင်နား
နှင့်မို့ ခေတ်မီချောမောလှပသော ကျော့ခေလက်က မတ်တတ်
ပြောလိုက်ပါ၏။ အတွေးနယ်မြေတွင် ထိုင်နေရာမှ နွမ်းက ထ
ရသည်။ ခြံထဲမှ အတူထွက်ခဲ့ကြရပါပြီ...။

"နွမ်း"

"ရှင်"

"နွမ်းကြည့်ရတာ တစ်မျိုးပဲ၊ တစ်ခုခုကို စိတ်ညစ်စိုး
သလိုပဲ"

"ဩော်... မမေက ဆေးရုံမှာလေ"

မုန်ကန်သော်လည်း မပြည့်စုံသည့်အဖြေကို ပေးလိုက်ရ

"ဆေးရုံမှာပေမယ့် စိုးရိမ်စရာမှ မရှိတာ၊ နွမ်းစိတ်ည
တာ ကိုကိုရောက်လာလို့ မဟုတ်လား"

တည့်တည့်ကြီးမေးလာတော့လည်း အဖြေရခက်သွားပါ
သူ လားရှိုးမတက်ခင်ကမှ သူ့ကိုယ်သူ 'ကိုယ်'ဟု ပြောကြ
သေးသည်။ ယခုတစ်ခေါက်ပြန်အလာတွင် ကိုကို ဖြစ်နေ

"ဟုတ်တယ် မဟုတ်လား ဟင်"

"မဟုတ်ပါဘူး၊ နွမ်းဟာနွမ်း စိတ်ညစ်နေလို့ပါ"

"ကိုကိုတို့လို ဆရာဝန်တစ်ယောက်ရဲ့ရှုထောင့်ကနေ ကြ
ရောဂါရှိရင် ဆေးကုလို့ရမယ်၊ ကုမရခဲ့ရင်လည်း သက်သာ
ပြုစုတဲ့နည်း ရှိပါတယ်၊ ဒီလိုပဲ လူတစ်ယောက်ရဲ့ စိတ်ည



ဒီ့လည်း သာယာကြည်နူးစေနိုင်ဖို့ ဖြေဆေးလေးတွေနဲ့ ကုသလို့
မှာပါ နွမ်း၊ အဲဒီဆေးနည်းကို ကိုကိုကိုယ်တိုင် ကြင်နာမြတ်နိုးမှု
အနုကြမ်းတွေနဲ့ ဖော်စပ်ထုတ်ယူပါ့မယ်..."

"စိတ်ညစ်ရပါလား"

နွမ်း စိတ်ထဲကပဲ ညည်းညူမိပါသည်။

ဆေးရုံသည် ကျောက်မဲမြို့အစ အဝင်ဝနေရာ နွမ်းတို့နေသော
(၅)ရပ်ကွက် ရုံးကုန်းအောက်နားဘက် မိုင်းငေါ်လမ်းခွဲနေရာနှင့်
ဆိုပါလျှင် မြို့အစအဆုံးနီးပါးမျှ လျှောက်ရပါဦးမည်။

နွမ်းတို့နှစ်ယောက် ပင်လုံလမ်းကြီးအတိုင်း လျှောက်လာခဲ့
ကြသည်။ ရပ်ကွက်ကြီးရှစ်ခုဖြင့် ဖွဲ့စည်းထားသော ကျောက်မဲမြို့
သည် တောင်ပေါ်မြို့တို့ထုံးစံအတိုင်း အိမ်များ သစ်ပင်များ အဆောက်
အဦများစွာတို့က နိမ့်ရာမှမြင့် မြင့်ရာမှနိမ့်နှင့် ချစ်စရာ လှပလွန်း
သည်။

"ကျောက်မဲပတ်လည်မှာ တောင်တွေနဲ့ ဖွဲ့စည်းထားတယ်
နော် နွမ်း"

"ဟုတ်ကဲ့"

"လွယ်ခွန်တောင်၊ မကုတပ်၊ နတ်စလင်းတောင်၊ အင်ကြင်း
တောင်နဲ့ ဟိုဘက်ဝေးဝေးမှာ ပဏ္ဍုမြားတောင် ပတ်လည်ဝိုင်းပြီး
ညို့စိမ်းဝေနေတာက ချစ်စရာပဲကွယ်"

"ဟုတ်ကဲ့"

"ဒီမြို့မှာ တိုက်တွေများတယ် ဈေးရှေ့က တိုက်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆို အကြီးကြီး အကျယ်ကြီးပဲ၊ အုတ်တွေကို အစောင်သယ်ယူရ
နော်"

"ဒီကထွက်တဲ့ ကျောက်ဖြုန်းနဲ့ ထုံးမြေနဲ့ရောပြီး ပုံစံချ
တဲ့ နေလှမ်းအုတ်ကို ဒီမှာပဲ လုပ်ပါတယ်..."

"ကိုကိုတော့ ကျောက်မဲသူကို ချစ်မိလို့လားမသိဘူး၊ ကျော
မြို့ကိုလည်း ချစ်သွားပြီ"

နှမ်း ပြုံး၍သာနေရသည်။ ကမ္ဘောဇစက်မှုလက်မှ အလု
နှင့် ပါတီယူနစ်တို့ကို ကျော်ဖြတ်လာခဲ့ကြပါပြီ။

"ကိုကို နယ်တွေ အတော်စုံပြီ၊ ပုဂ္ဂလိကရေကူးကန်ရယ်
သီးသန့်ဖွင့်ထားတာ သိပ်ပြီး တွေ့ရခဲတယ်၊ ဒီကျောက်မဲမှာ ဗွ
ကြီး ဦးအောင်ခတို့ရဲ့ ကိုယ်ပိုင်ရေကူးကန်ရှိနေတာ တကယ်ပဲ ချီး
စရာပဲနော်"

"ဟုတ်ကဲ့ ခဲပြင် ခဲအင်းလို့ခေါ်တဲ့ သဘာဝချိုင့်ဝှမ်း
ကနေ ရေကို သွယ်ယူပြီး ကန်ဆောက်ထားတာပါ၊ တစ်ခါ
တစ်ကျပ် အရင် မမခမ်းရှိတုန်းက နှမ်းတို့ညီအစ်မ ခဏ ခဏ
သွားကူးကြပါတယ်"

ခမ်း... ဟူသော အမည်ကို နှမ်းလည်း အမှတ်တမဲ့
လိုက်မိသည်။ နှမ်းမှာလည်း အသက်ထင်ရှား ရှိနေသေးသည်
ယုံကြည်ရသော မမခမ်း၏အကြောင်း ခေါင်းထဲ ရောက်လာသ
ဒေါက်တာ ကျော်ဇေလတ်သည်လည်း စကားပြောရပ်သွားသ
နှမ်းနှင့် ပတ် သက်၍လည်း သူ တစ်ခုခု တွေးမိသွားဖြစ်ပုံ ရပ





စကားမပြောဖြစ်သော်လည်း ဒေါက်တာကျော်ဇေလတ်က နှမ်း
လက်မှ ခြင်းလေးကို ကူဆွဲပြီး နှမ်းနှင့် နီးကပ်စွာ လျှောက်လာနေ
သည်။

ထိုအချိန်တွင်...

ဆေးရုံကုန်းနှင့် မနီးမဝေးရှိ အခက်များစွာဖြင့် ယှက်ဖြာ
ဝိုင်းဝေနေသော ချယ်ရီပင်ကြီးအောက်တွင် ကျောက်မဲမြို့ရောက်
ကိုငြိမ်းဝေနှင့် ထွေးထွေးတို့ ရှိနေကြသည်။

သူတို့က ကုန်းမြင့်လေးပေါ်မှဖြစ်၍ အပေါ်စီးမို့ အဝေးကြီး
ကတည်းက လှမ်းမြင်နေရသည်။ နှမ်းတို့က တမင်မော့ကြည့်မှ
မြင်နိုင်မည်။ ကိုငြိမ်းဝေတို့ကလည်း ခပ်ကွယ်ကွယ်လေးသာ ကြည့်
နေရသည့်အဖြစ်ပါ။

"အစ်မနှမ်းကလည်း ဝွယ်တာ ကြည်ပြာ လုံချည်အပြာလေး
နဲ့ ဖိနပ်ဖြူလေးနဲ့ လှလိုက်တာနော်၊ ဟိုဆရာဝန်ကလည်း အသား
ဖြူဖြူ အရပ်မြင့်မြင့် မျက်နှာကလည်း လှတယ်၊ ဆံပင်ကလည်း
မိုက်တယ်၊ အကျႌဖြူဖြူ ဘောင်းဘီပြာပြာနဲ့ တကယ့်လူချောပဲနော်
ဆရာ"

ကိုငြိမ်းဝေထံမှ သက်ပြင်းတရှိုက် ပွင့်ကျလာသည်။

"အစ်မခမ်းသာ မသေရင် ဘယ်လောက် အဆင်ပြေလိုက်
မလဲ၊ အစ်မခမ်းကလဲ အစ်မနှမ်းအတိုင်းပဲကိုး၊ ကြည့်စမ်း ဆရာ
သူတို့နှစ်ယောက် လိုက်တယ်နော်"

ထွေးထွေးက ပြင်ပကိစ္စတစ်ခုလို ခပ်မြူးမြူးလေး ပြောနေ

www.burmeseclassic.com



မိသည်။ သူ့ဆရာထံမှ ဘာလေသံမှ မကြားရပါ၍ ထွေးထွေး ဖြ
ဖြည်းလေး လှည့်ကြည့်မိသည်။

ဆရာ မေးကြောကြီးများ တင်းနေသော်လည်း ဆရာ့မျက်
မှာ မျက်ရည်ကြည်များ သီဝေ့လို့ပါလား။

ထွေးထွေး မမြုံးနိုင်တော့။ ခမ်းကို အစားထိုး၍ပင် မမြင်
ရှာသည့် ဆရာကိုငြိမ်းဝေကို ထွေးထွေး ကြင်နာစွာ ကြည့်လိုက်
သည်။

သူတို့စုံတွဲ ထွေးထွေးတို့အောက်တည့်တည့်နားသို့ ရောက်
ကြသည်။ ချိုင့်ဝှမ်းငယ်လေးတစ်ခုကို ဖြတ်ကျော်ကြစဉ် ဒေါက်
ကျော်ဇေလတ်က နှမ်း၏လက်ကလေးကို တွဲခေါ်လိုက်သည်။
တော့လည်း မလွှတ်တော့။

"နှမ်းမေမေကို အိမ်ပြန်ခေါ်ချင်ရင် ကိုကို မေးကြည့်ပေးမ
အိမ်မှာဆို အန်တီ့ကို ကိုကို အချိန်ပြည့် ကြည့်ပေးလို့ ရတာပေါ့

"ဟုတ်ကဲ့ မေမေ့နားမှာ ဆရာဝန်တစ်ယောက် ကြည့်ပေး
မယ်ဆိုရင် အားလုံးပြည့်စုံပါပြီ၊ နှမ်းလည်း စိတ်ပင်ပန်း သက်သ
ရတာပေါ့လေ..."

"နှမ်းအတွက်ဆိုရင် ကိုကိုဟာ အရာရာကို ဖန်တီးပေးနိ
မယ့် လူတစ်ယောက်ပါ ဆိုတာ..."

သူတို့ လွှန်မြောက်သွားကြသည်။ စကားသံလေးများလည်း
လိုက်ပါဝေးကွာသွားကြပြီမို့ ထွေးထွေးတို့မှာ မကြားသာနိုင်တော့ပ

ထွေးထွေးနားမှာ ကိုငြိမ်းဝေ မရှိတော့။ ချယ်ရီပင်ကြီး





ကျောဖြင့် တအားမှီကပ်ထားသည်။ လက်ပိုက်ရပ်ရင်း မျက်နှာကို မော့ထားပါ၏။ ပိတ်ထားသော မျက်ဝန်းအစုံ၏အနီးနားမှာ မျက်ရည် ဒီးကြောင်းငယ်လေးများ သွယ်လို့ပါလား...

"ဆရာကလည်းလေ... အစ်မနှမ်းက ဆရာ့ကို ချစ်လို့ပဲ နက်ဖြန် ဆရာ့နောက်လိုက်မယ်လို့ ဆုံးဖြတ်ပြီး မှာထားပြီးပြီပဲ၊ ခုလိုတွဲသွားရတာလဲ အခြေအနေအရ ဖြစ်မှာပါ၊ အစ်မနှမ်း မရှင် မလန်းလေး ဖြစ်သွားတာ ဆရာ့အမြင်ပဲဟာ..."

"နှမ်းကို ဆရာ သိပ်ချစ်တာပဲ ထွေးထွေးရယ်"

သူ့ဆရာအဖြစ်ကို ထွေးထွေး ရယ်ချင်မိသည်။

အစ်မနှမ်းကို သိပ်ချစ်မှန်း ထွေးထွေးမသိဘဲ နေပါ့မလား... ဒီနေ့ရာ ဒါ ပြောစရာလိုသေးလား... ဟု ထွေးထွေးက ပေါ့ပေါ့လေး တွေးမိသော်လည်း...

ကိုငြိမ်းဝေ၏ရင်မှာဖြင့် အနက်အစိမ်းပွာယ်များစွာနှင့် အကျယ် ဦးကာ ဖွင့်နေမိသည့်အဖြစ်ကို ထွေးထွေး မသိနိုင်ပါလား...။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

ခမ်း၏အကြောင်းကို ပြောဆိုဆွေးနွေးရန်ပင် နွမ်းမှာ အချိန်မရခဲ့။

တစ်နေ့က အန်တီဒေါ်အဲနွမ်း ပြန်သွားပြီးသည့် သောကြာနေ့ညနေတွင် မေမေ့ကို ဆေးရုံတင်လိုက်ရသည်။ နွမ်း ညက ဆေးရုံမှာ အိပ်ရသည်။ ဖေဖေက အိမ်မှာ အိပ်ရပါ၏။

မေမေ့အခြေအနေ မစိုးရိမ်ရပါဆို၍ ဖေဖေ မနေ့က နောင်ချိုသို့ အလုပ်ကိစ္စနှင့် သွားရသည်။ ပြန်လာတော့လည်း အိမ်မှာ ဒေါက်တာကျော်ဇေလတ်ရောက်နေ၍ မပြောဖြစ်ရသေး။

စနေနေ့ညနေက ပြောကြည့်သော်လည်း မေမေ့ကို ဆေးရုံဆင်းခွင့် မပေးသေးပါ။ တနင်္ဂနွေတစ်ရက် ဆေးရုံမှာ ထပ်၍ နားစေပြီး တနင်္လာနေ့နံနက် ဆရာဝန်ကြီးစစ်ဆေးပြီးမှ ဆေးရုံက ဆင်းပါဟု အကြံပြုလာသည်။





"ဒုက္ခပဲ... မောင်မောင်တော့ စောင့်နေပြီ၊ ငါ ဘယ်လို လုပ်ရမလဲ"

တနင်္ဂနွေနံနက်လင်းသည်မှ စ၍ နွမ်း၏ရင်မှာ ဆင့်ကာဆင့်ကာ မြည်ဟည်းနေရသော ပွဲတင်သံလေးပါ။

"နွမ်း လာဦး သမီး"

စနေနေ့ညက ဆေးရုံမှာအိပ်ရပြီး အိမ်သို့ပြန်လာပြီးသည်နှင့် ဖေဖေက တိုက်ဘေးမှ ထင်းရှူးပင်ပုပုအောက်သို့ ဦးဆောင်ခေါ်သွားသည်။

"ဖေဖေ့ကို ဆေးရုံက ဆရာဝန်ကြီးက ခေါ်တွေ့တယ် သမီး"

"မေမေ့အတွက်လား ဖေဖေ"

"အေး... ဟုတ်တယ်"

ဖေဖေ၏မျက်နှာပြင်တွင် စိတ်ရှုပ်ထွေးခြင်းများနှင့် အတွေးနည်းမှုအရိပ်အယောင်လေးများကိုပါ မြင်နေရပါ၍ နွမ်းက...

"ဖေဖေ ဆရာဝန်က ဘာတဲ့လဲဟင်"

"နန်းကို စမ်းသပ် စစ်ဆေးကြည့်တဲ့အခါမှာ ကိုယ်ထဲမှာ ဘာရောဂါမှ မတွေ့ရဘူးတဲ့၊ ဒါပေမဲ့ အမြဲပဲ ခေါင်းနောက်နေပြီး ခဏခဏ မူးမေ့လဲကျသွားတာ မကောင်းဘူးတဲ့၊ ဒါကြောင့် ဒေါ်နန်းမွေ့ ခမ်းကို ရန်ကုန်ခေါ်သွားစေ ချင်တယ်၊ ဦးနှောက်ကို ဓာတ်မှန်ရိုက်ကြည့်စေချင်တယ်၊ ဦးနှောက်နဲ့ အာရုံကြောရောဂါဌာနမှာ ပြကြည့်စေချင်တယ်လို့ အကြံပေးတယ် သမီး"

"ဟင်... အဲဒါ ဘာရောဂါဖြစ်နိုင်လို့လဲဟင်... ဖေဖေ စိုး



www.burmeseclassic.com

www.burmeseclassic.com



ရိမ်ရသတဲ့လား"

"ဦးနှောက်ထဲမှာလည်း ရောဂါရှိတတ်တာပေါ့၊ သွေးကြော ချို့ယွင်းတာတို့ အသားတိုးတာတို့ ဦးနှောက်ကင်ဆာတို့ အစုံပဲ ဖြစ်မှာပေါ့၊ တိတိကျကျသိနိုင်ဖို့က သက်ဆိုင်ရာပါရဂူနဲ့ ပြကြည့်ရမှာ ပဲပေါ့ သမီး"

"ဒါဖြင့် ရန်ကုန်သွားရမယ်လား ဟင်... ဖေဖေ"

"ဖေဖေစိတ်ကူးထားတာတော့ သမီးတို့ကို ဖေဖေ့ မန္တလေး အထိ လိုက်ပို့မယ်၊ မန္တလေးက ရန်ကုန်ကိုတော့ မီးရထားအထက် တန်းတွဲနဲ့ပဲ သွားကြပေါ့"

"ဖေဖေ မလိုက်ဘူးလား"

"ရောဂါရှာတယ်ဆိုတာ ကြာဦးမှာ၊ ပြီးတော့ အိမ်မှာရော ပွဲရုံမှာရော မိသားစုထဲက တစ်ယောက်မှမရှိရင် ဘယ်ဖြစ်မလဲ၊ ဒါ ပေမဲ့ ရန်ကုန်ရောက်ပြီးလို့ လိုအပ်တယ်ဆိုရင် ဖုန်းဆက် ကြေးနန်း ဖြစ်ဖြစ်ရိုက်၊ ဖေဖေ ချက်ချင်း လိုက်လာခဲ့မှာပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

"ဒှအေး ခုတော့ သမီးရယ် နန်းရယ်ကို မောင်ကျော်ဇေလတ် နဲ့ပဲ အပ်ထည့်လိုက်ရမှာပဲ"

"ဟင်"

"သူက သမီးတို့ကို ဦးဆောင်ခေါ်သွားလိမ့်မယ်၊ ဟိုမှာ ဆရာ ဝန်ပြဖို့ကျတော့လည်း သူ့မှ ကူညီနိုင်မှာ မဟုတ်လား သမီး"

"အင်း"





အင်းနှင့် သက်ပြင်းသံက နွမ်း၏ရင်ထဲမှ ရောထွေးထွက်လာ သည်။

"စိတ်ညစ်မသွားပါနဲ့ သမီးလေးရယ်၊ သမီးတို့မေမေဟာ ကယ်သနားစရာပါကွယ်၊ မောင်ကျော်ဇေလတ်ဟာလည်း ကိုယ့် င်ကို ကယ်တင်ကူညီနိုင်မယ့်လူအဖြစ်နဲ့ သမီး အလိုက်အထိုက် က်ဆံပါနော်"

"ဟုတ်ကဲ့ပါ ဖေဖေရယ်"

"အေး မိဘဆိုတာ ရှိတုံးလေးသာ ပြုစုခွင့်ရရှိနိုင်တာ သမီး၊ န်းရဲ့ရောဂါအတိမ်အနက်ကို ဖေဖေတို့မှန်းဆလို့ မရနိုင်သေးဘူး၊ ောဂါမကြီးပါစေနဲ့ စိုးရိမ်စရာမရှိပါစေနဲ့လို့ ဆုတောင်းပါ သမီး ယ်၊ ဖေဖေတို့မှာ ဒီမိသားစုလေးသုံးယောက်ပဲ ရှိပါတော့တယ်၊ မီးလေး လိမ္မာပါကွယ်... နော်"

ဖေဖေဦးအောင်စိုးက သမီးငယ်၏ကျောပြင်ကို ပွတ်သပ် ်သိမ့်နေရာက သူကိုယ်တိုင် မျက်ရည်များ ကျလာရသည်။ တုန်ရီ သောအသံများနှင့် ဟောင်းပန်ပြီး နွမ်း၏ရှေ့မှ ထွက်ခွာသွားသည်။ ဖေ မျက်ရည်သုတ်ပြီး ထွက်သွားသည့်အဖြစ်ကို နွမ်း၏ရင်ထဲမှာ င်သွားအောင် ခံစားလိုက်ရပါပြီ။

နွမ်းမှာ ထင်းရှူးပင်ဘေးမှ သံဒန်းလေးပေါ်သို့ အားနွဲ့စွာ ားလျော့စွာ ထိုင်ချလိုက်မိသည်။ ဒန်းနှင့်အတူ နွမ်းမှာ လူးနွဲ့ မ်းထိုးသွားရပါတော့သည်။

မောင်မောင်...



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ရယ်...

နွမ်းကို စောင့်နေရှာမယ့် မောင်မောင်ရယ်...

အခြေအနေက မပေးတော့ဘူး အချစ်ရယ်...

❖



# အခန်း (၁၉)

နတ်စလင်းတောင်ခြေရင်းမှာ ရှင်းပြန့် သန့်စင်နေပေသည်။ ...ကလည်း လတ်ဆတ်နပျိုစွာ တိုက်ခတ်လာနေသည်။ တောင်ပေါ်...မှာ ညစ်ညမ်းသောလေတို့ မရှိပါ။ လေသန့်နှင့် ရောနှောစရာ ...အခိုးအငွေ့မျှ မရှိပါပေ။

နွမ်းမှာထားသောနေရာမှာ မိုးလင်းပြီးကတည်းက ရောက်နေ...သည်။ စောင့်နေခဲ့ကြသည်။ ထွေးထွေးက ဝယ်လာခဲ့သော ဝက်...ဥ်ထုပ်ကို စားပြီးပြီ။ သူ တင်းတိမ်ဟန် မတူသေး။ ခါပုတ်ကင် ...ာက်ပေါ်တင်ပြီး စားရင်း စောင့်နေပြန်သည်။

"အစ်မနွမ်းကလည်း ကြာလိုက်တာဗျာ"

မန္တလေးသူ ဈေးသည်မလေး ထွေးထွေးက စိတ်မရှည်နိုင်...သို ညည်းညူလိုက်သည်။

"နွမ်းရယ် မောင်မောင့်ဆီ ရောက်လာနိုင်ဖို့ မြစ်ချောင်းတွေ ...ခြားနေပြီလားကွယ်... မြစ်ချောင်းတွေသာ ဖြစ်ပါစေ သမုဒ္ဒရာ...တော့ မခြားပါရစေနဲ့ အချစ်ရယ်..."



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ သည်ဆန္ဒများက အရှိန်အဟုန်ပြင်းစွာ လှုပ်ခတ်နေ... သော်လည်း ကိုငြိမ်းဝေ၏မျက်စိထဲတွင်... နားထဲတွင်...

"နှမ်းအတွက်ဆိုရင် ကိုကိုဟာ အရာရာကို ဖန်တီးပေး... မယ့် လူတစ်ယောက်ပါ..."

ဟူသော ဆရာဝန်ချောတစ်ယောက်၏ စကားသံများ။

မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ဝင့်ဝင့်ထည်ထည်... နှင့် ခန့်ခန့်ငြားငြားအသွင်နှင့် ဒေါက်တာကျော်ဇေလတ်...

နှမ်းတို့၏ပွဲရုံကြီး၊ နှမ်းတို့၏တစ်ထပ်ခွဲတိုက်လေး၊ ရေ... များ၊ ပန်းခြံများ၊ နှမ်းတို့၏ကား ... နှမ်းတို့၏အဆောင်အယော... များ... ခြောက်ရာကျော်တန်ရေမွှေးပုလင်း... ရေမွှေးပုလင်းကျ... သည်ကို လှည့်၍မျှပင် မကြည့်ခဲ့ကြသည့် နှမ်းတို့၏သုံးဖြုန်းနိုင်... များ...။

နှမ်း၏အလှ... နှမ်း၏အဝတ်အစားများ... နှမ်းဝတ်ဆ... သော ရတနာများ... နှမ်းသုံးခဲ့သော ရာတန်အထပ်လိုက်များ...

ကိုငြိမ်းဝေ၏မျက်စိထဲတွင် နှမ်း၏ကြွယ်ဝချမ်းသာမှု ပိုင်ဆို... ခြင်းများပြားမှုများကို တစ်ရစ်ပြီး တစ်ရစ် တစ်ကွက်ပြီး တစ်ကွ... မြင်ယောင်လာနေမိသည်။

"ခြော်... မောင်မောင့်နှမ်းရယ် အလှမ်းကွာလှချည်လား... မောင်မောင်နဲ့ နှမ်းတို့ရဲ့ကွာဟချက်တွေ ကြီးမားလှပါလား အချစ်ရ... မောင်မောင်လေ အို... မတွေးရဲဘူး... မောင်မောင် ဆက်ပြီး မ... ပါရစေနဲ့၊ အမှန်တရားတွေ ဖြစ်သင့်တာတွေကို မောင်မောင် မျ...



...တွေ့ပါရစေနဲ့တော့ နှမ်းရေ၊ သွားပါ သွားစမ်းပါ... ဒီအတွေးတွေ ...အမြင်တွေရယ် ဖယ်ကြစမ်းပါ... သွားကြစမ်းပါကွယ်..."

"ဟေ... ဟိုမှာ ကောင်လေးတစ်ယောက် ထွေးထွေးတို့ဆီ ...လာနေတယ်"

"နှမ်း စာပေးခိုင်းလိုက်ပြီထင်တယ်... ဘာဖြစ်လို့ပါလိမ့်၊ ...များဖြစ်လို့ပါလိမ့်"

နှမ်းတို့၏ခြံတွင် လာစောင့်ပေးနေရသော ပွဲရုံမှ ကောင်လေး ...ကိုငြိမ်းဝေရှိပါသလားဟု မေးမြန်းပြီး အစ်မနှမ်းက စာပေးလိုက် ...သည်ဟု ပြောကြားပေးအပ်လျက် ပြန်လည်၍ ထွက်ခွာသွားတော့ ...သည်။

ဆတ်ဆတ်တုန်နေသော လက်များဖြင့် ကိုငြိမ်းဝေမှာ သူ့ ...သဲ နှမ်း၏စာကို ဖွင့်ဖတ်လိုက်ရပါပြီ။

**မောင်မောင်ရေ...**

စောင့်နေမယ်ဆိုတာ နှမ်းသိပါတယ်၊ ဒါပေမယ့် အခြေအနေက မပေးတော့ဘူး အချစ်ရယ်...

အခြေအနေမပေးဘူးဆိုတာကလည်း အချိန်အခါလေး စောင့်ရဦးမယ်လို့ ပြောတာပါ။ မောင်မောင် ဝမ်းနည်းအားငယ်မသွားပါနဲ့နော်...။

မေမေ့ရဲ့ကျန်းမာရေးအခြေအနေက အတော်ကိုဆိုးရွားနေလို့ နှမ်းပစ်ထားဖို့ ခက်လွန်းလို့ပါ မောင်မောင်ရယ်... နှမ်းကို နားလည်ပါကွယ်... နော်...။



www.burmeseclassic.com

www.burmeseclassic.com



မမေ့ကို ရန်ကုန်သွားကရမယ်၊ ဒေါက်တာကျော်... လတ် ဦးဆောင်မယ့်နောက်ကို လိုက်ရမှာပါလို့ ကြိုပြော... ထားပါရစေ...

ဒါပေမယ့် မောင်မောင်ရေ... နှမ်းသေဆုံးမှပဲ နှမ်း... ရင်ထဲက မောင်မောင့်ကိုချစ်ရတဲ့ မေတ္တာတွေ ပြယ်မှာပါ... မောင်မောင့်ပေါ်ထားတဲ့ သစ္စာတွေ ပျက်မှာပါဆိုတာ မော... မောင်ရယ် ယုံပါနော်...။

ခုတော့ နှမ်းကို ခွင့်လွှတ်ပါ ချစ်သဲမောင်မောင်ရယ်... နှမ်း ထွက်လာဖို့လဲ မလွယ်လို့ မောင်မောင် ပြန်နှင့်ဦးတော... နော်...။

မန္တလေးရောက်ရင် ထွေးထွေးကတစ်ဆင့် မောင်မော... နဲ့ နှမ်း ဆက်သွယ်ပါ့မယ်...

မောင်မောင်သာ နှမ်းကို ကျေနပ်နားလည်စွာနဲ့ ခွင့်လွှ... နိုင်ပါစေလို့ နှမ်းဆုတောင်းပါတယ်။

မောင်မောင့်ကို သိပ်... သိပ်ချစ်ရပါတဲ့

မောင်မောင့်ရဲ့...

'နှမ်း'

မြက်ခင်းပေါ်သို့ ကိုငြိမ်းဝေ ထိုင်ချလိုက်သည်။ စာကို ကိုင်... ပြီး ရှေ့တည့်တည့်သို့ သူကြည့်နေပါ၏။ သူ့ရှေ့မှ မြင်ကွင်းများ... သူ မြင်ပုံမရ။



သူ့အတွေးထဲမှ ပုံရိပ်များစွာသည် ဝေးလံသောအရပ်ဆီမှာ ...က်ဝင်လှုပ်ရှားနေသလို အဝေးကြီးကို သူ မျှော်ငေးကြည့်နေသည်။

"အစ်မနှမ်းက ဘာတဲ့လဲ ဆရာ"

ကိုငြိမ်းဝေ ဘာမှမဖြေ။ သူ့လက်မှ စာရွက်ကို ထွေးထွေး ...အား လှမ်းပေးလိုက်သည်။

ထွေးထွေးစာဖတ်ပြီးသည့်တိုင် ကြာမြင့်စွာ တစ်နေရာတည်း ...ည့် သူစိုက်ကြည့်နေသည်။ ထွေးထွေးကလည်း ဘာမှ အနှောင့်အယှက် ...ပေးချင်တော့။ ခပ်ဝေးဝေးမှာသာ သွားရပ်နေမိသည်။

"ထွေးထွေး"

အတော်ကြီးကြာမှ သူက ကျယ်လောင်စွာ ခေါ်လိုက်သည်။ ...ထူးခြားလွန်းနေသော ကိုငြိမ်းဝေ၏အမူအရာကို ထွေးထွေးက အ... ...တ်ရင်း အနီးမှာ လာရပ်သည်။

"ထွေးထွေး"

"ဆရာ"

"ဆရာတို့ ပြန်ကြမယ်"

"ပြန်ဖို့ပဲ ရှိတော့တာပေါ့လေ၊ ဘယ်နဲ့လုပ်မလဲ ဆရာ..."

"ထွေးထွေး"

"ရှင် ဆရာ"

"ဆရာဟာ ဘာကိုမှ ဖန်တီးနိုင်စွမ်းတဲ့သူ မဟုတ်ဘူး... ...ထွေး... ဆရာဟာ အလကားကောင်ပဲ"

"ဘာကိုလဲ ဆရာရယ်၊ ဆရာကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ဆရာ့ချစ်သူဆီလာဖို့ ဆရာ ဘာလုပ်နိုင်သလဲ ထွေးထွေးရဲ့ဆွဲကြိုးလေး…"

"အို… အို… တော်စမ်းပါ ဆရာရယ်၊ ထွေးထွေးစေတနာ ကိုသာ ဆရာ တန်ဖိုးထားပါ၊ ဒါကို ထပ်မပြောပါနဲ့တော့ ဆရာရယ်"

"ကောင်းပါပြီ ထွေးထွေး၊ ဒါဖြင့် ဆရာ နှမ်းအကြောင်း ပြောပါတော့မယ်"

"အစ်မနှမ်းအကြောင်း ဟုတ်လား၊ ကဲ… ပြောပါ ဆရာ"

"ဆရာ နှမ်းကို ရယူပိုင်ဆိုင်ဖို့… ဘယ်တော့မှ မကြိုး တော့ဘူး ထွေးထွေး သိလား"

ခံစားမှုပြင်းပြလွန်း၍ ဆရာ့အသံကြီးပင် တစ်မျိုးဖြစ်နေပါ

"ဆရာကလည်း စိတ်ဆိုးလွယ်လိုက်တာဗျာ၊ အစ်မနှမ်းဘ ကလည်း ကြည့်စမ်းပါဦး၊ သူ တင်ပြထားတာလေးတွေက လက် ထိုက်ပါတယ်"

"ဆရာ နှမ်းကို ဘယ်တော့မှ စိတ်မဆိုးရက်ပါဘူး ထွေး ရယ်"

"ဟင်… ဒါဖြင့်လည်း ဆရာ့ဟာက ဘာလဲ"

"မနေ့ညနေက ဒေါက်တာကျော်ဇေလတ်နဲ့ တွဲပြီး နှမ်း မြင်ရကတည်းက ဆရာ့ရင်ထဲမှာ ဒီအတွေးဝင်လာတာ၊ စောစော လည်း ဆရာ ဒါကိုပဲ မရဲတရဲနဲ့ တွေးနေမိခဲ့ပါတယ် ထွေးထွေးရ

"ဘာကိုလဲ ဆရာရယ်"

"နှမ်းဆိုတဲ့ အစစပြည့်စုံနေတဲ့ ဆရာသိပ်ချစ်ရတဲ့ ချစ်





လေးရဲ့ဘဝထဲက ဆရာ့ကိုယ်ဆရာ နှုတ်ပယ်ကြည့်မိတယ် ထွေးထွေး"

"ဒီတော့…"

"ဒီတော့… နှမ်းဘဝဟာ ပြည့်စုံပြီးရင်း ပြည့်စုံရင်းပါလား ထွေးထွေးရယ်… ဆရာ့ကြောင့်… ဆရာ့ကြောင့်… ဆရာချစ်သဲ လေးမှာလေ…"

"အို… ဆရာရယ်"

သူ ကြည်ညိုလေးစားလွန်းရပါသော ဆရာကိုငြိမ်းဝေ၏ မျက်ရည်များကို ထွေးထွေး မမြင်ရဲတော့ပါပေ။

"ဟုတ်တယ် ထွေးထွေး၊ နှမ်းကိုလေ သူ့ရဲ့သုခဘုံလေးထဲက ပြီး ဆရာ့ရဲ့ဆင်းရဲတွင်းထဲကို ခေါ်မချရက်တော့ပါဘူး ထွေးထွေး "

"ဆရာ သိပ်ခံစားနေရပါတယ်ရှင်၊ လျှော့လိုက်ပါဦး ဆရာ ယ်၊ အစ်မနှမ်းဘက်ကလည်း ဆရာတွေးပါဦး၊ သူလည်း ဆရာ့ကို သိပ်ချစ်ရှာပါတယ်"

"ဟုတ်တယ် ထွေးထွေး၊ ဆရာ သိပါတယ်ကွယ်၊ နှမ်းကို လွှတ်ရတဲ့အတွက် ဆရာ့ရဲ့တစ်ဘဝစာ ကြေကွဲရမယ်၊ ခု ဆရာ့ အသည်းနှလုံးတွေ ထုထောင်းခံရသလို နာကျင်လှစွာ ခံစားနေရပါ တယ်၊ အသက်နဲ့အမျှ ဆရာ ခံစားနေရမှာပါ ထွေးထွေးရယ်… ဒါ ပေမဲ့…"

"ဆရာမျက်ရည်ကျနေတာ ထွေးထွေး မကြည့်ရက်ဘူးရှင်" ကိုငြိမ်းဝေသည် သူ့မျက်ဝန်းမှ မျက်ရည်စများကို ကြိတ်မှိတ်



www.burmeseclassic.com

www.burmeseclassic.com



ဗွာ သုတ်ပစ်လိုက်သည်။ အံကို တင်းတင်းကြိတ်ပြီး…

"ဒါပေမဲ့ ဆရာ့ချစ်သူလေးကို ဆရာခံစားသလို မခံ
စေဘူး ထွေးထွေး၊ သူ ဆရာ့ကို စိတ်နာသွားစေနိုင်မယ့်…
ဆရာ့ကို မမုန်းတောင် မေ့သွားစေနိုင်မယ့်နည်းလမ်းကို ရှာပြ
နှမ်းဆက ဆရာခွဲထွက်မယ်၊ ဆရာတစ်ယောက်ထဲ အသေ
ခံစားယူမယ် ထွေးထွေး"

"ဆရာရယ် အနုပညာသမားပီပီ သိပ်ပြီး စိတ်ကူးမယဉ်
လားရှင်"

"ဆရာ စိတ်ကူးမယဉ်ဘူး ထွေးထွေး၊ လုပ်သင့်လုပ်
တာကို အသည်းနှလုံးနဲ့ရင်းပြီး လုပ်ရမှာပါ"

"အင်း… ထွေးထွေးလည်း မပြောတတ်တော့ဘူး"

"နှမ်းဘဝမှာ ဆရာဟာ တကယ့်ကို အမှိုက်သရိုက် ဆူး
ခလုတ် အဆီးအတားပါ၊ ဆရာ့ကိုသာ ဖယ်ထုတ်လိုက်နိုင်ရင်
မိသားစု သူ့ကြွယ်ဝမှုတွေဝန်းရံပြီး… ပြီး… ပြီးတော့ သူနဲ့
သူနဲ့ထိုက်တန်တဲ့ ဆရာဝန်ကတော်ဆိုတဲ့…"

ကိုငြိမ်းဝေ စကားမဆက်နိုင်ရှာတော့။ အောက်နှုတ်ခမ်း
တအားဖိလိုက်ရင်း သူ မတ်တတ်ရပ်လိုက်သည်။

"ပြန်ကြမယ် ထွေးထွေး"

ကားဆီသို့ ခြေလှမ်းရပါပြီ။

"ဆရာ့ရဲ့အပြန်ခရီးဟာ နှမ်းကို နောက်ဆုံးကျောခိုင်း နှုတ်
ရတဲ့ ခရီးပါပဲ ထွေးထွေး"





ကိုယ်နဲ့အတူနေခြင်းအားဖြင့် ကိုယ့်ချစ်သူ ရင်ဆိုင်ခံစားရ
မယ့် ဒုက္ခပေါင်းစုံကို ကိုယ် မကြည့်ရက် မမြင်ရက်ပါဘူး…

ပြီးပြည့်စုံနေတဲ့ သူ့ဘဝထဲမှာပဲ သူ နေပါစေတော့ကွယ်…

သူ့အတွက် စိတ်အချမ်းသာရဆုံးနည်းနဲ့ ဆရာ့ကို စွန့်ခွာ
နိုင်မယ့်နည်းလမ်းကို ဆရာ ရှာကြံမယ်…

ကိုယ်သိပ်ချစ်ရသူအတွက် ကိုယ့်ဘဝနဲ့ ကိုယ့်ရဲ့အသည်း
နှလုံးကို စတေးခံ စွန့်လွှတ်ရမှာပေါ့… ဆုံးဖြတ်ရမှာပေါ့ ထွေးထွေး
ရေ…

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မန္တလေးမြို့ ဟူသော တံဆိပ်ခပ်နှိပ်ထားသည့် စာကြောင့် နှမ်း ဝမ်းသာသွားရသည်။

မောင်မောင့်ဆီက ဖြစ်မှာပါ... သူ့နောက်လိုက်မယ်လို့ ဆုံး ဖြတ်ပြီးမှ မလိုက်ဖြစ်တော့တဲ့အတွက် မောင်မောင်တစ်ယောက် ဘယ် လိုများ ခံစားသွားရရှာမလဲကွယ်...

နှမ်းကို စိတ်ဆိုးပြီး ပြန်သွားသလား...

ခွင့်လွှတ်နားလည်ပြီး ပြန်သွားတာလား...

ဟူသော သိချင်စိတ်များဖြင့် နှမ်းမှာ စာအိတ်ပေါ်မှ နှမ်း၏ လိပ်စာကို ဖတ်ကြည့်လိုက်မိသည်။

"ဟင်"

နှမ်း အံ့သြရပါပြီ...

စာက ပါးပါးလေး... ပြီးတော့ မောင်မောင့်လက်ရေးမဟုတ်

စိတ်ပျက်သွားမိပါ၍ လက်ရေးရှင်ကိုပင် တွေးကြည့်မနေ တော့ပါ။ သူငယ်ချင်း ဘော်ဒါများထဲက တစ်ယောက်ယောက်ထံ





ဖြစ်မှာပါ... ဟူသောစိတ်ဖြင့် စာကို ဖွင့်ဖတ်လိုက်မိသည်။

နှမ်းမှာ လုံးဝမမျှော်လင့် မထင်မှတ်မိသောသူထံမှ ရောက် လာသော စာဖြစ်နေပါ၍ အကြီးမားဆုံးသော အံ့သြခြင်းများဖြင့် စာကို ဖတ်ရပါတော့သည်။

နှမ်း...

ငါ ခမ်းပါ...

အခြေအနေအရ ခဏ ငါ ရှောင်ပုန်းနေရတယ်...

ငါ အသက်ရှင်လျက် ရှိနေသေးတယ်ဆိုတာကို ဘယ် သူမှ မသိပါစေနဲ့ နှမ်း... ဘယ်သူမှ မသိပါစေနဲ့နော်...

ဖေဖေနဲ့ မေမေကိုတော့ နင်ပဲ အခြေအနေကြည့်ပြီး ပြောသင့်လည်း ပြော၊ မပြောသင့်လည်း ဒီလိုပဲ ထားလိုက်ပါ။

မေမေ နေမကောင်းတာကို ငါ စိတ်မကောင်းပါဘူး၊ ဒေါက်တာကျော်ဇေလတ်နဲ့ ကိစ္စတော့ ကြည့်သာ ရှင်းထား လိုက်ကြပါတော့။

ငါ့ကိစ္စတွေ မပြီးသေးဘူး၊ တာဝန်တွေကလည်း အများ ကြီးပဲ၊ လုပ်စရာတွေကလည်း တစ်ပုံကြီး...။

ဒါကြောင့် အားလုံးကို ငါသေပြီလို့သာ ကြေညာထား လိုက်တော့...။

လိုအပ်ခဲ့ရင် ငါ နှမ်းအဖြစ်နဲ့ အလင်းထဲမှာ ခဏရောက် လာပြီး လှုပ်ရှားဆောင်ရွက်ပါရစေ...။



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီး ဆက်သွယ်ပါဦးမယ်...

ခုတော့ ဒါပါပဲ...

ခမ်း

ကြည့်စမ်းပါဦး... ဘယ်လောက်များ ဒုက္ခပေးလိုက်တဲ့ ခမ်း လဲလို့...

နှမ်းမှာ သူ့စာကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ညှစ်ချေလိုက် သည်။ အနီးရှိ ဆိုဖာပေါ်သို့ အင်အားမဲ့သလို ထိုင်ချလိုက်ပြီး ငိုရှိုက် နေမိဆဲတွင်...

"ဟင်... သမီး နှမ်း"

ဖေဖေက စိုးရိမ်တကြီး နှမ်းအနားသို့ ချဉ်းကပ်လာသည် လက်ထဲတွင် စာတစ်စောင်ကို ကိုင်ရင်း ငိုနေသော သမီးငယ် ကြည့်လိုက်ပြီး ရည်းစားဆီက စာအထင်နှင့် ဦးအောင်စိုးက...

"ကိုယ့်အမေ အိပ်နေတယ်ဆိုတာလည်း နားလည်ဦးမှ သွားစမ်း... ဒီစာရယ်... ဒီမျက်ရည်တွေရယ်ကို ဖအေတစ်ယော ရှေ့မှာ ပြမနေနဲ့"

ဦးအောင်စိုး၏ စကားကို နှမ်း တော်တော်နှင့် သဘောမပေါ မိသေး။ တဖြည်းဖြည်းချင်း စဉ်းစားလာမိလေမှ...

"ဖေဖေ"

ဖေဖေက ပြတင်းတံခါးဝမှာ နှမ်းကို နောက်ခိုင်းပြီး ရပ် သည်။ ပြန်၍ မထူး။



နှမ်းမှာ ခမ်း၏ လုပ်ပုံကို တစ်ယောက်တည်း မခံစားနိုင်တော့။

ယခင် အန်တီဒေါ်အဲနွမ်း၏ သား အစ်ကိုအိုက်အေး နမ့်ဆမ် လမ်းပေါ်တွင် ခမ်းကို နှမ်း ထင်မှတ်ပြီး တွေ့ခဲ့ရသည့်အကြောင်းများ ကို ဖေဖေ မေမေတို့အား နှမ်း မပြောဖြစ်ခဲ့။

ထိုနေ့က နှမ်းကိုယ်တိုင်လည်း ချစ်လှစွာသော မောင်မောင် နှင့် ဘော်ကြိုဘုရားပရဝုဏ် မြက်ခင်းပြင်မှာ ချိန်း၍ တွေ့မိသော နေ့ပါ။ အန်တီဒေါ်အဲနွမ်းကိုလည်း ချစ်သူနှင့် ချိန်းတွေ့မိကြောင်း ပြောခဲ့ပြီးပါ၍...

နမ့်ဆမ်လမ်းတွင် ခမ်းကို အမျိုးသားတစ်ယောက်နှင့် တွေ့ ခဲ့ပါသည်ဆိုသော အကြောင်းများကို နှမ်း ထိမ်ချန်သိဝှက်ထားခဲ့ သည်။ မိမိ၏အကြောင်းများပါ ပေါ်သွားမည်စိုး၍ပါ။

ယခုဖြင့် မဖြစ်တော့။ ဖေဖေ့ကို ပြောမှကို ဖြစ်ပါတော့မည်။

"ဖေဖေ... ဒီမှာ"

အနီးကပ် လက်မောင်းကို ဆွဲလေမှ ဖေဖေက လှည့်ကြည့် လာသည်။

"ဒီမှာကြည့်စမ်းပါဦး ဖေဖေရဲ့၊ ဖေဖေ့သမီးဆီက စာကို..."

"ဟင်... ဘာ"

ဖေဖေပါ တုန်လှုပ်သွားသည်။ မယုံနိုင်သောအကြည့်များနှင့် ကြည့်လာသော ဖေဖေ့ရှေ့သို့ နှမ်းက စာကို ဖြန့်ပြလိုက်ရသည်။

ဦးအောင်စိုးမှာ စာကို အစအဆုံး လေးနက်သောအကြည့် များနှင့် ဖတ်ရှုပြီး အံကို တင်းတင်းကြိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ကြည့်စမ်း၊ မိဘကို ဒုက္ခပေးလိုက်တာ၊ ခမ်း ဒီလောက်တောင် မိုက်မဲလိမ့်မယ်လို့ ဖေဖေ မထင်ခဲ့ဘူး သမီး"

"ဟုတ်တယ် ဖေဖေ၊ ဒါဆို သူ့သဘောနဲ့သူ ထွက်သွားတာ ဖြစ်မှာပေါ့နော်..."

"ဒါပေါ့... ပြန်ပေးဆွဲခံရတယ်ဆိုတာ သူဆင်တဲ့အကွက် ဖြစ်မှာပေါ့"

"တော်တော်ဆိုးတဲ့ မမခမ်း... ကြည့်စမ်းပါဦး၊ မေမေလည်း သေတော့မယ် နှမ်းမှာလည်း..."

နှမ်း စကားမဆက်တော့ပါ...

"နှမ်းမှာလည်း ဒေါက်တာကျော်ဇေလတ်နဲ့ အဖတ်တင်ကျန်ခဲ့တယ်" ဆိုသော စကားကို ဖခင်ကြီး ကြား၍ မလျော်ကန်သဖြင့် ရင်ထဲမှာသာ ပြောကြားလိုက်ရခြင်းပါ။

"ဒီစာပြပြီး သွားတိုင်မယ်... ရဲနဲ့ကို လိုက်ဖမ်းခိုင်းမယ် တောက်..."

ဦးအောင်စိုး၏ရင်ထဲတွင် ဒေါသများ ပြည့်လျှမ်းနေသော် လည်း သူ့ချစ်ဇနီး နှန်း နိုးသွားမည်စိုး၍ တိုးတိုးသာပြောနေရှာ သည်။

"ဖေဖေ့သမီးက သွေးအေးအေးနဲ့ မိုက်မိုက်ကန်းကန်းလုပ် တတ်တယ်နော် ဖေဖေ၊ ရဲကိုတိုင်တာ သိသွားရင် သူ တစ်မျိုးမျိုး ကြံဦးမယ်ထင်တယ်"

သားအဖနှစ်ယောက် နီးကပ်စွာရပ်နေရာမှ ဆိုဖာများပေါ်သို့ ဖြည်းညင်းညင်းသာစွာ ထိုင်မိကြသည်။

"သူ့စာအရဆိုရင်တော့ ဖေဖေတို့ကသာ သူ့ကို မမြင်နိုင်တာ၊ သူကတော့ ဖေဖေတို့ကို မြင်နိုင်နေသလိုပဲနော်..."

"ဟုတ်တယ် ဖေဖေ၊ ဒါကြောင့်သာ မေမေ နေမကောင်းတာတွေ၊ ဒေါက်တာကျော်ဇေလတ်နဲ့ ပြဿနာတွေကို သူ သိနေတာပေါ့"

"သမီးကြီးခမ်းဟာ ဘာရည်ရွယ်ချက်ကြောင့်များ ဒီလောက် မိုက်မိုက်ရမ်းရမ်း လုပ်သွားရပါလိမ့်ကွယ်"

"သူ့ချွန်မိုင်းဆီ သွားမှာပေါ့ ဖေဖေရဲ့"

"ဒီကောင်က သေပြီပဲ"

"မသေလို့ ဖြစ်မှာပေါ့"

"သေပြီဆိုတာ သူသိလို့တောင် ငိုလိုက်တာ လိမ့်နေတာပဲ"

"ဘယ်ကသိတာလဲ"

"ဗိုလ်ချွန်မိုင်း ကျဆုံးသွားပြီလို့၊ ဖမ်းမိလာတဲ့သူပုန်တွေက ပြောတယ်၊ သူ့အလောင်းကိုလည်း သူတို့ရဲ့ဌာနချုပ်စခန်းနားမှာ တွေ့ရတယ်လို့ ဖေဖေတို့ သတင်းကြားတာပဲ၊ သူကိုယ်တိုင်လည်း သက်ခံခဲ့တာပဲ"

"သမီးထင်တာ ပြောမယ်နော် ဖေဖေ"

"ပြောပါ သမီး"

"ပထမတော့ သူ့ချွန်မိုင်းသေပြီဆိုတာ သူကိုယ်တိုင် ယုံကြည် ခဲ့လိမ့်မယ်၊ ဒါကြောင့်သာ ဒေါက်တာကျော်ဇေလတ်နဲ့ စေ့စပ်ဖို့ကို





www.burmeseclassic.com

www.burmeseclassic.com



သူ သဘောတူခဲ့တာ ဖြစ်မှာပေါ့…”

“ဟုတ်တယ် သမီး ဖေဖေတို့လည်း ဒီလိုပဲ ယုံကြည်ယူဆခဲ့ကြတာပဲ …”

“အဲ… နောက်တော့မှ သူ့ကို ပြန်ပေးဆွဲခံရတယ်ဆိုတဲ့ အချိန်လောက်ကမှ ခွန်မိုင်းမသေကြောင်း သူသိတာ ဖြစ်ရမယ်၊ သူတို့ချင်း အဆက်အသွယ်ရသွားတာ ဖြစ်ရမယ်…”

“ဖြစ်နိုင်တယ် သမီး၊ ခမ်း စေ့စပ်တော့မယ်ဆိုတဲ့ သတင်းက ကျောက်မဲတစ်မြို့လုံး သိကြတာပဲ၊ ခွန်မိုင်းလဲ ကြားသိပြီး ခမ်းဆီ ဆက်သွယ်ခေါ်ယူတာ ဖြစ်ရမယ်…”

“ဟုတ်တယ် ဖေဖေ… သမီးလည်း ဒီလိုပဲ ယူဆမိပါတယ်”

“သိပ်မိုက်တယ်ကွယ်”

“မိုက်တယ်ဆိုပေမယ့် ဒေါက်တာကျော်ဇေလတ်နဲ့ ကိစ္စရှိတော့ သူ တမင်လုပ်တာ ဟုတ်မယ်မထင်ပါဘူး၊ လူကြီးတွေရဲ့ သက်သက်အရှုးဖြစ်အောင်တော့ သူလုပ်မယ် မထင်ပါဘူး ဖေဖေရယ်”

အမြွာညီအစ်မမို့ ချစ်လှစွာသော ခမ်း၏အပြစ်များဖွာထွက် နွမ်းမှာ အနာယူသည်လည်းရှိသည်။ လျော့လျော့ပေါ့ပေါ့တွေးမိသည် လည်း ရှိပါ၏။

“အေးလေ သူထွက်သွားရင်လည်း တောနိုသွားပြီဆိုတာ စာနဲ့ဖြစ်ဖြစ် ရှင်းရှင်းလင်းလင်းရေးသွားပေါ့၊ ခုတော့ မိသားစု ဒုက္ခပေးရုံတင်မဟုတ်ဘူး ကျော်ဇေလတ်နဲ့ကိစ္စတွေပါ မရှုပ် ရှုပ်အောင် လုပ်နေတာ သူပဲ… မိခမ်းပဲ…”







ခုနေသာ ခမ်းတစ်ယောက် ဖေဖေ၏ရှေ့မှောက်သို့ ရောက်လာလျှင် ဖေဖေ သူ့နရင်းကို ပြင်းပြင်းကြီး တီးပစ်လိမ့်မည်ထင်မိသည်။ ဖေဖေသည် ခမ်းပေါ်တွင် မကျေချမ်းနိုင်ကြောင်း ထူးခြားသော ဖေဖေ၏အမူအယာဖြင့် သိသာနိုင်ပါ၏။

နွမ်းမှာ ဖေဖေနှင့် စကားစပြတ်သွားပြီသည်နှင့် ထပ်၍ ငိုသည်။ ဖေဖေ့လိုပင် ခမ်းကို ယခုပင် တွေ့မြင်ခွင့်ရချင်စမ်းပါဘိ။

“မမခမ်းက ခွန်မိုင်းကို မိုက်မိုက်ကန်းကန်း ချစ်သလိုပဲ၊ ရင်ထဲမှာလည်း မောင်မောင့်ကိုချစ်တာပဲ ဆိုတာများ ကိုယ်ချင်းစာရှေ့သလား မမခမ်းရယ်၊ ဒေါက်တာကျော်ဇေလတ်ရဲ့ပြဿနာ ကိုယ့်ဟာကိုယ် လာပြီး ဖြေရှင်းလှည့်စမ်းပါ”

ဟု မမခမ်း၏ပခုံးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ခါရင်း မျက်ရည်နှင့် နွမ်းက မေးချင်လှပါသည်။

ယခုတော့ ဘာမှမတတ်နိုင်။ သူ့ပြဿနာများအားလုံး နွမ်း၏ သည်းနှလုံးထဲသို့ စုပုံသွန်ထည့်သွားခဲ့သော မမခမ်း…

“သမီးလေး… နွမ်း”

ဖေဖေက နွမ်း၏ပခုံးကိုကိုင်၍ ခေါ်လေမှ နွမ်းက မျက်ရည်သုတ်လိမ်းပြီး ဖေဖေ၏စကားကို နားခံရပါသည်။

“သမီးမေမေကိုတော့ ဘာမှမပြောသေးတာ အကောင်းဆုံးပါ”

“ဟုတ်ကဲ့ ဖေဖေ”

“သမီးတို့လည်း နက်ဖြန်သွားကြဖို့ စီစဉ်ထားတဲ့အစီအစဉ်ကော့ မဖျက်ကြပါနဲ့လေ…”



www.burmeseclassic.com

www.burmeseclassic.com



"ဖျက်စရာအကြောင်း မရှိပါဘူး ဖေဖေ၊ မေမေကလည်း ရန်ကုန်ကို သွားချင်နေပုံရပါတယ်..."

"အေးကွယ် မိဘအတွက် အနစ်နာခံတယ်ဆိုတာ အ မယုတ်နိုင်ပါဘူး သမီး"

"ဘာကိုလဲ ဖေဖေ"

"ဪ... သမီးရဲ့နောက်ဆုံးနှစ်စာမေးပွဲမှာ..."

"ဟာ... ဒါကိစ္စမရှိပါဘူး ဖေဖေ၊ မန္တလေးရောက် သမီးသူငယ်ချင်းတွေဆီက စာကူးမယ်၊ ဆွေးနွေးမယ် ရန်ကုန်ရော တော့ ကျက်မယ် ဖေဖေ"

"သမီးက ဒီနှစ် ဖြေဦးမှာမို့လား"

"စာမေးပွဲက တစ်လလောက် လိုသေးတာပဲ၊ မီပါလိမ့် မေမေနေကောင်းပြီး မြန်မြန်ပြန်လာနိုင်ပါစေလို့သာ ဖေဖေက တောင့်နေပေါ့နော်..."

ဖေဖေက ခေါင်းညိတ်ရင်း သမီးငယ်လေးနွမ်းကို လေး စွာ စိုက်ကြည့်နေသည်။ ဖခင်၏စိတ်ထဲတွင်ဖြင့် နွမ်း ဘွဲ့မရချင်လ နေပါစေ၊ ကျော်ဇေလတ်နှင့်သာ ပြေလည်ကြစေချင်သည်။

"နန်းရဲ့ရောဂါလည်း ပျောက်၊ သမီးနွမ်းနဲ့ ဒေါက်တာ ဇေလတ်တို့ချင်းလည်း ပြေလည်သွားကြပါစေ၊ အမိုက်မ ခမ်း သူ့ထိုက်နဲ့သူ့ကံပဲ ရှိပစေတော့ပါ"

❖



# အခန်း (၂၁)

ဖေဖေ၏မိတ်ဆွေ မောရှမ်းမြေ လက်ဖက်ခြောက်ပွဲရုံတွင် ည်းခိုဖြစ်ကြ။ မေမေနေမကောင်း၍ဟု အကြောင်းပြပြီး နွမ်းတို့ ားစု ထွန်းလှဟော်တယ်မှာပင် တည်းခိုဖြစ်ကြသည်။

အမှန်က ဒေါက်တာကျော်ဇေလတ်အတွက်ပါ မြို့ထဲမှ ပွဲရုံ တိုက်ကြီးကျယ်သော်လည်း လူရှုပ်၍ မျက်စိနောက်မည်ကို အား ၍ဟု ဖေဖေက နွမ်းကို ပြောပြပါသည်။

ကျောက်မဲမြို့သူများမို့ အဲယားကွန်ဒီးရှင်းရှိသော အခန်းများ ာ ယူကြရပါ၏။ မေမေနှင့် နွမ်းက တစ်ခန်း ဖေဖေနှင့်ဒေါက်တာ ာ်ဇေလတ်က တစ်ခန်းပါ။

နွမ်းမှာ ဧည့်ခန်းတွင်ထိုင်ရင်း ချိတ်ဆွဲထားသော အလှပြ ကားများ၊ ရောင်းတမ်းပန်းချီကားများကို ငေးကြည့်နေမိသည်။ လေးနှင့် ပုဂံတို့မှ တည်းခိုခန်းကြော်ငြာများလည်း ရှိပေသည်။ န်းနှင့်တစ်ဆက်တည်း တမင်းစားခန်းထဲတွင် နိုင်ငံခြားသား ည် ဥရောပအစားအစာကို စားသုံးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးနော် နှမ်း ကိုကို့ကို ခွင့်ပြုပါ"

ဟု ဒေါက်တာ ကျော်ဇေလတ်က ခွင့်ပန်ပြီး ဟော်တယ် တွင်မှာ လာရောက်ဖွင့်လှစ်ထားသော ဘားတွင် ဘီယာသွားသော နေပါ၏။

မမေနှင့်ဖေဖေက ခြံထဲသို့ ဆင်းသွားကြသည်။ ရေကူး ဘေးတွင် လမ်းလျှောက်နေကြမည် ထင်ပါ၏။ နှမ်းနေရာမှ မမြင်

"မှာထားတဲ့ကောင်တွေကလည်း မလာသေးဘူး၊ ငါ ဘယ် နည်းနဲ့ မောင်မောင့်ဆီ သွားရပါ့မလဲကွယ်"

နှမ်း၏ရင်ထဲတွင် မောင်မောင်နှင့် တွေ့ချင်လွန်းသော များသည်သာ ကြီးစိုးလွှမ်းမိုးနေတော့သည်။

"မောင်မောင် ကျောက်မဲက ပြန်သွားပြီးကတည်းက အဆက်အသွယ်မှုကို မရသေးဘူး"

"မောင်မောင့်ကို သိပ်တွေ့ချင်တာပဲ သိပ်လွမ်းတာပဲကွ

"နှမ်းကို လာခိုးလှည့်ပါလို့ မှာပြီး နှမ်းဘက်က ပျက်ကွ တယ်၊ ဒီအတွက် မောင်မောင် ဘယ်လိုခံစားသွားရလဲ၊ မောင် နှမ်းကို ဘယ်လိုထင်သွားလဲဆိုတာတွေ နှမ်း သိချင်လှပါပြီ အ ရယ်..."

"နှမ်း"

ဘားထဲမှ ထွက်လာသော်လည်း ဒေါက်တာကျော်ဇေ က ပုံပျက်ခြင်းမရှိပါ။ ပကတိအမူအရာအတိုင်းပါပင်...

"အန်တီတို့ အခန်းထဲမှာလား"





"မဟုတ်ဘူး ရေကူးကန်ဘက်မှာ ရှိကြပါလိမ့်မယ်"

"ဒီဟိုတယ်က အေးချမ်းဆိတ်ငြိမ်တယ်၊ ရေကူးကန်ကလည်း သန့်ရှင်းတယ်... နှမ်း ရေကူးပါလား"

"အို... မဟုတ်တာ"

"ဒါနဲ့ ကျောက်မဲမြို့က ကိုယ်ပိုင်ရေကူးကန်မှာ ခဏခဏ ရေသွားကူးတယ်ဆို"

"သြော်... ဒါ ဟိုတုံးကပါ"

"စွင်းမင်းကပ်ရှူး(မ်) မပါလို့လား"

"အို... ရေကူးဝတ်စုံလည်း ဘယ်ပါမလဲ မမေ နေမကောင်း တော့အထဲ"

အရေးထဲတွင် ဒေါက်တာကျော်ဇေလတ်က ဘေးချင်းကပ် ထိုင်ပြီ။ ရေကူးခိုင်းနေပါ၍ နှမ်းမှာ သိပ်စိတ်ညစ်သွားရပါသည်။ မျက်နှာကိုလည်း တခြားဘက်သို့ လှည့်ပစ်လိုက်မိသည်။ ထမင်း စားခန်းနှင့် ယှဉ်လျက် လေအေးစက်မပါသော အခန်းတစ်ခန်းတွင်းမှ ကြင်စဦးဇနီးမောင်နှံ ဖြစ်ပုံရသော စုံတွဲတစ်တွဲ ထွက်လာသည်။

"နှမ်းနဲ့ ကိုကိုနဲ့ လက်ထပ်ပြီးရင်လည်း သူတို့လိုပဲ ဒီမှာလာ တည်းမယ်နော်"

နှမ်း စိတ်ကျဉ်းကြပ်လွန်းပါ၍ နေရာမှ ထလိုက်မိသည်။

"အပြင်သွားရအောင်ပါ"

သူလည်း လိုက်လာသည်။ ခြင်လုံသံဇကာတံခါး၏ပြင်ဘက်သို့ ထွက်လိုက်သည်နှင့် မမေတို့ကို မြင်ရပါပြီ။ ရေကူးကန်အနီး ဝင်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်မှ ထနောင်းပင်အောက်တွင် မေမေတို့ ရပ်နေကြသည်။

"နှမ်းနားကို ကိုကိုရောက်လာတိုင်း နှမ်း စိတ်ညစ်သွားသလား ပဲ"

"မဟုတ်ပါဘူး နဂိုကတည်းကိုက နှမ်း စိတ်ညစ်နေနေပြီးသားမို့ပါရှင်"

သူပြောသည့်အတိုင်း မှန်ကန်လွန်းလှပါသော်လည်း အားနာစိတ်နှင့်မို့ နှမ်း ဖြေပြောရပါသည်။ နှမ်းအနေနှင့်လည်း ဒေါက်တာ ကျော်ဇေလတ်ကို အပြတ်ကောနေ၍လည်း မဖြစ်သေး။ မေမေ့ရောဂါကို သူ့ဦးဆောင်မှုဖြင့် ကုသရန်ကိစ္စက ရှိပါသေးသည်။

"ရန်ကုန်ရောက်ရင် ကိုကိုတို့အိမ်မှာပဲ တည်းလည်း ရသားပဲ နှမ်းက မတည်းချင်လို့ဆို"

"အားနာလို့ပါ"

"ဘာအားနာစရာရှိလဲ နှမ်းရယ်၊ နှမ်းဟာ တစ်ချိန်ချိန်ကျရင် ဒီအိမ်ရဲ့အရှင်သခင်တစ်ယောက် ဖြစ်လာရမှာပဲ မဟုတ်လား"

နှမ်း ငြိမ်နေရသည်။ ရင်ထဲတွင်ဖြင့် သူ့ကို ရန်တွေ့ပစ်လိုက်ချင်သော စကားလုံးများက အုံကြွလှ တိုးနေကြသည်။

"နှမ်း"

"ရှင်"

"ကိုကို့ကို မညာတတာတောင်မှ နှမ်းရဲ့မိဘတွေကို သနားတဲ့အနေနဲ့ ကိုကို့ကို လက်ထပ်ပါတော့မယ်လို့ ကတိမပေးနိုင်သေးဘူးလား နှမ်းရယ်..."





နှမ်း ဘာမှ မဖြေမိ။ ထွက်ပြေးချင်လောက်အောင်သာ စိတ်ညစ်နေရပါသည်။

"အဖြေပေးစမ်းပါဦး နှမ်းရယ်... ကိုကိုတစ်ယောက်ထဲကပဲ စကားတွေပြောနေရတာ မကောင်းပါဘူး"

"ဒေါက်တာ့ကို နှမ်း ပြောပြီးပါပြီရှင့်၊ နှမ်းမှာ အသည်းနှလုံး အပ်ပြီး ချစ်ရမယ့်သူ ရှိနေပြီးသားပါ... လို့"

"ဒါကို ကိုကိုသိပါတယ် နှမ်း၊ နှမ်းရဲ့ဖေဖေနဲ့ မေမေက အဲဒီလူနဲ့ လုံးဝ သဘောမတူနိုင်ပါဘူးတဲ့၊ နှမ်းက တဇွဲတိုယူသွားရဲ့ရင်လည်း အမွေပြတ်၊ ရာသက်ပန် စွန့်လွှတ်လိုက်ကြမှာပဲ"

"နှမ်းကို မခြိမ်းခြောက်ပါနဲ့ရှင် နှမ်းဘာသာပဲ စဉ်းစားဆုံးဖြတ်ပါရစေ"

"ခြိမ်းခြောက်တာ မဟုတ်ပါဘူးလေ၊ နှမ်းကိုယ်တိုင်လည်း သိပြီးသားကိစ္စပါ။ ကိုကို့ကို လက်မထပ်နိုင်သည့်တိုင် အဲဒီ ကိုငြိမ်းဝေဆိုတဲ့လူကို လက်ထပ်ပြီး နှမ်းဘဝကို ဆင်းရဲတွင်းထဲမှာ အဆုံးရှုံးမခံသင့်ဘူးလို့ မိတ်ဆွေတစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ် ကိုကို အကြံပေးလိုပါတယ် နှမ်း..."

ကိုယ့်ချစ်သူရင်ထဲတွင် ချစ်ကြင်နာတတ်လွန်းသော အသည်းနှလုံးများကို ပိုင်ဆိုင်သည်မှ အပ သုညဖြင့် ဘဝစနေရသော မောင်မောင့်ဘက်က နှမ်း မချေပနိုင်တော့ပါ။

စိတ်ညစ်ညူးစွာဖြင့် ဒေါက်တာကျော်ဇေလတ်နှင့် အတူ ယှဉ် ...ပျက် ခြံထဲတွင် လမ်းလျှောက်နေရဆဲ...



www.burmeseclassic.com

www.burmeseclassic.com



"အမလေး သဘော်ပျက်နေတဲ့ ဖနုက္ကကို မေခလာနတ်
လာ ယ်တုံးကတောင် ဖနုက္ကမင်းသားဟာ အခု ငါ့လောက်
ခံြမာက်မိမှာ မဟုတ်ဘူး ထင်ပါရဲ့"

နှမ်းမှာ ကျုံးဘက်မှ ချိုးကွေ့လာသော စက်ဘီးနှစ်စင်း
သူငယ်ချင်းနှစ်ယောက်ကို မြင်လိုက်ရ၍ပါ။

"အန်တီနေမကောင်းဘူးဆိုလို့ သတင်းလာမေးတာ"

ရွှေဘိုမှ မြင့်မြင့်ကြည်နှင့် လက်ဆည်ကန်မှ တင်မချော
မေမေ့ကို ဦးတိုက်ပြီး ဣန္ဒြေမပျက် စကားပြောနေကြသည်။

အမှန်က မောင်မောင့်ဆီ ထွက်ခွင့်ရနိုင်ပါရန် နှမ်းနှင့်
ချော တယ်လီဖုန်းဖြင့် စကားပြောပြီးသားပါ။

ကျောက်မဲမြို့သို့ ဤနှစ်ယောက်လုံး လိုက်၍ လည်ဖူးပါသ
မေမေနှင့်လည်း ရင်းနှီးချစ်ကြည်ကြပြီးသားပါ။

အရောကောင်းသော တင်မချောက ဒေါက်တာကျော်ဇေ
သို့လည်း ရင်းရင်းနှီးနှီး စကားပြောသည်။ ရေကူးကန်ဘေးတွင်
စကားပြောဖြစ်ကြပြီး…

"နှမ်းကို ချောတို့အိမ်မှာ ထမင်းခေါ်ကျွေးမလို့ အန်တီ
ထည့်လိုက်ပါနော်၊ ပြီးရင် ချောတို့ကိုယ်တိုင် လိုက်ပို့မှာပါ…"

"လာကြတာ အန်တီတို့လေးယောက်ထဲ ထမင်းခွဲစား
မကောင်းပါဘူးကွယ်၊ နေပါစေ သမီးကျွေးချင်ရင် အပြန်မှ ကျွေး

တင်မချော၏ ဖိတ်ခေါ်စကားပြီးဆုံးချိန်တွင် ဖေဖေနှင့်
တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီးမှ





ခေါ်နိုန်းမွှေ့ခမ်းက ခွင့်မပြုကြောင်းစကားကို ပြောကြားလိုက်ခြင်းပါ။

"ဟာ… အန်တီကလည်း မရပါဘူး၊ အန်တီတို့အိမ်တုံးက
ချောတို့ကိုကျွေးလိုက်တာ တဝတအင့်ကြီး၊ အန်တီတို့ကိုတောင် ဖိတ်
လို့ပါ၊ အန်တီနေမကောင်းဘူးဆိုလို့ပါ၊ နှမ်းကို ထမင်းစားမထည့်
သောင်မှ တစ်ခုခုလေးတော့ ကျွေးရမှကို ကျေနပ်မယ်၊ အန်တီတို့
သမ်းစားသွားဖို့လည်း အိမ်မှာ လုပ်ထားတယ်၊ ခဏလေးပါ အန်တီ
ရယ်နော်… ခဏလေးပါ၊ ချက်ချင်း ပြန်ပို့ပါ့မယ်"

ဤမျှနှင့်မပြီးသေး မရရသည့်နည်းနှင့် တစ်မျိုးပြီး တစ်မျိုး
သုည့်ခေါ်ထုတ်နေကြပါ၍ ဖေဖေကပါ မနေသာတော့။

"ကဲ… ဒါဖြင့်လည်း ခဏတော့ သွားကြလေ၊ မကြာတော့
မကြာစေနဲ့နော် သမီးနှမ်း၊ သမီးမေမေက နေမကောင်းချင်ရင် ချက်
ချင်းဖြစ်လာတတ်တယ်ဆိုတာ သမီးသိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ စိတ်ချပါ၊ ခဏလေးပဲနေပြီး သမီး ပြန်
လာမှာပါ"

ချုပ်နှောင်ပိတ်ဆီးခြင်းမှ လွတ်မြောက်ခွင့် ရရှိခိုက်လေးမှာ
ဘီးကို အပြင်းနင်း၍ ထွေ ထွေးရှိရာသို့ ပထမဆုံးခြေရာခဲသည့်အနေ
နှင့် နှမ်းတို့ လာခဲ့ကြရပါပြီ။

ထွေးထွေး၏အိမ်က…

"မပြောတတ်ဘူး ကျောက်မဲသွားမယ်ဆိုပြီး ထွက်သွားလိုက်
တာ ပြန်ကို မလာသေးဘူး…"

ဟူသောအဖြေကြောင့် နှမ်း အားလျော့သွားသည့်အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး တင်မချောက...

"တို့ ကိုငြိမ်းဝေကြီးဆီပဲ တစ်ခါတည်း လိုက်သွားရအော လား နွမ်း..."

"တို့ သူ့အိမ်ကို တစ်ခါမှမရောက်ဖူးဘူး"

"ခက်ပါလား နွမ်းရယ်၊ ကိုယ့်ရည်းစားအိမ်နေရာလေး မေ ထားစမ်းပါဦးလားဟယ်"

"နေရာတော့ သိတယ်၊ အိမ်ထဲကိုသာ မရောက်ဖူးဘူး ပြောတာပါ..."

"လာဗျာ ဒီလိုပဲမေးပြီး သွားကြမယ်"

မြင့်မြင့်ကြည်၏အဆုံးအဖြတ်ကို နွမ်းမှာ မရွံ့မရဲလေးဖြင့်...

"ဖြစ်ပါ့မလား... သူတို့အိမ်က တို့လိုက်လာလို့ ကြိုက် မလား"

"ဘယ်လိုလဲ နွမ်း၊ ချစ်သဲမောင်မောင်တို့ ချစ်စုမတို့ဆိုပြ သူတို့ထက် သည်းတဲ့အတွဲ တို့မန်းတက္ကသိုလ်မှာ မရှိတော့ဘူး၊ ဘာ သူ့မောင်မောင်နဲ့ မတွေ့ဘဲနေနိုင်လား၊ ဒါဖြင့်လည်း ပြန်ကြရုံပဲ"

"ချောမကလဲကွယ် မောင်မောင်နဲ့တော့ တွေ့ချင်တာပေါ့ သူ့အိမ်ကိုလိုက်သွားလို့ ဖြစ်ပါ့မလားလို့ စိတ်ပူမိတာကို ပြောတာပါ"

"ကျွန်မ ကိုငြိမ်းဝေရဲ့ရည်းစားပါရှင်လို့ ပြောပြီး တက်လို တော့ ဘယ်ဖြစ်မလဲ၊ ဒီလိုပဲ အဆင်ပြေအောင် ကြည့်ပြောပြီး မေး မှာပဲပေါ့၊ လာစမ်းပါ နွမ်းရယ်... နင့်ကြည့်ရတာ ခိုးချင်လို တာလဲ ပြာလို့ လက်နှေးလိုက်တာကလည်း ချာလို့... ဆိုတဲ့ စကားပုံ





ထဲက သရုပ်ကို ပေါ်နေတာပဲ"

မြင့်မြင့်ကြည်၏ဦးဆောင်မှုဖြင့် နွမ်းတို့သူငယ်ချင်းသုံးယောက် မှာ ကိုငြိမ်းဝေ၏အိမ်သို့ လိုက်ဖြစ်ခဲ့ကြသည်။

တိုက်နှစ်လုံးကြားမှ မြောင်းကိုခွကျော်ပြီး အတွင်းသို့ ဝင်ခဲ့ရ သည်။ ရွှံ့ရေများနှင့် ညစ်ပေနေသော မြေကို နင်းပြီး မြေစိုက်တဲ တန်းလျားကြီးမှ ဒေါင့်ဆုံးအခန်းတစ်ခုဆီသို့ မေးရင်း စမ်းရင်း ရောက် ဖြစ်ခဲ့ကြရသည်။

"ဪ... အနေစုတ်ချာလွန်းလှတဲ့ မောင်မောင့်ကို နွမ်း အထင်မသေးရက်တဲ့အပြင် ပိုလို့တောင် သနားမိရပါလားကွယ်..."

"အိမ်ထဲမှာ မောင်မောင်ရှိနေပါစေ၊ သူ ငါ့ကိုမြင်ရင် ဘယ် လောက်များ ဝမ်းသာရှာမလဲကွယ်..."

နွမ်း၏ဆုတောင်းများက မပြည့်ခဲ့...။

"ငြိမ်းဝေ အိမ်ပြန်မလာတာ တစ်ပတ်လောက်ရှိပြီ"

ဟူသော ကိုငြိမ်းဝေ၏မိခင် ဒေါ်ဒွန်းမေ၏စကားသည် နွမ်း အီ ကန္တရအပူတောသို့ ချက်ချင်းတွန်းပို့လိုက်သလို ဖြစ်ရပါပြီ။

"သူ... သူ... ဘယ်သွားမယ်လို့များ ပြောသွားပါသလဲ ရှင်..."

"အဒေါ်တို့ကိုတော့ ဘာမှ အတိအကျပြောသွားတာ မဟုတ် ဘူး၊ တွေ့တဲ့လူတွေက ပြောတော့ ဂျစ်ကားနဲ့ ဟိုဈေးသည်မလေး တွေးနဲ့ မေမြို့ဘက် တက်သွားကြတာ မြင်လိုက်တယ်လို့ ပြော တာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဪ... ဟုတ်ပါပြီ"

"ဘာကိုဟုတ်တာလဲ မိန်းကလေး"

နှမ်းက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် 'ဟုတ်ပါပြီ' လိုက်သည်။ ဒေါ်ဒွန်းမေက အံ့သြဟန်နှင့် ပြန်မေးသည်။

"ဪ သူ့ကို တခြားတွေ့တဲ့လူတွေကလည်း ဒီလိုပဲ ပြောကြလို့ပါရှင်..."

"ကလေးတို့က သားနဲ့တွေ့ချင်တာ ဘာကိစ္စလဲကွယ်..."

"ရှင်..."

ဆွံ့အသလို စကားဆက်မဆိုနိုင်သော နှမ်း၏ဒုက္ခကို တင်မချောက ဝင်ကယ်သည်။

"ကျွန်တော်တို့က ကိုငြိမ်းဝေရဲ့မိတ်ဆွေတွေပါ၊ သူ့ကို တေးသွင်းက သီချင်းအပ်ချင်တယ်ဆိုလို့ပါ..."

"ဪ... ဪ... သူပြန်ရောက်လာရင်တော့ ပြောလိုက်မယ်လေ၊ ရက်တရက်တော့လည်း ပြန်လာမယ်မထင်ပါဘူး၊ အထဲမှာတော့ အမျိုးမျိုးပြောနေကြတာပဲ"

"ရှင်... ဘာတွေပြောနေကြတာလဲရှင်"

နှမ်းက အထိတ်တလန့်နှင့် မေးမိသည်။

"အဒေါ်သား မိန်းမခိုးသွားတာ ဖြစ်မှာပါတဲ့၊ ဟိုမှောင်ကုန်သည်မလေးမထွေးလည်း သူ့အိမ် ပြန်ရောက်မလာဘူးတဲ့"

"ဟယ်"

"ဟင်"





တင်မချောနှင့် မြင့်မြင့်ကြည်က အလန့်တကြား အသံများပြုရင်း နှမ်းများ မေ့လဲကျသွားလေမည်လားဟု စိုးရိမ်တကြီးနှင့် ပြိုင်တူကြည့်လိုက်ကြသည်။

နှမ်းက အပြုံးမပျက်ပါ။

မောင်မောင်၏သစ္စာတရားကိုလည်း နှမ်း အကြွင်းမဲ့ယုံကြည်သည်။ ပြီးတော့ ထွေးထွေးသည် နှမ်းနှင့် မောင်တို့အတွက် စေတနာအပြည့်ဝဆုံးထားနိုင်သူ ချစ်တမာန်ဟော်မလေးပါ။

သူတို့နှစ်ယောက် နှမ်းကို လာခိုးရာမှ ပြန်မရောက်လာခြင်းမှာ တစ်စုံတစ်ခုသောအန္တရာယ်ကြောင့်များလားဟုသာ နှမ်း တွေးဆာရင်း ပူပန်လာမိသည်။

သမုဒ္ဒရာရေများ ခမ်းခြောက်ကုန်ပြီဆိုလျှင်ပင် နှမ်း ယုံချင်ယုံပါမည်။ မောင်မောင်နှင့် ထွေးထွေး ခိုးရာလိုက်ပြေးသည်ဆိုသော စကားကိုဖြင့် နှမ်း ဘယ်နည်းနှင့်မှ မယုံကြည်နိုင်ပါ လက်မခံနိုင်ပါ ဖြစ်လည်း မဖြစ်နိုင်ပါ။

"တကယ်လို့ သားပြန်လာရင် ဘယ်သူတွေ လာတယ်လို့ ပြောလိုက်ရမလဲ"

ဒေါ်ဒွန်းမေ၏စကားကြားရမှ အတွေးသံသရာမှ နှမ်းဆုတ်ခွာလိုက်ရသည်။ ပြန်သင့်ပြီဖြစ်ကြောင်းလည်း သိနားလည်စွာဖြင့်...

"နှမ်းလာတယ်လို့ ပြောပေးပါရှင်"

"ဟင်"

"နှမ်း နက်ဖြန် ရန်ကုန်ကိုသွားမလို့ လာနှုတ်ဆက်တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



အပြန်မှ တစ်ခါဝင်ပါဦးမယ်လို့ ပြောပေးပါ ဒေါ်ဒေါ်ရယ်... ပြန်ခွင့်ပြုပါဦးရှင်..."

"အေး... ကောင်းပါပြီကွယ်၊ သြော်... နှမ်းဆိုတာ ဒီသမီးလေး... ကိုး...,"

သိနင့်နေပုံရသော ဒေါ်ဒွန်းမေက နူးညံ့ညင်သာစွာ ပြန်ကြားရင်း နှမ်းကို စူးစူးစိုက်စိုက်ကြည့်လာသည်။

နှမ်း၏ အပြန်ခရီးမှာ ဘီးလည်ပတ်မှုက နှေးကွေးကောက်ကွေ့လွန်းလှသည်။

မောင်မောင်မည်သော နှမ်းရဲ့ချစ်သဲရယ် မောင်မောင်တို့ ဘယ်ရောက်နေကြလဲ...

ဘာဖြစ်နေကြလဲကွယ်...

❖



## အခန်း (၂၂)

မနှစ်ကလည်း သည်လိုအချိန်မျိုးမှာပင် ရန်ကုန်မြေသို့ ခြေချ...ဖူးသည်။

ထိုစဉ်က ခမ်းလည်းပါလာပါ၍ နှမ်းတို့ လည်ကြပတ်ကြ...ယ်ကြခမ်းကြနှင့် ရွှင်လန်းပျော်မြူးခဲ့ရသလောက် ယခုနှစ် ရန်ကုန် ...ရောက်ချိန်တွင် နှမ်း ရင်ပမ်းလျှလွန်းရပါဘိ။

လာရသည်ကလည်း မေမေ၏ရောဂါအတွက် ဒေါက်တာ ...ကျော်ဇေလတ်ကလည်း အစဉ်လိုပင် ယှဉ်တွဲပါလာနေတတ်ပါသဖြင့် ...မ်း စိတ်ညစ်ရသည်။

နှမ်း၏ အဓိကအကျဆုံးသော စိတ်ပင်ပန်းပူပန်ရမှုထဲတွင်

"မောင်မောင်နဲ့ ထွေးထွေးတို့ ဘယ်လိုများဖြစ်နေကြရှာပါ ...မှ..."

ဟူသော သောကစိတ်က အချိန်ပြည့် နှမ်း၏နှလုံးသားတွင် ...လောင်နေစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ဆင်းကြစို့လား နွမ်း"

"ဒြော်"

သည်တော့မှ လက်ရှိအခြေအနေကို နွမ်းပြန်လည်သတိရလာသည်။ အတွေးစ အတွေ့မျှင်များကို ဖြတ်တော်ပစ်ပါသည်။

"ဟုတ်ကဲ့ ဆင်းကြပါစို့လေ"

ရွှေတိဂုံဘုရားကုန်းတော်ပေါ်မှ ပြန်အဆင်းတွင် ဒေါက်တာကျော်ဇေလတ်က နွမ်း၏လက်ကိုဆွဲထားရင်း လှေခါးထစ်များကို နင်းဆင်းသည်။ နွမ်း မရုန်းတော့ပါ။ ဓာတ်လှေကားမှလည်း ဆင်းမဆင်း။ အရှေ့ဘက်မုခ်တစ်ဝက်အထိ ဆင်းပြီးမှ ကားဆီသို့ လျှောက်ခဲ့ကြသည်။

"ဘုရားပေါ်မှာ ဘာဆုတွေတောင်းနေတာလဲ၊ အကြာကြီးပြီးတော့ တိတ်တိတ်လေးလည်း ငိုသေးတယ်၊ ကိုကိုကြည့်နေတာကြာလှပြီ နွမ်းရဲ့"

ရှက်ခြင်း ကြောက်ခြင်းများဖြင့် နွမ်းပြုံးရသည်။ ဒေါက်တာကျော်ဇေလတ်မှာ နွမ်းတို့သားအမိကို အစစအရာရာ ဂရုစိုက်ရှာသည်။ သူ့ကို လိုလားနှစ်သက်ခြင်း မရှိမိပါသော်လည်း အားနာစိတ်နှင့် နွမ်း အလိုက်အထိုက်နေလိုက်ရပါပြီ။

"မေမေတို့တော့ နွမ်းတို့ကို မျှော်နေမှာပဲနော်..."

"ထမင်းစားမစောင့်နဲ့လို့ မှာခဲ့ပြီးပြီ၊ လူကြီးတွေက နားလည်ပါတယ်၊ မျှော်မှာ မဟုတ်ပါဘူး"

နွမ်းတို့သားအမိနှင့် ကျောက်ကုန်းအိမ်မှ အန်တီမာတို့ မိသား





ောင်နှံကို ဒေါက်တာကျော်ဇေလတ်တို့အိမ်က ထမင်းဖိတ်ကျွေးခြင်းဖြစ်ပါ၏။ နွမ်းတို့ ဝင်ဒါမီယာရှိ ဒေါက်တာကျော်ဇေလတ်တို့အိမ်ကို နံနက်ဆယ်နာရီလောက်ကတည်းက ရောက်နေကြခြင်း ဖြစ်ပါ၏။

"ဘုရားသွားရအောင်"

ဟု ခေါ်စဥ်က အာ လုံးသွားကြမည်ထင်မှတ်ပြီး နွမ်း ခေါင်းညိတ်မိခဲ့သည်။ ယခုတော့ ဘယ်လူကြီးမှ မပါ။ နွမ်းတို့နှစ်ယောက်တည်း ထွက်ဖြစ်လာကြသည်။

အိမ်တွင်ဖြင့် ခမ်းသေဆုံးကြောင်း ခမ်းပြန်လာမည်အထင် ခမ်း၏အသက်ဘေး လွတ်ငြိမ်းချမ်းသာခွင့်အတွက် နွမ်းကို ဘားထိုးရပါကြောင်း မေမေတို့ဘက်က ဝန်ခံတင်ပြကြလိမ့်မည် င်ပါ၏။

"ကျွန်မသားကလည်း ခမ်း ပြန်လာဖြစ်ရင်တောင် မယူနိုင်ဘူးတဲ့ရှင်... နွမ်းမှ နွမ်း ဖြစ်နေပါပြီ..."

ဟူသော အပြောမျိုးဖြင့် ဒေါက်တာကျော်ဇေလတ်၏မိခင် ကြည်လေးဝေကလည်း ပြန်ကြားနေလိမ့်မည်ဟု နွမ်းသိပါသည်။

ကားသည် ဘုရားကုန်းမြေမှ ဆင်းပြီး ဦးဝိစာရလမ်းဘက်သို့ တည် ရွှေတိဂုံဘုရားလမ်း အတိုင်း မောင်းနေပါ၍...

"အိမ်မပြန်ကြသေးဘူးလား"

"ဗိုလ်ချုပ်ဈေး ခဏသွားရအောင်"

အို... မေမေမျှော်နေလိမ့်မယ် ပြန်ကြပါစို့"

"မမျှော်ပါဘူး အဘွားကြီးတွေ လေပေးနေကြမှာ၊ ဘိုကိုတို့



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် သတိရမှာမဟုတ်ပါဘူး နွမ်းရာ၊ ထားလိုက်စမ်းပါ"

ဒေါက်တာကျော်ဇေလတ်က သူ၏မာဇဒါ ထောင့်သုံး
ဆီဒင်ကားဖြူလေးကို ကျင်လည်စွာ မောင်းနှင်ကွေ့ဝိုက်၍ ဗိုလ်ချ
ဈေးထဲသို့ ဝင်လိုက်သည်။

နွမ်းတို့နယ်၏ မြို့များတွင် ဈေးနေ့ဟူ၍ ငါးရက်ခြား သ
မှတ်ထားကြသည်။

ဗိုလ်ချုပ်ဈေး၏ ဈေးနေ့ကိုမူ ခုနစ်ရက်ခြား သတ်မှတ်ရမ
ထင်ပါ၏။ ဗိုလ်ချုပ်ဈေး၏ဈေးနေ့က စနေနေ့...

ကားတစ်နေရာစာ ရပ်ဖို့ကိုပင် အတော်ခဲခဲယဉ်းယဉ်း နေ
ရာရသည်။ ရောင်စုံအလှအပများက ရောထွေးရှေ့လျားနေကြပါ၏
အမျိုးသမီးငယ်များ၏အကြည့်များကလည်း မတည်ငြိမ်။ ကိုယ့်
လည်း ကြည့်စေ စိတ်ဝင်စားစေချင်သည်။ ကိုယ်ကလည်း သူများ
အကဲခတ်ဝေဖန်ရသေးသည်။

ဤဈေးနေ့တွင် မြင်ရသော ဆင်ယင်မှုပေါ်မှ သူ့ကို အကဲဖြ
ဝေဖန်၍ မဖြစ်။ သုံးဘီးနှင့် လာသူက မာစီဒီး စီးလာသူထက် အ
စား အဝတ်အစားများ ဖုံ့လာတတ်သေးသည်။ တစ်ဈေးလုံးတွ
ဈေးဝယ်သူများ၊ ပစ္စည်းလာသွင်းသူများ၊ သူများဝယ်သည့်နောက်
လိုက်လာသူများ မဝယ်နိုင်ပါဘဲလျက် သက်သက် လိုက်ကြည့်နေ
များနှင့် ကုန်သည်များ ပွဲစားများ မှောင်ခိုသမားများ စုံလို့ စုံလို့

"နွမ်း ဒါ ကိုကို့သူငယ်ချင်းဆိုင်ပဲ"

သားရေအိတ်မျိုးစုံရောင်း သော ဘေးဘက်လမ်းထောင့် ဆို



ဆိုင်သို့ နွမ်းတို့ ဝင်ပြီးသည်နှင့် သူက မိတ်ဆက်ပေးသည်။

"နွမ်းဖို့ ဖောရင်းမိတ် စလင်းဘက်ကလေးတစ်လုံး ဝယ်ပြီး
က်ဆောင်ပေးချင်လို့ နွမ် ကြိုက်တာရွေးပါ"

"အို... နွမ်းဖို့ မဝယ်ပါနဲ့... မသိလို့ လိုက်လာတာ"

"ယူကို ယူရမယ်၊ သိန်းမြင့်ရဲ့ လုတာလေးတွေ ပြစမ်းပါကွ၊
းကလည်း..."

"ဟိုအရင်တစ်ပတ်က ပါလာတဲ့ ဟိုကောင်မလေးကို ဝယ်
းလိုက်တဲ့အိတ်မျိုးတော့ မရှိတော့ဘူးကွ"

"ဟေ့ကောင် လောင်မနေစမ်းနဲ့"

အမျိုးသားသူငယ်ချင်းများထုံးစံအတိုင်း ကိုသိန်းမြင့် ဆိုသော
က နောက်နေသည်။ ဒေါက်တာကျော်ဇေလတ်က သူ့သူငယ်ချင်း
ဟောက်လိုက်ပြီး နွမ်းကို စိုးရိမ်တကြီး မျက်နှာနှင့် ကြည့်လိုက်
သည်။

နွမ်း ဘာမှမဖြစ်ပါ။ မလှုပ်ရှားသော နွမ်း၏အသည်းက ငြိမ်
က်မြဲပါ။

နောက်ဆုံး နီညိုရောင်အိတ်လေးတစ်လုံးကို နွမ်း ယူလိုက်ရ
သည်။ ဒေါက်တာကျော်ဇေလတ်က သူနှင့်စေ့စပ်ထားသော အမျိုး
းပါဟု နွမ်းကို ကြေညာပြီး ပွဲထုတ်နေသည်။

"နေဦးကွာ မင်းတို့ကို ငါ ကျောက်ကျောတိုက်မယ်"

"အေးကွာ ကောင်းတာပေါ့"

နွမ်းက အားနာမိသည်။ သူတို့ချင်းက ငယ်သူငယ်ချင်းဖြစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရပါ၏။ ရင်းနှီးပွင့်လင်းလှသည်။

မကြာမီတွင်ပင် အုံ့နို့ပျစ်ပျစ်နှင့် ကျောက်ကျောအအေးပန်း

များ ရောက်ရှိလာသည်။ နှမ်းတို့ စကားပြောလိုက် ကျောက်ကျော

သောက်လိုက် ရှိနေကြစဉ်...

"ဟင်... ဟိုမှာ ကိုကို့ဆရာ... ပြောစရာလေးရှိလို့ ခဏ

နော် နှမ်း"

"သွားပါ... ရပါတယ်"

ရှေ့မှလျှောက်သွားသော လူတစ်ယောက်နောက်သို့ ဒေါက်

ကျော်ဇေလတ် လိုက်သွားသည်။

ဆိုင်ရှင် ကိုသိန်းမြင့်ကလည်း ဝယ်သူတစ်သိုက် ရောက်

ခိုက်မို့ နှမ်းမှာ ခွေးခြေလေးပေါ်တွင် ထိုင်ရင်း ကျောက်ကျောသော

နေစဉ်...

"ဟာ... ဘယ်ပျောက်သွားလဲလို့၊ ရှာလိုက်ရတာ ကြည့်

ခမ်းက ဒီမှာကိုး"

"ဟင်..."

အပြာရောင်ဂျင်းဝတ်စုံနှင့် လူငယ်တစ်ယောက်က နှမ်းနား

ကပ်ပြီး ပြောလိုက်သည်။

"ခုနကတည်းက ကြည့်နေတာ ဟိုဘဲ ရှိနေလို့"

"ရှင်"

"ဘာကြောင့်နေတာလဲ ရော့ ဒါပဲရတယ်"

"အို... ဒီမှာ"





"အခြေအနေမကောင်းလို့ ဒီလောက်နဲ့ပဲ ထုတ်လိုက်ရတယ်

လည်း ပြောပြလိုက်ပါ၊ ခမ်းလည်း သိပ်ကြာကြာမနေနဲ့တော့၊

ဖွဲ့ကလူတွေလည်း... ဟောဟိုမှာ ပြန်လာပြီ... သွားတော့မယ်"

ဒေါက်တာကျော်ဇေလတ်ကို အလန့်တကြားကြည့်ပြီး နှမ်း

ပေါ်သို့ အထုပ်တစ်ထုပ်တင်လျက် သူ ချက်ချင်းထွက်သွားသည်။

ကပ်ပွဲစားတန်းဘက်ရှိ လူအုပ်များနှင့် ရောနှောပြီး ထိုသူ နှမ်း

စိအောက်မှ ခဏအတွင်း ကွယ်ပျောက်သွားတော့သည်။

"ခမ်း... ခမ်း"

"အို ဒီလိုဆို မမခမ်းလဲ ဒီဈေးထဲ ရောက်နေပါလား"

နှမ်းမှာ သောက်နေသော ကျောက်ကျောပန်းကန်ကို ခုံပေါ်

င်လိုက်ရသည်။ သောက်ချင်စိတ်လည်း မရှိတော့။

စောစောက ဟိုလူပေးထားသောအထုပ်မှာ ဘာမှန်းမသိသော်

ည်း ခမ်းနှင့် ပတ်သက်နေသည့်အတွက် လျို့ဝှက်ချက်တစ်ခုခု

ရှိမည် သေချာပါ၍ ယခုပင်ဝယ်ထားသော စလင်းဘက်နီညို

ထဲသို့ ထည့်လိုက်သည်။ နှမ်းကိုင်လာခဲ့သော အိတ်ဖြူဖြူလေး

လက်ကိုင်ပဝါကိုပါ ရောထွေး ထည့်လိုက်ရပါသဖြင့် ဒေါက်တာ

ကျော်ဇေလတ် အမှတ်မထင် ရှိသွားရပါ၏။

"ဈေးထဲ ခဏလျှောက်ကြည့်ရအောင်နော်"

"လူတွေသိပ်များတာပဲ အားလုံးက နှမ်းရဲ့အလှကို ဝိုင်းကြည့်

ကြလိမ့်မယ်..."

"လာပါ နှမ်းထက်လှတဲ့ ရန်ကုန်သူတွေက အများကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်မဲသူလေးရဲ့သဘာဝအလှကို မမီကြပါဘူး နှမ်းသ...

"လာပါ"

နှမ်းက ဈေးထဲ ပတ်ချင်လှပြီ။ ခမ်းကို ရှာချင်လှပါပြီ။

ဒေါက်တာကျော်ဇေလတ်က ကိုသိန်းမြင့်ကို နှုတ်ဆက်... သည်ကိုပင် နှမ်းမှာ စိတ်မရှည်ချင်တော့။

"နှမ်း ဘာဝယ်စရာရှိလို့လဲ"

"တွေ့ကြုံတာလေးပေါ့"

ဈေးဝယ်မည့်နှမ်းက ဆိုင်ခန်းများဆီသို့ မျက်စိပင် ... မကြည့်။ လူသွားလမ်းများဆီသို့သာ မျှော်ငေးရင်း လှည့်လည်... ရှာဖွေနေပါ၍...

"နှမ်း တစ်ယောက်ယောက်ကိုများ ရှာနေတာလား"

ကိုယ့်ဖာနှင့် ကိုယ်မို့ နှမ်းက သတိမထားမိ။ နှမ်းကို ကြ... နေသော ဒေါက်တာကျော်ဇေလတ်က မေးလာလေမှ နှမ်းကိုယ်နှ... သတိထားလိုက်ရပါပြီ။

"ဪ စောစောက သူငယ်ချင်းတစ်ယောက်ကို တွေ့လို... လို့ပါ..."

"လွန်သွားရောပေါ့..."

နှမ်းစကားကို သူ ယုံကြည်သွားသော်လည်း နှမ်းရှာနေသ... ကို မကြိုက်နှစ်သက်ဟန်နှင့် သူပြောသည်။

"ဟုတ်တာပဲ တကယ်လို့ ခမ်းကို တွေ့ရဦးတော့ ဒေါက်... ကျော်ဇေလတ်ရဲ့ရှေ့မှာ တို့ညီအစ်မ ဘာတွေ ပြောကြဆိုကြမှာ... ...ကလည်း တို့နှစ်ယောက်တွဲကို ဘယ်နည်းနဲ့မှ အတွေ့ခံမှာ မဟုတ် ...ဘူး"

ဟူသော အားလျော့စိတ်ဖြင့်...

"ဟုတ်တယ်နော် ရှာလည်း တွေ့တော့မှာ မဟုတ်ပါဘူး"

နှမ်းမှာ ယောင်ဝါးဝါးလုပ်လိုက်ရင်းက မေမေ့အတွက် အနက်ခံ ...ပွင့် အပွင့်ကြီးများနွယ်တက်နေသည့် အင်ဒိုနီးရှားပါတိတ် သုံး ...က်တစ်စကို ဝယ်လိုက်ရသည်။ မေမေက မက်မောလိမ့်မည် ...တ်သော်လည်း 'ဝယ်စရာရှိလို့ပါ' ဟူသော စကားနှင့် ညီအောင် ...သုံးရာကျော် ဖြုန်းလိုက်ရခြင်းပါ။

"အိမ်မပြန်ဘဲ သမ္မတမှာ လန့်(ချ်)စားလိုက်ကြရအောင်လား"

"အန်တီတို့က တမင်ဖိတ်ထားတာ ကောင်းပါ့မလား"

"ကောင်းပါတယ် နှမ်းကိုလည်း ကိုကိုက ဧည့်ခံပါရစေဦး"

နှမ်းလည်း သိပ်ငြင်းမနေမိတော့။ စိတ်ထဲမှာဖြင့် အိတ်ထဲမှ ...ပိုင်ပစ္စည်းမှာ ဘာတွေပါလိမ့်ဟူသော သိချင်စိတ် စောနေမိသည်။

နှမ်းတို့မှာ ဆူးလေကုန်းကျော်ပြီး ယောက်လမ်းဘက်သို့ ချိုး ...ပြီးသည်နှင့် သမ္မတရုပ်ရှင်တိုက်ရှေ့တွင် ကားရပ်လိုက်ကြသည်။ ...မထပ်သို့ တက်လာပြီ. ဥရောပနေ့လည်စာကို ဒေါက်တာကျော် ...လတ်က မှာယူလိုက်ပါ၏။

နှမ်းမှာ လူများ ကားများ သွားလာလှုပ်ရှားနေသည်ကို မှ... ...များ၏နောက်ဖက်ဆီမှ ထိုင်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခမ်းတစ်ယောက် ဘယ်လို ဘယ်လိုလုပ်ပြီးများ ရန်ကုန် ရောက်နေပါလိမ့်ကွယ်..."

ခရမ်းချဥ်သီးစွပ်ပြုတ်ဟင်းချိုကို သောက်ရင်း ပေါင်မုန့်နှင့် အသားဟင်းများ ထောပတ်များကို စားသုံးရင်း နှမ်း၏အတွေးများ သည် ခမ်းဆီသို့သာ ပြန့်လွင့်နေရသည်။

စိုက်ကြည့်နေသော ဒေါက်တာကျော်ဇေလတ်ကို နှမ်းက သတိရသွားသလို ပြန်ကြည့်လိုက်ရသည်။

"နှမ်းကို အေးအေးဆေးဆေး ဆွေးနွေးချင်လို့ပါ"

"ဟုတ်ကဲ့ ပြောပါ"

"နှမ်းဟာ ကိုကိုနဲ့ပတ်သက်တိုင်း အမြဲပဲ လျစ်လျူရှုသွား တယ်"

"ရှင်"

"နှမ်းကို ကိုကို တစ်ခုပဲမေးချင်ပါတယ်"

"ဟုတ်ကဲ့ မေးပါ"

"နှမ်း ကိုကို့ကို မုန်းသလား"

"ရှင်"

"နှမ်းကို ကိုကိုမေးတာ မုန်းသလားလို့ပဲ မေးတာပါနော် နှမ်း"

"နှမ်း အမှန်ကို ဝန်ခံပါ့မယ်"

"ကောင်းပါတယ် နှမ်း ပြောပါ"

ဒေါက်တာကျော်ဇေလတ်က ခပ်ပြတ်ပြတ်ပင် ပြန်ကြားသည်။





"နှမ်းမှာ ချစ်သူရှိနေလို့ မချစ်နိုင်တာကလွဲရင် မမုန်းပါဘူး ရှင်... မုန်းစရာအကြောင်းလည်း မရှိပါဘူး၊ ခုလို မေမေ့ရဲ့ရောဂါ ကိစ္စကို အရေးတယူ ကူညီဆောင်ရွက်ပေးနေတဲ့အတွက် ကျေးဇူး ဆောင် တင်နေမိပါသေးတယ်..."

နှမ်းမှာ သူ့ကို ကိုကို... ဟုသော တင်စားမှုဖြင့် ခေါ်ဝေါ်၍ ရရှိကလွဲပြီး ပြေပြေလည်လည် ပြန်ပြောမိပါသည်။ ဒေါက်တာ ကျော်ဇေလတ်မှာ စောစောဆီက တင်းမာနေသယောင်ရှိသော မျက်နှာ ထားများ ပြေလျော့သွားသည်။ ရွှန်းလက်သောအပြုံးဖြင့်ပင်...

"ဒါဆို ကိုကိုကျေနပ်ပြီ နှမ်း"

"ဟင်"

"နှမ်း ကိုကို့ကိုမမုန်းရင် တော်ပါပြီ"

နှမ်း သူ့ကို တည့်တည့်ငေးကြည့်နေမိသည်။

"မေတ္တာဆိုတဲ့တရားဟာ တည်ငြိမ်ခြင်းရှိမနေဘူး၊ စီးဆင်း နေတတ်တယ်၊ တုံ့ပြန်ဆန်တက်တတ်တယ်ဆိုတဲ့သဘော ရှိပါတယ် နှမ်း၊ ကိုကို့ဆီက စီးဆင်းသွန်ကျမယ့် မေတ္တာတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ပြန်ပြီး ဆန်တက် စီးသွယ်လာပါလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်တွေနဲ့..."

နှမ်းမှာ ခေါင်းငုံ့ရင်းနှင့် သကြားကြေအောင် လက်ဖက်ရည် ကို ခွန်းလေးနှင့် ခေါက်မွှေနေမိသည်။ ဒေါက်တာကျော်ဇေလတ်က နှမ်း၏လက်ဖက်ရည်ပန်းကန်တဲသို့ နို့များလောင်းထည့်ပေးရင်း...

"ကိုကို နှမ်းကို ချစ်နေမယ်၊ ကိုကို့ရဲ့မေတ္တာအရှိန်အဟုန်



www.burmeseclassic.com

www.burmeseclassic.com



ပြင့်မားမှုဟာ အလကားမဖြစ်နိုင်ဘူးလို့ ကိုကို ယုံကြည်ပါတယ် နှမ်း၊ ကိုကို့ကို မမုန်းဘူးဆိုတဲ့ နှမ်းဟာ ကိုကို့ကို မချစ်နိုင်တောင်မှ ကိုကို့မေတ္တာတွေကို အသိအမှတ်ပြုလာတတ်မယ် ကြင်နာလာတတ်လိမ့်မယ်လို့ ကိုကို မျှော်လင့်ပါတယ်”

နှမ်း ငြိမ်နေမိသည်။

အရေးထဲမှာ မောင်မောင်နှင့် အဆက်အသွယ်မရခဲ့ခြင်းက ပိုမို၍ စိတ်ညစ်နွမ်းစရာကောင်းလှပါသည်။

“အဲဒီတော့ နှမ်းရယ် အတိတ်ဆိုတာတွေကို နောက်ဘက်မှာပဲ ချန်လှပ်ပစ်ခဲ့ပါတော့၊ လှပတဲ့အနာဂတ်လေးတစ်ခုကို တည်ဆောက်ပေးမယ့် ကိုကို့ရဲ့ချစ်ရိပ်သာလေးထဲမှာ နှမ်း ပျော်မွေ့လာနိုင်အောင် ကြိုးစားပါတော့လို့ ကိုကို တောင်းပန်ပါရစေလား နှမ်း”

❖



# အခန်း (၂၃)

အိမ်သို့ပြန်ရောက်ပြီးသည်အထိ နှမ်း ဒေါက်တာကျော်ဇေလတ်သို့ ဘာမှမပြန်ကြားမိ။ သူ့ချစ်ရိပ်သာဆိုသော မေတ္တာအိမ်လေးအတွင်းသို့ ဖိတ်ခေါ်မှုကို လက်မခံပါသော်လည်း မငြင်းဆန်ရဲခဲ့။

“ပြန်လာတာ နောက်ကျလိုက်တာကွယ် နှမ်း ထမင်းဆာနေရော့မယ်”

“သားတို့ သမ္မတမှာ ဝင်စားလာခဲ့သေးတယ် မာမီ”

“သားကတော့ လုပ်တော့မယ် ဒီမှာ မာမီကိုယ်တိုင် စီမံထားတာ”

“ထပ်စားပါ့မယ် မာမီရဲ့ ဘယ့်နှဲ့လဲ နှမ်း စားနိုင်ပြီလား”

“ဟာ... မရသေးဘူး တော်တော်ကြာမှ စားပါရစေ”

နှမ်းက ပြုံးရွှင်ယဉ်ကျေးစွာ တုံ့ပြန်ပြီး ဒေါ်ကြည်လေးဝေနားသို့ ကပ်လိုက်ရင်း

“ဒီဟာ့ ဘတ်သ်ရွှန်းမ်လား အန်တီ”

“ဩော်... ဟုတ်တယ် သွား... နှမ်း ဒါ သားကြီးအခန်းပဲ”



www.burmeseclassic.com

www.burmeseclassic.com



နွမ်းမှာ အိပ်ခန်းနှင့် ရေချိုးခန်းတွဲတားသော ကျော်ဆွေလတ်၏ အခန်းထဲသို့ ဝင်ခဲ့ရပါသည်။ အိမ်သာနှင့် အတူရှိနေသော ရေချိုးခန်းထဲဝင်ပြီး တံခါးကို ပိတ်လိုက်ရသည်။

နိုင်ငံခြားသို့ရောက်ရှိနေသော ကျော်ဆွေလတ်၏ အခန်းမှာ ခြောက်သွေ့ကျယ်ပြန့်နေပေသည်။ နွမ်းမှာ လွယ်လျက်ပါလာသော အိတ်နီညိုအသစ်ကလေးကို ဖွင့်လိုက်ရသည်။

"ခမ်းရဲ့အထုပ်က ဘာတွေများပါလိမ့်"

တဒိတ်ဒိတ်ခုန်နေသောရင်ဖြင့် စက္ကူအိတ်အညိုနှင့် ထည့်ထားသောအထုပ်ကို ဖြေကြည့်ရသည်။

အတွင်းမှာ သတင်းစာစက္ကူနှင့် တစ်ထပ် ရစ်ပတ်ထားသေးသည်။ အထုပ်ကိုဖြေနေသော နွမ်း၏လက်ကလေးလများ တုန်နေသည်ကို လက်ဆေးကြွေဇလုံအထက်ရှိ မှန်ထဲတွင် နွမ်းကိုယ်တိုင် မြင်နေရပါ၏။

"ဟင်"

အထုပ်ပြေသွားသည်နှင့် နွမ်း၏မျက်ဝန်းများ ပြူးကျယ်ရပါပြီ။

ငွေ... ငွေတွေပါလား...

အားလုံး ရာတန်ချည်း... သားရေကွင်းလေးစည်းနှင့် အုပ်ငယ်နှစ်အုပ်...

အို... ဒါက တစ်စည်းကို တစ်သောင်း ဒီနှစ်ခုက တစ်ထောင်စီ...





"အားလုံး ငွေလေးသောင်းနှစ်ထောင်တိတိပါလား... ဒီ... ဒီငွေတွေ ခမ်း ဘယ်ကရပါလိမ့်... ခမ်း ဘာတွေလုပ်နေပါလိမ့်..."

နွမ်းမှာ တုန်ရီသောလက်များဖြင့် မသေမသပ်ပြန်ထုပ်ပြီး အိတ်တွင်းသို့ ပြန်ထည့်လိုက်ရပါသည်။

ရင်မှာ ဆူဝေနေသော်လည်း ကြာရှည် တွေဝေမနေအား။ ရေအိမ်ခန်းမှ ဟန်မပျက် နွမ်း ပြန်ထွက်ခဲ့ရပါပြီ။

"မေမေ ထမင်းစားလို့ ကောင်းရဲ့လားဟင်"

မိခင်ကြီးနားကပ်ပြီး မေးလိုက်ရပါသည်။ မေမေက စားမြိန်လှကြောင်း ပြန်ကြားသည်။ မေမေသည် ကျောက်မဲမှာ နေစဉ်က သက် ပိုမို၍စားဝင်ပြီး ကြည်လင်ချမ်းမြေ့နေရှာသည်ဟု နွမ်း ထင်ပါသည်။

"ကျွန်တော် တော်တော်ကြာ အစည်းအဝေးတစ်ခု သွားစရာရှိနေပါတယ်..."

"ဩော် ဟုတ်ကဲ့ရှင်၊ သွားပါ သွားစရာရှိတာသာ သွားပါ၊ ကျွန်မတို့ကို အားမနာပါနဲ့ ဦးတင်မောင်လတ်"

နွမ်း၏အန်တီ ဒေါ်အမာက ဒေါက်တာကျော်ဇေလတ်၏ဖခင် ဦးတင်မောင်လတ်သို့ ပြန်လည်ဖြေကြားသည်။

"အဲဒီတော့ လူကြီးမိဘတွေစုံတုံး ကျွန်တော် ပြောစရာရှိတာ ပြောခဲ့ပါရစေ"

"ဟုတ်ကဲ့ ပြောပါ ဦးတင်မောင်လတ်"

အန်တီမာကပင် စကားထောက်ပေးသည်။

www.burmeseclassic.com



"ဒီလိုပါ သား နိုင်ငံခြားသွားဖို့ကိစ္စက မဖြစ်တော့ဘူးထင်ပြီး အားလုံးက အားလျော့ထားကြရာက၊ ခုတော့ ပြန်ရွေးတဲ့အထဲမှာ ပြန်ပါလာပြီလို့ သတင်းကြားနေရတယ်၊ သွားဖြစ်ရင် ချက်ချင်းလို သွားရမှာပေါ့"

"သြော် ဝမ်းသာစရာပဲပေါ့၊ ဘွဲ့လွန်သင်တန်းတက်ရမှာလား"

"ဟုတ်ကဲ့ ခွဲစိပ်မှုပါရဂူဘွဲ့ယူရမှာ၊ ဟိုမှာ သုံးလေးနှစ် ကြာဖြစ်လိမ့်မယ် ထင်ပါတယ်"

"ဟုတ်ကဲ့ ဝမ်းသာစရာပါပဲ"

မေမေတို့က ဘာကို ဝမ်းသာတာလည်းဖြင့် မသိ။ နှမ်းမှာဖြင့် တကယ့်ကို ဝမ်းသာစရာသတင်းပါပဲ၊ သူ ချက်ချင်းသွားရပါစေဟု ရွှေတိဂုံဘုရားမှာ အပိုဆုလေးများ မတောင်းလာခဲ့မိလေခြင်း။

"ဟုတ်ကဲ့ခင်ဗျာ သားကြီးပြန်မလာခင် သားငယ်က အင်္ဂလန်နိုင်ငံကို ထပ်သွားရမယ်ဆိုတော့ ကျွန်တော်တို့လည်း ဝမ်းသာဂုဏ်ယူ မဆုံးနိုင်အောင်ပါပဲ"

"ဟုတ်တာပေါ့ရှင်"

"ဒီတော့ ကျွန်တော်ဆိုလိုချင်တာက လူကြီးချင်းလည်း အစအရာရာပြေလည်ကြပြီးပြီ၊ သူတို့ချင်းလည်း သံယောဇဉ်ဖြစ်နေကြပြီမို့ သား နိုင်ငံခြားမသွားဖြစ်ခင်မှာပဲ နှမ်းနဲ့ သားကို လက်ထပ်ပေးလိုက်ကြရအောင်ပါလို့ ကျွန်တော် တိုက်တွန်းပါရစေ ဒေါ်နန်းမွှေခမ်း..."

နှမ်းမှာ မေမေ၏လက်ကို အလန့်တကြား ဆုပ်ညှစ်လိုက်မိ





သည်။ တောင်းပန်အသနားခံသောမျက်ဝန်းလေးဖြင့်လည်း မေမေ့ကို ကြည့်လိုက်မိပါသည်။

"သူ့အဖေကိုလည်း တိုင်ပင်ပါရစေဦး၊ ကတိုက်ကရိုက်ကြီးလည်း မလုပ်ချင်ပါဘူး၊ ကောင်းတာတော့ မောင်ကျော်ဇေလတ်နိုင်ငံခြားက ပြန်လာမှပဲ စီစဉ်ရအောင်ပါ"

ဟူသော စကားမျိုး...

"မေမေရယ် ပြောပေးပါ၊ ပြောလိုက်စမ်းပါ ... အဲဒီလို ပြောလိုက်စမ်းပါနော်"

နှမ်း၏မျက်ရည်ကြည်များ ဝေသီနေသော မျက်ဝန်းကို ဒေါ်နန်းမွှေခမ်းက စိုက်ကြည့်လာသည်။ နှမ်း၏ရင်ထဲမှ စကားလုံးများသည် နှမ်း၏မျက်ဝန်းမှာ ပေါ်လွင်ထင်ရှားနေသည်ပါ။

ဒေါ်နန်းမွှေခမ်းသည် လျှို့ဝှက်နက်နဲလွန်းသည့် အပြုံးတစ်ခု ပြုံးလိုက်ပြီး နှမ်း၏လက်ခုံလေးကို သူ့လက်ဖြင့် ညင်ညင်သာသာပုတ်ခတ်လိုက်ပြီးမှ...

"ဟုတ်ကဲ့ ဦးဘင်မောင်လတ်၊ ကျွန်မတို့အနေနဲ့ကလည်း ငြင်းနိုင်စရာမရှိပါဘူးရှင်"

"မေမေ"

နှမ်း၏အသံမှာ တိုးတိတ်သော်လည်း အန္တရာယ်တွင်းသို့ ကျဆင်းသွားချိန်တွင် အလန့်တကြား ခေါ်လိုက်သည်သို့ပါ။

"သမီးကြီးခမ်းကိုယ်စား နှမ်းကိုပဲ လိုလားလက်ခံခဲ့ကြတဲ့အတွက် ကျွန်မရဲ့ခင်ပွန်းသည်က ကျေးဇူးတင်မဆုံးအောင် ရှိနေရ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကျွန်မတို့ရဲ့အဖြစ်ကိုလည်း နားလည်ခွင့်လွှတ်ပါလို့ ထပ် တောင်းပန်ပါရစေရှင်..."

"အို အားလုံး ကြေလည်ကြပြီးသားပါရှင်၊ သားကလည်း နှမ်းမှ နှမ်း ဖြစ်နေပါပြီ၊ အဲဒီတော့ ဘယ်လိုစီစဉ်ကြမလဲ"

"ကျွန်မရဲ့ဆန္ဒတစ်ခုထဲကိုပဲ တင်ပြပါဆိုရင်တော့ ကျောက် မှာပဲ လက်ထပ်ပေးပါရစေ ဒေါ်ကြည်လေးဝေ ပြီးတော့..."

"ဟုတ်ကဲ့ ပြောပါ"

"ပြီးတော့ ဦးတင်မောင်လတ်တင်ပြသလို အမြန်ဆုံးလည်း ဖြစ်စေချင်ပါတယ်"

"ဟုတ်ကဲ့ ကျွန်တော်တို့ကလည်း ဖြစ်စေချင်ပါတယ်"

"တကယ်လို့များ ကျောက်မဲမှာပဲ လက်ထပ်မှာကို သဘော တူမယ်ဆိုရင်ဖြင့် ကျွန်မအပြန်မှာပဲ တစ်ခါတည်း လိုက်ခဲ့ကြပါ ပြောကြားလိုပါတယ်"

"ကျွန်မကတော့ သားကို အင်းလျားလိတ်မှာ လုပ်ပေး စိတ်ကူးထားတာ..."

"ဟုတ်ကဲ့ ဟိုကအပြန်မှာ ထပ်ပြီး ဧည့်ခံပွဲလုပ်လည်း ဖြ ပါတယ်၊ အခမ်းအနားစရိတ်အားလုံးကိုလည်း သူတို့ဖေဖေက တာဝ ယူရမှ သူကျေနပ်လိမ့်မယ် ထင်ပါတယ်ရှင်"

ဒေါ်နန်းမွေ့ခမ်း၏ တင်ပြချက်ကို ဦးတင်မောင်လတ်နှ ဒေါ်ကြည်လေးဝေတို့က နှစ်သိမ့်သောအပြုံးများဖြင့် တစ်ယော နှင့်တစ်ယောက် ကြည့်လိုက်ကြပြီး ဦးတင်မောင်လတ်က...

"ဒေါ်နန်းမွေ့ခမ်းရဲ့တင်ပြချက်ကို ကျွန်တော်တို့ လက်မခံ ရာ မရှိပါဘူး၊ ဒေါ်နန်းမွေ့ခမ်းတို့အပြန်မှာလည်း တစ်ခါတည်း က်နိုင်အောင် ကြိုးစားပါ့မယ်"

"ဟုတ်ကဲ့ရှင် ဝမ်းသာပါတယ်"

"ရန်ကုန်မှာ အစီအစဉ်ကိုတော့ ဦးအောင်စိုးနဲ့ပါ ဆုံပြီး ကျွန် တို့ ထပ်ညှိကြသေးတာပေါ့ဗျာ"

"ကောင်းပါတယ် ဦးတင်မောင်လတ်ရှင်"

"ဒါနဲ့ ရောဂါအခြေအနေကရော"

"ဓာတ်မှန်လည်း ရိုက်ကြည့်ပြီးပါပြီ၊ ကြီးမားတဲ့ရောဂါ မရှိ ဘူးတဲ့၊ သမီးကြီးခမ်းအတွက် ပရိဒေဝကြောင့် ဖြစ်တာ ဖြစ်ပါ မယ်၊ မကြာခင်မှာပဲ ကုသမှု ပြီးဆုံးပါလိမ့်မယ်လို့ ဦးနှောက်နဲ့ ကြောဌာနက တွက်စစ်ထားပါတယ်..."

"ကောင်းပါတယ် ဝမ်းသာစရာပဲပေါ့... ကျွန်တော်တို့လည်း ဖြစ်အောင် စီစဉ်ထားပါ့မယ်၊ ကဲ... ကျွန်တော့်ကို ခွင့်ပြုပါဦး နန်းမွေ့ခမ်း ဝမ်းသာတယ်ဗျာ"

စကားဝိုင်းတွင်းမှ ထွက်သွားသော ဦးတင်မောင်လတ်၏ ကာန်သည် နှမ်း၏မျက်စိထဲတွင် မတည်ငြိမ်။ ပုံရိပ်ပွားနေသည်။ ဆိုဝေ့ဝိုက်နေသည်။

"နှမ်း သတိထားစမ်း သမီး"

ကြားရုံလေး မေမေက ကပ်ပြောလိုက်ပြီး...

"သြော် မိဘဆိုတာ သားသမီးကို လိမ္မာယဉ်ကျေးအောင်

www.burmeseclassic.com



ပညာတတ်အောင် သွန်သင်ညွှန်ပြရုံနဲ့ မလုံလောက်သေးပါဘူး
သူတို့ရဲ့ဘဝတည်ဆောက်ပုံလေး မှန်ကန်အောင်က အစ လိုက်
တည့်မတ်ပေးရဖို့ ဝတ္တရားရှိတယ် မဟုတ်လား၊ မိဘရဲ့မေတ္တာတ
ကို သူတို့ မိဘဖြစ်လာတဲ့အခါကြတော့မှ သိနားလည်လာကြ
လိမ့်မယ်"

မမေသည် အားလုံးကို ပြောသလိုလိုနှင့် နွမ်း၏နလုံးသား
စကားပြောနေချေသည်တကား...

❖



## အခန်း (၂၄)

"မမနွမ်းအတွက် တယ်လီဖုန်း"

ကျောက်ကုန်းက အန်တီမာ၏သမီးငယ်က နွမ်းကို လာခေါ်
သည်။ သူတို့အိမ်မှ တယ်လီဖုန်းမှာ ဧည့်ခန်းထောင့်တွင် ထားရှိ
၏။ ဧည့်ခန်းတွင် ဘယ်ဧည့်သည်မှ မရှိပါ။ ဒေါက်တာကျော်ဧ
တ်ထံမှပင် ဖြစ်မည်ထင်၍...

"နွမ်းပါရှင်"

ဟု ထူးလိုက်ရသည်။ တစ်ဖက်မှ ချက်ချင်း စကားသံပြန်
သေး။ ခဏလေးနေမှ...

"ကျောက်မဲကနွမ်း ဟုတ်ရဲ့လားဟင်"

"ဟုတ်ပါတယ်ရှင့်"

"ဒီမှာ ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်ပါ၊
တက်က ဘာမှ ပြန်မပြောနဲ့ဦးနော်..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်... ဟုတ်... ဟုတ်ကဲ့"

"မနေ့က ကျွန်တော့်တပည့်က လူမှားပြီး ပေးလိုက်တဲ့အထုပ်ကို ကျွန်တော်တို့ပြန်လိုချင်ပါတယ်၊ အဲဒါကို..."

"ဒီမှာ နေပါဦးရှင့်"

"ကျွန်တော် ပြေပြေလည်လည်ဆက်ဆံနေပါတယ် မနှမ်း သိပ်ပြီး ရှုပ်ရှုပ်ထွေးထွေး မလုပ်ချင်ပါနဲ့၊ ကျွန်တော့်တပည့်တွေ ယောက်ကို ဖိုးရာဇာလမ်းထိပ်က စောင့်ခိုင်းထားမယ်၊ မနှမ်း ဘယ် အချိန်မှာ ထွက်လာပေးနိုင်မလဲသာ ပြောပါ..."

"အို ကိုယ်ပြောချင်တာတွေပဲ ပြောနေတာပဲ၊ ဒီဘက်ကလည်း ပြောပါရစေဦးရှင့်"

"ဘာမှမ မလိုဘဲ ခင်ဗျား ခိုးကြည့်ပြီးရောပေါ့၊ အဲ... ကိုယ်နဲ့ မဆိုင်တဲ့ဟာတွေကို အလကား ဘာလို့သိမ်းထားမလဲ"

"နှမ်းပြောမယ့်စကားကို နားမထောင်ရင် ပြန်ကိုမပေးဘူးရှင့် ကဲ... ဘယ့်နဲ့လဲ"

"ဟ... ကြောက်နေရပါလား၊ ကျုပ်က ဘယ်သူ့စကားကိုမှ နာခံတဲ့ကောင် မဟုတ်ဘူး..."

"နာခံဖို့ မလိုပါဘူး... ဒီကမေးတာ ဖြေရုံပါ..."

"ကဲ... မေးဗျာ... ဒါဖြင့်လဲ"

"ဒီငွေထုပ် နှမ်းကိုပေးခဲ့တာ လူမှားပြီးပေးခဲ့တာ မဟုတ် လား"

"ဒါပေါ့"

"ဘယ်သူနဲ့ မှားတာလဲ"

"ဘယ်သူရှိရမလဲ ခင်ဗျားအစ်မနဲ့ပေါ့"

"ခမ်းနဲ့လား"

"ဟုတ်တယ်လေ"

"အခု ခမ်းဘယ်မှာလဲ"

"ကျုပ်တို့ ဘယ်လိုလုပ်သိမလဲ"

"ဒီမှာ ကျွန်မပြောမယ်"

"ပြော"

"ကျွန်မ ခမ်းနဲ့တွေ့ချင်တယ်၊ ခမ်းနဲ့တွေ့ပြီးမှ သည်ငွေထုပ် ကို ကျွန်မပြန်ပေးနိုင်မယ် ဒါပဲ"

"ဟာ... ဒီလိုဖြတ်ခုတ်ချင်လို့ ဘယ်ရမလဲ၊ ခမ်းမှ မရှိတော့ဘဲ ခမ်းက ပြန်သွားပြီ"

"ဒါဖြင့် မပေးဘူးရှင်... ရှင်တို့ ဘာလုပ်မလဲ"

"အို... ဟို... ကျုပ်တို့အဖွဲ့ကို ဒါမျိုးလာလုပ်လို့ မရဘူး ပေါ်..."

"ဒီမှာ ကျွန်မ ခမ်းနဲ့ နှစ်ယောက်ချင်းဆုံချင်တယ်၊ ခမ်းနဲ့ တွေ့ခွင့်ရလျှင်ရချင်း အဲဒီငွေကို ဘယ်လိုနေရာမျိုးမှာပဲဖြစ်ဖြစ် ကျွန်မ ပြန်ပေးမယ် ဒါပဲ"

"ဟ... ပြတ်လှချည်လား"

"ရှင် ဘယ်သူလဲ"

"သိဖို့မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ခမ်းနဲ့တွေ့ဖို့ စီစဉ်ပေးပါ"

"ကောင်းပြီလေ... ကျုပ်တို့ဆရာကို တင်ပြပြီး ဖုန်းပြန်ဆ မယ်"

တစ်ဖက်မှ ဖုန်းချသွားသည်။ တီ... တီ မြည်နေသံကို နွမ်းမှာ ဆက်လက်၍ နားထောင်နေမိပါသေးသည်။ ခဏနေ ဖု ပြန်ချပြီး ဘေးသို့ဝဲလှည့်ကြည့်လိုက်ရသည်။ ကျယ်ဝန်းသော နှစ်ထ တိုက်ကြီးအတွင်းမှာမို့ နွမ်း စကားပြောနေသည်ကို ဘယ်သူမှ ကြ ရမည် မထင်ပါ။

နွမ်းမှာ တယ်လီဖုန်းခုံပုလေးဘေးမှ ဒရင်းဘက်ခေါ်သ ပက်လက်ကုလားထိုင်ရှည်ပေါ်ကို အင်အားမဲ့နေသူတစ်ယောက် ညွတ်ခွေစွာ ထိုင်ချလိုက်ရပါသည်။

"ခမ်းရယ်... ခမ်းနဲ့ တွေ့ချင်စမ်းပါဘိ။ ခမ်းကိုယ်လွတ် သွားတဲ့အတွက် နွမ်းမှာ ဘယ်လိုခံစားနေရတယ်ဆိုတာတွေကို ပြချင်လိုက်တာ"

"ခမ်းရဲ့ချစ်သူဆီကို သွားနိုင်ဖို့အတွက် ညီမငယ်နွမ်းရဲ့ချစ် ကို အဆုံးရှုံးခံရတော့မယ့်အခြေအနေမျိုး ဖြစ်နေရပြီ ဆိုတာတွေ မမခမ်းရယ်... သိပါရဲ့လားရှင်"

"မမခမ်း သိပ်ရက်စက်တာပဲ"

"မမခမ်း နွမ်းကို သိပ်ဒုက္ခပေးတာပဲ"

နွမ်းမှာ ခမ်းအကြောင်းကိုစဉ်းစားရင်း ရင်ထဲမှာ တနုံ့နုံ့ခံ လာရသည်။ နာကျင်လှိုက်လှဲလာရပါသည်။



"ဟင်... နွမ်း... အို... ငိုလို့ပါလား"

ဖေဖေ့နှမဝမ်းကွဲ အိမ်ရှင်အန်တီမာက ပျာပျာသလဲ အမူအရာ နွမ်းနားသို့ ကပ်လာသည်။ မီးဖိုဘက်ဆီမှ အတူထွက်လာသော မေက အန်တီမာ၏လက်ကို လှမ်းဆွဲလိုက်ပြီး...

"ငိုပစေ... သေအောင်ငိုငို ချော့မနေနဲ့ အမာ"

"အို... မမနန်းကလဲ"

"ဟုတ်တယ် မိနွမ်း ငိုနိုင်လှ တစ်နှစ်ပေါ့၊ နောက်ပိုင်းမှာ အိမ်ထောင်နဲ့ သူ့လင်သားနဲ့ နေသားကျသွားတော့ အဲဒီမျက် တွေက ကျလာစရာ မလိုတော့ပါဘူး"

"ဟင်... မမနန်းကလဲ ခက်တာပဲ"

"ဟုတ်တယ်လေ သူတို့ ဘာနားလည်မလဲ၊ အမာ့တူမ ကြိုက် ကောင်ကို ယူရင် ထမင်းတောင် နပ်မှန်အောင် စားရမှာ မဟုတ် တကယ်ပါ နှိမ်ပြောတာ မဟုတ်ပါဘူး၊ အမေကလည်း မုဆိုးမ က ဈေးရှက်ရောင်းရတဲ့ ဈေးသည်၊ ဟိုကောင်ကလည်း ဘာ သုပ်မှ မရှိဘူး"

"မေမေရယ်... တော်ပါတော့"

"အမာတို့အစ်ကိုကလေ သူ့သမီး အဲဒီအကောင်နဲ့ ကြိုက်နေ သိတဲ့နေ့ကများ တစ်ခါတည်းချုံးပွဲချပြီး ငိုလိုက်တာ"

မေမေ၏စကားများသည် တစ်ရစ်ပြီး တစ်ရစ် နွမ်း၏နှလုံး ကို နာကျင်စွာ ရစ်ပတ်တုပ်နှောင်နေသလိုပါ။

"မတွေ့ဘူးလား မနေ့ကလည်း မောင်ကျော်ဇေလတ်တို့မဖေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အမြန်လက်ထပ်ဖို့ကိစ္စပြောနေတုံး သူ့အမူအရာတွေ ပျက်
လိုက်တာလေ…"

"မာလည်း သတိထားမိပါတယ်၊ ကလေးတွေဆိုတော့လည်း
သူတို့ကိစ္စ သူတို့မှန်တယ်လို့ပဲ ထင်နေကြမှာပေါ့လေ၊ လူကြီးတွေ
တည့်မတ်ပေးချိန်မှာ ဒီလိုပဲဖြစ်တတ်ပါတယ် မမနန်းရယ်၊ နှမ်း
လိမ္မာပြီးသားပါ"

"မအေကတော့ ငါ့သမီးလေး ကောင်းစားပါစေ ဆိုတဲ့ စိ
နဲ့ ကရုဏာဒေါသပေါ့၊ ခုလို တငိုငိုတရီရီနဲ့ လုပ်နေတော့လည်း
မိဘက ဘယ်စိတ်ချမ်းသာနိုင်ပါ့မလဲ"

"ဒါပေ့ါ မမနန်းရယ်"

"ဘာပဲဖြစ်ဖြစ် လူကြီးချင်းပြောပြီးတဲ့ အစီအစဉ်ကို
ဖြစ်အောင်လုပ်ရမှာပဲ အမာ"

နှမ်းမှာ လက်ကိုင်ပဝါဖြင့် မျက်နှာကိုအုပ်၍ မျက်ရည်များ
သုတ်ပြီး…

"နှမ်း အခန်းထဲမှာ သွားပြီးနားနေပါရစေနော်"

"ဒါဖြင့်လည်း ပျော်အောင်အိပ်လိုက် သူက ငိုရင် ခေါ
ကိုက်တတ်တယ်"

သမီးခေါင်းကိုက်မှာလည်း စိုးရိမ်ရှာသား…

"သြော်… ဒီတစ်ခါကျတဲ့ မျက်ရည်ဟာ မေမေထင်သ
မောင်မောင့်အတွက် မဟုတ်ပါဘူး၊ ဒေါက်တာကျော်ဇေလတ်နဲ့ အ
ဆုံးလက်ထပ်ရမှာကြောင့် မဟုတ်ပါဘူး မေမေရယ်"





"မေမေစိတ်ဆင်းရဲမှာစိုးလို့ သမီးတို့လျှို့ဝှက်ထားရတဲ့ မေမေ့
သမီးကြီး ခမ်းအတွက် ညီမအပေါ် ရက်စက်လွန်းတဲ့ ခမ်းကြောင့်
ကျရတာပါဆိုတာတွေကို မေမေ မသိလို့သာ သမီးကို ဆူရက် ပြော
ရက်နေတာ"

မေမေရယ်… သမီးနေရာကသာ မေမေ နေကြည့်ခွင့်ရမယ်
ဆိုရင်လေ… မေမေ သမီးကို ဆူရက်မှာ မဟုတ်ပါဘူးနော်…

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

နှမ်း...

နင်တို့ ရန်ကုန်ရောက်နေမှန်း ငါ တကယ် မသိဘူး ဆုံမှ ဆုံတတ်တယ်...။

ဒါပေမဲ့ ရန်ကုန်မြေမှာ နင်နဲ့ငါ ဆုံဖို့ မဖြစ်တော့ဘူး ငါ ပြန်ရတော့မယ်...။

သူတို့ပစ္စည်းကို ဆက်ဆက် ပြန်ပေးလိုက်ပါ...

သူတို့နဲ့ သွားမယှဉ်ပါနဲ့ နှမ်း...

မန္တလေးမြို့မှာ ငါစောင့်နေပါ့မယ်၊ ဟိုမှာ ဆုံကြမယ်လို့ ငါ ကတိပြုပါတယ်...။

(ငါ့ကိုချစ်သေးရင် ငါအသက်ရှင်နေတာကို ဘယ်သူ့မှ မပြောပါနဲ့)

ခမ်း...





နှမ်း စာဖတ်ပြီးချိန်လောက်တွင်ပင် တယ်လီဖုန်းက မြည်လာသည်။

"ကျောက်မဲက နှမ်းနဲ့ စကားပြောပါရစေ"

"နှမ်းပါ"

မနေ့က တယ်လီဖုန်းဆက်တဲ့လူရဲ့ အသံပါပဲ။ စောစောက နှမ်းတစ်ယောက်ထဲ ခြံထဲမှာရှိနေစဉ် လူတစ်ယောက်က စာတစ်စောင် ပေးပြီး နှမ်းရှေ့မှ တမုဟုတ်ချင်း ကွယ်ပျောက်သွားခဲ့သည်။ နှမ်း အိမ်ပေါ်ပြန်တက်ပြီး စာဖတ်ပြီးချိန်မှာ တယ်လီဖုန်းအသံက မြည်လာသည်။ နှမ်းကို အနီးကပ် စောင့်ကြည့်နေသည့်သူဖြင့် အမှန်ပင် ရှိလေပြီ။

"ခမ်းရဲ့စာ ဖတ်ပြီးပြီမဟုတ်လား"

"ပြီးပြီ"

"ဘယ်လိုသဘောရသလဲ"

"လာယူပါ"

"ဟာ... ဒီလိုမလုပ်နဲ့လေ"

"ဘာလဲရှင့်"

"ခင်ဗျား လမ်းထိပ်ကို လာပေးပါ..."

"ကျွန်မ လမ်းထွက်ရင် ပိုပြဿနာတက်လိမ့်မယ်ရှင့်၊ အိမ်ကထွက်ရင် နောက်က တစ်ယောက် လိုက်လာလိမ့်မယ်..."

နှမ်း အမှန်ကို တင်ပြမိခြင်းပါ။ မနေ့က နှမ်းငိုသည်ကိုပင် အလွဲထင်သေးသည်။ နှမ်း ငွေထုပ်ကြီးနှင့် ထွက်သွားလျှင် ပြဿနာက



www.burmeseclassic.com

www.burmeseclassic.com



ပိုမို၍ ကြီးထွားလာနိုင်မည်မှာ အမှန်ပါ။

ဟိုတစ်ဖက်ကလည်း သည်သို့ပင် သဘောပေါက်သွားသည် ထင်ပါ၏။

"ဒါဖြင့် ဘယ်လိုလုပ်ချင်သလဲ"

"လာယူပါ"

"ခင်ဗျား ဘာမှအကွက်မဆင်နဲ့နော်၊ ဆင်လိုက်ရင် ကျွန်တော်တို့အကွက်ထဲ အသားလွတ်ဝင်လာသလို ဖြစ်မယ်"

"ခြိမ်းခြောက်မနေစမ်းပါနဲ့ရှင်၊ ရှင်တို့ဘာသာ လာရှုပ်တဲ့ ပြဿနာ ကျွန်မ ဘာမှ ဝင်ပါနေစရာ မလိုပါဘူး"

"ကောင်းပြီလေ"

"ကျွန်မ ခြံထဲပြန်ဆင်းနေမယ်၊ သံတခါးကြားကပဲ လှမ်းပေး လိုက်မယ်၊ ခုန စာလာပေးသလိုပေါ့"

"ကောင်းပြီလေ အခုဆင်းခဲ့ပါ အခုပဲ လွှတ်လိုက်မယ်"

သူတို့၏ဆက်သွယ်မှုများမှာ နွမ်းရှိရာနေရာနှင့် မလှမ်းမကမ်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်သာ နွမ်းနှင့် ဆက်သွယ်ခွင့် မြန်ဆ… နေခြင်း ဖြစ်ပါလိမ့်မည်။

နွမ်းမှာ သူတို့ပေးခဲ့သည့် ငွေလေးသောင်းနှစ်ထောင်ပါသော စက္ကူအိတ်ညိုထုပ်ကို ကွယ်ကွယ်ဝှက်ဝှက်ကိုင်ရင်း ခြံထဲသို့ ဆင်း… ရပါသည်။

ခြံရှေ့တွင် ခေတ္တမျှ ရှင်းလင်းနေသေးသည်။ ငါးမိနစ်မျှ လောက် စိတ်စောစွာစောင့်နေပြီးမှ…





"ရှူး… ရှူး…"

ဆိုသောလေသံနှင့် ခြံရှေ့မှာ လူတစ်ယောက်။

ခြံပေါက်တည့်တည့်ကြီးမှ မဟုတ်၊ သံတံခါးတပ်ထားသော အုတ်တိုင်ကွယ်မှ သူ ရပ်၍ ခေါ်လိုက်ရင်း လက်တစ်ဖက် ခြံထဲသို့ သွင်းလာသည်။

နွမ်းက လွယ်လွယ်ကူကူပင် ငွေထုပ်ကို သူ့လက်ထဲသို့ထည့် ပေါက်မိပါသည်။

ဆံပင်ရှည်ရှည်နှင့် နေကာမျက်မှန်နှင့် ဘောင်းဘီအနက်နှင့် ဆိုသည်လောက်သာ ရိပ်ခနဲ မြင်လိုက်ရသည်။ သူ့ဟန်ပန်ကိုသာ တွေ့လိုက်ရသည်။ သူ့သဏ္ဍာန်ကို လုံးဝမကွဲပြား။ စိတ်ဝင်စားခြင်း လည်း မရှိ။

"ခမ်းနဲ့ပတ်သက်တဲ့ အရှုပ်တစ်ခုတော့ ရှင်းသွားပြီ"

ဟူသော အသိမျိုးဖြင့်သာ နွမ်း၏ရင်မှာ သပ်သွားရပါပြီ တည်း…။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

"ကိုကိုတော့ လွမ်းကျန်ရစ်မှာပဲ နှမ်းရယ်..."

ရထားထွက်ခါနီးတွင် ဒေါက်တာကျော်ဇေလတ်က တိုးတိုး သာသာလေး ညည်းညူလိုက်ရှာသည်။

နှမ်းတို့နှစ်ယောက်ကြားတွင် သံဇကာကွက်များ ခြားနေသည်။ နှမ်းတို့က ရန်ကုန်–မန္တလေးအဆန် အမြန်နေ့ရထားနှင့် ပြန်ကြရန် ဖြစ်ပါ၏။ နှမ်းတို့၏ဟိုမှာဘက်တွင် ဦးတင်မောင်လတ် ကလည်း သူ့အဘွားကြီးကို ဘာတွေမှာတမ်းခြွေနေသည်မသိ။ သူတို့ နှစ်ယောက်ကြားတွင်လည်း သံဇကာများ ခြားလျက်ပါ။

မေမေကဖြင့် နှုတ်ဆက်ပြီးသည်နှင့် အထက်တန်းတွဲထဲတွင် သွားပြန်ထိုင်နေပါပြီ။ သူမှာတမ်းခြွေရမည့် လွမ်းစရာလူက ကျောက်မဲ မြို့မှာမို့ မေမေက အလိုက်သိစွာ သွားထိုင်နေခြင်းပါ။

ယခု နှမ်းတို့သားအမိနှင့်အတူ ဒေါက်တာကျော်ဇေလတ် မိခင် ဒေါ်ကြည်လေးဝေပါ အတူလိုက်ပါပါမည်။ မင်္ဂလာကိစ္စ ကြို တင်စီစဉ်ရန် ဖြစ်ပါ၏။ ဖေဖေနှင့် ဆွေးနွေး ရက်ရွေးပြီးသည်နှင့်





ရန်ကုန်မှ သားအဖနှစ်ယောက်လုံး ပစ္စည်းများနှင့်အတူ ခွင့်ယူ၍ လိုက်ပါလာကြပါလိမ့်မည်။

"နှမ်း... ကိုကို့ကို စကားပြောဖို့များ သတိမရတော့ဘူးလား"

အခြေအနေအရပ်ရပ်ကို ပြန်လည်စဉ်းစားနေမိဆဲတွင် ဒေါက် တာကျော်ဇေလတ်က ထပ်ပြောလိုက်ခြင်း ဖြစ်ပါ၏။

"ပြန်ဖို့ကို စိတ်စောနေလို့ပါ နှမ်းကို ခွင့်လွှတ်ပါ"

သူက နှမ်းကို ပြုံး၍သာကြည့်နေသည်။ ဘာမှ ထပ်၍မပြော ပါ။ အားနာလာသော နှမ်းက...

"မေမေ့ကို အစစဂရုစိုက်ပြီး လိုက်ပြကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောခဲ့ပါရစေ"

"ဘယ်သူ့ကိုလဲ"

"ရှင်"

"နှမ်းကျေးဇူးတင်တာ ဘယ်သူ့ကိုလဲလို့"

"ဒီကိုပေါ့"

နှမ်းက မေးငေါ့ပြသည်။ လက်ညှိုးလေးပါ တစ်ပြိုင် တည်း ဒေါက်တာကျော်ဇေလတ်သို့ ညွှန်ပြလိုက်ရပါသည်။

"နှမ်းဟာ ခုချိန်ထိ ကိုကို့ကို ဘယ်လိုမှ မခေါ်သေးဘူးနော် သံပြတ်နဲ့ပဲ စကားပြောတယ်..."

ဟုတ်နေတော့လည်း နှမ်းမှာ ရှက်ပြုံး အားနာပြုံးများဖြင့်သာ ခေါင်းလေးငုံ့နေရရှာပါ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ နှမ်းရယ်၊ ကိုကို့ကို မမုန်းပါဘူးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားလေးတစ်လုံးကိုပဲ ကျေနပ်နှစ်သိမ့်စွာနဲ့ မကြာခင်မှာ နွမ်းဆီကို ကိုကို ရောက်လာရပါတော့မယ်၊ ကဲ... ရထားထွက်တော့မယ်တဲ့ တက်တော့... နွမ်း..."

*

မိုးကုပ်စက်ဝိုင်း ညွတ်ကိုင်းနေသော နေရာအထိ မျက်စိတဆုံး စပါးခင်းလွင်ပြင်ဝါကြီးကို မြင်နေရပေသည်။

နွမ်းတို့စီးလာသော ရထားကြီးသည် လယ်ကွင်းများကို ဖြတ်ကျော်ခဲ့သည်။ ရွာများစွာကို လွန်မြောက်ခဲ့သည်။ မြစ်ချောင်းများစွာကို လွှားခုန်ခဲ့သည်။ တစ်မြို့ ဝင်ပြီး ထိုတစ်မြို့မှ ပြန်ထွက်ခဲ့ပြန်သည်။

လူတစ်ယောက်၏ သက်တမ်းတစ်လျှောက်တွင်လည်း ဤသို့ပင် အဖြစ်အပျက်များစွာ အတွေ့အကြုံများစွာကို လွှားကျော်ခုန်လုပ်လျက် အသက်ရှင်နေသမျှ မရပ်မနား ပြေးလွှားနေရပေဦးမည်သာ။

ဘဝနှင့် ယှဉ်သော အသိအမြင်များကို နွမ်း ဆင်ခြင်လာမိသည်။

"ဟုတ်တယ် အကြောင်းအရာတိုင်း အဖြစ်အပျက်တိုင်းဟာ ရပ်တန့်မနေဘူး၊ ဆက်လက်သွားနေတယ်"

"မေမေနဲ့ အသိုင်းအဝိုင်းအားလုံးဟာ ငါ့အတွက် သက်သက် ရပ်တန့်ပြီး ပူဆွေးနေကြမှာ မဟုတ်ပါဘူး၊ ကိုယ့်အကြောင်းနဲ့ ကိုယ်





ဆက်လက်သွားနေကြမှာပါ။ အသည်းနှလုံးတစ်ခုမှာ ခံစားမှုတစ်ခုထဲ ခိုဝင်နေတတ်တာမျိုး မဟုတ်ဘူး။ ကြည်နူးလိုက် ငိုကြွေးလိုက် အေးငြိမ်းလိုက် ပူလောင်လိုက်နဲ့ ရသစုံ ခံစားနေရမှာပေါ့..."

မမခမ်းကိုစွကို ကြည့်လေ... မေမေဟာ သမီးကြီးအတွက် ပူဆွေးတာ တစ်ပိုင်း၊ ငါ့အတွက် ကြည်နူးပေးရတာက တစ်ပိုင်းပဲ...

ငါမရှိတော့ရင်လည်း မေမေဟာ ပူဆွေးခြင်းနဲ့ ရပ်တန့်နေမှာ မဟုတ်ပါဘူး...

ပြီးတော့ မေမေ့မှာ ရောဂါကြီးကြီးမားမားလည်း မရှိဘူး၊ မေမေ့ရဲ့အဖော်အဖြစ်နဲ့လည်း ဖေဖေဟာ ထိုက်ထိုက်တန်တန် ရှိနေပါတယ်။ မေမေ့ရှေ့က အရာရာကို မားမားမတ်မတ် ရပ်ပေးနိုင်တဲ့ ယောကျ်ားမြတ်တစ်ယောက်အဖြစ်နဲ့ ဖေဖေရှိနေမယ်...

ဒီတော့ ငါလည်း ငါ့ဘဝကို ငါ့ဘာသာ တည်ဆောက်ယူတာ၊ အကောင်းဆုံးဖြစ်မှာပေါ့...

သိပ်ချစ်ရတဲ့မောင်မောင့်ကို ခွဲပြီး ငါလုံးဝချစ်လို့ မရတဲ့ ဒေါက်တာကျော်ဇေလတ်ရဲ့ရင်ခွင်ထဲမှာ ငါ့ရဲ့တစ်ဘဝစာကို မြှုပ်နှံ လောင်းရှုံးမခံနိုင်ဘူး...

ဖြစ်ချင်ရာ ဖြစ်တော့ကွယ်...

မန္တလေးရောက်ရင် မောင်မောင့်ကို တွေ့အောင်ရှာမယ်၊ သူရှိတဲ့နေရာကို လိုက်သွားမယ်၊ ပြီးတော့ အရင် အစီအစဉ်အတိုင်း ဆက်ထပ်မယ်၊ ငါ့ရဲ့ဘဝကို မောင်မောင့်ရဲ့ချစ်တတ် ကြင်နာတတ် မြတ်နိုးတတ်လွန်းတဲ့ မေတ္တာတွေနဲ့ တည်ဆောက်ယူမယ်။ လူအေး



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းရချင် နေပါစေ၊ အသည်းနှလုံးလေး အေးငြိမ်းခွင့်ကို မောင်မောင်က ပေးစွမ်းနိုင်မှာ အမှန်ပါကွယ်..."

ဝဲလည်ရွေ့လျားစွာ ကျန်ရစ်ခဲ့သော ရှုခင်းများကို ငေးမျှော်ရင်း နှမ်းမှာ ရင်တွင်းအဓိဋ္ဌာန်လေးများ ချမှတ်နေမိသည်။

နှမ်း၏ဘေးမှ နှစ်ခုံတွဲနေရာတွင် မေမေနှင့် ဒေါ်ကြည်လေးဝေတို့ စကားတွေ ဝေနေအောင် ပြောနေကြသည်။ သည်မှာဘက်တွင် တစ်ယောက်ထဲ တွေးနေသော နှမ်းက...

"မန္တလေးရောက်ပြီး ငါပျောက်သွားရင် ဒီအဘွားကြီးနဲ့ယောက်တော့ ဒေါင်းတောက်တော့မှာပဲ"

"အို မတတ်နိုင်ဘူး ငါလဲ ခမ်းလိုပဲ၊ ငါ့ကိုယ်ငါ ဆုံးဖြတ်ရမယ်"

ဤအတွေးများ ဤဆုံးဖြတ်ချက်များ ဤအဓိဋ္ဌာန်များဖြင့် ချစ်လှစွာသော မောင်မောင်ရှိနေရာ မန္တလေးမြို့သို့ နှမ်းတို့ ဥခနစ်နာရီကျော်ကျော်တွင် ဆိုက်ရောက်ခဲ့ပါပြီတည်း...။

❖



# အခန်း (၂၇)

"ဪ... နှမ်းဆိုတဲ့မိန်းကလေး ပြန်လာပြန်ပြီလား..."

ဒေါ်ဒွန်းမေက မှေးမှုန်သောအကြည့်များဖြင့် ကြည့်ရင်း တိုးလေး ပြောလိုက်သည်။

"ပြန်လာပြန်ပြီလား" ဟူသော စကားကြောင့် ရှက်ရွံ့ကြေကွဲမှုများသည် အပြေးအလွှားပင် နှမ်း၏ရင်သို့ ခိုဝင်လာကြသည်။

"သူ... ကို... ကိုငြိမ်းဝေ ပြန်လာ... ပါသေးလားရှင်..."

ချစ်ခြင်းမေတ္တာတရားသည် ကြီးမားသောသတ္တိထူးများကို ...း ဖြစ်တည်ပေါ်ထွန်းစေတတ်ပါလား။ အဖော်မဲ့ နှမ်းမှာ တစ်...ာက်ထဲပေမယ့်လည်း အရဲစွန့်ပြီး မေးဖြစ်ရပါပြီ။

ဒေါ်ဒွန်းမေ၏အခန်းထဲတွင်လည်း အဘွားကြီးတစ်ယောက်...၊ သူဖြေလာမည့်စကားကို နှမ်းမှာ မျှော်လင့်တကြီး စောင့်...ပါသော်လည်း...



www.burmeseclassic.com

www.burmeseclassic.com



“လာ မိန်းကလေး ထိုင်ဦးကွယ်”

ဖျာငယ်ဟောင်းလေးတစ်ချပ်ကို ခင်းပေးပြီး ကျူဖျာကာ... သော အခန်းငယ်လေးထဲသို့ ဒေါ်ဒွန်းမေ ဝင်သွားသည်။ မျက်... လည်း မကောင်း...

“ရော့... ဒါပဲ ဖတ်ကြည့်ပါ”

စာအိတ်ကြီးတစ်လုံးကို ကမ်းပေးလာသည်။

“ကို... ငြိမ်း... ဝေ က ပေးခဲ့တာလားဟင်”

“ဟုတ်တယ်”

“နှမ်းသွားမှ သူ... သူတို့ ပြန်လာသေးတယ်လား”

“အင်း ပြန်လာတယ်”

“နှမ်း... နှမ်းလာသွားတယ်လို့ ပြောလိုက်ရဲ့လားရှင်”

“ပြောပါတယ် ဒါကြောင့် ဒါပြလိုက်ပါလို့ ပြောသွား... ပေါ့”

‘ပေးလိုက်ပါ’ အစား ‘ပြလိုက်ပါ’ ဟူသော စကား... ဒေါ်ဒွန်းမေ၏လက်တွင်းမှ စာအိတ်ညိုညို ထူထူကြီးကို နှမ်း ယူလိုက်... ရသည်။

အတွင်းမှ ကတ်ပြားမာမာကြီးတစ်ချပ်ပါ။ နှမ်းက ထုတ်... ပြီး ဖတ်ကြည့်လိုက်မိသည်။ စာလုံးများကို ကောင်းစွာမြင်နေရ... သော်လည်း နှမ်းဖတ်ပြီးပါသော်လည်း နှမ်းမှာ မမြင်သလို မသိသ... ပါ။ မယုံနိုင်လွန်း၍သာ နှမ်းထပ်ဖတ်ရသည်။



လက်ထပ်စာချုပ်

သတို့သားအမည်... မောင်ငြိမ်းဝေ

သတို့သမီးအမည်... မထွေးထွေး

နှမ်းမှာ သေချာခိုင်လုံသော တံဆိပ်တုံးများ၊ လက်မှတ်များ ...ရိုက်ရေးထိုးထားသော ကတ်ပြားဖြူကြီးကို မကိုင်ရဲတော့သလို ...ဒွန်းမေ၏လက်သို့ အတင်းတွန်းပို့ရင်း...

“အမလေး... အမေရယ် မဟုတ်နိုင်ပါဘူး... မဖြစ်နိုင်ပါဘူး ...”

“ဟုတ်ပါတယ် သမီးရယ်”

“မဟုတ်ဘူး... မဟုတ်ရဘူး”

နှမ်းမှာ သတိလက်လွတ်သွားရသူလို ဒေါ်ဒွန်းမေကို အားကိုး... ကြီးဖက်တွယ်ရင်း အော်ငိုပစ်လိုက်မိသည်။

“မိုးနဲ့မြေကြီး ပြောင်းပြန်ဖြစ်သွားပြီဆိုခဲ့ရင် နှမ်း ယုံချင် ...မှာပါရှင်... ဒီသတင်းကိုတော့ နှမ်း ဘယ်နည်းနဲ့မှ မယုံနိုင်ပါဘူး၊ ...မဖြစ်နိုင်ပါဘူး...”

“တကယ်ပဲ နယ်မြေတရားရုံးမှာ သူတို့ လက်ထပ်လိုက်ကြ ...ပြီ...”

“ဒီမှာ အမေ ဒါဆိုရင်လေ အမေ့သား ဘယ်လောက်များ ...းရမယ်ထင်သလဲ၊ နှမ်းကို သူ့ဘဝထဲ ဝင်မလာဖြစ်အောင် သူနဲ့ ...းထွေးနဲ့ လက်ချင်းချိတ်ဆက်ပြီး ကာကွယ်လိုက်ကြတာပါ အမေ



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

"နွမ်းနဲ့ အမေ့သားနဲ့ ဘယ်လောက်ချစ်ကြတယ်ဆိုတာ
ငထွေး သိပါတယ်၊ ထွေးထွေးလည်း ဒီလို မရက်စက်ရက်ပါဘူး
ဒါ အမေ့သားဉာဏ်တွေပါ၊ တေးပြုစာဆိုကြီးရဲ့ ပရိယာယ်တွေပါ

"ခက်ပါလားကွယ်"

"အဲဒီလို လုပ်ကြံဖန်တီးပြီး ဒီနည်းနဲ့ နွမ်းကို သူ စွန့်
ဆုံးရှုံးခံလိုက်ပေမယ့် သူ့ရင်ထဲမှာ ဘယ်ထိအောင် ခံစားနေ
ဆိုတာ အမေ သိပါရဲ့လားရှင်၊ သူ့အသည်းနှလုံးတွေ ကွဲကြေ
သူ ပြင်းပြင်းထန်ထန် ခံစားနေရမယ်ဆိုတာ..."

နွမ်းအသံများ တိမ်ဝင်သွားရပါပြီ။ ဆက်လက်ပြောနိုင်
အား မရှိတော့ပါ။

အမေအိုသည်လည်း အပျိုသည်မလေးနွမ်းကို ပြန်လည်
တွယ်ပြီး သည်းထန်စွာ ငိုကြွေးပါသတည်း...။

❖



# အခန်း (၂၈)

**နွမ်း**

ရန်ကင်းတောင်ကို ဒီနေ့လည် ၁၂ နာရီတိတိမှာ
တစ်ယောက်ထဲ လာခဲ့ပါ... စောင့်နေမယ်...

ခမ်း...

လျှို့ဝှက်စွာ ရရှိခဲ့သော စာကိုပါ သယ်ဆောင်ရင်း နွမ်းမှာ
ရန်ကင်းတောင်ရှိရာသို့ တစ်ယောက်ထဲ လာခဲ့ရပါပြီ။

မန်းနေသည် မန်မြေကို စူးရှပူလောင်ခြင်းများစွာ ပေးကမ်း
၍ ကျက်လျက် အုပ်စိုးငုံ့မိုးထားချေသည်။

နေကာမျက်မှန်နက်ဝိုင်းဝိုင်းကြီးကို တပ်ထားပါလျက်နှင့်ပင်
နေရောင်ခြည်က တောက်ပလွန်းနေပါသေးသည်။

မန္တလေးတောင်နှင့် စောင်းတန်းဖြူဖြူလေးများ၏ ရှုခင်းကို
...တိုက်အနေအထားဖြင့် မြင်းလှည်းပေါ်မှ နွမ်း လှမ်းမြင်နေရပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မန္တလေးတောင်ကို ဖဲကြဉ်လွှန်မြောက်ပြီးမှ ရန်ကင်းတောင်သို့ ရောက်ရပါမည်။ နွမ်း နာရီကိုကြည့်လိုက်သည်။ ဆယ့်နှစ်နာရီ ထိုး ခါနီးပါပြီ။

"ခမ်းစောင့်နေပါစေ"

"ခမ်းနဲ့ ဆုံပါရစေ"

ဟု ရင်ထဲမှ ဆန္ဒပြုရင်း နွမ်းမှာ ကျောက်တော်ကြီးဘုရား ရည်မှန်းပြီး လက်အုပ်လေးချီကာ ဆုတောင်းရပါသည်။

မညီညာသောလမ်းကြောင့် မြင်းလှည်းမှာ လိမ့်လူးနေသည်။ နွမ်းမှာ ခမ်း၏ စာပါသော အိတ်လေးကို ရင်မှာ ဖိကပ်ပိုက်ဖက်ထား သည်။ ပြင်ပမှ လူးလိမ့်ရသောဒဏ်ထက် နွမ်း၏ နှလုံးသား လှုပ်ရှား ရသောအရှိန်က ရင်ပွင့်ကွဲထွက်မတတ်ပါပင်။

"စောင့်နေရဦးမလား အစ်မလေး"

"ဟင့်အင်း ဟင့်အင်း မစောင့်နဲ့"

တောင်ခြေရင်းတွင် ဆင်းပြီးသည်နှင့် ငွေတစ်ဆယ့်ငါးကျပ် ပေးပြီး မြင်းလှည်းဆရာကို ပြန်လွှတ်လိုက်ရသည်။ ချစ်သူနှင့် ချိန်း တွေ့သော မိန်းကလေးဟု သူ ယူဆပါလိမ့်မည်။

တနင်္ဂနွေလို ရုံးပိတ်ရက်မျိုး မဟုတ်ပါ၍ တောင်ခြေတွင် လူရှင်း နေသည်။ နွမ်းမှာ စောင်းတန်းထိပ်မှ မစောင့်ဘဲ ရှေ့ဘက်မကျည်းပင် ကြီးအောက်တွင် ရပ်စောင့်နေမိသည်။ နွမ်း၏ လက်ဝဲဘက်ရှိ ခြံ များဆီသို့ သွားရာလမ်းတွင် နွားလှည်းတစ်စင်း မောင်းဝင်သွား သည်ကို နောက်ဖက်မှ မြင်ရရုံမှ တစ်ပါး...

"အို... ဘယ်သူမှလည်း မရှိဘူး... ဒီပတ်ဝန်းကျင်တစ်ခုလုံး မှာ ငါတစ်ယောက်ထဲပါလား"

"မြင်းလှည်းဆရာကို လွှတ်လိုက်တာ မှားပြီ... သူ့ကိုပါ စောင့် ခိုင်းထားရင် ငါ အဖော်ရမှာ"

"ငါ့လက်ထဲကစာဟာ မမခမ်းကိုယ်တိုင်မှ ရေးတာဟုတ်ရဲ့ လား"

ဤအသိတရားကြောင့် ချောက်ချားလာသည်။ နွေနေ့လည်ခင်း ဆိုသော်လည်း လူသူရှင်းလှသော နေရာတွင် နွမ်း ဆက်မနေရဲတော့။

"ကြည့်ပါဦး ဆယ့်နှစ်နာရီနဲ့ ဆယ်မိနစ်ရှိနေပြီ မမခမ်းရဲ့ အရိပ်အယောင်ကိုတောင် မမြင်ရသေးပါလား"

"မဖြစ်ဘူး... ငါမနေရဲတော့ဘူး ပြန်မှပဲ"

နွမ်းမှာ သစ်ပင်ရိပ်အောက်မှ ထွက်လိုက်သည်။ သွက်လက် သောခြေလှမ်းများဖြင့် အပြန်ခရီးကို စတင်ခဲ့ပါပြီ။ နွမ်း၏ ရှေ့လမ်း မှာ ရှင်းပြန့်နေသော်လည်း ပူပြင်း လောင်မြိုက်လှချေသည်သာ။

မွန်းတည့်နေအောက်တွင် သုတ်သုတ်ကလေး ပြေးမတတ် လျှောက်နေသော နွမ်း၏ မြင်ကွင်းရှေ့တည့်တည့်ဆီမှာ ဂျစ်ကားဖြူ လေးတစ်စီး အပြင်းမောင်းလာနေပါ၍ စတင်မြင်ရပြီး မကြာခင်မှာ ပင် နွမ်း၏ အနီးသို့ ရောက်ရှိလာသည်။ နွမ်းမှာ လမ်းဘေးသို့ တိမ်း ရှောင်၍ ဖြည်းဖြည်းလျှောက်ရင်း ရင်တထိတ်ထိတ်နှင့် အခြေအနေကို စောင့်ကြည့်နေရှာသည်။

"ဂျွိ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဘရိတ်နင်းသံနှင့် အတူ နွမ်း၏ဘေးတည့်တည့်မှာ
ဂျစ်ကားက ရပ်လိုက်သည်။ ကားထဲတွင် ကားမောင်းသူနှင့် အမျိုး
သမီးတစ်ယောက်...။

ခမ်းတော့မဟုတ်...။

"လာ... တက်"

အမျိုးသမီးကပြောရင်း ကားမောင်းသူဘက်သို့ တိုးရွှေ့လိုက်
သည်။ တစ်နေရာစာ ကွက်လပ်ဖြစ်စေသည်။

"အို"

နွမ်းမှာ ခေါ်လာသူအမျိုးသမီးကို အံ့သြကြောက်ရွံ့စွာ ကြည့်
ပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိသည်။

ဆံပင်အတိုနှင့် နေကာမျက်မှန်နှင့် ဘလောက်(စ)အင်္ကျီအနက်
နှင့် ပုံက ခပ်မိုက်မိုက်မို့ နွမ်း သူ့ကို ကြာကြာမကြည့်ရဲ။ မျက်နှာ
လွှဲပြီး ဆက်လျှောက်ဖို့ ကြိုးစားစဉ်မှာပင်...

"ဟဲ့... နွမ်း... လာလေ ဘာကြောင်နေတာလဲ"

"ဟင်"

"ငါ ခမ်းပါ"

"အို"

"ကားဒုက္ခပေးနေလို့ နည်းနည်းနောက်ကျသွားတာ၊ လာ...
လာလေ... တက်..."

နွမ်းတက်ပြီးသည်နှင့် ကားက တရှိန်ထိုးထွက်သည်။ ပုံ
ပြောင်းထားသောခမ်းကို နွမ်းက အသေအချာကြည့်လိုက်ပြီး သူ့





နှစ်ဖက်ကို မွကြေသွားမတတ် ဖျစ်ညှစ်ဆုပ်ကိုင် ဆွဲခါရင်း...

"မမခမ်း"

နွမ်း၏ခေါ်သံက ရင်အက်ကွဲသံ လှိုက်သံ ပါလာသည်။
ခံစားမှုများစွာက ရင်ထဲတွင် ဖြောင်းဆန်နေပါ၍ ရင်ပွင့်ကွဲမတတ်
ပါပင်။ ဘာက စ၍ ပြောရမှန်း မသိ။

နွမ်းမျက်ဝန်းမှ ချက်ချင်းပင် မျက်ရည်များသွယ်ဆင်းလာခဲ့
သည်။

"ထိန်းထားပါဦး နွမ်း၊ တောင်ပေါ်ရောက်မှပဲ ဆွေးနွေးကြ
ရအောင်ပါကွယ်"

"အမလေး သူကတော့ ရင့်ကျက်လို့ တည်ငြိမ်လို့ပါလား၊
နွမ်းမှာသာ မသေရုံတမယ် ခံစားနေရတယ်..."

ဟူသော အသိစိတ်များနှင့် ခမ်းကို နွမ်း စိမ်းစိမ်းကြီး ကြည့်
ပြီး ကိုင်ထားသောလက်များကို ဖြေလွှတ်လိုက်မိသည်။

ရက်စက်လေခြင်း... လုပ်ရက်လေခြင်း...

ဟူသော အပြစ်တင်စိတ်များနှင့် အတူ အသက်နှင့် အမျှ ချစ်
ခင်စွာ အတူနေထိုင်ခဲ့ကြသော အမြွှာညီအစ်မချင်းမို့လည်း အောက်မေ့
စိတ် နှမြောစိတ် ဝမ်းနည်းစိတ်များက တစ်ချိန်တည်း တစ်ပြိုင်ထဲမှာ
ယှဉ်တွဲခံစားလာသည်။

"ဆင်း နွမ်း၊ တောင်ပေါ်က တန်ဆောင်းတစ်ခုခုထဲရောက်မှ
စကားပြောကြရအောင်"

နွမ်းနှင့် ခမ်း ဆင်းပြီးသည်နှင့် ကားက စောစောက နွမ်း



www.burmeseclassic.com

www.burmeseclassic.com



ရင်စောင့်နေခဲ့သော သစ်ပင်ရိပ်အောက်မှာ သွားရပ်သည်။ ကားပေါ်က သူက ဆင်းမလာ။ သူ ခွန်မိုင်းများလား...။

“လာ... နွမ်း”

ညီမလက်ကလေးကို ဖေးမယုယစွာ တွဲခေါ်ပြီး စောင်းတန်းများကို စတင်တက်ခဲ့ကြသည်။ ဤရန်ကင်းတောင်ကို နွမ်းတို့ မကြာခဏ ရောက်ခဲ့ကြဖူးပါသည်။ ဘုရားအလောင်း ငုံးမင်း၊ ငါးရံ့မင်း၊ ခိုမင်း၊ ဟင်္သာ၊ ကြိုးကြာ စသော နှစ်ဦးဘဝကို ရည်မှန်း၍ ဘုရားများ တည်ထားကိုးကွယ်ကြသည်။ အရိပ်ကောင်းလွန်းသော တောင်ကြောကြီး၏အလယ်တွင် အမိုးမဲ့သော ကျောက်ဂူကြီးနေရာကို နွမ်းတို့ အံ့မခန်းသဘောကျခဲ့ကြဖူးသည်။ ကျောက်ခက်နွယ်များ သွယ်ကျပြီး ဘုရားများထွင်းထုထားသည်ကိုလည်း ကြည်နူးဖွယ် မြင်တွေ့ရပါ၏။

“လာ... နွမ်း ဒီမှာပဲ ထိုင်ကြရအောင်”

စေတီတော်အသစ်ကလေး တည်နေရာ တန်ဆောင်းတစ်ခု၏ ချောင်ကျသော အုတ်ခုံလေးပေါ်တွင် ထိုင်မိကြပြီးသည်အထိ နွမ်း၏ မျက်ရည်များက ကျဆင်းနေဆဲပါ။

“မေမေ နေကောင်းသွားပြီနော်”

နွမ်း ခေါင်းညိတ်ပြမိသည်။

“နင်တို့ ဘယ်တော့ ကျောက်မဲ ပြန်ကြမလဲ”

“မသိဘူး”

“ဖေဖေနေကောင်းတယ် မဟုတ်လား”

“အင်း”





“မေမေ့ကို ဘယ်ဆရာဝန်နဲ့ ကုခဲ့လဲ”

“မမခမ်း”

နွမ်းက လှိုက်လှဲသံနှင့် ခေါ်လိုက်သည်။ စိတ်ကိုတင်း၍ မာန်သွင်းလိုက်ပြီးမှ...

“ဘာဖြစ်လို့ အလ္လာပ သလ္လာပစကားတွေ ပြောနေရတာလဲ၊ မမခမ်းလုပ်သွားလို့ အိမ်မှာ ဘယ်လောက်မီးတောက်နေရပြီလဲ၊ အို မမခမ်းမွှေးသွားတဲ့မီးဟာ နွမ်းရင်ထဲမှာ လောင်ခဲ့ရတယ် သိလား၊ အခု နွမ်းရဲ့အသည်းနှလုံးတွေဟာ အဲဒီမီးရှိန်ကြောင့် ကြွေကျွမ်းကုန်ပြီ မမခမ်းရဲ့ သိရဲ့လား”

သည်တော့လည်း ရုပ်ဖျက်ထားသော ခမ်း၏မျက်ဝန်းမှာ မျက်ရည်လေးများ ဝဲလာသည်။ နွမ်းကပင်...

“အခုပဲ နွမ်းနဲ့အတူ အိမ်ပြန်လိုက်ခဲ့ပါ မမခမ်း၊ ပြဿနာပေါင်းစုံကို လိုက်ရှင်းပေးစမ်းပါ၊ အို အရင်လိုပဲ အိမ်မှာပြန်နေပါ၊ နော် မမခမ်း”

ခမ်းက ဖြည်းညင်းစွာ ခေါင်းရမ်းသည်။

“မမခမ်း လိုက်မှကို ဖြစ်မယ်၊ နွမ်း ရအောင် ခေါ်သွားမယ်”

“ဘယ်ဖြစ်မလဲ နွမ်း၊ ငါဟာ အမှောင်ထဲကို ရောက်နေပြီ”

“အို အမှောင်တွေ အမဲတွေ နားမလည်ဘူး၊ သူ့ညီမက အတင်းခေါ်သွားတယ်လို့သာ ပြောပြီး အိမ်ကို တစ်ခါတည်း လိုက်ခဲ့စမ်းပါ၊ ဟိုရောက်မှပဲ ရှင်းစရာရှိတာ ရှင်း... ပြောစရာရှိတာ ပြော...”

www.burmeseclassic.com



နွမ်းရင်ထဲသို့ နောင်တတစ်ခု လှစ်ခနဲရောက်လာသည်။ သူ— ဆိုင်ရာရဲဌာနကို တိုင်တန်း အကူအညီမတောင်းခဲ့မိလေခြင်း ယခု— ခမ်းငြင်းနေလျှင် ဖမ်းချုပ်ပြန်ခေါ်ခွင့် ရနိုင်အောင်ပါ...။

ခမ်းက ဖြည်းညင်းစွာ ခေါင်းရမ်းလိုက်ပြီး...

"ပြန်လိုက်လို့ မဖြစ်တော့ဘူး နွမ်း... ငါလည်း အစက လွယ်လွယ်တွေးပြီး လွယ်လွယ်လုပ်ခဲ့မိတာ၊ ခုတော့ အင်မတန်မှ နက်ရှိုင်းတဲ့ အမှောင်ထုထဲက ငါ့ကို အလွယ်တကူပြန်ထွက်ခိုင်းဖို့ မကြိုးစားပါနဲ့တော့ ညီမရယ်..."

"မဟုတ်သေးဘူး မမခမ်း၊ ဒါ မြို့ပေါ်မှာပါ၊ သူတို့ ဘာ နှောင့်ယှက်နိုင်မှာလဲ၊ လိုက်ခဲ့ပါ မမခမ်းရယ်"

"ဩော် သူတို့ရဲ့ဖွဲ့စည်းပုံကို နွမ်း နားမလည်ပါဘူးကွယ်၊ သူတို့နဲ့ယှဉ်လို့ မဖြစ်လို့ပါ... ဒီမှာ နွမ်း"

"ဟင်"

"တို့ညီအစ်မ ဒီလိုအကြောင်းပွားနေလို့ အချိန်တွေ နှမြောစရာ ငါ့မှာ အချိန်သိပ်မရဘူး၊ တိုတိုနဲ့ လိုရင်းပဲ ဆွေးနွေးကြရအောင် ပါလေ၊ နင် ငါ့ကို ဘာပြောစရာရှိလဲ နွမ်း"

"ဘာပြောစရာရှိလဲ... ဟုတ်လား"

"အင်းလေ"

"အမလေး ပြောချင်တာတွေသာ စီချလိုက်ရင်တော့ ကမ္ဘာ ဆယ်ပတ်စာလောက် ထွက်လာမှာပဲ မမခမ်း"

"အဓိကကို ရွေးပေါ့"





"မမခမ်း အိမ်က ထွက်သွားတာ ကိုယ့်သဘောနဲ့ကိုယ် ကိုယ့် —တ်လမ်း ကိုယ်ဆင်သွားတာ မဟုတ်လား"

"ဟုတ်တယ် နွမ်း"

"ဘာသဘောနဲ့လဲ"

"စောစောကပြောသလို လွယ်လွယ်တွေးလိုက်မိတာပါ၊ ငါ —စပ်တော့မယ်ဆိုတဲ့ သတင်း ရလာတဲ့ ခွန်မိုင်းဟာ ခရီးလွန်နေရာ— ပြန်လာပြီး သူ့ဆီ အမြန်ဆုံးလိုက်ခဲ့ပါ... လို့ လာပြီး ဆက် —ယ်တယ်"

"ဒီတော့..."

"ငါလည်း ရတ်တရက် ကြံမိကြံရာ ကြံပြီး ငါ့ကို ပြန်ပေးဆွဲ —လို လာခေါ်ပါလို့ မှာလိုက်ပြီး တနင်္လာနေ့မှာ လာရွေးဖို့ ရွေးခဲ့ —ယ်။ အဲဒီသဘောကလည်း ဒေါက်တာကျော်ဇေလတ်နဲ့ စေ့စပ်ရေး —က်ပြားသွားအောင် မေမေတို့က ဖျက်မပစ်ရင်တောင်မှ ရက်ရွှေ့ —င်ရအောင် လုပ်ခဲ့တာပဲ..."

"သိတယ်မဟုတ်လား"

"သိတယ်လေ ဘယ့်နဲ့ဘယ်နဲ့ နင့်ကို ငါနေရာ အစားဝင်ပြီး —စပ်ခိုင်းရတာလဲ၊ အလကား ရှုပ်ကုန်တာပေါ့"

"အမလေး ရှုပ်ရုံ ဘယ်ကမလဲ"

"ငါ အားလုံးသိတယ် နွမ်း... အဲဒီကိစ္စတွေအားလုံးကို နင့် —မြိမ်းဝေကရော နားလည်ရဲ့လား၊ ခွင့်လွှတ်ရဲ့လား..."

"ဒီမှာ... မမခမ်း"



www.burmeseclassic.com

www.burmeseclassic.com



နွမ်းက အသံပြတ်ဖြင့် ခေါ်ပစ်လိုက်သည်။ ခေါ်တော့ မမခ… ပါပဲ၊ စကားပြောတဲ့အခါမှာဖြင့် တစ်ခါတရံ နင်တွေ ငါတွေ… ပြောမိသည်။ အစ်မဆိုသော်လည်း ဆယ်မိနစ်မျှကြီးသော အစ်မ…

ခမ်းနှင့် အတူတူနေကြရစဉ်က ခမ်း၏ချစ်သူမှာ ခွန်မိုင်း… နွမ်း၏ချစ်သူမှာ ကိုငြိမ်းဝေအဖြစ်နှင့် နားလည်မှုရှိထားခဲ့ကြသည်… နွမ်းကပင် ဆက်လက်၍…

"ငါ့ချစ်သူအတွက် ငါ့ရင်ထဲမှာ မီးတောက်နေရပြီ မမခမ်း… သိရဲ့လား၊ နင်ဟာ ဘာဖြစ်လို့များ ဒီလောက်ကြီးမားတဲ့ခွန့်… လိမ်လည်မှုကြီးကို ဖန်တီးပြီး အိမ်ကို စွန့်ခွာသွားရတဲ့အကြောင်း… တွေသာ ပြောစမ်းပါ မမခမ်း..."

"ငါပြောပါရောလား အစတုံးကတော့ ခပ်လွယ်လွယ်ပဲ တွေး… တာပါ၊ ဒါပေမဲ့ ဟိုထဲ ရောက်သွားတော့လဲ နှံ့နစ်သူတစ်ယောက်… ပါပဲ နွမ်းရယ်၊ နှုတ်လေ နစ်လေဆိုတဲ့ အဖြစ်မျိုးပဲ"

"အောက်မှာစောင့်နေတာ ကိုခွန်မိုင်းလား"

"ဘယ်ဟုတ်မှာလဲ သူက ဒီလိုသွားလို့ ဘယ်ရမလဲ"

"သူက ဘယ်မှာလဲ"

"တောထဲမှာပေါ့"

"ဩော်... မမခမ်းတို့ကို နမ့်ဆန်လမ်းမှာ အစ်ကိုအိုက်အေး… တွေ့ခဲ့တယ်တဲ့၊ မမခမ်းဘေးက လူက သားရေဂျာကင် သားရေဘောင်… ဘီနဲ့ ဂျစ်ကားပေါ်မှာတဲ့"

"ဩော် အေး ဟုတ်တယ် အဲဒါ ခွန်မိုင်းပဲ"

"အဲဒီလိုတော့ သွားလို့ရလား"

"ဟိုနယ်တွေမှာတော့ တစ်ခါတလေ ဖြတ်သန်းသွားတာပဲ၊ …လေးလို မြို့ကြီးပေါ်တော့ ဘယ်တက်ရဲမလဲ..."

"ကဲ... ပြောစမ်းပါဦး မမခမ်းရယ်"

"ပြောရမယ်ဆိုရင်တော့ အစက ရည်ရွယ်ချက် မရှိပါဘူး၊ …မိုင်းသေပြီလို့လည်း သတင်းရထားတော့ မေမေတို့ စိတ်ချမ်းသာ…အောင် ဒေါက်တာကျော်ဇေလတ်နဲ့ လက်ထပ်ပါတော့မယ် ဆိုပြီး …ပြတ်ကတိပေးလိုက်လို့ စီစဉ်ကြတာပါ"

"အင်း"

"ဟိုး... မူဆယ်၊ နမ်းခမ်းဘက်မှာ ဒုက္ခရာရပြီး ဆေးရုံ…နေ…ဲ ခွန်မိုင်းဟာ အဲဒီသတင်းလည်း ကြားရော၊ တောတွေ၊ …ခင်…ထဲက ခြေလျင်ခရီးနဲ့ ငါ့ဆီကို အသက်စွန့်ပြီး လိုက်လာရှာ…ယ်…ရယ်၊ ဒါနဲ့ ဒါလည်း ကြံမိကြံရာ ကြံပြီး သူ့ဆီလိုက်သွားခဲ့…ပေါ့"

"အင်းပေါ့လေ ဒီမှာ ဘာပဲဖြစ်ဖြစ် မမခမ်းကတော့ ကိုယ့်…သူနဲ့ တူတူနေခွင့်ရသူ ဆိုတော့ ပျော်နေမှာပေါ့"

"ဒီလိုလည်း မဟုတ်သေးပါဘူး နွမ်းရယ်"

"ဒါဖြင့် ဘယ်လိုလဲ"

"ခွန်မိုင်းကတော့ ငါ့ကို သူ့ရင်ခွင်ထဲ ခွဲထည့်ထားမလောက် …ရှာပါတယ်။ ငါလိုက်လာတာကိုလည်း သူ သိပ်ဝမ်းသာရှာတယ်… …ပေမဲ့ သူ့မှာ ဝါဒစွဲလေးက ရှိနေပြန်တယ်။ အဲဒီဝါဒလမ်းစဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူမလွန်ဆန်နိုင်ရှာဘူး"

"ဘာဝါဒလဲ မမခမ်း"

"နင်နားမလည်ပါဘူး နွမ်း၊ ငါကိုယ်တိုင်တောင် သိ[illegible] မကြိုးစားပါဘူး။ သူတို့ကိုယ်တိုင်လည်း တွေဝေရတဲ့အခါတွေ[illegible] ပါတယ်။ ဝါဒပိုင်းတွေ၊ အဖျက်ကိစ္စ လှုပ်ရှားမှု အစုအဝေးတွေ[illegible] ကိုတော့ ထားလိုက်ပါတော့လေ၊ ငါ့အကြောင်းပဲ ငါပြောမယ်"

"အင်း"

"ငါ့ဘဝပျောက်ဆုံးခဲ့ပြီး ခမ်းသေဆုံးသွားပြီလို့ [illegible] ထားလိုက်တဲ့ငါဟာ ဘဝသစ်မှာ သူတို့နဲ့အတူ ရန်းကန်လှုပ်ရှား[illegible] ရတယ်။ ခွန်မိုင်းပြဿနာဟာ ငါ့ပြဿနာဖြစ်လာတယ်။ ခွန်မိုင်း[illegible] တာဝန်ပိုင်းတွေကို ငါဟာ မျှဝေ ဆောင်ရွက်ရတဲ့အဆင့်အထိ [illegible] လာတယ်။ ဒါကြောင့် ငါဟာ နင့်မှတ်ပုံတင်နဲ့ မန္တလေးလာ ရန်[illegible] ဆင်း [illegible]ပ်နေခဲ့တယ်"

"ဟင်... ငါ့မှတ်ပုံတင် နင်ယူသွားတယ်မဟုတ်လား"

"မဟုတ်ပါဘူး ခမ်းနေရာမှာ ခကွေးကို နငယ်လုပ်ပြီး [illegible] လိုက်တာပေါ့"

"အို"

"ငါ့ကို ကျောက်ဆယ်ခရိုင်မှာ မသက်ာလို့ ရှာပြီး [illegible] တက္ကသိုလ်က နွမ်းဆိုတာ ကဋ္ဌနဆောင်မှာ တကယ်ရှိရဲ့လား [illegible] လှမ်းမေးသေးတယ်၊ ဟိုက ရှိပါတယ်။ ခရီးထွက်သွားတယ်လို့ [illegible] စကားရတော့ ငါ လွတ်သွားခဲ့တယ်။ ဒါကြောင့် နင့်ကိုယ်[illegible]

[illegible]တာတွေကို ခွင့်လွှတ်ပါ နွမ်း"

"မမခမ်း"

"နင် ဘာတွေလုပ်နေလဲ ဟင်"

"အရှင်းဆုံးပြောရရင်တော့ လူမျိုးစုံ၊ လူဆိုးစုံ ရောနေတဲ့ [illegible]ဖွဲ့သားတွေအတွက် တစ်ဖက်ပါစလမ်းက ရန်ပုံငွေ ရှာပေးနေ[illegible]တယ်ဆိုပါတော့"

"ရန်ကုန်မှာ ငါ့လက်ထဲရောက်လာတဲ့ ငွေထုပ်ဟာ ဘာ[illegible]င်းတာလဲ"

"အစိမ်း"

"ဟင်"

"ပစ္စည်းက ပေးပြီးပါပြီ။ ငွေကို ဈေးမှာလာယူတာ ဖိုးမောင် [illegible]တဲ့ကောင်က ခပ်အူအူရယ်၊ နင့်ကို လူမှားပြီး လာပေးသွားတာ"

"ကောင်းပါတယ်၊ ဒါကြောင့်လည်း ဆက်သွယ်ခွင့် ရတာပေါ့၊ [illegible] မမခမ်း...မမခမ်းကို ညီမတစ်ယောက်အနေနဲ့ ဒီတိုင်းကြည့် [illegible]နိုင်တော့ဘူး သိလား။ မမခမ်း မသေသေးဘူးဆိုတာ ဖေဖေ [illegible]နေပါပြီ။ သက်ဆိုင်ရာကို အကူညီတောင်းပြီး မမခမ်းကို ပြန် [illegible]မယ်။ ကိုယ့်ဘဝမှန်ကို ပြန်ရောက်အောင် လုပ်ယူမယ်။ ဒီတိုင်း [illegible] မမခမ်းရဲ့ဘဝဟာ ကြာလေနစ်လေ ဖြစ်တော့မယ် မမခမ်းရဲ့"

နွမ်းက ငိုရင်းပြောမိသည်။

"ငါ့ကို သိပ်ချစ်ရှာတဲ့ ခွန်မိုင်းကို ငါ မခွဲနိုင်တော့ဘူးနွမ်း"

"အို... ဒါဖြင့် နှစ်ယောက်လုံး အလင်းဝင်လာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွန်မိုင်းကတော့ မဖြစ်တော့ပါဘူး၊ ငါမလာခင်လေးတင် ငါ့ကို ကြံတဲ့ လူနှစ်ယောက်ကို သူသတ်ပစ်လိုက်သေးတယ်"

"ဟင်"

"ငါ့ဘဝလည်း မကောင်းတော့ပါဘူး နွမ်းရယ်၊ ငါကိုယ်တိုင်ကလည်း ပြန်လာချင်စိတ် မရှိတော့ပါဘူး၊ ခွန်မိုင်းနဲ့ပဲ အတူနေ သူနဲ့ပဲ အတူသေဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"နင် ဒီလောက်မိုက်မဲလိမ့်မယ်လို့ ငါမထင်ခဲ့ဘူး မမခမ်း"

"အေး၊ လူတွေဟာ အချစ်နဲ့ ပတ်သက်ရင် မိုက်မဲရဲကြ ချည်းပဲ"

"အေး ကိုယ့်တစ်ဘဝစာအတွက် မိုက်မဲရုံဆိုရင်တော့ ကောင်း တာပေါ့။ ခုတော့ မေမေလည်း သေတော့မယ်၊ ငါ့မှာလည်း အသည်းကွဲရတော့မယ် မမခမ်းရဲ့"

"နင်နဲ့ ကိုငြိမ်းဝေနဲ့ မပြေလည်ကြဘူးလား"

"မမေးနဲ့ မမေးပါနဲ့တော့"

"ဟင် နင်ဒိုတော့လည်း ငါစိတ်မကောင်းဘူး နွမ်း ဘယ်လိုဖြစ်ကြတာလည်း ပြောစမ်းပါဦး"

"ဘာဖြစ်ရမလဲ မမခမ်း၊ မမခမ်းကို တနင်္လာနေ့မှာ ပြန် ယူလို့ ရမယ်ထင်ပြီး တနင်္ဂနွေက ငါ့ကို အစားထိုး စေ့စပ်လိုက်တာ အဲဒီဆရာဝန်က သိသွားတော့ သူ့ကို တစ်ပတ်ရိုက်မခံနိုင်ဘူး ကိုပဲ ယူမယ်လို့ ပြောတာပေါ့။ တိုတိုပြောရရင်တော့ ခုရက် အတွင်းမှာ လက်ထပ်ပေးဖို့ သူ့အမေပါ တို့နဲ့ တစ်ပါတည်းပါလာ



"ဟင်... ကိုငြိမ်းဝေရော"

"မရှိတော့ဘူး၊ သူလည်း ရှောင်ပေးသွားရှာပြီ"

"ဒါဖြင့် နင် ဘာလုပ်မလဲ၊ ဒေါက်တာ ကျော်ဇေလတ်နဲ့ က်ထပ်မလား"

"ငါသတ်သေမယ်"

"ဟဲ့... နွမ်း"

"ဟုတ်တယ် သမီးနှစ်ယောက်လုံးဆုံးတဲ့ မေမေလည်း မကြာ င် သေမှာပဲ။ ငါသေရင် ငါ့ကို သိပ်ချစ်တဲ့ မောင်မောင်လည်း သေ ပဲ။ အားလုံးသေကုန်တော့လည်း အေးတာပဲ"

"ခက်ပါလား နွမ်းရယ်... ငါကတော့ ငါ့ကိုယ်ငါ သေပြီဆိုပြီး တ်မြုပ်နေလိုက်မယ်၊ ဒေါက်တာကျော်ဇေလတ်နဲ့ စေ့စပ်ပွဲလည်း က်ရောလို့ ထင်ခဲ့တာ ခုတော့ ဇာတ်က ရှုပ်နေပြန်ပြီပေါ့"

"တစ်လမ်းပဲ ရှိတယ် မမခမ်း၊ မမခမ်းပြန်လာပါ"

ခမ်းသည် စေးထန်းအေးစက်နေသော လက်လေးများဖြင့် မယ်၏ လက်ကို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်သည်။ သူ့မျက်ဝန်းမှာ ည်း မျက်ရည်များနှင့်ပါ။

"သက်တော့ မသေလိုက်ပါနဲ့ နွမ်းရယ်"

"ဒါဖြင့် ပြန်လာမှာလားဟင် မမခမ်း"

"လောလောဆယ်မှာတော့ ငါလည်းစခန်းကို ပြန်ရဦးမယ်၊ ကောင်းဆုံးနည်းလမ်းကို ရွေးကြသေးတာပေါ့လေ"

"မမခမ်း ပြန်မလာနိုင်ရင်တော့ ဘာနည်းလမ်းမှ ရွေးနေစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး၊ နွမ်းဟာ သေရင်လည်း သေရမယ်၊ လူမသေဖြစ်ရင်လည်း ဒေါက်တာကျော်ဇေလတ်ရဲ့ရင်ခွင်ထဲမှာ ဘဝသေရမယ်၊ ဒီနှစ်... ရှိတယ်"

"ဩော် နေဦး၊ ဒေါက်တာကျော်ဇေလတ်က နိုင်ငံခြားသွား... တော့မယ်ဆို"

"ဟုတ်တယ် ဒါကြောင့် လက်ထပ်ဖို့ကိစ္စကို အမြန်ဆုံး... ရွက်ကြတာပေါ့"

"အေး ဒီတစ်လအတွင်း သူသွားရမယ် ပြောတာပဲ"

"မမခမ်း ဘယ်လိုလုပ်သိလဲ"

"နင်တို့နားမှာ ငါ့ရဲ့အတွင်းလူ ရှိနေတယ် နွမ်း"

"ဘယ်သူလဲ"

"မသိချင်ပါနဲ့ ဒီမှာ ငါပြောမယ်"

"အင်း"

"နင် ကိုငြိမ်းဝေကို တွေ့အောင်ရှာလေ"

"မလွယ်တော့ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"သူ တွေးတွေးနဲ့ လက်ထပ်သွားပြီ"

"ဟယ်... ဒီလောက်သစ္စာမရှိတဲ့လူကို နင်က..."

"မမခမ်း မသိပါဘူး၊ နွမ်းကို ဟိုဆရာဝန်နဲ့ လက်ထပ်... အောင် သူတို့လုပ်ကြတာ၊ သူတို့နှစ်ယောက်အကြောင်းကို နွမ်း... ဆုံးပါ"

"ဒါဖြင့်လည်း ဒီလိုလုပ်ပါလား"

"ပြော"

"နင် ကိုငြိမ်းဝေကိုတွေ့အောင်ရှာ ပြေလည်အောင် လုပ်"

"သူက ထွက်သွားနှင့်ပြီ၊ ကျော်ဇေလတ်နဲ့က လက်ထပ်ဖို့ ...ပိုင်းပဲ လိုတော့မှာ၊ ဘယ်နဲ့လုပ်မလဲ"

"ဒါဖြင့်လည်း လက်ထပ်လိုက်လေ"

"ဟင်... ဘာပြောတယ်"

"ဟုတ်တယ် သူနဲ့လက်ထပ်ပြီး နေရလှ နှစ်ပတ်ပေါ့..."

"သူ သွားဖြစ်ဦးမှကို"

"သေချာတယ် ငါသတင်းကြားပြီးပြီ၊ ဒါကြောင့် လက်ထပ်...က်တော့လို့ ပြောတာပေါ့"

"ဘာ"

"သူ နိုင်ငံခြားကို သုံးနှစ်လောက်သွားနေတဲ့အတွင်းမှာ နင်နဲ့ ...ငြိမ်းဝေနဲ့ ပြေလည်နိုင်ကြမှာပါ၊ သူ့ကို ရှာလို့ရမှာပါ"

နွမ်းမှာ သူ့မမခမ်းပြောနေသော စကားများကို ကြားရပါလျက် ...မလည်နိုင်။ ဇမာစကားစစ်စစ်တွေ ပြောနေတာမှ ဟုတ်ပါရဲ့လား ...သံသယမျက်ဝန်းများဖြင့် ကြည့်ပြီး...

"မမခမ်း နင် ဘာတွေပြောနေတာလဲ"

"ငါ့ဘဝကတော့ မထူးတော့ပါဘူး နွမ်း၊ ခွန်မိုင်းကလည်း ...လွတ်တက်တဲ့သူပါ..."

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာကျော်ဇေလတ်နဲ့ လက်ထပ်ပြီး နှစ်ပတ်အ
ဒါ သူမပြန်မချင်း နှင့်ကိုယ်စား ငါလာနေပေးမယ်"

"ဘာ"

"ဒီအတွင်း နှင် ကိုငြိမ်းဝေကို ရှာပေါ့၊ ပြီးတော့ သုံးနှစ်
ခချိန်ဟာလည်း အကြာကြီးပါပဲ၊ ဒီအတွင်း ပြောင်းလဲမှုတွေ
ဖြစ်လာနိုင်ဦးမှာပါ"

"အမလေး မမခမ်းရယ်၊ နှင် ဦးနှောက်မှ မှန်ရဲ့လား
အပ်မစည်အပ်တာတွေ ကြံပြန်ပြီ"

"ဘယ်နဲ့လုပ်မလဲ မေမေတို့က ဒီသမက်ကိုမှ တမ်းတ
ဖြစ်နေကြတာကိုး၊ ပြီးတော့ နှင်ကလည်း သူ့ကိုယူရရင် သတ်
မယ်ဆို"

"အေးလေ ဒါပေမဲ့ ညီမနဲ့လက်ထပ်ပြီး အစ်မက သူနဲ့
လာနေပေးရမယ်ဆိုတဲ့ အဖြစ်ကိုလည်း စဉ်းစားဦးမှပေါ့ မမခ
ဒီအတွင်း နွမ်းက ဘယ်သွားပြီး ဘာလုပ်နေရမှာလဲ"

"နှင် ကိုငြိမ်းဝေဆီ သွားနေပေါ့"

"တော်စမ်း... မမခမ်း"

နွမ်းက စိတ်ပျက်လက်ပျက်ဖြင့် ခမ်းကို ကြည့်လိုက်မိပါသ
ခနီးကပ်ကြည့်မှ ဆံပင်တိုပုံစံ လုပ်ထားမှန်း သိရသည်။ မျက်ခုံ
ကို အားလုံးရိပ်ချပြီး သေးသေးမျှင်မျှင်လေးဆွဲထားသည်။ သူ့
ထဲမှာ အကြံဉာဏ်များစွာနှင့် မမခမ်းက...

"ဟုတ်တယ် နွမ်း၊ ဒါဆို အားလုံးပြေလည်မယ်၊ လက်ထ





ကိစ္စကို သိပ်ငြင်းမနေနဲ့၊ လက်ထပ်ရမယ့်နေ့မှာ နှင်နဲ့ငါနဲ့ လူချင်း
လဲပြီး နေလိုက်မယ်၊ ကျော်ဇေလတ် နိုင်ငံခြားသွားတဲ့အထိ ငါ
အတူနေပေးမယ်၊ ဒါဆို အားလုံးပြေလည်ရော၊ နှင် ကိုငြိမ်းဝေကိုသာ
တွေ့အောင်ရှာထားပါ နွမ်း"

"တော်ပြီ မမခမ်း ဟိုဆရာဝန်က မသိဘူးထား၊ သူ ပိုင်ဆိုင်
ရသူဟာ နွမ်းပဲဆိုပြီး ကိုငြိမ်းဝေကို မယားခိုးမှုနဲ့ အို တော်ပြီ...
မမခမ်း အရှုပ်ကလေးကနေ အရှုပ်ကြီးဖြစ်လာအောင် မလုပ်ပါနဲ့
တော့၊ လူမှုရေးတွေ တရားဥပဒေတွေပါ ပါလာရမယ့် အရှက်တကွဲ
ကိစ္စမျိုးကြီးကို မဖန်တီးပါနဲ့တော့ မမခမ်းရေ..."

"နှင့်အကြောင်းကို ငါအသိဆုံးပါ နွမ်း၊ နှင်က စိတ်နုနွဲ့တယ်၊
နုံးညံ့တယ်၊ စိတ်ကောင်းရှိတယ်၊ တစ်ခုခုကို မဆုံးဖြတ်ရဲဘူး၊ နှင်
သတ်မသေရဲပါဘူး နွမ်းရယ် ကြည့်လိုက်စမ်းပါ၊ နှင်ဟာ အသိုင်း
အဝိုင်းနှစ်ခုရဲ့ချုပ်နှောင်မှု စည်းဝိုင်းထဲကနေပြီး ဒေါက်တာကျော်
ဇေလတ်ကို လက်ထပ်ရတော့မှာပါ"

"ဟင်... ဘာ"

"အဲဒီလိုရင်ဆိုင်ရတဲ့အခါမျိုးကျရင် နှင် ငါ့ကို တမ်းတမိလိမ့်
မယ်။ ဒီအချိန်မှာ ငါ ခဏရောက်လာပြီး အားလုံးကို ရှင်းပေးသွား
ပါမယ်"

"မဖြစ်ဘူး... ဘယ်နည်းနဲ့မှ မဖြစ်ဘူး"

"ဖြစ်ပါတယ်၊ နောင်ကိုလည်း ငါပဲ ရှင်းပေးပါ့မယ်၊ ငါ
အသက်ရှင်ရက်ရှိနေပါသေးတယ်ဆိုတာကိုတော့ ဘယ်သူမှ မသိစေ



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့လို့ ငါတောင်းပန်ပါတယ် နွမ်း... ကဲ ပြန်ကြစို့..."

"မပြန်ဘူး"

"ငါက အချိန်သိပ်မရဘူး နွမ်း"

"ပြန်နှင့်ပေါ့၊ ငါသေရဲလား မသေရဲလားဆိုတာ နင် စောင့်ကြည့်လေ သွားတော့"

"ကဲပါ... လာစမ်းပါ"

"မလာဘူး"

နွမ်းက ဝိုရင်း သူ့လက်တွင်းမှ လက်မောင်းကို ဆောင့်ရုန်းပစ်လိုက်မိသည်။

"လာပါ ညီမရယ် ငါတောင်းပန်ပါတယ်၊ နင် ငါ့ကို မသနားဘူးလား၊ ခုနေ ငါ့ကိုမိသွားရင် ငါဟာ ထောင်အကြာကြီးကျရမှာ..."

ခမ်းက လေသံပျော့လေးနှင့် တောင်းပန်လာသည်။

"တကယ်ပါဟာ ကျောက်မဲရောက်ရင်လည်း ထပ်ပြီး ချိန်းတွေ့ကြသေးတာပေါ့၊ ခုတော့ ငါ့ကိုသနားပါ နွမ်းရယ်... အချိန်မီ ငါ မန္တလေးမြို့က ပြေးရမှာမို့ပါ။ လာပါ... လာပါနော် ညီမလေး..."

နွမ်းသည် ခမ်းစွပ်စွဲသလို မဆုံးဖြတ်ရဲသူပါတကား။

သူဖြစ်ချင်ရာ သူပြောချင်ရာများ ဘာမှမပြီးမြောက်ရပါဘဲနှင့် ခမ်း၏ တွဲခေါ် ဦးဆောင်မှုနောက်သို့ လိုက်ခဲ့ရပါပြီတည်း...

အချိန်ကြာသွား၍ ကားပေါ်မှလူက စိတ်ရှည်ဟန် မတူ။ စောင်းတန်းဆုံးအောင် မဆင်းရသေးမီမှာပင် ကားကို တရိုန်ထိုး





မောင်းကွေ့ပြီး လေ့ကားရင်းမှာ လာရပ်သည်။ နွမ်းတို့တက်ပြီးပြီးချင်းပင် အပြင်းမောင်းနှင့် ထွက်ခွာလာတော့သည်။

"မမခမ်း"

နွမ်း၏ရင်ထဲမှာ နာကြည်းကြေကွဲစွာ ခေါ်လိုက်မိသည်။ သူက မျက်မှန်ဝိုင်းနက်ကြီးကို ပြန်တပ်ပြီး ခေါင်းစည်းပဝါကို သိုင်း၍ စည်းလိုက်သည်။

"မမခမ်းနဲ့ ပတ်သက်ပြီးတော့ ငါ ဒီအတိုင်းငြိမ်နေလို့ မဖြစ်တော့ပါဘူး၊ ဖေဖေနဲ့တိုင်ပင်ပြီး ရဲကိုတိုင်မယ်။ သူ့ကို ဖမ်းခိုင်းမယ်၊ ဥပဒေအတွင်းက ရှင်းယူမယ်။ ငါတို့ ဒီလိုမှ မလုပ်ရင် ခမ်းရဲ့ဘဝဟာ ကြာလေ ဆိုးလေ ဖြစ်တော့မယ်..."

"ဟုတ်တယ် ကားနံပါတ်မှတ်၊ သူ့ကိုခြေရာခံပြီး လိုက်ဖမ်းရုံပဲ ဖြစ်တော့မယ်..."

"နွမ်း နင် ဘာတွေစဉ်းစားနေလဲ"

"ကိုငြိမ်းဝေအကြောင်းပါ"

"ဟုတ်ရဲ့လား၊ နင် ငါ့ကိုပြန်ခေါ်ဖို့ မကျေမချမ်းနဲ့ စဉ်းစားနေတာ မဟုတ်လား"

ဪ... သိတတ်နိုင်လွန်းသော ခမ်းပါလား။

"မရဘူးနော် နွမ်း... ငါ့ရဲ့အတွင်းလူက နင်တို့ ဘာလုပ်နေတယ်ဆိုတာကို စောင့်ကြည့်နေတာ၊ ငါဟာ အမြဲ တစ်ကွက်သာနေတယ်ဆိုတာ ယုံပါ နွမ်းရယ်..."

နွမ်း ဘာမှမပြောဖြစ်တော့။ မျက်နှာလွှဲ၍ နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားအမြန်နှုန်းကြောင့် လေသည် ကြမ်းတမ်းစွာ တိုက်ခတ်လာ သည်။

နှမ်း၏ရင်ထဲတွင် ဆုံးဖြတ်ချက်နှစ်ခုကို ယခုပင် ချမှတ်လိုက်မိပါပြီ။

တစ်ခုက ခမ်းကို မရရအောင် ပြန်ဖမ်းယူမည်။

နောက်တစ်ခုက ချစ်လှစွာသောမောင်မောင်နှင့် တွေးတွေးတိုင်း ဤမန်းမြေမှ မပြန်မီ မတွေ့တွေ့အောင်ရှာမည်။

ဟူသော ရည်ရွယ်ချက်များနှင့် နှမ်းမှာ...

❖





# အခန်း (၂၉)

ဖေဖေကိုယ်တိုင် မန္တလေးသို့ဆင်းလာပြီး မကြိုဖြစ်။ ဦးမန်းစံ ကိုသာလွှတ်၍ နှမ်းတို့ကို ကြိုခိုင်းလိုက်သည်။ မေမေက...

"နှမ်းတို့ဖေဖေက သိပ်အလုပ်များလို့ပါ"

ဟု ဒေါ်ကြည်လေးဝေကို ဖာဖာထေးထေးပြောကြားသည်။ ဖေကိုယ်တိုင်လည်း သူ့ချစ်ခင်ပွန်းကို ခွင့်လွှတ်ကျေနပ်နေပြီးဟန် ရှိပါ၏။

နှမ်းမှာဖြင့် ဖေဖေပါမလာ၍ များစွာ အခက်တွေ့နေရပေသည်။

ခမ်းနှင့်ပတ်သက်၍ ဖေဖေနှင့် တိုင်ပင်နှီးနှောရန် မဖြစ်နိုင်တော့ပါ။ မေမေ့ကိုဖြင့် တိုင်ပင်၍ မဖြစ်။ ခမ်း အသက်ထင်ရှား ရှိနေပါသေးလားဆိုသည်ကိုပင် ယခုအချိန်ထိ မေမေ မသိရှာ။

ခမ်း သေဆုံးခဲ့လေပြီ ဟူသော အသိကြောင့် ကြေကွဲဝမ်းနည်းရခြင်းထက် ခမ်းမှာ အမှောင်ကမ္ဘာတွင် ခြေရာမဲ့များဖြင့် ဘဝ ပျက်ခဲ့ပြီး သွားလာလှုပ်ရှားနေပါသည်ဆိုသော အသိက မေမေ့ကို ပို၍များ ချောက်ချားတုန်လှုပ်စေလေမလား။



www.burmeseclassic.com

www.burmeseclassic.com



နွမ်း မတွေးတတ်ခဲ့။ ဤပြဿနာကို ဖေဖေပါ ပါဝင်ဖြေရှင်း... ဖြစ်နိုင်ပါလိမ့်မည်ဟုသာ နွမ်းတွေးတော့ရင်း ခမ်း၏အဖြစ်များ... ရင်ထဲတွင်သာ သိမ်းဆည်းထားရပါသည်။

"နွမ်း နင့်ကောင်လေးနဲ့ တွေ့သေးလား"

တစ်ခါက မောင်မောင်နှင့် ဘော်ကြိုဘုရားဝန်းကျင်တွင် ချိန်း... တွေ့ကြစဉ်က လိုက်ပို့ပေးခဲ့ဖူးသော ဦးမန်းစံက ပြုံးစေ့စေ့ဖြင့် တိုးတိုး... လေး မေးလာသည်။

"မမေးပါနဲ့တော့ ဦးလေးရယ်"

"ဟ... ဘာဖြစ်ကြလို့လဲ"

"နွမ်းလိုက်ရှာတာ နှံ့နေပြီ"

"ဟင်"

"သူ... သူနဲ့... ထွေးထွေးနဲ့ ယူလိုက်ကြပြီတဲ့"

"ဟို သီပေါကို ခဏ ခဏသွားတဲ့ ဈေးသည်မလေးနဲ့လား"

"ဟုတ်တယ်"

"ဟိုတုန်းကတော့ ငါ့တူမကို သူက သိပ်ချစ်မြတ်နိုးတဲ့... ပါပဲ"

"ခုလည်း သူ နွမ်းကို ချစ်မြတ်နိုးဆဲနေမှာပါ ဦးလေးရယ်"

"ဟော"

မိန်းမယူသွားသောချစ်သူကို တမ်းတနေဆဲ နွမ်းအား ဦးမန်း... က အံ့ဩသလို ကြည့်လိုက်သည်။ ဦးမန်းစံမှာ နွမ်းတို့ပွဲရုံမှ ... နေရာဖြစ်သော်လည်း နွမ်းတို့ညီအစ်မအပေါ်တွင် တကယ့်တူမလေး...





...ချေး သမီးလေးများသဖွယ် ချစ်ခင်တွယ်တာရှာပါသည်။ နွမ်းနှင့် ခမ်းတို့အတွက်ဆို ဘာပဲခိုင်းခိုင်း ရသည်။ ရည်းစားထားသည့်ကိစ္စ မှာပင် သူ လိုက်၍ ကူညီနေတတ်ရှာသူပါ။

"သူ့တောင် ကိုယ့်ပစ်ပြီး ဟိုကောင်မလေးနဲ့ ယူသွားမှပဲ၊ မေ့နိုင်အောင်ကြိုးစားပေါ့ တူမရယ်"

"နွမ်း သူတို့နဲ့တွေ့ချင်တယ် ဦးလေး"

"ဘာလုပ်တော့မှာလဲကွယ်"

ဦးမန်းစံက နွမ်းကို ကြင်နာစိတ်ဖြင့် ဖြေသိမ့်သောစကားမျိုး ပြောလာသည်။

"ဟိုကောင်မလေးက စစ်သားတစ်ယောက်နဲ့ ရပြီးသား၊ မိုင်း ပြင်းဘက် လိုက်သွားပြီးမှ အဲဒီစစ်သားလေးနဲ့ ကွာရှင်းပြီး ပြန်လာတာ"

"ဟင်... ထွေးထွေးက အပျိုမဟုတ်ဘူးလား"

"မဟုတ်ဘူး နွမ်း၊ တစ်ခုလပ်လည်း ဖြစ် ဈေးသည်မလေး... ...သည်း ဖြစ်ပြန်တော့ ပြောရဲဆိုရဲ သွားရဲလာရဲနဲ့ မောင်ငြိမ်းဝေနဲ့ ...ပူးပူးတတွဲတွဲလုပ်နေရာက နီးစပ်တော့လည်း မရှောင်နိုင်ကြဘဲ ဖြစ်သွားတာနေမှာပေါ့ တူမရယ်"

အတွေးနှစ်ခုသည် မျဉ်းပြိုင်နှစ်ကြောင်းပမာ အတူယှဉ်၍ နွမ်း၏ရင်ထဲသို့ ဝင်လာကြသည်။

တကယ်ပဲ နီးစပ်ရာက ချစ်သွားကြတာလား...

နွမ်းကို မောင်မောင့်ဘဝထဲ ဝင်မလာရဲအောင် လက်ထဲ...ပြီး ...ကာကွယ်ကြတာလားကွယ်...



www.burmeseclassic.com

www.burmeseclassic.com



နှမ်း၏ဒွိဟစိတ်များကို ရိပ်စားမိပုံရသော ဦးမန်းစံက...

"နှမ်း"

"ပြောပါ ဦးလေးမန်းစံ"

"လူဆိုတာ ကိုယ်ကြည်ညိုတဲ့လူ ကိုယ်မြတ်နိုးတဲ့လူကို [illegible] ပဲ အကောင်းထင်တတ်ကြတာပဲ၊ နှမ်းစိတ်ထဲမှာလည်း မောင်ငြိမ်း[illegible] ကို အပြစ်မမြင်ရက်နိုင်အောင် ရှိနေမယ်ဆိုတာ ဦးလေးသိပါတ[illegible] ကွယ်၊ ဒါပေမဲ့ ဒီကိစ္စမျိုးဆိုတာက ဟန်ဆောင်ကောင်းတဲ့အရာ[illegible] မဟုတ်ဘဲ နှမ်း၊ သူတို့ တကယ်ကို လက်ထပ်သင့်လို့ လက်[illegible] သွားကြတာ ဖြစ်မှာပါ"

လက်ခံသင့်သော လူမှုရေးသဘောများ သက်ဝင်နေသော်လည်း နှမ်း၏နှလုံးသားများက လက်မခံနိုင်ပါ။ ချစ်သစ္စာရည်ပြည့်လျှ[illegible] နေသော နှမ်း၏အသည်းနှလုံးထဲသို့ သံသယအဆိပ်ရည်များ [illegible] ဖြည့်စရာ နေရာ မရှိတော့ပါ။ မောင်မောင့်ပေါ်မှာ ချစ်နေမြဲ [illegible] နေဆဲ စိတ်များဖြင့်...

"ဘာပဲဖြစ်ဖြစ် ဦးလေးရယ်၊ သူတို့နှစ်ယောက်လုံးကိုဖြစ်[illegible] သူတို့တစ်ယောက်ကိုပဲ ဖြစ်ဖြစ် နှမ်း တွေ့ပါရစေ"

"ဘာလုပ်တော့မှာလဲကွယ်"

စောစောက စကားအတိုင်း ပွဲတင်ထပ်သလို ဦးမန်းစံက [illegible] လိုက်သည်။

"မဟုတ်သေးဘူး ဦးလေးရယ်၊ နှမ်း သူတို့ကို သိပ်တွေ့ချ[illegible] ပါတယ်။ ဦးလေးသိတဲ့အတိုင်း နှမ်းလည်း မကြာခင်မှာ လက်[illegible]



[illegible]တော့မှာပါပဲ။ ခုအတိုင်းသာ ပြန်သွားရမယ်ဆိုရင် တစ်သက်လုံး [illegible]ရင်ထဲမှာ မတင်မကျနဲ့ သောကတွေ ခံစားနေရမှာပါ။ ဘာပဲ [illegible]ဖြစ် နှမ်းပြတ်ပြတ်သားသား သိသွားပါရစေ ဦးလေးရယ်၊ နှမ်း [illegible] သနားပါ ကူညီပါနော်"

မျက်ရည်များနှင့်အတူ တောင်းပန်နေရှာသော နှမ်းကို ဦးမန်းစံ[illegible]ကြည့်ပြီး သက်ပြင်းရှိုက်လိုက်ရှာသည်။

"အင်း... ဒီခေတ်မိန်းကလေးများ မလွယ်ပါလားကွယ်၊ ငါပဲ [illegible]ကြီးမငယ်နဲ့ သွားရှာရဦးမှာပေါ့"

မျက်ရည်များကြားမှ နှမ်း အားတက်ရပါပြီ။ ဤအားမာန် [illegible]ည် လှိုင်းလုံးတစ်ခုပမာ ခဏတာသာ ဖြစ်ထွန်းရမှာပါ။

ဦးမန်းစံက ရွှေးတွေးဆဆဟန်ဖြင့် ခေါင်းတဆတ်ဆတ် [illegible]တ်ရင်း...

"တစ်ခုတော့ရှိတယ် နှမ်း"

"တစ်ခုပဲရှိရှိ တစ်ရာပဲရှိရှိ ကြိုက်တာသာပြော ဦးလေးရေ၊ [illegible]တွေ့ရရင် ပြီးရော..."

"ဒီမှာ ဦးလေးမှာပါရစေ၊ တကယ်လို့များ ဟိုကောင်က [illegible]ကောင်းရင်လည်း ပါမသွားလိုက်နဲ့ဦးနော်၊ သူ့မှာ တရားဝင် [illegible]က်ထပ်ထားတဲ့ မထွေးရှိနေပြီ"

"နှမ်းသိပါတယ် ဦးလေးရယ်၊ နှမ်းရင်ထဲမှာလေ သူတို့ ဒီ [illegible]ာက်မြန်မြန်ဆန်ဆန်ကြီး ဘာကြောင့် လက်ထပ်သွားရတယ်ဆို ပါတယ်။ [illegible] သိချင်တာ တစ်ခုပါပဲရှင်။ နှမ်း... နှမ်းသိပ်ချစ်ရတဲ့ မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ သူများ… သူများရဲ့ခင်ပွန်း… အို… နွမ်း ရင်ကွဲလို့ သေ
ပါစေ၊ သူများရဲ့ယောကျ်ားကိုတော့ မပြစ်မှားရဲပါဘူး ဦးလေး

"အေး ဒီလိုမှပေါ့ကွယ်၊ ကဲ… မငိုပါနဲ့တော့လေ၊ ဦး
သွားစုံစမ်းဦးမယ်။ ဒီမြို့မှာရှိကြရင်တော့ တွေ့ရမှာပေါ့"

ဦးမန်းစံထွက်သွားပြီးမှ နွမ်း အားပါးတရငိုကြွေးမိသ
မကြာမီ သတင်းတစ်ရပ် ရရှိလာမည်ဟု နွမ်း မျှော်လင့်ပါသ
ဦးမန်းစံသည် တစ်လျှောင် သုံးခေါက်လောက် မန္တလေးဆင်း
ယယ်စဉ်ကတည်းက မန္တလေးတွင် ကြီးပြင်းရသူ။ ပြီးတော့ ထွေး
တို့ အသိုင်းအဝိုင်းနှင့်လည်း နီးစပ်သူပါ။

နွမ်း၏ရင်ထဲတွင် ရှုပ်ထွေးနေရသည်။

ပထမက ကိုယ့်အသည်းနှလုံးကိစ္စ။

ဒုတိယက ဒေါက်တာကျော်ဇေလတ်နှင့် လက်ထပ်ရ
မေမေတို့၏အလိုကျကိစ္စ။

နောက်ဆုံးက…

ခမ်း… ခမ်း၏ကိစ္စပါ။

ခမ်းကို ဘယ်လိုကိုင်တွယ်ရမည်ဆိုသည့် ပြဿနာကို နွမ်း
နငယ်သော အတွေးအခေါ်လေးနှင့် လိုက်၍ မမီနိုင်ပါချေတော

❖



## အခန်း (၃၀)

နွမ်းတို့ ကျောက်မဲသို့မပြန်မီ မန္တလေးမြို့တွင် ရှိနေစဉ်ပင်
သတင်းဆိုးတစ်ရပ်ကို ကြားသိလာရသည်။

"အိမ်ကို အနုကြမ်းစီးသွားသည်" ဟူသော သတင်းပါ။

ကျောက်မဲမှ ဆင်းလာသော ကားက ဝင်၍ပြောသွားခြင်း ဖြစ်
၏။ မိတ်ဆွေတစ်ယောက်မှတစ်ဆင့် အားလုံးတီတိကျကျ ကြားခဲ့
သည်။

အိမ်တွင် ကိုအောင်စိုးနှင့် အဖော်ကောင်လေးနှစ်ယောက်တို့
တိဝိရိယနှင့် အိပ်နေကြစဉ်အတွင်း သော့တူနှင့်ဖွင့်ပြီး အိမ်တွင်း
ဝင်လာကြခြင်းဖြစ်ပါ၏။

နွမ်းတို့အိမ်မှ တံခါးများသည် ကြေးဘုလုံးကို လှည့်ဖွင့်ရ
သော သော့အိမ်တပ်ထားကြသည်။ ထိုညက တံခါးသံမင်းတုံးကို
လိုက်နှင့် ကပ်ယူဖွင့်ချပြီး သော့ချောင်းနှင့် ခတ်ဖွင့်၍ အိမ်တွင်းသို့
လာကြခြင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်စိုးတို့ ဘာမှမကြံနိုင်မဖန်နိုင်မီ လူဆိုးများက အ တွင်းသို့ ဝင်လာနိုင်ခဲ့ကြပြီ။

"ရွှေတွေ ပေးစမ်း"

"ပေးစရာမရှိပါဘူးဗျာ။ ငွေရှိတာလေးသာ ယူသွားပါ။ လူ တော့ အန္တရာယ်မပေးပါနဲ့"

ဟု ဦးအောင်စိုးက တောင်းပန်စကားဆိုရသည်။ မျက် ဖုံးစွပ် လူဆိုးများက...

"အဲဒီခုတင်ကို ရွှေ့လိုက် အုတ်နံရံမှာမြှုပ်ထားတဲ့ အံ တံခါးကို ဖွင့်လိုက်ပါ။ ပြီးတော့ အထဲက ရွှေသုံးဆယ်သား ထု ပေးပါ"

ဟူသော အတိအကျစကားဖြင့် ခြိမ်းခြောက်တောင်းခံ သဖြင့် ဦးအောင်စိုးမှာ မငြင်းသာတော့ပါ၍ ရွှေသုံးဆယ်သား ထုတ်ဖွင့်ပေးလိုက်ရကြောင်းများ ကြားသိပြီးသည့်အခါ မေ နှမ်းကို နှစ်ကိုယ်ကြားစကားများ ပြောကြားလာခဲ့သည်။

"တို့တိုက်စဆောက်ကတည်းက အုတ်နံရံမှာထွင်းပြီး အံ လေးလုပ်ထားခဲ့တာ ကြာပြီပဲ၊ အထဲမှာ ရွှေသုံးဆယ်သား မြှုပ် တယ်ဆိုတာ တို့မိသားစုရဲ့ ထိပ်တန်းလျှို့ဝှက်ချက်ပဲ သမီး"

ဒေါ်နန်းမွှေခမ်းက မျက်ရည်များဝဲပျံနေသော်လည်း တင်းတင်းကြိတ်ရင်း စကားများကို ဆက်ပြောသည်။

"တို့မိသားစုမှာ တစ်ခုပြီးတစ်ခု ဆက်ပြီး ဒုက္ခတွေဖြ တယ်၊ မေမေတော့ မသက်သာတော့ဘူး"





"ဘာကိုမသင်္ကာတာလဲ မေမေ"

"ဩော် အတွင်းလူတစ်ယောက်ယောက်တော့ သစ္စာဖောက် ပြီ ထင်တယ်"

"အတွင်းလူ..."

"အင်း"

"အတွင်းလူဆိုတာ ဦးလေးဦးမန်းစံတို့လို အိမ်မှာ အိပ်နေတဲ့ ကောင်လေးနှစ်ယောက်လို၊ ပြီးတော့ အန်တီအဲနွှမ်းတို့ အစ်ကိုအိုက် အားတို့လိုလူတွေကို ပြောတာလား မေမေ ဟင်"

"အင်း... သူတို့တွေထဲကလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ ခု စ္စမှာတော့"

မေမေက နက်နဲစွာ အတွေးလွန်သွားဟန် ရှိသည်။ ခဏကြာမှ ကားဆက်လာပါ၏။

"အင်း ခုကိစ္စမှာတော့ အုတ်နံရံမှာထွင်းပြီး ရွှေမြှုပ်ထားတယ် တာ တို့မိသားစုလေးယောက်ပဲ သိကြတာ နှမ်း"

"ဟင်"

နှမ်းမှာ အံ့ဩစိတ်ဖြင့် တွေးဆရင်းက...

"တိုက်ဆောက်တုန်းက အဲဒီလိုလုပ်ပေးတဲ့ လက်သမားတစ် ယောက်ယောက်ထဲက ပေါက်ကြားသွားတာမျိုးရော မဖြစ်နိုင်ဘူးလား မေ၊ ပြီးတော့ သူကိုယ်တိုင် လူဆိုးသူဆိုး ဖြစ်နေချင်လည်း ဖြစ် မှာပေါ့"

"သမီးတွေးတာတော့ မဆိုးပါဘူး၊ ဒါပေမဲ့ အဲဒီတိုက်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ လျှို့ဝှက်အပေါက်လုပ်ပေးတဲ့ တရုတ်လက်သမားခေါင်းဆောင် ဟာ နိုင်ငံခြားကိုပြန်သွားတာ ကြာပြီပဲ၊ ပြီးတော့ အို ဘယ်နည်း... တခြားလူမဖြစ်နိုင်ဘူး"

"မေမေက ဘယ်လိုထင်နေလို့လဲ"

"ဒီလျှို့ဝှက်အံပေါက်ရှိတာ သိတယ်လား၊ ဒီထဲမှာ ရွှေ... ဆယ်သားထည့်ထားတာ မေမေတို့မိသားစုလေးယောက်က လွဲ... ဘယ်သူဆို ဘယ်သူမှ မသိကြဘူး"

"အင်း"

မေမေ့စကားသည် လွင့်ပြန့်နေသော နှမ်း၏အတွေးများ... စုစည်းသိမ်းယူကာ တစ်နေရာတည်းသို့ ဦးတည်ခေါ်ဆောင်သွား... ပါပြီ။

ခမ်း... မမခမ်း...

မေမေ့ကို ဘာမှမပြောဖြစ်သော်လည်း ဤကိစ္စကြီး၏တရား... ကို နှမ်းထောက်လှမ်းနိုင်ပါပြီ။

"ဩော် ရက်စက်ပါပေ့ မမခမ်းရယ်၊ မမခမ်း ဘယ်လိုဖြ... နေတာလဲ။ ဘာကြောင့်များ ဒီလောက်ရက်စက်တဲ့အကြံ ပက်စက်... အကြံတွေကို ကြံရက်ရတာလဲဟင်"

"နှမ်း"

နှမ်းလိုပဲ တွေးနေသော မေမေက ခေါ်လိုက်သည်။

"မေမေတို့သားအမိနှစ်ယောက်မရှိတုန်း နင့်အဖေများ အကွ... ဆင်တာလား"

"ဘယ်လို မေမေ"

"ဩော် ယောကျ်ားဆိုတာ အခါခပ်သိမ်းယုံရတာ မဟုတ်ဘူး၊ ...ဆင်းကစားလို့ပဲဖြစ်ဖြစ် မယားငယ်ထားလို့ပဲဖြစ်ဖြစ် ငွေကုန် ...လို့ အစားထည့်ရအောင် ကြံဖန်တာ"

"တော်... တော်ပါတော့ မေမေရယ်၊ ဖေဖေ့သိက္ခာကို မစော် ...စမ်းပါနဲ့"

သည်တော့လည်း ဒေါ်နန်းမွေခမ်းက ဘာမှ ဆက်မပြော ...ဘူ့ပါ။ သူကိုယ်တိုင်လည်း တွေဝေသွားပုံရပါ၏။ ဖခင်ဘက်မှ ...င်ရက်လေခြင်းဟူသော နှမ်းကသာ...

"ဖေဖေဟာ မေမေ့ကို ဘယ်လောက်ချစ်မြတ်နိုးတယ်ဆိုတာ ...မေလည်း သိရဲ့သားနဲ့။ စိတ်ညစ်စရာကိစ္စများဆိုရင် သူ့ရင်ထဲက ...ပြီး မေမေ့ဆီကို ဖြတ်ကျော်မလာစေရဘူး၊ မေမေ့ကိုလည်း ဘယ် ...လောက်ပြုစုသလဲ၊ ပြီးတော့ ငွေကြေးက ဖေဖေရှာနေတာပဲ၊ မေမေ့ ...ီ ဘာလိမ်ပြီး ပြနေစရာလိုသလဲလို့"

"အေးပါ မေမေကလည်း တွေးစရာမရှိလို့ ဟိုချော်တွေး ဒီ ...ချော်တွေး တွေးလိုက်မိတာပါ။ သူ့သမီးက သူ့အဖေထိလို့ နာတတ် ...ိုက်တာလို့ အဖေကြီးကို ပြောပြရဦးမယ်"

"စိတ်ညစ်တယ် သမီးတော့ ကျောက်မဲမှာတောင် မနေချင်တော့ ...ူး"

"နေစရာလည်း မလိုတော့ပါဘူး။ သမီး ရန်ကုန်လိုက်သွားရ ...ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



မနေ့ချင်ဘူးဆိုသည်က တစ်ယောက်ထဲမဟုတ်ပါ။ ဤတ
မိသားစုလုံးအတွက်ကို ပြောမိသည်ပါ။

မောင်မောင့်ကို လွမ်းဆွတ်ကြေကွဲရသော စိတ်။ ခမ်းနှင်
မပြေလည်သောကိစ္စများကြောင့် ကိုယ့်ဘဝကိုယ် မေ့နေသလို ရှိ
ရာမှ မေမေက အစဖော်ပေးလိုက်ပါ၍...

"သြော် ငါဟာ မကြာခင်ရက်အတွင်းမှာပဲ ဒေါက်တာကျော
ဇေလတ်နဲ့ လက်ထပ်ရတော့မှာပါလား။ ရန်ကုန်ကို လိုက်သွားရတော
မှာပါလား"

ဟူသော ချောက်ချားဖွယ် အတွေးများသည် ရင်တွင်း၌
လေပြင်းမုန်တိုင်းတစ်ခုပမာ ကြမ်းတမ်းစွာ ဝင်ရောက်လာခဲ့ရပါပြီ။

"ဒေါ်ကြည်လေးဝေကိုတော့ ပြောရမယ်၊ နက်ဖြန်ပဲ ကျောက
ကို ပြန်ပါရစေတော့လို့"

အတူလာကြသော်လည်း နှမ်းတို့က ပွဲရုံမှာတည်း၍ ဒေါ်ကြည်
လေးဝေက အောင်နန်းရိပ်သာမှာ တည်းခိုပါ၏။ နှစ်နေရာလုံး တယ
လီဖုန်းနှင့် ကားများရှိကြ၍ ဆက်သွယ်မှု မပြတ်လပ်ပါ။

ဤကိစ္စ ဤလိုဖြစ်လာပါ၍ နက်ဖြန်ခါ ကျောက်မဲသို့ တယ
ကြရအောင်ပါဟု မေမေက ဒေါ်ကြည်လေးဝေကို နှိုးဆော်ပေးလိ
မည်။ နက်ဖြန်လည်း ပြန်ဖြစ်ကြပါမည်။ ပြန်တက်ဖို့လည်း သင့်ပါပြီ

ကျောက်မဲမြို့သို့ မပြန်ရမီ မောင်မောင်တို့နဲ့ ဆုံပါရစေသော
ကွယ်...

❖



# အခန်း (၃၁)

"ငါ့မှာလည်း လူကြီးလုပ်ပြီး ဟိုနေရာပါရ ဒီနေရာပါရနဲ့
မိခမ်းရှိတုန်းကလည်း ဒီလိုပဲ၊ အားကြီးခိုင်းတာပဲ၊ ခုလည်း ဟိုနှစ်
ယောက်ကို တွေ့ခဲ့ပါပြီ"

"ဟာ... ဟုတ်လား ဦးလေး၊ ဘယ်... ဘယ်မှာလဲဟင်၊
သူတို့... သူတို့နှစ်ယောက် အတူတူလား"

"အေးပေါ့... လာ ငါနဲ့လိုက်ခဲ့၊ အစ်မနန်းကို တော်သလို
ကြည့်ပြောခဲ့ဦး။ တော်ကြာ ငါ့ပါ မယုံသင်္ကာဖြစ်နေဦးမယ်"

"စိတ်ချပါ"

"ဟင်း... နင်တို့ကူညီလို့သာ ကုသိုလ်ရစတမ်းဆိုရင် ငါ
ခုချိန်ထိ လူပျိုကြီးဖြစ်နေမှာ မဟုတ်ဘူး"

ဦးမန်းစံ၏ဟာသကို နှမ်း မရယ်နိုင်အား။

မေမေ့ကို ဘယ်လိုပြောရပါ့မလဲ ဟူသော အပြေးအလွှားစဉ်း
စားရင်း ဒေါ်နန်းမွေခမ်းနားသို့ နှမ်း ကပ်လာရသည်။ ဖျတ်ကနဲ
စိတ်ကူးတစ်ခု ပေါ်ပေါက်လာမိသည်နှင့်...

"မေမေ သမီး အန်တီကြည်လေးဝေဆီ ခဏသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်... ဘာလုပ်မလို့လဲ"

ယောက္ခမလောင်းကြီးကို ရှောင်ဖယ်ဖယ်လုပ်နေတတ်သော နှမ်းကို ဒေါ်နန်းမွေခမ်းက အံ့သြခြင်းအကြည့်များနှင့် ကြည့်ရင်း မေးလိုက်သည်။

"သူ ပစ္စည်းတွေဝယ်ထားတာ လာကြည့်ပါ ပြောနေတာ မေမေအသိပဲ၊ ပြီးတော့ နက်ဖြန်သွားဖို့ကိစ္စလည်း ပြောခဲ့မယ်လေ"

"မိနှမ်းနော်... ဉာဏ်တော့မများနဲ့"

"ဩော်... မေမေကလည်း"

"ကျွန်တော်လိုက်ပို့မှာပါ မမနန်း"

"ကလေးတွေကို တော်တော်လည်း အလိုလိုက်နော်၊ ကိုမန်းစံ သိတယ်မဟုတ်လား"

"သိပါတယ် နှမ်းက မမိုက်ပါဘူး၊ ကလေးရှေ့ပဲ ပြောရဦးမယ်၊ ဟိုကောင်ကလည်း မိန်းမယူသွားပါပြီ ပူမနေနဲ့တော့"

"ဟဲ့... တကယ်လား"

"တကယ်... တကယ်... စိတ်ချ ကဲ... ကျွန်တော်ကိုယ်တိုင် လိုက်ပို့လိုက်မယ်"

"ကိုမန်းစံ"

နှမ်းတို့ထွက်လာပြီးမှ ဒေါ်နန်းမွေခမ်းက ဦးမန်းစံကို ပြန်ခေါ်ပြီး တီးတိုးပြောဆိုနေသည်။ မောင်မောင် မိန်းမယူသည့် ကိစ္စပင်ဖြစ်မည် ထင်ပါသည်။

ခဏအကြာတွင် ပွဲရုံမှ နှမ်းတို့ထွက်လာဖြစ်ခဲ့ကြသည်။ ကား





ကားကို ဦးမန်းစံကိုယ်တိုင် မောင်းပါ၏။ ရှင်းပြန့်ကျယ်ဝန်းသော လမ်းမကြီးပေါ်တွင် ဂျစ်ကား၏အရှိန်နှုန်းလို နှမ်း၏နှလုံးသားများက လှုပ်ရှားခုန်ပြေးနေရသည်။

"ဦးလေးမန်း"

"ဟင်"

"နှမ်းလာမယ်လို့ သူတို့သိနေကြသလားဟင်..."

"ဘယ်သိပါ့မလဲ"

"ဒါဖြင့် နှမ်းသွားတွေ့လို့ သင့်တော်ပါ့မလား ဦးလေးရယ်"

"အဲဒါတော့ မသိဘူးဟေ့... ဘယ်လိုလဲ ပြန်လှည့်ရမလား"

"နေပါဦး ဦးလေးရယ်၊ နှမ်းလေ မောင်မောင်နဲ့ သိပ်တွေ့ချင်တာပဲ၊ ပြီးတော့... တွေ့လည်း မတွေ့ရဲသလိုပဲ၊ အို... နှမ်း ဘာလုပ်ရမလဲ"

နှမ်း၏ရှိုက်ကြီးတငင် ငိုယိုမှုကြောင့် ဦးမန်းစံက ကားရှိန်ကို လျှော့လိုက်သည်။ ငိုနေသော တူမချောလေးကို ကြည့်ပြီး...

"ရင်သာ ရင်ဆိုင်လိုက်လေ၊ ကိုယ်က အမှန်ဘက်ကပဲ၊ ဘာဖြစ်လဲ... အဲဒီလိုမှ မဆုံဖြစ်လိုက်ရင် ငါ့တူမရင်ထဲမှာ တအုံနွေးနွေး တစ်သက်လုံးရှင်းမှာ မဟုတ်ဘူး"

မျက်နှာလေးငုံ့နေမိရာက နှမ်းက ခေါင်းညိတ်ပြလိုက်ရသည်။

ကားသည် ဘုရားကြီးကို လွန်မြောက် ကျော်ဖြတ်လာပြီး လေးမြို့စွန်သို့ ရောက်ရှိလာသည်။ အမရပူရမြို့သွား ကားလမ်းသို့ ရောက်ရှိလာပြီး တမ္ပဝတီရပ်ကို ဖြတ်ကျော်ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကားလမ်းမကြီးလက်ဝဲဘက် မြေလမ်းသွယ်ထဲသို့ ချိုးကွေ့လိုက်ပြီး နောက်ထပ်လမ်းသွယ်လေးတစ်ခု၏ ထိပ်တွင် ရပ်လိုက်ပါ၏။

"နေဦး ဦးလေး သွားကြည့်လိုက်ဦးမယ်"

ကားဝင်၍မရသော လမ်းသွယ်ထဲသို့ ဦးမန်းစံ ဝင်သွားသည်။ နွမ်းမှာ လမ်းထိပ်အိမ်မှ ဘုရားရုပ်တုတော်များ သွန်းလုပ်ထုထွင်းရာ ထောင့်အိမ်ကို ငေးကြည့်နေမိသည်။ ရင်တွင်းမှာဖြင့် လှုပ်ရှားမှုများက ပေါက်ကွဲပွင့်ထွက်တော့မလိုပါ။

"နွမ်း... ဟော့ နွမ်း"

လေးအိမ်ကျော်လောက်မှ ဦးလေးမန်းစံက အော်ကြီးဟစ်ကျယ် အသံပြုရင်း နွမ်းကို အရေးကြီးသလို လက်ယပ်လှမ်းခေါ်လိုက်သည်။

ဘာမှန်းမသိသော နွမ်းက ခပ်ရှက်ရှက်နှင့်ပင် ဦးမန်းစံနားသို့ ခပ်ပြေးပြေးလေး သွားရသည်။ အရပ်ထဲမှ အိမ်အချို့က နွမ်းတို့ကို ကြည့်နေသည်။ အချို့ကလည်း ကိုယ့်အလုပ်နှင့် ကိုယ်ပါ။ မစပ်စု အားကြပါ။

"ဘာ... ဘာလဲဟင် ဦးလေးမန်း"

အလန့်တကြားမို့ ဘာများကြားရမလဲ ဟူသော သိလိုဇောဖြင့် နွမ်းက ကမန်းကတန်း မေးလိုက်ရပါ၏။

"သူတို့ နွမ်းလိုက်လာတယ်ဆိုတာနဲ့ ထွက်ပြေးကြတော့မလို့ လေ"

"ဟင်"





"ဒါနဲ့ ဦးလေးက နေပါဦးဆိုပြီး မနည်းတားထားရတယ်။ ကဲ... ကဲ... ဝင်သွား နွမ်း"

"သူ... သူတို့နဲ့ ဦးလေးနဲ့ ချိန်းထားတာ မဟုတ်ဘူးလား ဟင်"

"ဘယ်ကဟုတ်ရမှာလဲ၊ ကဲ... သွား... အဲဒီအိမ်လေးထဲ ဝင်သွား"

ပျဉ်ထောင်အိမ်ငယ်လေးတွင်းသို့ မရဲတရဲနှင့် နွမ်း လှမ်းဝင်သွားရပါပြီ။

ထွေးထွေးက ကြမ်းပြင်ပေါ်တွင် ထိုင်လျက်က ငိုနှင့်နေလေပြီ။

သူ... မောင်မောင်...

နွမ်း၏ချစ်လှစွာသော မောင်မောင်က ခေါင်းရင်းဘက်ရှိ စားပွဲရှေ့မှ ကုလားထိုင်တွင် နွမ်းကို ကျောခိုင်း၍ ထိုင်နေပါ၏။

နွမ်းမှာ သူတို့နှစ်ယောက်ကို မြင်လိုက်ရပြီးသည့် ခဏအတွင်းမှာ ပေါက်ကွဲမတတ် တုန်နေသော နှလုံးသားလှုပ်ရှားမှုက ကိုယ်ခန္ဓာအနှံ့ ကူးစက်ပါလေပြီ။ တစ်ကိုယ်လုံး တုန်ရီလာသည်။

"နွမ်း... နွမ်းကို ပြောကြစမ်းပါ"

"နွမ်းကို ပြောကြစမ်းပါ"

နွမ်းမှာ အက်ကွဲတုန်ခိုက်လွန်းသော အသံလေးနှင့် အားယူ၍ ပြောရင်း ငိုကြွေးမိသည်။ အနီးမှ တိုင်ဖုံးကိုသာ ကိုင်မထားဖြစ်ပါလျှင် နွမ်း ခွေလဲကျသွားမည် ကေန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မနှမ်း... အစ်မနှမ်းရေ"

"ထွေးထွေးတို့ရယ်..."

မိန်းမသားနှစ်ယောက်၏ မျက်ဝန်းနှစ်စုံဆီမှ ကျလာသော မျက်ရည်များက အရှိန်နှင့် သွန်းဖြိုးဆဲမိုးများပမာပါ။

"ဆရာ... ဆရာ"

ထွေးထွေးက သူ့မျက်ရည်များကို ခပ်ကြမ်းကြမ်းသုတ်ပစ် လိုက်ရင်း ဒေါသနှောနေသော အသံလို တုန်ရီစွာ ခေါ်လိုက်ပြီးမှ—

"အစ်မနှမ်းငိုနေတာကို ကြည့်ပါဦး၊ အစ်မနှမ်းငိုနေပုံ လှည့်ကြည့်စမ်းပါဦး ဆရာရဲ့"

ထွေးထွေးက ခုန်ထပြီး ထဘီလေးမ,၍ ရန်တွေ့သလို အော် ပြောလိုက်သည်။

"ထွေးထွေး"

"ဘာလဲ ဆရာ"

"သူ ဘာလုပ်လိုက်တာလဲ၊ သူ့ကို ပြန်ခိုင်းလိုက်ပါ"

"ဘာ... ဘာပြောတယ် မောင်မောင် ဘာပြောလိုက်တယ်"

ပေါက်ကွဲနေသော နှမ်းက အားမာန်လေးနှင့် အိမ်ပေါ်တက်ရင်း ငို၍ ပြောလိုက်သည်။

"သွား... သွား... ဘယ်သူနဲ့မှ မတွေ့ချင်ဘူး သွား"

မိန်းမသားနှစ်ယောက်၏ နှလုံးသွေးများ ရပ်တန့်သွားမလော ကြောက်စရာလေသံကြီးနှင့် ကိုငြိမ်းဝေက အော်ပြောလိုက်သည်။ ထိုင်နေရာမှ ရုတ်တရက် ထရပ်လိုက်ပြီး စားပွဲကို လက်ဝါးနှင့်





တအားရိုက်ချပြီးမှ သူ ခေါင်းငုံ့နေသည်။

ကျောခိုင်းနေသည့်အနေအထား အော်ငေါက်မောင်းထုတ်နေသော လေသံမာကြီးများကို နှမ်းမှာ နာကြည်းစွာ ခံယူရပြီးသည့်နောက်တွင် ပြင်းထန်လွန်းသောခံစားမှုပေါ်သို့ ဒေါသမီးလေးတစ်ပွင့် ကျရောက်သွားသည်နှင့် ပေါက်ကွဲမှုက ပြင်းထန်စွာ ဖြစ်ထွန်းသွားရပါပြီ။

"ဒီမှာ ကိုငြိမ်းဝေရဲ့"

နှမ်းမှာ ဒဏ်ရာရသွားသော ကျားပျိုမလေး၏ အားမာန်မျိုးဖြင့် ကိုငြိမ်းဝေ၏ပခုံးကို ကြမ်းတမ်းစွာ ဆွဲလှည့်လိုက်သည်။

ကိုငြိမ်းဝေ၏မျက်နှာပြင်မှ မျက်ရည်စများကိုပင် သူ မမြင်နိုင်တော့ပါလား။

"သတ္တိမရှိတဲ့ ယောကျ်ား"

"သစ္စာမရှိတဲ့ ယောကျ်ား"

နှမ်းက ကွဲအက်သောအသံများဖြင့် အော်ပြောရင်း ကိုငြိမ်းဝေကို ဆောင့်တွန်းပစ်လိုက်သည်။

"မေးတာ ဖြေကြစမ်းပါ"

"ဒီကမေးတာ ဖြေကြစမ်းပါ"

အသိဉာဏ်မဲ့နေသော သူရူးမလေးတစ်ယောက်လို လှုပ်ရှားနေသော နှမ်းအနားသို့ ထွေးထွေးက ပြေးကပ်လာသည်။ တုန်နေသော နှမ်း၏လက်ကလေးကို ဆုပ်ဆွဲဖက်တွဲသည်။

"အစ်မနှမ်း သိပ်ကို ခံစားနေရပါလား၊ သတိထားပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဖယ်စမ်းပါ၊ ဒီမှာ တစ်ခွန်းတည်းပဲသိချင်ပါတယ်။ နွမ်း... ငှဲ့လို့ ပယူကြတာလား၊ ရှင်တို့ဟာ ရှင်တို့ ဖောက်ပြန်... အို... ရှင်... ရှင်တို့ချင်း ချစ်... ချစ်သွားကြလို့လား... ပြောပါ... ပြောကြစမ်း... ရှင်..."

"ဆရာ"

နွမ်းအသံနှင့် ထပ်တူလို ကျယ်လောင်အက်ကွဲစွာ ထွေးထွေး က ခေါ်လိုက်သည်။

"ဘာလဲ"

"ဆရာပြောပါ... ဆရာရှင်းပါ... ဆရာမပြောရင် ထွေးထွေး ပြောရလိမ့်မယ်"

"တိတ်စမ်း ထွေးထွေး"

"မတိတ်နိုင်ဘူး ဆရာ"

"ထွေးထွေး... မိထွေးထွေး နင်ဟာ ငါ့မိန်းမ။ နင့်... နင်... ချစ်လို့ ငါယူခဲ့ပြီးပြီ... ဘာဆိုဘာမှမပြောနဲ့၊ သွား... ထွေးထွေး ရယ် သွားစမ်းပါ၊ နင် ဝေးဝေးကို သွားနေစမ်းပါ"

ထွေးထွေးက ငိုရှိုက်ရင်း အတွင်းခန်းသို့ ပြေးဝင်သွားရှာသည်။

"ဩော်... ချစ်လို့တဲ့လားရှင်"

"နွမ်း... မောင်မောင်တောင်းပန်ပါတယ် နွမ်းပြန်ပါ"

နွမ်း၏ရှိုက်သံက ကျယ်လောင်စွာပင် ပွင့်ထွက်လာသည်။

"ကြင်စဦးမောင်နဲ့တို့ရယ် ပြန်ပါ့မယ်ရှင်... ဒါပေမဲ့... ပေမဲ့"

"နွမ်းရယ် ပြန်ပါတော့ကွယ်"

"အသည်းနှလုံးထဲက နွမ်းရဲ့မောင်မောင်ရယ်၊ ခုတော့ နွမ်းရဲ့ ...ကို ဖွင့်ခဲ့ပြီး ဘာကယ်ပဲ ထွက်သွားခဲ့ပါပေါ့လားကွယ်...

"မောင်မောင်နဲ့ ထွေးထွေးတို့ ကည့်ဆောက်ကြတဲ့ ချစ်စံအိမ် ...လေ နွမ်းရဲ့အသည်းကိုဖဲ့ပြီး ဆောက်တာ... နွမ်းရဲ့နှလုံးသား ...ဖြတ်ပြီး ဆောက်ကြတာ"

နွမ်းမှာ အသံလေးတိမ်ဝင်သွားပြီး မျက်ရည်များစွာနှင့်ပင် ...မ်ပေါ်မှ ယိုင်နွဲ့စွာ ဆင်းပြေးသွားခဲ့ပါပြီ။

"ဟာ... ကဲကွာ... ကဲကွာ"

ဆိုသောအသံနှင့် တစ်ဆက်တည်းပင်...

"ဒုန်း... ဒုန်း"

ဆိုသော အသံနှစ်ချက်ကို ဆင့်ကာဆင့်ကာ ကြားလိုက်ရသည်။

"အို... ဒုက္ခပါပဲ တိုင်ဖုံးကို လက်သီးနဲ့ ထိုးနေတယ်"

ထွေးထွေးမှာ ကျယ်လောင်လွန်းသောအသံကြောင့် အိမ်ထဲမှ ...ပြေးထွက်လာခဲ့သည်။ ထွေးထွေး နောက်ကျခဲ့ရပါပြီ။

"ဟိုက်... အမလေး... ဆရာရယ် မလုပ်ပါနဲ့... မလုပ်ပါနဲ့"

ထွေးထွေးဆွဲထား၍ နောက်ထပ်မထိုးဖြစ်သော်လည်း ပထမ ...လိုက်သောအားချက်က ကိုငြိမ်းဆေ၏လက်ဖျံပေါ်တွင် စူးနစ်ဝင်သွား ...ပါပြီ။

"အမလေး... သွေးတွေ"

ထွေးထွေးမှာ သွေးများစွာယိုစီးကျလာသော ကိုငြိမ်းဆေ၏

www.burmeseclassic.com



လက်ကို ဖိပိတ်ရင်း အော်လိုက်မိသည်။ ကိုငြိမ်းဝေလက်ထဲတွင် နေဆဲ ဓားကိုလည်း အတင်းလု၍ ပြတင်းပေါက်မှ အပြင်သို့ ပစ် ရပါ၏။

"သွေးတွေသိပ်ထွက်နေပြီ ဆရာရဲ့၊ ဘယ်လိုလုပ်ကြ ဆေးရုံသွားကြမလားဟင်"

"မသွားဘူး ထွေးထွေး"

"အို… ဒီလိုနေလို့ ဘယ်ဖြစ်မှာလဲ ဆရာရယ်"

"နေပါစေ ထွေးထွေး၊ ဆရာ့သွေးတွေ ထွက်စမ်းပါစေ ကျသွားရတဲ့ မျက်ရည်စက်လေးတွေထက် ပိုပြီး ထွက်ပါစေ

ကိုငြိမ်းဝေ ခေါင်းငုံ့ချလိုက်သည်။ ကျဆင်းနေဆဲ သွေး ကြောင်းများ ပြန့်ကျဲသွားသည်။ ကိုငြိမ်းဝေ၏မျက်ရည်များနှင့် နှောပေါင်းဆုံသွား၍ပါ။

ဒုက္ခပါပဲ… ထွေးထွေးတော့ သေသာ သေလိုက်ချင်တော ဆရာရယ်… ဘာလုပ်ရမှန်းလဲ မသိတော့ပါဘူး"

ထွေးထွေးက ကြမ်းပြင်တွင် ထိုင်ချလိုက်ပြီး အားပါး ချုံးပွဲချ၍ ငိုလိုက်သည်။ ဖွင့်ငိုသောထွေးထွေး၏ရင်ထက် ကြိတ် ငိုရှိုက်နေရှာသော ကိုငြိမ်းဝေ၏ရင်က ပို၍နာကျင်ရမည် ထင်ပါသည်

"အစ်မနှမ်းပြောသွားတာတွေ ကြားလား ဆရာ၊ ဒါနဲ့ ဆရာ ပြောတော့ သူစိတ်ချမ်းသာအောင်ဘဲ…

"မောင်မောင်နဲ့ ထွေးထွေးတို့ တည်ဆောက်ကြတဲ့ ချစ်စံအိ ဟာလေ နှမ်းရဲ့အသည်းကို ဖဲ့ပြီး ဆောက်ကြတာ။ နှမ်းရဲ့နှလုံးသား





ခြတ်ပြီး ဆောက်ကြတာတဲ့ ဆရာရဲ့… အစ်မနှမ်းငိုသွားတာ ဘယ် လောက်များ သနားစရာကောင်းလိုက်သလဲ ဆရာရယ်…"

"ထွေးထွေး"

ထွေးထွေးစကားအဆုံးတွင် ကိုငြိမ်းဝေက ကြောက်လန့်စရာ တစ်ခုကို တွေ့လိုက်ရသလို ထွေးထွေး ကို အားကိုးတကြီးလေသံနှင့် ခေါ်လိုက်သည်။

"ထွေးထွေး ဆရာ ဘာလုပ်ရမလဲ၊ သူ… သူမငိုအောင် ဆရာ ဘာတွေလုပ်ပေးရမလဲ၊ ပြောပါဦး ထွေးထွေးရယ် ဆရာ့ကို ပြောပါဦး"

ထွေးထွေးမှာ ဘာမှမပြောဖြစ်သေးပါဘဲနှင့် မျက်ရည်များနှင့် ဗျတ်လတ်စွာ ထလိုက်သည်။ သွေးများယိုဆင်းနေဆဲ ဒဏ်ရာပေါ်သို့ ဤအိမ်မှ တွေ့မိတွေ့ရာဖြစ်သော ဓာတ်ဆီနှင့် လောင်းချလိုက်ပြီး လက်ကိုင်ပဝါ စည်းထားပေးလိုက်သည်။

"ဆရာနဲ့ ထွေးထွေး ဒီလိုဟန်ဆောင်ကြရုံနဲ့ အမမနှမ်းဟာ အလွယ်တကူစိတ်ချမ်းသာသွားမှာ မဟုတ်ပါဘူးလို့ ထွေးထွေး ဆရာ့ ကို ပြောသားပဲ။ အစ်မနှမ်းဟာ ဆရာ့ကို သိပ်ချစ်တာပဲနော်"

"ဆရာကလည်း နှမ်း… နှမ်းကို သိပ်ချစ်တာပဲ ထွေးထွေး ရယ်၊ ဆရာ့အချစ်… ဆရာ့အသည်းလေး… ဆရာ့ချစ်စုမလေး… ငိုသွားတာ ဆရာ့ကြောင့် သူ သိပ်ခံစားသွားရရှာတယ်ကွယ်"

"ဆရာလည်း သိပ်ခံစားနေရပါတယ်ရှင်၊ ဆရာတို့ ချစ်သူ နှစ်ယောက်ရဲ့အဖြစ်ကို ဘေးက ထွေးထွေးတောင် ရင်ကွဲမတတ် ခံစားမိရပါတယ် ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အငိုတိတ်အောင် ဆရာ ဘာလုပ်ရမလဲဟင်... ထွေးထွေး ဆရာရဲ့သွေးတွေ ဆရာရဲ့အသားတွေ အသည်းနှလုံးတွေနဲ့ လဲလှယ် ချိန်စက်ပေးလို့များရရင် ထွေးထွေးရယ်... ခုပဲ ပေးဆပ်ရဲပါရဲ့..."

"မထူးတော့ပါဘူး ဆရာရယ်၊ အဖြစ်မှန်ကိုသာ ဖွင့်ပြော လိုက်ပါတော့"

"အဖြစ်မှန်..."

"ဟုတ်တယ်လေ၊ ဆရာစိတ်ကူးယဉ်ပြီး လုပ်ဇာတ်ခင်းထား သမျှတွေကို ဖွင့်ပြောမှ ဖြစ်တော့မှာပေါ့"

ကိုငြိမ်းဝေက နှုတ်က ဘာမှမပြော။ အံကို တင်းတင်းကြိတ်ရင်း ခေါင်းခါလိုက်သည်။ ထွေးထွေးက...

"ဆရာ အစ်မနွမ်းကို မသနားဘူးလားဟင်"

"မမေးပါနဲ့ ထွေးထွေးသိပါတယ်ကွယ်။ ဆရာ ဘယ်လို အောင် ခံစားနေရပါတယ်ဆိုတာ ထွေးထွေးအသိဆုံးပါ။ ဒါတွေက ဆရာ မမှုပါဘူး... ခံစားရစမ်းပါစေ... သေအောင် ခံစားရစမ်းပါစေ ကွယ်၊ ဒါပေမဲ့ နွမ်း... ဆရာ့အသက်နွမ်း ငိုသွားရရှာတာကိုတော့ ဆရာ ဘယ်နည်းနဲ့မှ မဖြေသိမ့်နိုင်ပါလား ထွေးထွေးရယ်..."

"ဆရာဟာလေ ဆန်းသစ်တဲ့တေးတွေ ရေးသလို ဆန်းသစ်တဲ့ အတွေးတွေလည်း တွေးလွန်းပါတယ်။ အခုလို ဆရာ လမ်းဖယ် ပေးလိုက်တာဟာ မှားနေတယ် ဆရာရဲ့ သိရဲ့လား..."

ကိုငြိမ်းဝေကိုယ်တိုင်လည်း တွေဝေသွားမိရာက...

"သူနဲ့ ဟိုဆရာဝန်နဲ့ သွားကြမယ့်လမ်းဟာ ဖြောင့်ဖြူးနေ





ဖြစ်နေပါတယ် ထွေးထွေး၊ ဆရာဟာ အဲဒီလမ်းပေါ်က ဆူးခြောက် တစ်ခုပါ။ သူတို့ကို မစူးနစ်စေချင်တဲ့စိတ်နဲ့ ခရောင်းတောထဲ ဆင်း နေလိုက်တာပါ ထွေးထွေးရယ်"

"လမ်းကတော့ ရှင်းပါရဲ့... ဖြောင့်ဖြူးပါရဲ့... ဒါပေမဲ့ ဒေါက်တာကျော်ဇေလတ်ကို လက်တွဲပြီးလျှောက်ရမယ့် အစ်မနွမ်းရဲ့ ခရီးရှည်ကြီးမှာ အရိပ်မရှိတဲ့ နွေလွင်ပြင်ကြီးဆိုတာရော ဆရာ သိရဲ့ လား၊ ဆရာ ဆင်းရှောင်ပေးနေတဲ့ ခရောင်းတောဆိုတဲ့ လမ်းကြမ်း ကြီးပေါ်မှာ အရိပ်တွေ ဝေနေတယ်။ စိမ့်မြိုင်ရှိတယ်၊ စမ်းရေရတယ်။ အဲဒီလို အေးမြမှုပေါင်းစုံပေးနိုင်တဲ့ ဆရာ့ရဲ့မေတ္တာရေကြည်စမ်းမှာ အစ်မနွမ်း အပန်းဖြေချင်ရှာမှာပေါ့ ဆရာရယ်။ လမ်းဖြောင့်ရဲ့တစ်ခုထဲ ပြီး မေတ္တာရိပ်မဲ့နေတဲ့ နွေကန္တာရခရီးရှည်ကြီးကို ဆရာ သက်သက် လျှောက်နိုင်းနေတာပဲ"

ထွေးထွေး၏အဆင့်မြင့်သော နှိုင်းယှဉ်မှု ဥပမာနှစ်ခုကြောင့် ကိုငြိမ်းဝေ ခေတ္တမျှတွေဝေပြီးမှ...

"ဆရာလည်း အသေအချာတွေးခဲ့တာပဲ၊ အခါခါ စဉ်းစားခဲ့ တာပဲ၊ အကြိမ်ကြိမ်ဆုံးဖြတ်ခဲ့တာပဲ ထွေးထွေး။ ဒေါ်နန်းမွေ့ခမ်း ဆေးရုံတက်နေတဲ့အချိန်က ကျောက်မဲမြို့မှာ ဒေါက်တာကျော်ဇေ လတ်နဲ့ နွမ်းနဲ့ တွဲလျှောက်လာတာကို ဆရာ မြင်ရပြီးကတည်းက အဲဒီစိတ်ကူးကို စခဲ့တာပဲ"

ထွေးထွေးသည် သူ့ဆရာ ဤသို့စိတ်ကူး စ၍ရခဲ့သည်မှာ သနေ့ နွမ်းနှင့် ပြန်လည်တွေ့ဆုံမိသည်အထိ လစ်ဟာနေသော



www.burmeseclassic.com

www.burmeseclassic.com



ကွက်လပ်များကို ပြန်လည်၍ တွေးကြည့်နေမိသည်။

နှမ်းနှင့် ဒေါက်တာကျော်ဇေလတ်တို့ ကျောက်မဲဆေးရုံ အတူတွဲ၍ သွားခဲ့ကြသည့် မြင်ကွင်းကို ကြည့်ပြီးကတည်းက...

"သြော် လိုက်ဖက်လိုက်ကြတာ... တင့်တယ်လိုက်ကြတာ... နှမ်းရဲ့ဘဝလှလှထဲမှာ ငါဟာ အမှိုက်တစ်စ အရှုပ်တစ်ခုလို ဖြစ်နေ ရပြီပဲ၊ ငါဖယ်ပေးလိုက်နိုင်ရင်..."

ဆိုသော အတွေးများ ဝင်လာပြီးသော်လည်း နောက်တစ်နေ့ မနက်တွင် နှမ်းကို ကိုငြိမ်းဝေ မျှော်လင့်နေမိပါသေးသည်။

နှမ်းသည်သာ ခိုးရာလိုက်ဖြစ်ပါလျှင် ကိုငြိမ်းဝေ၏အတွေး လက်စများသည် စခန်းသိမ်း ချုပ်ငြိမ်းသွားဖြစ်ပါလိမ့်မည်။

နှမ်းက ချစ်သူချိန်းရာသို့ မလာဖြစ်ခဲ့။ နှမ်းကိုယ်စား စာလွှာ လေးသာ ပါးလိုက်နိုင်ရှာသည်။ မိခင်၏ရောဂါဝေဒနာကြောင့် ရည် တရက်ကြီး နှမ်း စွန့်ပစ်မထားနိုင်ခဲ့ရှာ။

သည်မှာတင် ကိုငြိမ်းဝေ၏ဝေဒနာလား စေတနာလား မသိ ပေါက်ကွဲပါလေ၏။

နှမ်းကို ငါမခေါ်ရက်တော့ပါဘူး...

ဒေါက်တာကျော်ဇေလတ်နဲ့သာ လက်ထပ်ပြီး သူ့ဘဝလေး ဆက်လက် လှပပါစေတော့...

ငါနဲ့လက်တွဲပြီး ဆင်းရဲရမယ့်အဖြစ် သူ့အိမ်က စွန့်ပစ်ခံ မယ့်အဖြစ်မျိုးတွေ နှမ်း မခံယူရပါစေနဲ့တော့ကွယ်...

ဟူသော အတွေးများသည် မောမြေ တောင်ပေါ်လမ်းတ



ကျောက်လုံးတွင် လွင့်မျောဝဲလည်၍ လိုက်ပါလာခဲ့သည်။

"ထွေးထွေးရေ ဆရာတော့ ဆုံးဖြတ်လိုက်ပါပြီ။ နှမ်းကို ဘယ်တော့မှ ဆရာ့ဘဝထဲ ဝင်မလာခိုင်းရက်တော့ပါဘူးကွယ်"

ဤဆုံးဖြတ်ချက်စကားသံများကို ကိုငြိမ်းဝေသည် မျက်ရည် နှင့်အတူ ရော၍ ပြောရရှာပါ၏။

"ဆရာ အစ်မနှမ်းကို အသည်းခိုက်အောင်ချစ်သလို အစ်မ ကလည်း ချစ်ရှာပါတယ် ဆရာ။ ဆရာ ဒီလိုခွဲခွာသွားတယ် ဆိုရင် ဆရာ လွမ်းရ ကြေကွဲရသလို အစ်မနှမ်းမှာလည်း ဆွေးရ နာရမှာပဲ"

"ဟုတ်တယ် ထွေးထွေး၊ ဒါတွေကို ဆရာ စဉ်းစားထားပြီး ပါ၊ သူ ဆရာ့အတွက် ဆွေးပြီး မကျန်ရစ်စေရဘူး၊ စိတ်နာ ကင်းတီးသွားစေရအောင် ဆရာဖန်တီးမယ် ထွေးထွေးရဲ့"

အသည်းကွဲအက်ရာမှ စိမ့်ကျလာသော ဆရာ့မျက်ရည်ပူများ ကို ထွေးထွေး မကြည့်မြင်ရက်တော့ပါ။

အသည်းကွဲဝေဒနာကို ရာဖွေထုတ်ယူနေသူဟု ကိုငြိမ်းဝေကို ထွေးထွေး မြင်နေမိသည်။ အစ်မနှမ်းအပေါ်တွင် စေတနာကြီးမား လှသော အချစ်ကို ကိုးကွယ်လွန်းသော ကိုယ့်ချစ်သူအပေါ် တန်ဖိုး ထားလွန်းသော အချစ်သူရဲကောင်းကြီးအဖြစ်နှင့် ထွေးထွေး ကိုငြိမ်းဝေ ကို ကြည့်လိုက်မိသည်။

ကျောက်မဲမြို့မှအပြန်လမ်းတွင် သည်မျှလောက်သာ ပြော ကြပြီး လူချင်းခွဲလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်မျှအကြာတွင် မန္တလေးမြို့သို့ နှမ်းတို့ ရော... လာခဲ့သည်။ အကယ်၍များ နှမ်း ကိုငြိမ်းဝေ၏အိမ်သို့ လိုက်... ဖြစ်လျှင်...

"အိမ်သို့ ပြန်မလာသေးပါ" ဟူသော စကားဖြင့်သာ ပြန်... ပေးပါရန် အမေ့ကို တောင်းပန်ပြီး ကိုငြိမ်းဝေ ရှောင်နေခဲ့သည်။

မျှော်လင့်တွေးထင်သည့်အတိုင်းပင် နှမ်းရောက်လာသ... နောက်တစ်နေ့ နှမ်း ရန်ကုန်သို့ ဆင်းသွားခဲ့ပါသည်။

"သား ငြိမ်းဝေ နှမ်းဆိုတဲ့မိန်းကလေး လာသွားတယ်၊ မိန်း... ချောလေးပဲ သားပြန်မလာဘူးဆိုတော့ မျက်နှာသိပ်ပျက်သွားတ...

ဤသတင်း၏နောက်တွင် ကိုငြိမ်းဝေ၏အမေးများက ဆင့်... ဆင့်ကာပါ။

"အမေရယ် နှမ်းက ဘာပြောသွားလဲ၊ သူ ဘယ်နေရာ... ထိုင်သွားလဲ၊ သူ့မျက်နှာလေး ညှိုးသွားတယ်လား၊ သူ ဘာအရော... လေးတွေ ဝတ်ထားလဲ၊ ဘယ်သူနဲ့ လာသလဲ၊ သူပြောသွားသမျှ... တွေ တစ်လုံးမကျန် ပြန်ပြောပြစမ်းပါဗျာ"

လှိုက်လှိုက်လှဲလှဲနှင့် မျက်ရည်လေးဝဲရင်း မေးနေရှာသော... သားဖြစ်သူကို ဒေါ်ဒွန်းမေက ကြင်နာစွာ ရှင်းပြရှာပါသည်။

"ရန်ကုန်က ပြန်လာရင်လည်း ဝင်လာဦးမှာ သေချာတ... သား၊ ငါ့သားရော နှမ်းရော သိပ်ခံစားနေကြရသလိုပဲ၊ ဘာတွေဖြ... နေကြသလဲကွယ်"

အမေ့ကို ဘာမှ မပြောနိုင်တော့ပါ။ ဘယ်သူ့ကိုမှလည်း ဘာ...





မပြောနိုင်တော့ပါဘဲနှင့် အိပ်မပျော်နိုင်သော ညများစွာ၏အတွေးထဲတွင်...

နှမ်းနှင့် ဒေါက်တာကျော်ဇေလတ်တို့ သွားလာလည်ပတ်ကြ၊ ရယ်ကြ၊ စားကြ ... (ရထားအတူစီးကြ)၊ ခရီးအတူထွက်ကြမည့် မြင်ကွင်းများကို မျက်စိပိတ်ထားပါလျက် ကိုငြိမ်းဝေ မြင်နေရသည်။

"မောင်မောင့်အသည်းနှမ်းရယ် အချစ်ရဲ့ရင်မှာ မောင်မောင့်လို မပင်ပန်းရဘဲနဲ့ မောင်မောင့်ကို ခွဲသွားနိုင်မယ့် နည်းလမ်းတွေ မောင်မောင် စဉ်းစားနေပါတယ်ဗျာ"

အဖြေမရမီက စို့နေသောမျက်ရည်များသည် အဖြေရပြီးသည့်နောက်တွင် သွန်ကျလာခဲ့ရပါတော့သည်။ ရရှိသောအဖြေအတိုင်းပင် နောက်တစ်နေ့တွင်...

"ထွေးထွေးရယ် ဆရာ့ကိုကူညီပါဦး၊ ဒါပေမဲ့ ထွေးထွေး သိပ်နစ်နာနေမယ်ဆိုရင်တော့လည်း နေပါစေလေ"

"ဘာကိုကူညီရမလဲသာ ပြောပါ ဆရာ"

"ထွေးထွေး ဆရာ့ကို လက်ထပ်ပါ"

"ရှင်"

ထွေးထွေး၏တစ်သက်တွင် ဤမျှချောက်ချားထိတ်လန့်ဖွယ်ရာအဖြစ်မျိုးကို တစ်ခါမှ မကြုံကြိုက်ဖူးခဲ့။ ကိုငြိမ်းဝေ၏မျက်နှာကို စူးစူးရဲရဲကြည့်လိုက်မိသည်။

"ဪ... အစ်မနှမ်းရော... ဆရာပါ ကျေကျေနပ်နပ်နဲ့ လမ်းခွဲကြမယ်ဆိုရင် ထွေးထွေးအနေနဲ့ ဆရာ့ကိုကြည်ဖြူရာက



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးချစ်ခင်သွားဖို့ ဝန်လေးစရာ မရှိနိုင်ပါဘူးလေ”

ဟူသော ထွေးထွေး၏အတွေးဆုံးသည်နှင့်...

“လက်ထပ်ပါဆိုပေမယ့် လူသိရှင်ကြား အရှက်ကွဲခံစရာ မလိုပါဘူး ထွေးထွေး၊ ဆရာတို့နဲ့ မနီးစပ်တဲ့ နယ်မြေရုံးတစ်ခုမှာ နှစ်ဦးသဘောတူ လက်ထပ်ကြရအောင်ပါ။ အဲဒီလက်ထပ်စာချုပ်ဟာ နွမ်းကို ပြရုံသက်သက်ပါပဲ ထွေးထွေး၊ ပြီးတော့ ထွေးထွေးနဲ့ ဆရာလည်း ဒီလို ဒီအတိုင်းပဲနေကြမှာပါ”

ထွေးထွေး၏ရင်ထဲမှ အုတ်မြစ်ချစ စိတ်ကူးယဉ်အိမ်ငယ်လေးမှာ ချက်ချင်းလိုပင် ပြိုကွဲခဲ့ရပါပြီ။

“ထွေးထွေးက မိန်းကလေးမို့ သိပ်နစ်နာမယ်ထင်ရင်လည်း ဆရာ့ကို မညာပါနဲ့ ထွေးထွေး၊ ရဲရဲသာ ငြင်းလိုက်ပါကွယ်”

ထွေးထွေးသည် ထွေးထွေးငေးငေးလေးရှိနေရာမှ...

“ဆရာရယ် ထွေးထွေးဟာ အပျိုလည်းမဟုတ်ပါဘူး၊ စာရွက်ပေါ်မှာ လက်မှတ်ကလေးတစ်ခုထိုးရုံနဲ့လည်း ထွေးထွေးမှာ ဘာမှနစ်နာနိုင်စရာ မရှိပါဘူး။ ဒီလက်မှတ်ကြောင့် ထွေးထွေးရဲ့ဘဝဟာလည်း ဘာမှ ပြောင်းလဲသွားစရာ အကြောင်းမှ မရှိဘဲရှင်၊ နာချင်းနာရင် ဆရာ့ဘက်က နာမှာပါ၊ ဆရာဟာ သိက္ခာသိပ်ရှိတဲ့ လူပျိုတစ်ယောက်ပါ”

“အို ထွေးထွေးရယ် မင်းဟာ ဆရာ့အပေါ်မှာ စေတနာထားနိုင်လွန်းလှချည်လားကွယ်”

“အစ်မနွမ်းအနေနဲ့တော့ ထွေးထွေးကို သိပ်မုန်းသွားမှာပဲနော်





ဆရာ၊ ပြီးတော့ ဆရာမျှော်လင့်တဲ့အတိုင်း အစ်မနွမ်းဟာ ဆရာ့ကို ချက်ချင်းစိတ်နာသွားပါ့မလား..”

“ဆရာစဉ်းစားလို့ ရသလောက်မှာတော့ ဒီနည်းဟာ အကောင်းဆုံးပါပဲ ထွေးထွေးရေ၊ ကူညီမယ်ဆိုရင်တော့ နွမ်း ပြန်မလာခင်ပဲ...”

သည်လိုနှင့် တရားရုံးကို အလုပ်ရှုပ်အောင် လုပ်ပြီးနောက်တွင် အမေမှတစ်ဆင့် နွမ်းကို လက်ထပ်စာချုပ် မြင်သာစေခဲ့ပါသည်။

နွမ်းတို့ မန္တလေးပွဲရုံသို့ ရောက်လာကြပြီ ဆိုကတည်းက ကိုငြိမ်းဝေ အိမ်မှာမနေတော့။ ဤတမ္ဗဝတီရပ်မှ သူငယ်ချင်းတစ်ယောက်၏အိမ်တွင် ခေတ္တလာရောက်ပုန်းခိုနေသည်။ ယနေ့အိမ်သားများလည်း မရှိကြ။

ထွေးထွေးမှာ သူ့ဆရာ့အတွက် စားစရာလာပို့နေချိန် ဖြစ်ပါ၏။ ထွေးထွေးကို ခြေရာခံ၍ လိုက်လာခဲ့သော ဦးမန်းစံ၏အကြံအဖန်ကြောင့် နွမ်းနှင့် ရုတ်တရက် မမျှော်လင့်ပါဘဲနှင့် ဆုံလိုက်ရခြင်းပါ။

ဦးမန်းစံက နွမ်းလိုက်လာပြီ ဆိုသည်နှင့် နှစ်ယောက်လုံး ထွက်ပြေးရန် ကြံသော်လည်း ဦးမန်းစံက အိမ်ပေါက်ဝမှ ပိတ်ရပ်ပြီး နွမ်းကို လှမ်းခေါ်ခြင်းဖြင့် ပက်ပင်းမိသွားရခြင်းပါ။

ထွေးထွေး၏အတွေးများဆုံးချိန်တွင် ကိုငြိမ်းဝေသည် ပြတင်းဝတွင် သွား၍ရပ်နေပေသည်။ အံကို တင်းတင်းကြိတ်ထားသော်လည်း မျက်ရည်ပေါက်များက ကျဆင်းနေဆဲ။ ယောကျ်ားတစ်ယောက်၏ မျက်ရည်များသည် ခံစားမှုပြင်းလွန်းမှ ကျတတ်ပါကြောင်း သိထား



www.burmeseclassic.com

www.burmeseclassic.com



သော ထွေးထွေး၏ရင်မှာ ပိုမို၍ နာကျင်လာမိပါသည်။

"ဆရာ"

ဆရာက မထူးနိုင်ရှာ။ ခေါင်းညိတ်၍သာ ပြပါ၏။

"အစ်မနှမ်းကို ထွေးထွေး သွားရှင်းပြလိုက်မယ်လေ"

"နေပါစေ ထွေးထွေးရယ်၊ သူ... သူ့ဝေဒနာလေး... ကြာရင် လွင့်ပြယ်သွားမှာပါကွယ်၊ ဒေါက်တာကျော်ဇေလတ်ရဲ့ယု... ကြင်နာမှုတွေက ဒီဝေဒနာတွေကို တွန်းဖယ်ပေးနိုင်ပါစေလို့ ဆ... ဆုတောင်းပေးနေပါ့မယ် ထွေးထွေးရယ်"

"ဆရာ့လောက် အစ်မနှမ်းအပေါ်မှာ ချစ်မြတ်နိုးနိုင်မယ့်... ဒီကမ္ဘာပေါ်မှာ မရှိနိုင်ပါဘူး။ ဘယ်တော့မှလည်း မွေးဖွားလာနိုင်မှာ မဟုတ်ပါဘူး ဆရာရဲ့"

"ဪ... ထွေးထွေးလည်း ဆရာတို့အတွက် ပင်ပန်းလှပါ... လေ... မငိုပါနဲ့ ညီမလေးရယ်..."

ကိုငြိမ်းဝေက အားနာစာနာစိတ်များဖြင့် နှစ်သိမ့်ရင်း ထွေးထွေး... ကို ပြန်စေသည်။

ထွေးထွေး၏အပြန်လမ်းတွင်ဖြင့်...

ငါ အစ်မနှမ်းကို ဆရာမသိအောင် သွားပြောပြလိုက်ရရင်... ကောင်းမလား...

ဒီလိုပဲ နေလိုက်ရမလားကွယ်...

❖



# အခန်း (၃၂)

ထွေးထွေး၏အတွေးများ မပြတ်သားနိုင်မီမှာပင် နှမ်းတို့... ကျောက်မဲမြို့သို့ ပြန်ဖြစ်သွားကြသည်။

ညော့်သည်ကလည်း ပါလာ ရွေသုံးဆယ်သား ဓားပြတိုက်ခံ... ရသည့် ကိစ္စကိုလည်း ရှေ့တန်းတင်ပြောဆိုနေကြပါ၍ နှမ်းမှာ ဖခင်... ဦးအောင်စိုးနှင့်ပင် အေးအေးဆေးဆေး ဆွေးနွေးချိန် မရနိုင်သေးပါ။

"စိတ်မကောင်းဖြစ်မနေပါနဲ့ နှမ်းရယ်၊ ဒီပစ္စည်းတွေဟာ... သမီးအတွက် ရည်ရွယ်ထားတာပဲ၊ အခုသုံးဖို့မှ မဟုတ်ဘဲ ကိုယ်... ဆပ်ရှာပေးနိုင်ပါတယ် နှမ်း၊ သိချင်တာတစ်ခုက ဒီကိစ္စကို ဘယ်လို... ပေါက်ကြားသွားတာလဲဆိုတာကိုပါပဲ"

"အင်း... သမီးကြီးခမ်းကို သတ်မပစ်ကြခင်များ ရိုက်နှက်... စ်သွားသလား"

"ဒါမှမဟုတ် အငယ်မကများ သူ့ရည်းစားကို ပြောထားမှ... သလား မသိဘူး။ ဟိုကောင်က ဆင်းရဲတော့ နှမ်းတို့မရှိတုန်း ... က်လှည့်နဲ့များ ကြံသလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေကို လိုက်ပြီး မကောင်းထင်မနေပါနဲ့တော့

ဟုတ်ရင် တော်ပါရဲ့... မဟုတ်ရင် ကိုယ့်ဘာသာပဲ အပြစ်

"နန်းလည်း သူတစ်ပါးပေါ် မစွပ်စွဲတတ်ပါဘူး။ ဒါ

ဒီလေးယောက်ထဲ သိတဲ့ ကိစ္စမို့ သမီးတို့ဆီကများ ပေါက်ကြား

သလားလို့ ပြောမိဝ ပါ"

"ကဲပါ နန်းရယ်... ဒီကိစ္စကို မေ့လိုက်ပါတော့၊ နန်းမှာ

မားတဲ့ရောဂါ မရှိဘဲ ကုသပျောက်ကင်းလာတာကိုပဲ ဝမ်းသာလှ

ဟိုမှာ ဒေါ်ကြည်လေးဝေနဲ့ စကားပြောပါ နန်း။ သူလည်း နက်

လားရိုးကို တက်တော့မှာပဲ"

"ဟုတ်တယ်၊ သူ့မောင် ဒေါက်တာတင်ဦးလွင်အိမ်ကပဲ

ခင်ပွန်းနဲ့ သူ့သားအလာကို သွားစောင့်နေမယ်လို့ နန်းကို ပြော

ပါပြီ"

"ကဲ... ဒါဖြင့်လည်း ပွဲရုံသွားလိုက်ဦးမယ်"

ဦးအောင်စိုး၏ ဂျစ်ကားနားသို့ နှမ်းကပ်လာပြီး...

"သမီးပါ လိုက်ခဲ့ပါရစေ ဖေဖေ၊ သမီး ဖေဖေ့ကိုပြော

ရှိတယ်"

"ဖေဖေက မုန်လာခြံဘက် ခဏဝင်ဦးမှာ"

"စောအိုက်မောင်တို့ခြံ သွားမှာ မဟုတ်လား၊ အဲ

အဲဒီမှာ ဖေဖေနဲ့ သမီး တီးတိုးတိုင်ပင်စရာ ရှိလို့ပါ"

"သမီးရဲ့ လက်ထပ်ရေးကိစ္စလား"

"မဟုတ်ဘူး ဖေဖေ့သမီးကြီးကိစ္စ"





"ဟင်"

"သမီးလိုက်ခဲ့မယ်နော်"

"အင်း.... လာ... လာ"

ဖေဖေက နှမ်းကို အလွယ်တကူပင် သူ့ကားနှင့် တင်၍ ခေါ်လာခဲ့သည်။ စိုက်ခင်းပြန့်ပြန့်အလယ်မှာ သားအဖနှစ်ယောက်၏ ဆွေးနွေးမှုက လွတ်လပ်လှသည်။

ဗိုလ်ချုပ်ဈေးတွင် နှမ်းကို ခမ်းအမှတ်နှင့် သူ့အဖွဲ့သားများက ကျောက်စိမ်းရောင်ရင်ငွေ လေးသောင်းကျော်ကို လူမှား၍ ပေးလိုက်သည်က အစ... ခမ်း၏လက်ရှိဘဝအခြေအနေနှင့် ရန်ကင်းတောင်ခေါ်တွင် ညီအစ်မနှစ်ယောက် တွေ့ဆုံခဲ့ရပုံများ အသေးစိတ်ကို နှမ်းက ဖခင်ဦးအောင်စိုးသို့ ပြန်လည်၍ တင်ပြလိုက်ပါ၏။

"တောက် မိုက်လိုက်တဲ့သမီး"

ဦးအောင်စိုးကိုယ်တိုင် များစွာတုန်လှုပ်သွားရှာသည်။ ခမ်းသည်မျှ ရဲတင်းမိုက်မဲစွာ လှုပ်ရှားနေလိမ့်မည်ဟု မထင်ဝံ့ခဲ့မိ။ ယခုကြည့်ပါဦး... အဆုံးစွန်းရောက်အောင် ခမ်းတစ်ယောက် မိုက်တွင်းနက်နေပါပေါ့လား။

"ဒီတိုင်းနေလို့တော့ မဖြစ်တော့ဘူး သမီး။ သက်ဆိုင်ရာကို အားလုံးရှင်းပြပြီး သင်းကို ဖမ်းခိုင်းမယ်။ အသေပဲရရ အရှင်ပဲရရ"

ခမ်းနှင့် ပတ်သက်၍ ဦးအောင်စိုး၏ ရင်မှာ ဒေါသတရားများသည် မုန်တိုင်းနှယ် ပြင်းပြစွာ တိုးဝှေ့လှည့်လည်နေပါပြီ။ ဦးအောင်စိုးက...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကရွှေတွေလည်း သူပဲ လက်ထောက်ချလိုက်တာ သေချာ ပါပြီ"

နွမ်းလည်း သည်သို့ပင် တွေးမိပြီးသားပါ။ ဖေဖေ့ကို မထောက်ခံတော့ပါ။

"အေးပေါ့ သမီးရယ်၊ မိခမ်းအတွက်တော့ သိပ်ပြီး စိတ်အင် ပန်းခံမနေနဲ့၊ ဖေဖေပဲ ဒီကိစ္စကို ဖြေရှင်းမယ်။ သူ့ကိုမိအောင် ဖြ ဖမ်းမယ်"

"ဟုတ်ကဲ့ ဖေဖေ၊ ဖေဖေ့ကို အန္တရာယ်ပြန်ဖြစ်လာမှာစော သမီး စိုးရိမ်မိပါတယ်"

"ဒီကိစ္စတွေ သမီးခေါင်းထဲက အားလုံးထုတ်ပစ်လိုက်ပြီးရ သမီးကို ဖေဖေ တောင်းပန်စရာရှိတယ်"

"ဘာများလဲ ဖေဖေရယ်"

"သမီးရဲ့ကိုယ်ရေးကိုယ်တာ၊ အဲ... အသည်းနှလုံးပြဿ ဆိုတာတွေကို အားလုံး မေ့ပစ်လိုက်ပါလားကွယ်"

"ဖေဖေရယ်"

"ပြီးတော့ နီးကပ်နေပြီဖြစ်တဲ့ သမီးရဲ့လက်ထပ်မင်္ဂလာ ကိုလည်း ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲပါလို့ ဖေဖေ တောင်းပန်ပါတ သမီး၊ ဆင်နွှဲနိုင်ပါစေလို့လည်း ဖေဖေ ဆုတောင်းနေပါတယ်"

"သမီး... သမီးကြိုးစားပါ့မယ် ဖေဖေ"

အမှန်လည်း နွမ်းကြိုးစား[illegible]တော့မည်။ မိမိ၏အသည်းနှ သည် မွကြေပျက်ဆုံးပြီဟု နွမ်း[illegible]နေပါသည်။ ဘယ်သောအခါ





ချစ်လှစွာသော မောင်မောင်၏မေတ္တာရည်သွန်းဖြိုးမှုဖြင့် လန်းဆန်း င်သန်ခွင့် မရနိုင်တော့မည့်အတူ...

နှလုံးသားဗလာနှင့် ကိုယ်ခန္ဓာကိုစွန့်လှူရသော ဤမင်္ဂလာပွဲ ၅င် နွမ်းကြိုးစား၍ ပြုံးပါမည်။ အားလုံး စိတ်ချမ်းသာဖို့အတွက် ခန့်တီးထားရမည်။ အပြုံးဖြင့် နွမ်း၏ရင်ထဲမှ ကြေကွဲရမှုများကို လုံခြုံ အား ဲ့းကွယ်ကာ ပြုံးပါမည်ဟု နွမ်း သန္နိဋ္ဌာန်ချလိုက်ရပါပြီသာ။

သြော်... မောင်မောင်နဲ့ ထွေးထွေးတို့ ချစ်ကြင်နာခြင်း အခွန့် ည်ကြာနိုင်စေဖို့...

ဖေဖေနဲ့ မေမေတို့ ရွှင်လန်းဝမ်းမြောက်ကြစေဖို့...

ပြီးတော့... ဒေါက်တာကျော်ဇေလတ် ကျေနပ်ကြည်နူးစွာ သစ်မူးနိုင်စေဖို့အတွက်...

နွမ်းရဲ့အသည်းနှလုံးမဲ့ ကိုယ်ခန္ဓာကို စွန့်လှူပေးဆက်ဖို့အတွက် ကျက်မှာ မဝေး မကြာတော့ပါပြီတကား...

❖



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၃)

အိမ်တွင် မင်္ဂလာကိစ္စအတွက် ရှုပ်ထွေးသည်ထက် ရှုပ်ထွေ လာသည်။ တိုင်ပင်ခြင်း၊ ပြင်ဆင်ခြင်း၊ စီစဉ်ခြင်းများကို စ၍ နေ ပါပြီ။

ဤလူများ၏ကြားမှ ဦးမန်းစံ၏မျက်ဝန်းအစုံသည် နှမ်းအ သို့ မကြာခဏ ရောက်ရောက်လာသည်။

ဦးလေးမန်းစံတော့ ငါ့ကို တစ်ခုခုပြောစရာရှိပြီထင်တယ်-

ဟူသော အတွေးများဖြင့် ဦးလေးမန်းစံနားသို့ နှမ်း မသိမသ လေး ကပ်လာသည့်အခါ...

"နှမ်းကို ဦးလေးပြောစရာရှိတယ် သိပ်အရေးကြီးတယ်"

နှမ်း၏ရင်မှာ ထိတ်ကနဲ ခုန်သွားရသည်။ သိချင်စိတ်ကလည်း ကြီးမားကျယ်ပြန့်စွာ ခိုဝင်လာသည်။

"နောက်ဖေးက ဂိုဒေါင်အိမ်လေးကို နှမ်း သွားနှင့်မယ်- ဦးလေး လိုက်ခဲ့နော်"

ဦးမန်းစံက ခေါင်းညိတ်ပြသည်။ နှမ်းက ခြံတွင်းမှ တစ်ဆ





က်ဖေးမှ ဂိုဒေါင်လုပ်ထားသည့် သစ်သားအိမ်လေးဆီသို့ ဆင်း ခဲ့သည်။

ဖေဖေစီးပွားမတက်ခင် နှမ်းတို့ငယ်စဉ်က ဤသစ်သားအိမ် းမှာပင် နေခဲ့ကြသည်။ ယခု တိုက်သစ်ဆောက်ပြီးမှ အိမ်ရှေ့ က်သို့ ပြောင်းရွှေ့နေထိုင်ပြီး ဤအိမ်လေးကို ပိတ်ထားခဲ့သည်။ မှာ တစ်ထပ်အိမ်ပုကလေးဖြစ်ပြီး နောက်ဘက်ပိုင်းမှာ မြေနိမ့် မြေတိုက်ခန်းလည်းရှိပါ၏။ အပြင်မှကြည့်လျှင် ဤမြေတိုက်ခန်း မြုပ်နေသည်။ အိမ်ပေါ်မှဆင်းလျှင်ဖြင့် အလွယ်တကူပါ။

ဤအိမ်လေးကို ပိတ်ထားရာမှ ယခု ဖွင့်ပြီး ရှင်းလင်းထားရ ၊ အိမ်ရှေ့တိုက်မှပစ္စည်းများ ပြောင်းရွှေ့ရန် ဖြစ်ပါ၏။ ရှေ့တိုက် မင်္ဂလာသဘင် ဆင်ယင်တော့မည်လေ။

"ဟော... ဦးလေး လာ... ဘာအရေးကြီးလို့လဲဟင်"

ဦးမန်းစံက ကျိုးလန့်စာစားဟန်နှင့် ဘေးဘီကို ကြည့်လိုက် ...

"အရေးကြီးတာတော့ မပြောနဲ့တော့ နှမ်းရေ"

"ဟင်... ဘာ... ဘာလဲ ဦးလေး"

"ခမ်း... ခမ်းလေ... မသေဘူးဟယ်"

ဦးမန်းစံက အလန့်တကြားဖြင့် မျက်လုံးပြူး မျက်ဆံပြူး ရာသော်လည်း နှမ်းအတွက်ဖြင့် ဤသတင်းသည် အရာမရောက် တော့ပါ။

"ဦးလေး ဘယ်လိုလုပ်သိလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးဆီ ဆက်သွယ်လာတယ်၊ တကယ့်အာဂ... လေးပဲ၊ ကြည့်စမ်း... ဒုက္ခပေးလိုက်တာ ဦးလေးတောင် သူ့အ... မျက်ရည်ကျခဲ့မိသေးတယ်။ ဒီမှာလေ သူ့စာ"

ဦးလေးမန်း...

ခမ်းမသေဘူး။

သူပုန်စခန်းမှာ ရောက်နေတယ် ငွေငါးသောင်း အ... ကြီးတယ်။ အဲဒါပေးပြီးရင် ခမ်းပြန်လာလို့ရမယ်။

ဦးလေး အကြံအဖန်လုပ်ပေးစမ်းပါ။ ဖေဖေတို့ ... စေနဲ့။

အခု စာလာပေးတဲ့လူကို မေးပြီး ခမ်းဆီ အမြန်... လိုက်လာခဲ့ပါ။

ခမ်း

နွမ်းမှာ စာကို လေးလံသောအရာကြီးတစ်ခုလို ဖြည်းညင်... ခေါက်သိမ်း၍ ဦးမန်းစံကို ပြန်ပေးလိုက်သည်။

"အဲ... အဲဒီကိစ္စကို ငါ ဘယ်လိုလုပ်ရရင် ကောင်းမလဲ... နွမ်း"

"မသိဘူး ဦးလေးရေ"

"အစ်ကိုကြီးကိုအောင်စိုးကို ဖွင့်ပြောရရင် ကောင်းမလ..."

"ဦးလေးတူမက မပြောနဲ့လို့ ရေးထားတာပဲ"

"ဒါပေမဲ့ ငွေငါးသောင်းတောင် ငါက ဘယ်လိုလုပ်ပြီး ကြံ ...မှာလဲ နွမ်းရယ်"

"နွမ်းမသိဘူး ဦးလေး ခမ်းနဲ့ပတ်သက်ပြီး နွမ်း ဘာမှ ဝင် ...ပြောချင်ဘူး။ ဖေဖေမှာပဲ တာဝန်ရှိတယ်။ ဖေဖေကြည့်လုပ်ပေးပါ ...မယ်"

"နေပါဦး ခမ်းမသေဘူးဆိုတာကိုတော့ ပြောမှ ကောင်းမှာ ...။ ဘယ်လောက်များ ဝမ်းသာကြမလဲ၊ နွမ်း နင်ရော ခမ်းမသေ ...ဝမ်းမသာဘူးလား"

"မသာပါဘူး"

"ဟဲ့... အို... ဘယ်လိုပြောလိုက်တာလဲ နွမ်းရဲ့"

"သူ့ကို သေစေချင်တဲ့စိတ်တော့ နွမ်းရင်ထဲမှာ ဆံတစ်မျှင် ...မှ မရှိပါဘူး။ ဒါပေမဲ့ သူ အသက်ရှင်နေတာဟာ လူတွေကို ဒုက္ခ ...ဖို့ ရှင်နေတာ"

ကိုယ့်ဘဝပြဿနာ အသည်းနှလုံးပြဿနာများစွာကို မဖြေရှင်း...တဲ လည်စင်း၍ခံရတော့မည့် နွမ်းက ခမ်းကို နာကြည်းနေမိသည်။

ခမ်းသည်သာ ယခုလို ဘယ်သူ့မှမငဲ့ကွက်ဘဲ ထွက်ပေါက် ...မသွားပါဘူးဆိုပါလျှင် ပြဿနာအားလုံး နွမ်းတစ်ယောက်တည်း ...သို့ ပုံကျလာစရာ အကြောင်းမရှိပါ။

"ခမ်းမသေဘူးဆိုတာ နွမ်း သိပြီးနေပြီလားဟင်"

"သိတယ်"

"ဟင်... ဘယ်တုန်းကတည်းက သိနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တောင် တွေ့ပြီးပြီ"

"ဟေ..."

ဦးမန်းစံက မယုံကြည်နိုင်လွန်းသောမျက်နှာနှင့် နွမ်းကို ကြ
နေသည်။ သူ ဘာကစမေးပြီး ဘာကစ၍ပြောရမှန်း မသိရ

"ဒီမှာ ဦးလေး ခမ်းနဲ့ပတ်သက်တဲ့ကိစ္စဆိုရင် နွမ်းကို မ
ပါနဲ့ ဖေဖေနဲ့သာ တိုက်ရိုက် တက်ဆွေးနွေးပါ။ ဦးလေးလ
အေးရော"

"ဒါပေမဲ့ သူ့စာထဲမှာက..."

"ဦးလေးတူမကို ဦးလေးမပိုင်ရင်တော့ လုပ်ချင်တာသာ
တော့ နွမ်းသွားတော့မယ်"

ဦးမန်းစံကို ချန်လှပ်ပြီး နွမ်း အိမ်ပေါ်မှ ဆင်းခဲ့ရသည်။
ကားထိပ်တွင် ဖိနပ်စီးနေဆဲ နွမ်းကို ဦးမန်းစံက...

"ဒါနဲ့ နွမ်း... ဟိုဆရာဝန်ကို တကယ်လက်ထပ်တော့မ
လား"

နွမ်းမှာ ကြာမြင့်စွာ နှုတ်ဆိတ်နေမိသေးသည်။ ပြီးမှ...

"အားလုံးအတွက် နွမ်းဘဝကို စတေးရတော့မှာပေါ့ ဦး
ရေ"

နွမ်း၏နွမ်းလျလွန်းနေသော အမူအရာကို နောက်ဘ
ကြင်နာစွာကြည့်ရင်း ဦးမန်းစံ၏မျက်နှာမှာ အပြောင်းအလဲမျာ
ဖြစ်ထွန်းသွားပါတော့သည်။

အိမ်ခေါင်းရင်းဘက်ရှိ ဝန်းခြံယ်လေးတွင်းမှ ခုံတန်းလ



ပေါ်တွင် အားလျော့စွာ နွမ်းထိုင်နေမိသည်။ ယခုတော့ နွမ်းမှာ ငို
ရလည်း မျက်ရည်များခမ်းခြောက်ကုန်ပါပြီ။

မောင်မောင်နှင့် ပတ်သက်၍ ကွဲအက်ကြေပျက်ခဲ့ရသော နှလုံး
သည်းပွတ်သည်လည်း ငြိမ်သက်ခဲ့ပါပြီ။ ကြီးမားလွန်းသော ဒဏ်ရာ
များကြောင့် မလှုပ်ရှားနိုင်လေပြီလားဖြင့်မသိ။ ယခင်လို ဆတ်ဆတ်
ခုန် လှုပ်ရှားခြင်း မရှိတော့သော်လည်း နှလုံးသား၏ဗဟိုနေရာမှ
နာကျင်ပင်ပန်းလှပါဘိ။

ထွေးထွေးက ဘယ်လိုပဲလွယ်တယ်ဆိုဆို မောင်မောင် ရက်
စက်လွန်းလှပါတယ်။ မထင်ရက်ခဲ့ဘူး အချစ်ရယ်။ ဒီလို သစ္စာ
ဖောက်ပြားခြင်းများနဲ့ ဝေးကွာသွားရမယ့်အဖြစ်မျိုးကို ကြုံရလိမ့်မယ်
လို့ နွမ်း ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ မတွေးခဲ့ဖူးပါဘူး ခုတော့...

မျက်ရည်မကျဖြစ်ပါဘဲ ရင်ထဲမှာ ငိုရခြင်းဝေဒနာက ခံစား
စေ၍ နာကျင်ချက်ကြီးမားလှချေသည်သာ။

"အစ်မနွမ်း"

အိမ်စောင့်အလုပ်သမားလေးက နွမ်း၏အနားသို့ မရဲတရဲ
ကပ်လာသည်။ သူ့တွင် ပြောစရာတစ်စုံတရာ ပါလာပြီဟု သိလိုက်
ရသော နွမ်းက...

"ဘာလဲ စိုင်းဖ အစ်မကို ဘာပြောမလို့လဲ"

"မနွှေလေး အဲ... သီပေါပွဲရုံက မထွေးထွေးဆိုတဲ့ အစ်မက
မှာလိုက်လို့"

"ဟင်... ထွေးထွေး ဟုတ်လား"

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အဲဒါ သူရောက်နေပါတယ်တဲ့ ဒီအိမ်ကို မလာရဲလို့ သူ့ဆီ ခဏလာတွေ့ပါတဲ့။ ဈေးထဲက အဲမွှန်ရဲ့ ရှမ်း ထမင်းချဉ်သုပ်ဆိုင်မှာ သူစောင့်နေပါတယ်တဲ့"

"ဟင်"

"သူ့ကြည့်ရတာ သိပ်အရေးကြီးနေတဲ့ပုံပဲ"

"ထွေးထွေး… ထွေးထွေးက ငါ့ကို ဘာပေ့ စရာများ အကြောင်းရှိတော့လို့လဲ"

"အဲဒါတော့ ကျွန်တော်မသိဘူးဗျ"

နှမ်း၏အတွေးများက စကားသံအဖြစ်နှင့် လျှံဖိတ်ထွက်ကျ သွားမိသည်။ စိုင်းဖက ပြောလေမှ…

"ဩော်… အေး… အေး ကောင်းပြီလေ။ အစ်မ သွားတွေ့ လိုက်ပါ့မယ်၊ စိုင်းဖလုပ်စရာရှိတာသာ သွားလုပ်ပါ"

စိုင်းဖကိုသာ ဟန်မပျက် ပြောလိုက်ရသည်။ ရင်ထဲသို့ လေ ပြင်းမုန်တိုင်းတစ်ခု ကျရောက်လာရပြန်သည်။

"ထွေးထွေး… ထွေးထွေး ဘာလုပ်ဖို့များ လိုက်လာရပါလိမ့် မောင်မောင် ဘာများဖြစ်လို့ပါလိမ့်ကွယ်"

မပြိယ်နိုင်သော သံယောဇဉ်ကြိုးလေးများက နှမ်း၏နှလုံး သားကို မောင်မောင့်ဘက်သို့ ယိမ်းနွဲ့လာအောင် ဆွဲဆောင်နေပြန် ပြီလား။

ဤတွယ်တာမှု သမုဒယလေးများဖြင့် သွားသင့်လေသလားဟု စဉ်းစားနေမိဆဲ နှမ်း၏နားထဲသို့…





"ထွေးထွေး… မိထွေးထွေး နင်ဟာ ငါ့မိန်းမ နင့်… နင့်ကို ချစ်လို့ ငါယူခဲ့ပြီးပြီ"

ကိုငြိမ်းဝေ၏လှိုင်းထန်လွန်းသော ဒေါသစကားသံများက ခါးသီးစွာ နှမ်း၏နားထဲသို့ ဝင်ရောက်လာခဲ့ပါသည်။

"တော်ပါပြီလေ ငါမသွားတော့ပါဘူး"

သူတို့ ကြင်စဦးဇနီးမောင်နှံရဲ့ မပြေလည်မှု သို့မဟုတ် ညှိ နှိုင်းထားမှုလေးတွေကို စကားတတ်မလေး ထွေးထွေးက ငါ့ကို တင်ပြရအောင် လာတာပဲ ဖြစ်မှာပါ…

ရှိပါစေတော့ ထွေးထွေးတို့ရယ်… မောင်မောင်နဲ့ ပတ်သက်တဲ့ သတင်းစကားတွေကို မကြားပါရစေနဲ့ မသိပါရစေနဲ့တော့ကွယ်…

အစ်မနှမ်းလေ… သန်ဘက်ခါ လာမယ့်တနင်္ဂနွေနေ့မှာ ကိုကျော်ဇေလတ်နဲ့ လက်ထပ်လိုက်တော့မယ်။ ဒါပေမယ့်ကွယ်… မောင်မောင့်ကို သိပ်ချစ်မြတ်နိုးခဲ့ဖူးတဲ့ အထိမ်းအမှတ်လေးအဖြစ်နဲ့ အစ်မရဲ့အသည်းနှလုံးလေးကို မောင်မောင့်ထံမှာ ချန်ထားပစ်ခဲ့ပါ တယ်။ ဆက်လက်ပြီး နင်းချေဖြိုခွဲပါဦးလို့ ပြောပေးပါ ထွေးထွေး ရေ…

❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

ဒေါက်တာကျော်ဇေလတ်နှင့် နွမ်းတို့၏ ခန့်ငြားလှပသော ရွှေရောင်ဖောင်းကြွ မင်္ဂလာဖိတ်စာပေါ်သို့ ကိုငြိမ်းဝေ၏မျက်ရည်စက်လေးများ ကြွေကျလာခဲ့သည်။

နွမ်းတို့၏ပွဲရုံသို့ ရောက်ရှိလာသော ဖိတ်စာများအနက်မှ တစ်စောင်ကို အပေါင်းအသင်းတစ်ယောက်မှ တစ်ဆင့် ကိုငြိမ်းဝေ ရရှိခဲ့ခြင်းပါ။

အချစ်ရယ် တင့်တယ်ပါစေ့ကွယ်...

အချစ်တို့ရဲ့မင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်ပါစေ...

အချစ်ရဲ့အိမ်ထောင်ရေးနယ်မြေမှာ သာယာကြည်နူးစရာတွေနဲ့သာ ဆုံစည်းရပါစေလို့ မောင်မောင်လေ တကယ့်စေတနာ တကယ့်မေတ္တာတွေနဲ့ ဆုတောင်းပေးလိုက်ပါတယ် နွမ်းရယ်...

ခေါင်းအုံးအောက်မှ နွမ်း၏ဓာတ်ပုံတစ်ထပ်ကြီးကို တစ်ခုတည်း ဆွဲယူလိုက်ပြီး ရင်ဘတ်ပေါ်တင်၍ ဖက်ပိုက်ထားမိသည်။

အဆုံးတိုင် ကွဲကွာရတော့မည်ဟူသော အသိကြောင့် နွမ်း၏





ကိုယ်စား နွမ်း၏ပုံတူလေးများကို အလန့်တကြားဖက်တွယ်ထားမိသည်။

"နွမ်း မောင်မောင့်အသည်းရယ်"

ဓာတ်ပုံများကို ဖက်ပိုက်လျက် ကိုငြိမ်းဝေ လှိမ့်ပြီး မှောက်လိုက်ရသည်။ ကိုယ့်မျက်ရည်စများကို အမေမမြင်ပါစေရန် ကိုငြိမ်းဝေ၏အသည်းနှလုံးအောက်တည့်တည့်တွင် နွမ်း၏ကိုယ်စား ပုံတူလေးများကို ဖိအပ်ထားမိသည်။ မျက်နှာကဖြင့် မျက်ရည်နှစ်နေသော ခေါင်းအုံးပေါ်မှာ။

"သား ငြိမ်းဝေ ဆန်ပြုတ်ထသောက်လိုက်ဦးလေ"

"မဆာလို့ပါ အမေရယ်"

"မဆာပေမယ့် သောက်ဦးမှပေါ့၊ အဖျားကျဆေးတွေက ပြင်းတယ်၊ အစာမရှိရင် ငါ့သား ကတုန်ကရီ ဖြစ်နေမှာပေါ့"

"မဆာလို့ပါဗျာ"

"အဖျားကလည်း ကျကို မကျသေးပါလား၊ ညနေကျရင် ဆေးတိုက် သွားပြဦးမှပေါ့"

ဒေါ်ဒွန်းမေက အင်္ကျီအောက်မှ လက်လျှိုသွင်းပြီး သား၏ကျောပြင်ကို သူ့လက်ဝါးနှင့် ကပ်၍ စမ်းလိုက်သည်။ ကျောပြင်မှာ ခြောက်သွေ့ပူခြစ်နေပေသည်။

"နေပစေ အမေ ကျွန်တော် နေကောင်းသွားမှာပါ"

"ဘယ်ဖြစ်မလဲ သားရယ်၊ အပူကျဆေးလေးတော့ ထိုးဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"သား ငြိမ်းဝေ ဘာလဲဟင်"

"အမေ့ကို ကျွန်တော် အားနာလှပြီ သနားလှပါပြီ အမေ ရယ်၊ ကျွန်တော့်လို သားမိုက်တစ်ယောက်ကို အမေ ပြုစုမနေပါနဲ့၊ ဆေးတိုက်ပြုရင်လည်း ငွေကုန်ဦးမယ်၊ ကျွန်တော့်ကို ဥပေက္ခာပြု ထားလိုက်စမ်းပါဗျာ"

"သြော် ငါ့သားရယ်"

ဒေါ်ခွန်းမေက သက်ပြင်းရှည်ကြီးကိုချပြီး ကိုငြိမ်းဝေ၏ကိုယ် ပေါ်သို့ မုံရှာ စောင်ကြမ်းတစ်ထည်ကို လွှမ်းခြုံပေးလိုက်သည်။ ဆန် ပြုတ်ပန်းကန်ကို ပြန်ယူသွားရတော့သည်။ ညနေ ဆေးထိုးပေးဖို့ အတွက် လမ်းထိပ်မှ ခင်မင်သော စက်ဘီးပြင်ဆိုင်တွင် ငွေ သွား၍ ချေးရပါဦးမည်။

"အမေ ဆရာကိုငြိမ်းဝေရေ"

"ဟေ... သြော်... မောင်သက်ထွန်းတို့ပါလား၊ လာကြလေ မင်းတို့လူတော့ ဖျားနေလေရဲ့"

"ဟုတ်လား ဘယ်လောက်ကြာပြီလဲ"

"တစ်ပတ်လောက်ရှိနေပြီ၊ လက်မှာလည်း ဓားရှမိတယ်လို့ ပြောတာပဲ၊ အနာက ရင်းနေတယ်၊ အဲဒါကြောင့်များ ဖျားသလား မသိဘူး၊ လာ... သားတို့ ထိုင်ကြလေ"

ကျူထရံသာခြားထားသော အခန်းငယ်လေးအတွင်းမှ ကိုငြိမ်း ဝေက အကုန်ကြားနေရသည်။ သူ့ရင်အောက်မှ နွမ်း၏ကိုယ်စား





ပုံကူကလေးများကို တယုတယပင် ခေါင်းအုံးအောက်သို့ ပြန်သွင်းပြီး အိမ်ရှေ့ဘက်သို့ ထွက်ခဲ့ရသည်။ အဖျားက ဒီဂရီ တစ်ရာ့တစ်ကျော် နေဆဲမို့ ခေါင်းတွေကအုံ တစ်ကိုယ်လုံး အသားများ နာကျင်နေ သော်လည်း အပေါင်းအသင်းများရောက်လာပါ၍...

"ကျွန်တော် ဖျားနေတာနဲ့ ကိုသက်ထွန်းတို့ဘက်တောင် လှည့်မလာဖြစ်ဘူး"

"အင်း... ဒါကြောင့် ပျောက်နေပါတယ် အောက်မေ့နေတာ၊ ဝမ်းသာစရာသတင်းပဲ ဆရာရေ"

"ဘာများလဲ ကိုသက်ထွန်း"

"ရန်ကုန်ဆင်းပြီး အသံသွင်းထားတဲ့ ကျွန်တော်တို့ဝိုင်း လွှင့် ဖို့ရက်လည်း ရပြီ၊ ဓာတ်ပြားလည်း ငါးချပ်တောင်ရတယ် ဆရာ ကိုငြိမ်းဝေရဲ့"

"ဟုတ်လား ဝမ်းသာတယ်ဗျာ၊ ပထမဆုံးအကြိမ် အသံလွှင့် ရတာကိုပဲ အောင်မြင်မှုတစ်ခုအနေနဲ့ ကျွန်တော်တို့ မှတ်ယူထားကြ တာ ခုလို ဓာတ်ပြားငါးချပ်ရပြီး မြန်မာ့အသံကနေ အမြဲတမ်း လွှင့် ခွင့်ရမယ်ဆိုတော့ ပိုပြီး ဝမ်းသာစရာပေါ့ လုပ်ငန်းရကျိုး ငွေကုန် ရကျိုး နပ်ပါပြီ"

"ဆရာကိုငြိမ်းဝေ"

"အင်း"

"အဲဒီ ဓာတ်ပြားငါးချပ်လုံးဟာ ဘယ်သူ့သီချင်းတွေ မှတ် သလဲ ဆရာကိုငြိမ်းဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

"အားလုံး ဆရာ့သီချင်းတွေချည်းပဲ ဆရာရေးဖွဲ့တဲ့ တေးတွေချည်းပဲ"

"ဟာ ဟုတ်လား"

ကိုငြိမ်းဝေ အမှန်ပင်ဝမ်းသာသွားမိသည်။ မိမိရေးဖွဲ့ သီကုံးခဲ့သော တေးစာသားလေးများသည် မြန်မာပြည်အနှံ့ လွှင့်ပျံ့ပေရော့မည်။

ကိုငြိမ်းဝေတို့၏ **'မန်းမေတ္တာ တေးတူရိယာအဖွဲ့'** ကို တည်ထောင်သော အဖွဲ့ခေါင်းဆောင် ကိုသက်ထွန်းက အဝေးပြေးကားများစွာ ပိုင်ဆိုင်၍ ငွေကြေးသုံးနိုင်သည်။ တီးမှုတ်စရာပစ္စည်း စုံလင်သည်။ ဆိုချင်သူပေါသည်။ တေးရေးသူကိုသာ စိတ်ကြိုက်မတွေ့ဘဲ ရှိနေရာမှ ကိုငြိမ်းဝေနှင့် ဆက်သွယ်မိပြီး သူ့အကြိုက်တေးများ ဖြစ်ထွန်းလာစေခဲ့ပါသည်။

"မြန်မာ့အသံက ဓာတ်ပြားတစ်ချပ်ရရင် ငွေငါးဆယ်ပေးတယ် မဟုတ်လား၊ ဒါကြောင့် ဆရာကိုငြိမ်းဝေကို ဓာတ်ပြားငါးချပ်အတွက် ငွေနှစ်ရာ့ငါးဆယ်နဲ့ ကျွန်တော်က သပ်သပ်ပေးတာပါ၊ အားလုံး ငါးရာယူဗျာ"

"ဟာ... မလုပ်နဲ့... မလုပ်နဲ့ ကိုသက်ထွန်း မဟုတ်တာပဲဗျာ၊ အသံတစ်ခါလွှင့်ရင် ရန်ကုန်မှာတောင် သုံးလေးထောင်ကုန်တာ ကျွန်တော်တို့လို တစ်နယ်တကျေးက သွားရတာဆိုတော့ စားစရိတ်၊ လမ်းစရိတ်၊ တည်းခိုစရိတ်၊ စတူဒီယိုဓာင့်ရတဲ့စရိတ်၊ ငှားရတဲ့





စရိတ်တွေ အို အစုံပါပဲ။ ပေါင်းလိုက်ရင် တစ်သောင်းကျော်လောက် ကုန်သွားတာ ကျွန်တော်အသိပါဗျာ၊ မြန်မာ့အသံက ရလာတဲ့ ငွေလေးနှစ်ရာ့ငါးဆယ်ကို ကျွန်တော်တစ်ယောက်ထဲ မယူရက်ပါဘူး၊ မယူထိုက်ပါဘူး ကိုသက်ထွန်း"

"ဒီလိုတွက်လို့တော့ ဘယ်ရမလဲ ဆရာကိုငြိမ်းဝေ၊ ကျွန်တော်တို့ရဲ့ဝါသနာက သိပ်ပြင်းထန်တာကိုး၊ ကျွန်တော်တို့ရဲ့အနုပညာတွေကို ဖြန့်ဝေခွင့်ရဖို့အတွက် ကုန်ရတာပဲ ကုန်စမ်းပါစေ၊ ကျွန်တော် ကျေနပ်တယ် ကျွန်တော်ပျော်တယ်ဗျ"

"ကျွန်တော်လည်း ဝမ်းသာပါတယ် ကိုသက်ထွန်း၊ ဒါပေမဲ့ ငွေတော့ ပြန်ယူသွားပါဗျာ"

"မဟုတ်တာပဲ ကျွန်တော့်စေတနာကို မတိုက်ဖျက်ချင်ပါနဲ့"

ကိုသက်ထွန်းက အတင်းပေးသည်။ ကိုငြိမ်းဝေက အတင်းတွန်းနေသည်။ ဤသို့ တွန်းလိုက်ထိုးလိုက်ဖြစ်နေစဉ် ကိုသက်ထွန်းနှင့် တွေ့ပါလာသော ကိုငြိမ်းဝေ၏သူငယ်ချင်း တေးသံရှင်ကိုဝေဟင်က...

"ငြိမ်းဝေ မရှည်နဲ့ ယူလိုက်စမ်းပါ၊ နင်လည်း နေကောင်းတာမဟုတ်ဘဲနဲ့၊ အမေ့လည်း နည်းနည်းပါးပါး ပေးလိုက်ဦးလေ၊ နင့်ကြောင့် အမေ ဘယ်လောက်ဒုက္ခခံရရှာသလဲ"

ကိုငြိမ်းဝေ မငြင်းဆန်ရဲတော့ပါ။ ငြိမ်သွားသည်နှင့် ငွေငါးရာက ကိုငြိမ်းဝေ၏အကျီအိတ်တွင်းသို့ အသာတကြည်ရောက်လာခဲ့ပါပြီ။

"ဩော် ဒီမှာ အရေးကြီးတာပြောဖို့လာတာ၊ ငွေကိစ္စက ရှုပ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ကိုသက်ထွန်း"

"ရန်ကုန်မှာ ကျွန်တော့်မိတ်ဆွေတစ်ယောက်က တေးသံသွင်း ဆိုင်ဖွင့်ထားတယ်၊ အဲဒါ သူ့ညီကို တင်ချင်တယ်ဗျာ၊ စတီရီ[illegible] တေးပဲဖြစ်ဖြစ် ခံစားမှုတေးပဲဖြစ်ဖြစ် နာမည်ကျော်နိုင်မယ့် စီးရီးတ[illegible] ထုတ်ချင်တယ်တဲ့"

"ဟုတ်ကဲ့"

"ကျွန်တော်က ကိုငြိမ်းဝေရဲ့တေးစာသားတွေကို ပြတ[illegible] သီချင်းတွေကို နားထောင်ခိုင်းတယ်၊ အဲဒီတော့ သူက သဘော[illegible] တယ်၊ ခင်ဗျားနဲ့ အလုပ်ဖြစ်ချင်တယ်တဲ့၊ ခံစားမှုတေးက တစ်[illegible] စာ၊ စတီရီယိုတေးက တစ်ဖက်စာ၊ တိတ်ခွေမှာသွင်းပြီး ထုတ်[illegible] ကျွန်တော်နဲ့ ဆွေးနွေးလာခဲ့တယ်၊ ဆရာကိုငြိမ်းဝေအနေနဲ့ စတီရီ[illegible] စီးရီးပါနေလို့ လက်ခံနိုင်ပါ့မလားလို့"

"ခါကတော့ ဒီလိုရှိတယ် ကိုသက်ထွန်း၊ ရေးတုန်းက ဘု[illegible] တော်ဘွဲ့တွေ တင်သွင်းပြီး ရှင်ဘုရင့်ကို မတရားပင့်ပင့်ပေးနေ[illegible] ဘုန်းတော်ဘွဲ့ နန်းတွင်းတေးတွေထဲက ခွဲထွက်ပြီး အနောက်[illegible] မိဖုရားလေး မမြကလေးရဲ့ ခံစားမှုတေးတစ်ပုဒ် ပေါ်ထွက်လာခဲ့တယ်"

"ချစ်သမျှကိုပေါ့"

"ဟုတ်တယ်၊ တစ်ခါ သူ့သမီး လှိုင်ထိပ်ခေါင်တင်လ[illegible] ထက်မှာ 'ဘောလယ်'ဆိုတဲ့ တည်ထွင်မှုတေးကို ရေးဖွဲ့ခဲ့တယ်"

"ဟုတ်ကဲ့ ဆရာကိုငြိမ်းဝေ"

"အဲဒီသားအမိရဲ့တေးကို ဘုန်းတော်ဘွဲ့ ဆက်သွင်းနေ[illegible]





[illegible]သာရှိမင်းခစားတွေက အပြစ်ပြောလို့ မရဘူး။ ပြောလည်း မပြော [illegible]ကြဘူး။ အဲဒီသားအမိရဲ့ ရင်နာတေးတွေကို ဒီနေ့ခေတ် နှစ်ပေါင်း တစ်ရာသုံးရာဆယ်ကျော်အထိ ခံစားနေကြရဆဲပဲ"

"ဟုတ်ပါတယ်"

"အဲဒီကုန်းဘောင်ခေတ်ကနေ စစ်ကြိုခေတ် ရောက်လာပြန် [illegible]ာ [illegible]ည်လှဖေတို့ မေရှင်တို့ရဲ့ခေတ်ပေါ်တေးတွေ ခေတ်စားလာ [illegible]န်တယ်၊ အဲ[illegible]ါကိုလည်း အနုပညာမြတ်နိုးတဲ့ ပရိသတ်က ဘုန်း [illegible]ာ်ဘွဲ့ မရေးဖွဲ့ရကောင်းလား... ချစ်သမျှကိုလို အလွမ်းရသ [illegible]ါရ ကောင်းလားလို့ အပြစ်ပြောခဲ့ကြသလား"

"မကြားဖူးခဲ့ပါဘူးဗျာ"

"အဲဒီလိုပါပဲ၊ ကျွန်တော်တို့ ကလေးဘဝက ကြားခဲ့ရတဲ့ [illegible]င်တင်မြရဲ့ ပေဖူးလွှာတို့၊ ကိုခင်လတ်ရဲ့ ကမ်းခြေဇေယျာဦးတို့က [illegible]ပြီး ဂီတရေစီးကြောင်းတွေ စီးမျောလာခဲ့ကြပါတယ်၊ ဒီနေ့ စတီ [illegible]ယိုတေးသံလေးတွေ လွှမ်းလာတယ်"

"ဟုတ်ပါတယ်"

"သူတို့လည်း ဂီတပဲ၊ အဆင့်ဆင့်ပြောင်းလာခဲ့တဲ့ ဂီတလောက [illegible]လှကားကြီးရဲ့ အထစ်ကလေး တစ်ထစ်ပါ။ ဒါကြောင့် အပြစ်ပြော [illegible]လို့တော့ မသင့်ဘူးထင်ပါတယ်။ အဲ... တစ်ခုတော့ရှိတယ်ပေါ့ဗျာ"

"ဟုတ်ကဲ့"

"နိုင်ငံရပ်ခြားတေးတွေကနေ မြန်မာမှုပြုကြတဲ့ အပိုင်းမှာ [illegible]န်မာပြည်သူ ပြည်သားတို့ရဲ့ ဂီတသံစဉ် ခံစားတတ်မှုလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



လျစ်လျူမရှုဘဲ နားယဉ်နားဝင်အောင် ဖြန့်ဝေနိုင်ကြဖို့ပဲ အရေးကြီး ပါတယ်”

“ဟုတ်ပါတယ် ဆရာကိုငြိမ်းဝေ”

“အဲဒီတော့ ကိုသက်ထွန်း ကမ်းလှမ်း ာတဲ့ကိစ္စကို ကျွန်တော် ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ်။ ဂီတဆိုတာ လူတို့ရဲ့အတွေး အခေါ်ထဲမှာ အသည်းနှလုံးထဲမှာ ပြန့်ဝဲ တိုးဝင်တတ်တဲ့ အနုပညာ ရပ်မို့ သင့်မျှစွာ လက်ခံနိုင်မယ့်တေးတွေကို ကျွန်တော် ရေးပါ့မယ်”

“ဒါဖြင့်…”

“ဟုတ်ကဲ့ ခံစားမှုတေးတွေလည်း ကျွန်တော်ရေးမယ်၊ ဟော် ရီယိုတေးလည်း ကျွန်တော်ရေးမယ်၊ ကျွန်တော်ဟာ ဂီတသမားစစ် စစ်ပဲ၊ တေးပြုစာဆိုသက်သက်ပဲ၊ အချင်းချင်း ရှုတ်ချပုတ်ခတ်ရမယ့် အလုပ်ကို ကျွန်တော်မုန်းတယ်၊ ကျွန်တော်ဟာ ဂီတကိုလည်းချစ် တယ်၊ ဂီတသမားတိုင်းကိုလည်း လေးစားတယ်၊ ဂီတကို ခံစားတတ် သူများ အားလုံးကိုလည်း မြတ်နိုးတယ်၊ အဲဒါ ကျွန်တော့်ရဲ့လက်ကိုင် မူပါဒါပါပဲ ကိုသက်ထွန်း”

“လေးစားတယ်ဗျာ ဆရာကိုငြိမ်းဝေရဲ့ခံယူချက်ကို ကျွန်တော် သိပ်ကြိုက်သွားပြီ”

အားနှင့် မာန်နှင့်ပြောပြီး ရင်ထဲက မောလာသည်။ ခေါင်း တွင်လည်း သွေးကြောများအတ ်းမှာ တဒိတ်ဒိတ်ခုန်တိုးနေပါ

“ကျွန်တော့်ကားတွေ ကုန်တင်ပြီး နောက်တစ်ပတ် ရန်ကုန် ဆင်းရင် ဆရာကိုငြိမ်းဝေနဲ့ ကျွန်တော်နဲ့ ရန်ကုန်လိုက်သွားကြ





အောင်၊ ဒီအတောအတွင်းမှာလည်း ကျွန်တော် တယ်လီဖုန်းဆက်ထား နိုင်ပါ့မယ်”

“ကောင်းပါတယ် ကိုသက်ထွန်း၊ အခုတလော ကျွန်တော့် စိတ်ကြိုက် ရေးဖွဲ့ထားတဲ့ တေ ခလေးတစ်ပုဒ်တောင် ရှိနေသးတယ်၊ ခံစားမှုရသ တေးလေးပါပဲ”

နာမည်က”

“ချစ်ဝိ ာဉ်လေး ဝေ့ဝဲလည်… တဲ့”

“ချစ်ဝိညာဉ်လေး ဝေ့ဝဲလည်”

“ဟုတ်တယ် ကိုသက်ထွန်း၊ ကိုယ်သိပ်ချစ်မြတ်နိုးရတဲ့ ချစ်သူ လေးရဲ့အပါးမှာ နားခိုခွင့်မရသော်လည်း စိတ်ဝိညာဉ်လေးက အဲဒီ ချစ်သူလေးအနားမှာ အမြဲဝေ့ဝဲလည်နေပါတယ်။ တကယ်လို့များ ကျွန်တော် အဲ… ဆိုပါတော့ဗျာ၊ ကျွန်တော်ဟာ သေဆုံးပြီး နောင် ဘဝမလွန်ဘဝ ရောက်သွားသည့်တိုင် ကိုယ့်ချစ်သူလေ ့အနားမှာ ချစ်ဝိညာဉ်လေးအဖြစ်နဲ့ ဝေ့ဝဲလည်နေမှာပါ ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရေး ထားတာပါ၊ ဒီတေးကို ကျွန်တော်အားထားတယ် ကိုသက်ထွန်း၊ ကျွန်တော့်ရဲ့အသည်းနှလုံးထဲကနေ ဖြစ်တည်လာတဲ့တေးမို့လည်း ကျော်ကြားရမယ်လို့ ကျွန်တော် ယုံကြည်နေမိတယ်”

“နင့်မဟားကို နားမထောင်ရခင် နင်ပြောတဲ့ အဓိပ္ပာယ် ကြား ရနဲ့ ငါ ငိုချင်လာပြီနော် ငြိမ်းဝေ”

“မလောင်နဲ့ကွာ”

“ငါတကယ်ပြောတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ကိုဝေဟင် ကျွန်တော်တို့ပြန်ဦးမယ်၊ ခင်ဗျားရော တစ်ခါတည်း လိုက်မလား"

"သွားနှင့် ဒီခွေးသူတောင်းစားကို ပြောစရာရှိသေးတယ်"

ကိုသက်ထွန်းနှင့် သူ့အဖော်တို့ ပြန်သွားကြပြီးသည့်နောက်တွင် ကိုဝေဟင်ကို ကိုငြိမ်းဝေ ဧည့်ခံနေစရာ မလိုတော့။ သူက ငယ်ရွယ် ချင်း ပြောမနာဆိုမနာမို့ အိပ်ရာထဲသို့ ကိုငြိမ်းဝေ ပြန်လှဲနေလိုက်သည်။ ခြေဖျားလက်ဖျားများအေးပြီး အဖျားက တက်လာ ပြန်ပြီ။

"ငါ တကယ်ဖျားနေတယ် ဝေဟင်၊ ပြောသင့်တဲ့စကားရှိ ပြော မရှိရင် ပြန်တော့"

"သိပ်ရှိတာပေါ့ ခွေးမသားရဲ့"

"ဟိုမှာ အမေရှိတယ်ကွ"

"အမေ့ကိုပြောတာ မဟုတ်ပါဘူး၊ ကန်တော့... ကန်တော့ နင့်ကိုသာ ခွေးကမွေးတာလို့ ပြောတာ"

"ဘာထူးလဲကွ"

"ဪ... အေး ဟုတ်ပါရဲ့၊ အမေရာ ကန်တော့ ကန်တော့ အသွားကြီးမကြားလို့ တော်သေးတယ်"

"မင်းပြန်တော့ကွာ"

"မပြန်ဘူးကွာ"

"အေး ဒါဖြင့်လည်း ဒီမှာပဲခေါင်းချသွား၊ ငါ အိပ်တော့မယ်"

"ဒီမှာ ငါ တကယ်အကောင်းပြောမလို့ပါ၊ မင်းကောင်မလေး ရော"





"ကျောက်မဲပြန်သွားပြီ"

"မင်း သွားခိုင်းလိုက်တာလား"

"အေး"

"ရှင်းနေတဲ့ပြဿနာကို ဘာလို့ ရှုပ်အောင် လုပ်ချင်ရတာလဲ ငြိမ်းဝေ"

"ဘာလဲကွာ... သွားစမ်းပါ၊ နေမကောင်းရတဲ့အထဲ"

"မင်းအမျိုးသမီးက စကားက ခပ်များများရယ်၊ အလကား နေရင်း ပြဿနာတက်နေဦးမယ်။ သူ့ဟာသူ ဆရာဝန်နဲ့ အေးအေး ချမ်းချမ်း လက်ထပ်သွားပါစေ၊ မင်းက ဘာတွေ ပြောခိုင်းလိုက် ပြန်ပြီလဲ"

"ဘာပြောတယ် ဝေဟင်... ငါက ဘယ်သူ့ကို ဘာခိုင်းလို့လဲ"

"မင်းအမျိုးသမီးကို ကျောက်မဲလွှတ်လိုက်တယ် မဟုတ် လား..."

"အေးပါဆို... သူ... ဟိုဆရာဝန်နဲ့ လက်ထပ်ရအောင် ငါ ကိုယ်တိုင်..."

"ငါပြောတာ နင့်ရဲ့နှမ်းကိုပြောတာ မဟုတ်ဘူး ငြိမ်းဝေ၊ နင့်မိန်းမ... နင်လက်မှတ်ထိုးပြီး ယူထားတဲ့ နင့်ရဲ့မိန်းမထွေးထွေးကို ဘာဖြစ်လို့ ကျောက်မဲကို လွှတ်လိုက်ရတာလဲ"

"ဟင်... ဘာ... ဘာ"

"ထွေးထွေး မနက်က ကောင်းဘွိုင်ကားနဲ့ ကျောက်မဲပါသွား လေရဲ့၊ နှမ်းဆီသွားမယ်လို့ ပြောသွားတယ်ဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

တက်နေသောအဖျားပင် လိမ့်ကျ၍ ထွက်ပြေးသွားပြီ ထင်ပါသည်။ ကိုငြိမ်းဝေမှာ လှဲနေရာမှ ဖျတ်ကနဲ ထထိုင်မိလျက်သား ဖြစ်သွားသည်။

"သူ... သူ... နွမ်းဆီ... နွမ်းဆီကို ဘာများသွားပြီး ပြောဦးမလို့ပါလိမ့်"

"နင်လွှတ်လိုက်တာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးဆိုမှကွာ"

"နင့်မိန်းမ စကားသိပ်များတယ်၊ နွမ်း အေးအေးချမ်းချမ်း လက်ထပ်ပါစေတော့ကွာ၊ သနားပါတယ် နင်တောင်မှ မိန်းမရနေပြီပဲ"

"ငါ မိန်းမရပြီ ဟုတ်လား"

"မင်း... ငမ်းဖမ်းနေတာတော့ မဟုတ်ပါဘူးနော်"

"မင်း... မင်းကို ဘယ်သူက ပြောသလဲ ဝေဟင်"

"ဒီကောင် စိတ်မှမှန်ရဲ့လား ဒုက္ခပါပဲ။ နင်တို့လက်မှတ်သွားထိုးတဲ့ နယ်မြေရုံးက စာရေးက ငါ့သူငယ်ချင်းတင်သန်းကြီး နင်လည်းသိပါတယ်။ တို့ မနှစ်က တန်ဆောင်တိုင်မှာ စစ်ကိုင်းတောင် ကထိန်ပွဲသွားကြတုန်းက တို့အဖွဲ့နဲ့လိုက်ပြီး ကွေးနေအောင်ကတဲ့ကောင်ကွာ၊ နင်နဲ့တောင် အဖွဲ့ကျခဲ့သေးတယ်လေ၊ မမှတ်မိဘူးလား"

"ငါမတွေ့ခဲ့ဘူး ထားစမ်းပါတော့ကွာ"

"ငါပြောချင်တာက ဒါပါပဲ ငြိမ်းဝေရာ၊ မင်းလည်း ထွေးထွေးကို ယူပြီးပြီ။ နွမ်းလည်း ဆရာဝန်ကတော်ဖြစ်ပါစေတော့ ထွေးထွေး





သွားရှုပ်မနေပါစေနဲ့တော့လို့"

"ငါမသိဘူး ဝေဟင် သူသွားတာ ငါမသိလိုက်ဘူး၊ သူ ငါနဲ့ အတူနေတာလည်း မဟုတ်ဘူး"

"ဘာ... နင်ဘာပြောတယ်"

"ငါ ဘာမှမပြောချင်ဘူး၊ ငါ့ဘဝကို မမေးနဲ့ ဝေဟင် မင်း ပြန်စမ်းကွာ"

သည်တော့လည်း တေးသံရှင်ကိုဝေဟင်အမည်ခံ ကိုဝင်းကြိုင်မှာ ဖြည်းဖြည်းသာသာလေး အိမ်ပေါ်က ဆင်းသွားရာတော့သည်။

ကိုငြိမ်းဝေမှာသာ...

"ထွေးထွေးဟာ ငါနဲ့နွမ်းနဲ့ဆုံတဲ့နေ့က သူ နွမ်းကို သိပ်သနားသွားတယ်၊ အဖြစ်မှန်ကို ဖွင့်ပြောလိုက်ပါလို့ချည်းပဲ ငါ့ကို ပြောခိုင်းနေခဲ့တဲ့ ထွေးထွေး...

"ဟုတ်ပါပြီ... ဟုတ်ပါပြီ... သန်ဘက်ခါ နွမ်းလက်ထပ်တော့မယ်၊ ဒါကြောင့် သူအချိန်မီသွားပြောတာပဲ ဖြစ်ရမယ်...

"မဖြစ်ဘူး... မဖြစ်ဘူး... ထွေးထွေးကို လွှတ်ထားလိုက်ရင် ဝေဟင်ပြောသွားသလို ရှင်းပြီးသားဇာတ်လမ်းက ပြန်ရှုပ်လာတော့မယ်...

"ဒီတော့ ငါလိုက်မှဖြစ်မယ်... ငါ့ရဲ့ချစ်သည်းလေးရှိရာ ကမ္ဘောဇမြေကို ငါ အမြန်ဆုံးသွားမှ ဖြစ်တော့မယ်...

"ထွေးထွေးကို အစောဆုံး နှုတ်ပိတ်ထားနိုင်မှ ဖြစ်တော့မယ်...

"ငါ မီရာကားနဲ့ ကျောက်မဲမြို့ကို အမြန်ဆုံးလိုက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခြစ်ခြစ်တောက်ပူပြီး အဖျားပြင်းစွာတက်နေပါလျက် ချစ်သူ၏မင်္ဂလာပွဲမှာ အနှောင့်အယှက် အစွန်းအကွက်လေးမျှ ဖြစ် ပေါ်မသွားစေချင်သော စေတနာရှင် ကိုငြိမ်းဝေမှာ...

ထွေးထွေးသွားရာသို့ အမြန်ဆုံးနည်းနှင့်လိုက်မှုကို ဖြစ်ပါ တော့မည် ဟူသော ဆုံးဖြတ်ချက်ကြောင့် ဝေဒနာအားလုံးကို မေ့ ပျောက်သွားရသည်သို့ပါပင်တည်း...။

❖



# အခန်း (၃၅)

အိမ်တွင်လည်း ရှမ်းရိုးရာ ဥပုသ်စင်လေး တင်ထားပါ၏။ ဝါးနှင့်နီးကို ကျောင်းဆောင်ငယ်လေးတည်ဆောက်ပြီး အလှအပ ဆေးလေးများ ခြယ်ထားသေးသည်။ အောက် အကြေအရပ်ဆီမှ ဦးရှင်ကြီးနတ်တင်သည့် စင်အသေးစားမျိုးလေးအတွင်းမှာ...

စပါးနှံခက်များ၊ ဗူး၊ ဖရုံ၊ သခွား၊ အာလူး၊ ကန်စွန်းဥ၊ မြေပဲ၊ စိမ်းစားဥ၊ ပဲသီးအမျိုးမျိုး စသော ခြံမြေထွက်သီးနှံမျိုးစုံကို အသီး သေးသေး ဥသေးသေးလေးများရွေးပြီး ဥပုသ်စင်တွင်တင်၍ မြတ်စွာ ဘုရားသခင်ကို ပူဇော်ကန်တော့ထားကြသည်။

ရှမ်း ဗုဒ္ဓဘာသာတို့၏ ချစ်စရာ၊ လေးစားစရာ ဓလေ့စရိုက် လေးတစ်ခုပါ။ အမိပ္ပာယ်မှာ မိမိတို့၏ယာမြေမှ ထွက်ရှိသော ကောက် သစ်ဦးနှင့် သီးနှံအညွှန့်အဖူး အစဦးလေးများကို အမြတ်တနိုးဖြင့် ဘုရားရှင်အား ပူဇော်ခြင်းဖြစ်ပါ၏။

"နွမ်းက ဘုရားတရားလည်း တကယ်ကြည်ညိုတာပဲ။ ဘာ ဆုတွေများတောင်းသလဲ ကိုကို့ကို ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဆုဆိုတာ ဆန္ဒရှိမှ တောင်းကြတာပါ။ နှမ်းမှာ ဘာဆန္ဒမှ မရှိပါဘူးရှင်"

ပြုံးရွှင်နေသော ဒေါက်တာကျော်ဇေလတ်၏မျက်နှာက တည် ကြည်သွားသည်။ စိတ်ပျက်သွားသလို နှမ်းကို ကြည့်လိုက်ရင်း...

"နှမ်းဟာ ကိုကိုနဲ့ မနက်ဖြန်မနက်မှာ လက်ထပ်ရတော့မယ် ဒါပေမဲ့ နှမ်း ကိုကို့အပေါ်မှာ လုံးဝ စိတ်မဝင်စားသေးပါလားကွယ်"

"နှမ်းကို ခွင့်လွှတ်ပါ ကိုကို"

"နှမ်းဟာ ကိုကို့ကို မချစ်တာကလွဲလို့ အားလုံးပြည့်စုံတယ် လို့မှတ်တယ်၊ ဒီမှာ နှမ်း"

"ဟုတ်ကဲ့ ကိုကို"

"နှမ်းဟာ ကိုကို့ကို မချစ်ပေမယ့် နှမ်းရဲ့အပြစ်ကင်းစင်တဲ့ သိက္ခာရှိတဲ့အကျင့်လေးတွေနဲ့ သစ်ဦးလှပတဲ့ ကိုယ်ခန္ဓာလေးကို ကိုကိုဟာ မြတ်မြတ်နိုးနိုးနဲ့ ချစ်ပါတယ်ဆိုတာကိုတော့ နှမ်းယုံပါ လက်ခံပါလေ"

"ကျေးဇူးတင်ပါတယ် ကိုကို၊ နက်ဖြန်ခါကစပြီး ကိုကိုကျေ နပ်အောင် နှမ်းနေပါ့မယ်။ ဒီနေ့တော့... ဒီနေ့တော့ နှမ်းကို ခွင့် လွှတ်ပါ ကိုကိုရယ်"

ခေါင်းငုံ့ထား၍ ဝဲလာသောမျက်ရည်များကို ဒေါက်တာကျော် ဇေလတ် မမြင်လိုက်ရသော်လည်း နှမ်း၏အသံလေး တုန်ခါသွား သည်ကိုဖြင့် သတိပြုလိုက်မိပါသည်။

"ရှိပါစေတော့ နှမ်းရယ်၊ မေတ္တာတရားဆိုတာ အသွားလည်း





ချည်း မရှိတတ်ပါဘူး၊ တစ်နေ့နေ့မှာတော့ နှမ်းဆီက ပြန်လည်ဆန် ဘက်လာဦးမှာပါ ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ကိုကို နှမ်းအပေါ်မှာ အကြင်နာမေတ္တာတွေပေးရင်း စောင့်ပါ့မယ်"

ဒေါက်တာကျော်ဇေလတ်က နှမ်း၏အနားမှ အရင်ခွဲခွာ ထွက် သွားသည်။

နှမ်းမှာလည်း အခန်းထဲအရောက်တွင် မျက်ရည်ဝဲနေသော မျက်နှာကို မှန်ထဲမှာ မြင်ရသည်။ အံကိုခဲလိုက်ရင်း...

သစ္စာပျက်ပြားခြင်းများနဲ့ ခွဲထွက်သွားတဲ့ မောင်မောင့်ကို ငါဟာ ဘာလို့များ မုန်းလို့ မရသေးတာလဲ။ မမုန်းနိုင်ရင်လည်း ရင်ထဲမှ ချစ်နေဆဲ လွမ်းနေဆဲစိတ်တွေကို ပယ်ဖျက်သင့်တယ်။ ထုတ်ယူရမယ်။ ငါ... ငါဟာ နက်ဖြန်ကစပြီး ကိုကို့ရဲ့ဇနီး ဖြစ်ရ တော့မယ်။ ခွင့်လွှတ်ပါ ကိုကိုရယ်... ဒီနေ့မှာ နောက်ဆုံးအနေနဲ့ နှမ်းချစ်လွန်းခဲ့ရတဲ့ မောင်မောင့်အတွက် ငိုပါရစေ နှမ်း ငိုပါရစေ ရှင်...။

အိမ်၏ပြင်ပနှင့် အိမ်ထဲတွင် လူပေါင်းစုံ ပြင်ဆင်မွှမ်းမံနေကြ သည်။ ဖေဖေ မေမေတို့နှင့်အတူ အားလုံးရွှင်ပြုံး မြူးပျော်ဆူညံနေ ကြပေသည်။ ကျောက်မဲမြို့၏နာမည်ကျော် 'ဖြူနု' လူငယ် တေးဂီတ အဖွဲ့နှင့် ဧည့်ခံသင့်ကြောင်း ပြောသူက ပြော။ အစားအသောက် အကျွေးအမွေးကို မန္တလေးမှ မှာယူ၍ အပျံစားဧည့်ခံမည့်အကြောင်း များနှင့် အတူ ခမ်းနှင့် စေ့စပ်ရာမှ နှမ်းနှင့် ဖြစ်သွားခဲ့ရပုံ ဇာတ်လမ်းစုံ များကို ပြန်လည်တင်ဆက်နေသူများနှင့် ဆူညံ၍ အသံများလျှံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွမ်းမှာသာ အိပ်ခန်းတွင်း၌ မျက်ရည်အိုင်ငယ်လေး ကျန်ပြန့်လာအောင် အတိတ်ဝေဒနာ မြေမျှားကို တူးဆွယက်ဖော်နေမိသည်။

"မမနွမ်း… မန်နေဂျာဦးမန်းစံက မမနွမ်းနဲ့ ခဏလောက် စကားပြောပါရစေတဲ့"

အိမ်ဖော်မိန်းကလေးကို ခေါင်းညိတ်၍သာ ပြလိုက်ရသည်။ အိပ်ရာမှ တော်တော်နှင့် မထဖြစ်သေး။ ဦးမန်းစံဆွေးမွေးမည့် ခေါင်းစဉ်ကိုလည်း နွမ်း စိတ်မဝင်စားတော့။ ခမ်းနှင့် ပတ်သက်သော စကားများကိုလည်း မကြားလိုတော့ပါ။

မိမိဘဝကိုလည်း အားလျှော့လိုက်ပါပြီ။ ရက်စက်သောအစ်မ သစ္စာဖျက်သော ချစ်သူတို့အတွက် ဒေါက်တာကျော်ဇေလတ်လက်သို့ မိမိဘဝကို ပုံထည့်လိုက်ပါတော့မည်ဟု နွမ်း ဆုံးဖြတ်လိုက်ပြီးပါပြီ။

မျက်ရည်စများနှင့် ပေပွနေသော ဆံယဉ်စလေးများကို သုတ်သိမ်းပြီး ဦးမန်းစံနှင့် နွမ်း ဆုံဖြစ်ရသည်။

"ဒီမှာ နွမ်း၊ သူတို့နှစ်ယောက်လုံး ကျောက်မဲကို ရောက်နေကြပြီ၊ သူတို့ချင်းလည်း ပြဿနာအကြီးအကျယ် တက်နေကြတယ်"

"ဘာလဲ ဦးလေးရယ်"

"မောင်ငြိမ်းဝေနဲ့ ထွေးထွေးလေ၊ ထွေးထွေးက ကြိုးဝါးနေတယ်ဆိုပါလား၊ ဒီမင်္ဂလာဆောင် မဖြစ်စေရဘူးတဲ့"

"ဟင်… ဘာ"





"ဟုတ်တယ် သူတို့ ဦးလေးကိုလည်း တွေ့ပါရစေလို့ ခွင့်တောင်းလာတယ်၊ အဲဒါ ဘာလုပ်ရမှန်းမသိလို့"

"နေပါဦး သူတို့လင်မယားပြဿနာနဲ့ နွမ်းနဲ့ ဘာဆိုင်တော့လို့လဲ၊ မင်္ဂလာမဆောင်ဖြစ်ရအောင် နွမ်းနဲ့ ကိုငြိမ်းဝေနဲ့လည်း ချစ်ရုံကလွဲလို့ ဘာမှဖြစ်ခဲ့ကြတာမှ မဟုတ်ဘဲ၊ ကိုကိုလည်း အားလုံးသိတာပဲ"

"အေး ဒါပေမဲ့ သူတို့မှာ ဘယ်လိုယုတ်မာတဲ့ ရည်ရွယ်ချက်တွေနဲ့ ရောက်လာကြတာလည်းမှ မသိတာ"

"သူတို့ လုပ်ချင်တာ လုပ်ကြပါစေ၊ နွမ်းမတွေ့ချင်ပါဘူး ဦးလေးရယ်"

"မတွေ့လို့ ဖြစ်ပါ့မလား"

"မောင်မောင်ဟာ အကြောင်းကြောင်းကြောင့် သစ္စာဖျက်သွားတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ သူဟာ နွမ်းအပေါ်မှာ ယုတ်မာကောက်ကျစ်တဲ့စိတ်နဲ့ နွမ်းရဲ့မင်္ဂလာပွဲကို ဖျက်ရက်မှာ မဟုတ်ပါဘူး။ သူဟာ နွမ်းကို ဒုက္ခပေးရက်မှာ မဟုတ်ပါဘူး"

"ခုထိတောင် မမုတ်သေးပါလား" ဟူသော အကြည့်များဖြင့် ဦးမန်းစံက နွမ်းကို စိတ်ပျက်စွာကြည့်လိုက်ပြီးမှ…

"ဒီလိုပါ ဦးလေးက စိတ်ပူသွားလို့ပါ၊ သူတို့နဲ့ ပတ်သက်ခဲ့တဲ့နေရာမှာ ရှုပ်ထွေးတာမျိုးများ ရှိခဲ့ဖူးသလားလို့ပါ"

"မရှိဘူး ဦးလေး ဘာမှမရှိဘူး"

"ဒါဖြင့် သူတို့နဲ့ မတွေ့တော့ဘူးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများတွေ့စရာလိုတော့လဲ ဦးလေးရယ်၊ သူတို့ဇနီးမောင်နှံဆီကို နက်ဖြန် လက်ထပ်ရတော့မယ့် မိန်းကလေးတစ်ယောက်ထ သွားတွေ့နေစရာ ဘာအကြောင်းမှ မရှိတော့ပါဘူးလို့ နွမ်းထင်တယ်"

"အင်း... ဟုတ်တယ် ဟုတ်တယ်၊ တော်ပါပေတယ် ငါ့တူမရယ် သူတို့လည်း ဘာလုပ်လို့ရမှာလဲ။ တို့များက ဒီမြို့မှာ အရှိန်အဝါနဲ့ပဲ ဦးလေးလည်း သွားမတွေ့တော့ပါဘူး"

ဦးမန်းစံနှင့် စကားစပြတ်သွားကြတော့သည်။ ရင်ထဲတွင် စကားလုံးလေးများ ကိုယ်စီကျန်ရှိနေသေးသော်လည်း နွမ်းတို့ ဘာမှ ထပ်မပြောဖြစ်ကြ။ ဦးမန်းစံက နွမ်းနားမှ ထွက်ခွာရန် လေးကန်စွာ ထလိုက်လေမှ နွမ်းက...

"ဦးလေးမန်းစံ"

"ဟေ"

"ဦးလေးကူမ ကိစ္စရော"

ဦးမန်းစံက နွမ်းကို ညင်သာစွာကြည့်လာသည်။ ဘာမှမပြော ဖြစ်သေး။ နွမ်းက ခမ်းနှင့်ပတ်သက်လေတိုင်း 'ဦးလေးတူမ' ဟု ပြောလေ့ရှိသည်။ ဦးမန်းစံနှင့် ခမ်းနှင့်က ပိုရင်းနှီးကြသည်။ ပို၍ တွဲကြသည်။

"အဲဒီကိစ္စကလည်း မလွယ်ဘူး။ ပြေလည်မယ့်နည်းတစ်ခုခု တော့ လုပ်ရဦးမှာပေါ့၊ နွမ်းရဲ့မင်္ဂလာကိစ္စကို အရင်ပြီးအောင် ဆောင် ရွက်ဦးမယ်လေ"

ဦးမန်းစံသည် ခမ်းနှင့် နွမ်းတို့ အမြွှာညီအစ်မနှစ်ယောက်၏ အတိတ်ဘဝက ကြွေးမြီများ ရှိလေသလားပင်။ ဤညီအစ်မ၏ကိစ္စ ထက် အရေးကြီးသောအကြောင်းအရာ ဦးမန်းစံမှာ မရှိတော့ပါ။

နွမ်းမှာ ကျောခိုင်း၍ထွက်သွားသော ဦးမန်းစံကို ကြည့်ရင်း သက်ပြင်းချမိသည်။

နွမ်းနှင့် ဒေါက်တာကျော်ဇေလင်းတို့၏ အုံးစက်ရာ မင်္ဂလာ ခုတင်ကို ပြင်ဆင်နေကြသည်။ ခုတင်တစ်ခုမှ လွဲလျှင် မွေ့ရာ၊ ခြင် ထောင်၊ စောင်မှ အစ အားလုံး နိုင်ငံခြားဖြစ်ချည်းပါ။ နွမ်းမှာ မင်္ဂလာ အိပ်ခန်းကို တစ်ချက်လေးမျှသာ ဝေ့ဝဲကြည့်လိုက်ပြီး မိမိ၏နောက်ဆုံး အိပ်စက်ရတော့မည့် အပျိုခန်းဆောင်လေးအတွင်းသို့ နွမ်းလျစွာ ဝင်ခဲ့ရပါပြီတည်း။

❖







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၆)

"ဘယ်လဲ ထွေးထွေး"

"ဘယ်မှ မဟုတ်ပါဘူး"

"ဆရာ့နားမှာ ငြိမ်ငြိမ်နေစမ်းပါကွယ်"

ကိုငြိမ်းဝေ၏အသံက ဖျော့တော့လှသည်။ နူတ်ခမ်းများခြောက် ကပ်နေပြီး တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေသော်လည်း ခြေဖျား လက်ဖျားများက အေးစက်နေပါ၏။

"ဒီလိုသာ ဆရာလိုက်လာမယ်မှန်းသိရင် ထွေးထွေး အဓော ကြီးကကည်းက အစ်မနှမ်းဆီ ဇွတ်သွားမှာပဲ"

"ထွေးထွေး ဆရာသတ်သေသွားတာကို ကြည့်ချင်လို့လား ဟင်"

"ဘာဖြစ်လို့ သတ်သေရမှာလဲ၊ ယောကျ်ားပဲ ခံနိုင်ရည် မ ဘူးလား"

ထွေးထွေးကလည်း သူ့ဆရာလေသံအတိုင်း ဒေါသလေးနှ အော်ပြောလိုက်သည်။





"ဘာလို့ ခံနိုင်ရည်မရှိရမှာလဲ၊ ရှိလို့ တစ်ယောက်ထဲ ခံစား နေပြီးသားပဲ"

"ဒါနဲ့ ဘာလို့ သတ်သေရမှာလဲ"

"ထွေးထွေး နှမ်းကိုအသ်ပေးလိုက်ရင် နှမ်းအတွက် ဆရာ သေပေးရုံပဲ ထွေးထွေး။ နှမ်းဘဝထဲမှာ ငြိမ်းဝေဆိုတဲ့ ဆူးငြောင့် လုတ်တောင် ရှိမနေစေရဘူး သိလား။ နှမ်းအတွက်... နှမ်းအတွက် ရင် ဆရာဟာ ကမ္ဘာပေါ်မှာ သတ္တိအရှိဆုံးယောကျ်ားပဲ ထွေးထွေး"

အဖျားဒဏ်ကြောင့် တုန်ခိုက်နေရှာသော ကိုငြိမ်းဝေ ဝေဒနာ ရပ်ရပ်ကို အံ့မခန်းဖွာ ကြားနာလိုက်ရသော ထွေးထွေးမှာ ဆရာ ငြိမ်းဝေ၏ဘေးတွင် အားပါးတရထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင် စ်လိုက်ရှာပါတော့သည်။

ထွေးထွေး၏ဉာဏ်မီသမျှအတွေးအခေါ်အရ ဆိုပါလျှင် ဆရာ ငြိမ်းဝေ တက်တက်စင်လွဲမှားနေခဲ့သည်ဟု ထင်မိပါသည်။

ကိန္နရီမောင်နှံလို ရိုမီယိုနှင့် ဂျူးလီယက်လို စံတင်ထားကြ သာအချစ်များထက် ကိုငြိမ်းဝေတို့နှစ်ယောက်၏ ချစ်ကြပုံက မနိမ့် သာလျှင်သာ သာမည်။ နှမ်းနှင့်ဆုံရလေတိုင်း အချိန်ပြည့် ဆရာ ငြိမ်းဝေအကြောင်း ကြားနေရသလို ကိုငြိမ်းဝေကဖြင့် ပြောနိုင်ခြင်း က် လွန်ကဲစွာ အစ်မနှမ်းကို ချစ်လွန်းရှာသည်။

အချစ်ကြီး ချစ်လွန်းခဲ့ကြသော ဤချစ်သူနှစ်ယောက် ဝေး ရမည့်အဖြစ်ကို ဘေးက ထွေးထွေးပင်လျှင် ရင်နာမဆုံး ကြေကွဲ း နိုင်အောင် ရှိနေပါ၏...



www.burmeseclassic.com

www.burmeseclassic.com



“အစ်မနှမ်းလက်မထပ်ဖြစ်ခင် အဖြစ်မှန်ကို ငါ သွားရှင်း ဒါဆို အစ်မနှမ်းဟာ ဘယ်နည်းနဲ့မဆို ဆရာ့ဆီ လိုက်လာရမှာ သူတို့နှစ်ယောက်ဆုံစည်းမိကြရင် ဘယ်လောက်များ ကြည်နူးဝမ်း စရာ ကောင်းမလဲကွယ်”

“အစ်မနှမ်းသာ သတ္တိရှိရှိထွက်လာနိုင်ရင် ဟိုဆရာဝန် ဘာမှ မှူနေစရာမလိုဘူး၊ သူက ရန်ကုန်ကပဲ ပြန်သွားရုံပဲ။ အစ် နှမ်းမိဘတွေက ပစ်ထားလည်း ခဏပါပဲ။ တော်ကြာ ပြန်ခေါ် မှာပါ”

“ဆရာနဲ့ အစ်မနှမ်းတို့ နီးစပ်ကြပါစေ၊ ဆုံစည်းမိကြပါစေ

ဟူသော ဆန္ဒများစွာ စေတနာများစွာဖြင့် ကိုယ့်ရင်မှ ဝေဒ တိတ်တခိုးလေးများကိုပင် ပြန်လည်သိဝှက်ပြီး ကျောက်မဲသို့ တ လာမိသော ထွေးထွေးမှာ ရုတ်တရက် နှမ်းကို တွေ့ခွင့်မရခဲ့။ ကို လိပ်ပြာ ကိုယ်မလုံ၍ နှမ်းတို့အိမ်သို့လည်း ထွေးထွေး မသွား အနည်းဆုံး ဦးမန်းစံနှင့်ဆုံရလျှင်ပင် အခြေပျက်၍ အနေခက်ရမ

သည်အတွင်းမှာ မမျှော်လင့်ပါဘဲနှင့် ဆရာကိုငြိမ်းဝေ ရော လာခဲ့ခြင်း ဖြစ်ပါ၏။

ထွေးထွေး၏ စိမ်ကိုင်းကြီးကို အောက်ခြေကနေ ဖြို့လုံ လိုက်သည်။ ကိုငြိမ်းဝေနှင့် ထွေးထွေးတို့ ပြဿနာတက်ကြ ပြော အော်ကြ ငိုကြနှင့်ပါ။

ကိုငြိမ်းဝေမှာ ဖျားနေလျက်နှင့် တောင်ပေါ်လမ်း ခရီးကြ ကြီးကို လိုက်လာခဲ့သည်။ ကျောက်မဲမြို့၏ အအေးဒဏ်ကို မလုံ



သာအိမ်ကလေးမှာ ခံနေရသည့်အတွက်…

“ကဲပါ ဆရာရယ်၊ ထွေးထွေးလည်း အားလျော့ပါပြီ၊ အစ်မ မ်းဆီ မသွားတော့ပါဘူး။ ဒါပေမဲ့ ဆရာ ထွေးထွေးရဲ့စကားတစ်ခွန်း င်တော့ နားထောင်ပါ”

“ဘာလဲကွယ်”

“ဆေးတိုက်တစ်ခုကို သွားကြရအောင်ပါ”

အကြောက်အကန်ငြင်းဆန်လိမ့်မည်ဟု ထွေးထွေး ထင်ခဲ့ ည်။ ဤကျောက်မဲမြို့တွင် ဆရာ လမ်းထွက်ချင်လိမ့်မည်မဟုတ် ထွေးထွေး ယူဆခဲ့သော်လည်း ကိုငြိမ်းဝေက မငြင်းဆန်ရှာ။

“ဆရာ့ရင်ထဲက အောင့်နေတယ် ထွေးထွေး၊ အဖျားကလည်း ကျဘူး။ ဆရာဝန်တစ်ယောက်နဲ့တော့ ပြမှပဲ ကောင်းလိမ့်မယ် င်တယ်”

ထွေးထွေးပင်လျှင် စိတ်ပူသွားမိသည်။ တောရုံဝေဒနာကို ငြိတ်မိတ်ခံစားတတ်သည်။ ဆရာက ဆရာဝန်နှင့် ပြချင်ပါသည်ဟု လာပါ၍ အောင်ဆန်းလမ်းမှ တစ်ဆင့် ကွမ်းရင်တရုတ်ဘုရားကျောင်း နီးရှိ စေတနာဆေးကုခန်းလေးသို့ ထွေးထွေးနှင့် ကိုငြိမ်းဝေတို့ ောက်ခဲ့ကြသည်။

“ဟင်”

ထွေးထွေး၏ အာမေဋိတ်သံကြောင့် သူကြည့်နေရာသို့ ကိုငြိမ်း ကပါ လိုက်၍ကြည့်မိသည်။

“ဟာ”



www.burmeseclassic.com

www.burmeseclassic.com



သူပါ အံ့အားသင့်သွားပြီ။

"ပြန်... ပြန်ကြရအောင် ထွေးထွေး"

ထွေးထွေးက ကိုငြိမ်းဝေ၏လက်ကို ဆုပ်ကိုင်၍ မျက်နှာနား ကပ်ပြီး...

"ထွေးထွေးတို့ကသာ သူ့ကိုမြင်ဖူးကြတာ သူက ထွေးထွေး နဲ့ ဆရာ့ကို သိမှာမှမဟုတ်တာ၊ ဒီလိုပဲ ဣန္ဒြေမပျက် ဆက်နေ ဆရာ"

ထွေးထွေး၏စကားအတိုင်းပါပင်။ ဤဆေးတိုက်ပိုင်ရှင် ဆေး ဝန်ထံသို့ လာရောက်လည်ပတ်နေဟန်တူသော ဒေါက်တာကျော် လတ်မှာ ဘာမှ လှုပ်ရှားမှု မရှိပါ။ သာမန်လူနာများအဖြစ်နှင့်သာ လှမ်းကြည့်ပြီး သူ့သူငယ်ချင်း ဆရာဝန်နားမှာ စကားပြောနေပါ၏

"ဩော်... နက်ဖြန်ခါကစပြီး ငါ့ရဲ့အသည်းနှလုံးနဲ့ ထပ် ချစ်မြတ်နိုးခဲ့ရတဲ့ ငါ့ရင်ထဲက နွမ်းကို ပိုင်ဆိုင်ရယူသွားတော့မ သူပါလား"

ဝဲလာသောမျက်ရည်များကို အံခဲ၍ ထိန်းထားရသည်။ မကြာ မိ ကိုငြိမ်းဝေ၏အလှည့်သို့ ရောက်ရှိလာပါ၏။

"အဖျားက တစ်ရာသုံးတောင်ကျော်နေပါလား"

ဒေါက်တာစဝ်မြတ်ထွန်းက သာမိုမီတာကို ကန့်လန့်ဖြ ကိုင်ကြည့်ရင်း ပြောလိုက်သည်။ နားကြပ်ကို နားမှာ တပ်လိုက် ကိုငြိမ်းဝေ၏ရင်ကို စမ်းသည်။ တစောင်းလှည့်ခိုင်း ထိုင်ခိုင်းပြီး ကျော ပြင်နေရာကို အသေအချာထောက်စမ်းသည်။ အသက်ရှုခိုင်းပြီး အထ





ထပ်အခါခါ နားထောင်သည်။ အားလုံး အသေအချာစမ်းသပ်ပြီး သည့်အခါ...

"အဆုတ်ရောင်နေတယ် အအေးမိသွားတာပဲ။ ခင်ဗျား ဆေးရုံ တက်ရလိမ့်မယ်"

"ဟင်"

ထွေးထွေးက စိတ်ပူသွားမိသည်၊ ကိုငြိမ်းဝေက ရုပ်အင်္ကျီ ကြယ်သီးများကို ပြန်တပ်နေရာက...

"ကျွန်တော့်ကို ဒေါက်တာပဲ ကုပေးပါ။ ကျွန်တော် ဆေးရုံ တက်လို့ မဖြစ်လို့ပါဗျာ"

သူ ဆေးရုံတက်မနေချင်။ နွမ်းနှင့် ထွေးထွေးတို့ ပေါင်းဆုံမိ သွားမှာ စိုးရိမ်သည်။ ပြီးတော့ ဆေးရုံမှာဆိုလျှင် သူ ဒီမှာရှိနေကြောင်း နွမ်း တစ်နည်းနည်းနှင့် သိသွားမှာလည်း စိုးရိမ်ရပါသေးသည်။ ဒေါက်တာစဝ်မြတ်ထွန်းက...

"ဆေးရုံပဲ ဘာလို့တက်လို့မဖြစ်ရမှာလဲ၊ ခင်ဗျားရဲ့ရောဂါက ဆေးရုံမှာပဲ ကုသင့်တယ်။ ကျွန်တော် စာရေးပေးလိုက်မယ်။ ဆေးရုံ တက်ပါ နာမည်"

ဒေါက်တာစဝ်မြတ်ထွန်းက စာရွက်ပေါ်တွင် ဘောလ်ပဲန်တင် ရင်း ဖျတ်လတ်စွာ လုပ်ဆောင်ရန် မေးလာသည်။

"ကျွန်တော့်နာမည်... ကျွန်တော့်နာမည် လွမ်း... လွမ်းဝေပါ ခင်ဗျာ"

"ကိုလွမ်းဝေနော်"



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ နွမ်း၏ချစ်သူသည် ငြိမ်းဝေဟုများ ဒေါက်တာ

ကျော်ဇေလတ် သိထားမိပါလျှင်၊ သို့မဟုတ် သူ့ချစ်သူထံပြန်သည်

အခါ ငြိမ်းဝေဆိုသော ဝေဒနာသည်တစ်ယောက်နှင့် ဆုံလာခဲ့မိ

သည်ဟုများ ပြောဆိုမိပါလျှင်...

"သြော်... ကိုလွှမ်းဝေတဲ့၊ ကိုယ့်ဘဝနဲ့လိုက်ဖက်အောင်

လည်း ပေးတတ်ပါရဲ့ ဆရာရယ်"

ထွေးထွေးက ရင်ထဲမှ ရေရွတ်လိုက်သည်။ ဆရာဝန်က

ရှက်ငယ်ကို ဆုတ်ဖြတ်၍ ကိုငြိမ်းဝေလက်သို့ ကမ်းလှမ်းသည်

ကိုငြိမ်းဝေက ခေါင်းကိုယမ်းခါ၍...

"ကျွန်တော် ဆေးရုံမတက်ပါဘူး ဆရာ"

"အို"

ဒေါက်တာစဝ်မြတ်ထွန်းက အံ့သြသွားသလို ကမ်းထားသော

လက်ကို ပြန်မရုတ်နိုင်ပါဘဲနှင့် ကိုငြိမ်းဝေကို ကြည့်နေသည်။

ဒေါက်တာစဝ်မြတ်ထွန်း၏အခန်းငယ်လေးအတွင်းမှာ အ

ရှိနေသော ဒေါက်တာကျော်ဇေလတ်က ကိုငြိမ်းဝေကို ကြင်နာသ

ကြည့်ရင်းက...

"ဆေးရုံတက်သင့်တဲ့ရောဂါဆိုရင် တက်မှပေါ့ဗျာ။ ဘာ

ကိုယ့်ဒုက္ခ ကိုယ်ရှာချင်ရတာလဲ"

"ဟုတ်တယ် ဟုတ်တယ်၊ သူဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာနေ

လူတစ်ယောက်ပါရှင်"

ထွေးထွေးက အက်ကွဲတုန်ရီသော အသံများဖြင့် လိုက်



ကြေကွဲစွာဝင်ပြောရင်း ငိုချလိုက်ပါတော့သည်။ ဒေါက်တာကျော်ဇေ

လတ်က ထွေးထွေးနှင့် ကိုငြိမ်းဝေကိုကြည့်ပြီး...

"ခင်ဗျားအမျိုးသမီးလား သနားပါတယ်ဗျာ။ ဆေးရုံတက်ရမှာ

ဘာဖြစ်လို့လဲ။ ကျောက်မဲဆေးရုံဟာ အားကိုးစရာကောင်းတဲ့ ဆေးရုံ

တစ်ရုံပါ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒါပေမဲ့ ကျွန်တော် မတက်

တော့ပါဘူး။ လာ ပြန်ကြမယ် ထွေးထွေး"

ထွေးထွေးက ငိုနေရင်းက...

"ကျွန်မဟာ သူ့အမျိုးသမီး မဟုတ်ပါဘူးရှင်"

"သြော်"

"သူဟာ သူ့အမျိုးသမီးအတွက် ဆေးရုံမတက်ဘူးလို့ ငြင်း

နေတာပါ။ အသည်းကွဲရောဂါကိုလည်း သူ့ဟာသူ ရှာတာပါ။ ကိုယ်

ခန္ဓာရောဂါကိုလည်း သူ့ဟာသူ မွေးနေတာပါ။ မိန်းမတစ်ယောက်ကို

ဘဝပျက်ခံပြီး အသေခံပြီး ချစ်နေတဲ့လူတစ်ယောက်ကို ဆရာတို့ရယ်

မြင်ဖူးတယ်ရှိအောင် ကြည့်ကြစမ်းပါရှင်"

သူ့ကိုကြည့်၍ ငိုရှိုက်ရင်း တစ်လုံးချင်း ပြတ်သားစွာပြော

နေသော ထွေးထွေး၏ရင်မှ လာသော စကားသံများကို ဒေါက်တာ

ကျော်ဇေလတ်က အံ့သြစွာကြည့်ရင်း နားထောင်နေသည်။

"ထွေးထွေး... လာစမ်း ထွေးထွေး"

ကိုငြိမ်းဝေက ထွေးထွေး၏လက်မောင်းကို ကြမ်းတမ်းစွာ

ဆွဲ၍ ဆေးခန်း၏ပြင်ပသို့ ခေါ်ထုတ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကျော်ဇေလတ်နှင့် ဒေါက်တာစဝ်မြတ်ထွန်းတို့ ... ငယ်ချင်းနှစ်ယောက်မှာ 'ဘယ်လိုပါလိမ့်' ဟူသော အံ့သြစိတ်ဖြင့် ... ကျန်ရစ်ကြရသည်။ ဘာမှ ထပ်၍ မဆွေးနွေးဖြစ်ကြ။

ဇာတိမြေ ကျောက်မဲမြို့သို့ပြန်လာပြီး မကြာမီကမှ ဆေးခန်း ဖွင့်နေသော ဒေါက်တာစဝ်မြတ်ထွန်း၏ စေတနာဆေးခန်းလေး ... လူပြည့်နေပေသည်။

"နောက်တစ်ယောက်"

ဆရာမလေး၏အော်သံကို ကြားလိုက်ရသည်။

သြော်... ကုသရှင် ဆရာဝန်တို့၏ဝန်းကျင်ဝယ် ဝေဒနာသည် များစွာနှင့် သူတို့၏နောက်ဖက်ဆီမှ ဇာတ်လမ်းငယ်လေးများ ... ကြာရှည်စိတ်ဝင်စားနေဖို့ အချိန်မရရှိနိုင်ပါတကား။

❖



# အခန်း (၃၇)

ခါတိုင်း ကျောက်မဲသို့လာပါလျှင် ဈေးထဲမှ မထွက်။ ညနေဘက်မှာ ရပ်ကွက်ပေါင်းစုံလည်၊ ဗိုလ်တဲနှင့် သီတဂူတည်းခိုရိပ်သာရှိ ရပ်ဝေးဧည့်သည်များကို တစေ့တစောင်းချောင်းမြောင်း၊ စိန်ဝေလျံ စိန်အောင်ဝင်းရပ်ရှင်ရုံမှာ ကားကောင်းလျှင် ကြည့်နှင့် အမြဲကို လှုပ်ရှားလည်ပတ်နေခဲ့သော ထွေးထွေးမှာ ယခုတစ်ခေါက် ကျောက်မဲ အရောက်တွင်ဖြင့် သူတို့တည်းခိုနေရာ အ.ထ.က ၂ အနီးရှိ သစ်လင် ရပ်ကွက်မှ အိမ်ငယ်လေးအတွင်းမှာသာ တရှုပ်ရှုပ်ငိုရင်း အိမ်တွင်းမှာပင် ထွေးမီထွေး ငြိမ်နေရပါ၏။

ကျောက်မဲမြို့၏အအေးဒဏ်ကလည်း ရက်စက်လွန်းလှသည်။ အိမ်ကလည်း မလုံလဲ။ လေအေးများက ဝါးအကာကြားမှ တအား တိုးဝှေ့လာသည်။ အဖျားတက်နေသော ကိုငြိမ်းဝေ၏ကိုယ်ခန္ဓာပေါ် တွင်လည်း လွှမ်းခြုံစရာ စောင်ထူထူထဲထဲက မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဆရာသေသွားရင် ပိုကောင်းမယ်နော် ထွေးထွေးရယ်"

"ဆရာကလည်းရှင်..."

"နှမ်း ဒီနေ့ လက်ထပ်ပြီးပြီလေ။ နှမ်းကို စွန့်လွှတ်ဆုံးရှုံးရ တဲ့နေ့မှာ ဆရာရဲ့အသက်ဝိညာဉ်ပါ တစ်ခါတည်း ဆုံးရှုံးရရင် ပိုပြီး ကောင်းတာပေါ့"

"ထွေးထွေး မကြားရဲဘူး... မကြားချင်ဘူး"

ထွေးထွေးက သူ့နားနှစ်ဖက်ကို လက်ဝါးနှစ်ဖက်ဖြင့် ကပ်ပိတ်ပြီး ခေါင်းကို ကြမ်းတမ်းစွာ ခါယမ်းပစ်လိုက်သည်။ မျက်ရည် စက်လေးများပါ လွင့်စင်ကုန်ပါပြီ။

"သြော် အစ်မနှမ်းလဲ သူ့ရဲ့အမြင့်စံဘဝမှာ ပျော်ရွှင်ချမ်းမြေ့ မယ်။ ဆရာသည်လည်း ဝေဒနာဟောင်းများ လွင့်ပြယ်မယ်ဆိုရင် လေ ထွေးထွေးလေ ရာသက်ပန်ကျွန်ခံပြီး ဆရာ့နားမှာ ပြုစုပေးချင် လှပါတယ်ရှင်။ ဒါပေမဲ့ ထွေးထွေးမှာလည်း အသည်းနှလုံးနဲ့ပါလား ဆိုတာ ဆရာမသိသလို ဥပေက္ခာပြု လျစ်လျူရှုထားရက်တယ်နော်"

ထွေးထွေးက ဆရာ့နားမှ ထွက်ခွာလာသည်။ အပြင်တွင် မှောင်နေပေပြီ။ တောင်ရိပ်များသည် ကောင်းကင်ပြင်တွင် အမည်းစွန်း ကြီးများလို ထင်နေပါ၏။ ကြယ်ရောင်လေးများသည် မောရှမ်းမြေ၏ တောင်ပေါ်မြို့လေးကို လှဲ့ရုံလေး လင်းပေးနိုင်ရှာပါ၏။

အရိပ်မည်းတစ်ခုသည် ထွေးထွေးရှိနေရာ အိမ်လေးဆီသို့ ဦးတည်လာနေသည်။

တဖြည်းဖြည်းနီးကပ်လာရာမှ ဖိနပ်ချွတ်နားအရောက်တွင်...





"ဘယ်... ဘယ်သူလဲဟင်"

အရိပ်မည်းရှင်က ဘာမှပြန်မပြောပါဘဲနှင့် အိမ်ကပြင်ကလေး ပေါ်သို့ လှမ်းတက်လိုက်သည်။

ထွေးထွေးမှာ ကြောက်ရွံ့တကြီး နောက်သို့ ဆုတ်လိုက်မိစဉ် အရိပ်မည်းရှင်က နှင်းစိုနေသော ခေါင်းစွပ်နှင့် လောင်းကုတ်အင်္ကျီ ကြီးကို ချွတ်ချလိုက်လေမှ...

"ဟာ... အစ်... အစ်မနှမ်း"

ထွေးထွေး၏နှလုံးသားများ ရင်ထဲမှ လွင့်စင်ထွက်ကျသွား ပြီလား ထင်မိသည်။ ဝမ်းသာခြင်းအရှိန်အဟုန်ကြောင့် လှုပ်ရှားခြင်း များစွာဖြင့်...

"အမလေး အစ်မနှမ်းရယ်၊ ထွေးထွေးတို့ဆီကို လာတယ်၊ ဆရာ့ဆီကို တကယ်လိုက်လာတယ်၊ ဆရာ... ဆရာရေ အစ်မနှမ်း"

"ဟင်... နှမ်း... အို... နှမ်းရယ် မောင်မောင့်... မောင်မောင့် ဆီကို နှမ်းပြန်လာတယ်"

ကိုငြိမ်းဝေက ဓာနှင့်ထလိုက်သော်လည်း လူက မဟန်နိုင် တော့။ တုန်ရီစွာ ပြန်ကျသွားရှာသည်။

"နှမ်း... မဟုတ်ဘူး ထွေးထွေး၊ ခမ်းပါ... အစ်မခမ်းပါ"

"ဟင်"

အထွဋ်အထိပ်သို့ ရောက်ရှိနေသော စိတ်ထက်သန်ခြင်းအား မာန်များသည် အမြစ်ပါမကျန် ပြိုလဲကျရပြန်ပြီကောကွယ်...။

"ဟင်... အစ်မခမ်း၊ အစ်မခမ်းမသေဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်မခမ်းမသေတာ ထွေးထွေးတို့ရဲ့နွမ်းလဲ သိပါတယ်"

"အို"

"အခု... အခု အစ်မခမ်း ဘယ်ကလာတာလဲ ဟင်"

"နွမ်းရဲ့မင်္ဂလာပွဲကို အမီလာတယ်လို့ပဲ ပြောပါတော့ကွယ်။ ဒါပေမဲ့ လမ်းမှာ အခက်အခဲများစွာကို ကျော်ဖြတ်နေရတာနဲ့ပဲ နောက်ကျသွားခဲ့တယ်။ အစ်မခမ်းသိပ်ချစ်ရတဲ့ အစ်မခမ်းရဲ့ခင်ပွန်း ခွန်မိုင်းလည်း ကျဆုံးသွားရှာပြီး ထွေးထွေး"

"ဟာ... ဖြစ်မှဖြစ်လေဗျာ"

မန္တလေးသူ ထွေးထွေးက မျက်ရည်ဝိုင်းလာသော ခမ်းကိုကြည့်ပြီး သနားရပြန်ပါသည်။

"အစ်မခမ်းနောက်ကိုလည်း အစိုးရတပ်ဖွဲ့တွေက ခြေရာခံလိုက်နေကြတယ်။ ဒါကြောင့် အိမ်ကိုတောင် မဝင်သေးဘဲ ထွေးထွေးတို့ရှိတဲ့နေရာကို တမင်လာခဲ့တာ၊ ကိုငြိမ်းဝေ နေမကောင်းဘူးလား"

ခမ်း၏ရည်းစား ခွန်မိုင်းကို နွမ်းသိသလို နွမ်း၏ချစ်သူ ကိုငြိမ်းဝေကိုလည်း ခမ်းသိပါ၏။

"ဟုတ်တယ် **အစ်မခမ်း**"

"အစ်မခမ်းရေ ဆရာ့အဖြစ်တော့ မပြောချင်တော့ပါဘူး။ ဆရာဝန်က ဆေးရုံတက်ခိုင်းတယ်။ အဲဒါ မြင်တဲ့အတိုင်းပဲ။ ပေပြီး ခံနေတယ်"

"အို... ဘာဖြစ်လို့လဲ"





"အစ်မနွမ်း သိမှာစိုးလို့တဲ့။ အစ်မနွမ်းကိုလည်း သူပဲ ဉာဏ်ဆင်ပြီး ဟို... ဆရာဝန်နဲ့ လက်ထပ်ဖြစ်အောင်လုပ်တာ"

"ဟင်"

"အစ်မနွမ်းကို အသေခံပြီးချစ်မယ့် ဆရာကိုငြိမ်းဝေရဲ့အဖြစ်ကို ကြည့်ပါဦး... ကယ်ပါဦး... အစ်မခမ်းရယ်"

ထွေးထွေးမှာ ခမ်း၏လက်ကို ဆုပ်ကိုင်ပြီး အားကိုးတကြီးနှင့် တောင်းပန်နေရှာသည်။ ကိုငြိမ်းဝေ၏အခြေအနေနှင့် ထွေးထွေး၏ မျက်ရည်များကိုကြည့်ပြီး ခမ်းက...

"အခုကိစ္စတွေအားလုံး ဖြစ်ပေါ်လာအောင် ဖန်တီးသူဟာ အစ်မခမ်းပါကွယ်။ ခုတော့ အစ်မခမ်းရဲ့ဘဝလမ်းလည်း အရှုံးနဲ့ ဆုံးရပါပြီ။ ဒီတော့ ထွေးထွေးတို့ရဲ့အဖြစ်အပျက်တွေကို အစ်မခမ်း အစအဆုံး သိပါရစေ"

ထွေးထွေးမှာ သူ့ဆရာကိုငြိမ်းဝေ၏ တစ်ဖက်စွန်းသို့ရောက်လွန်းသော ချစ်မေတ္တာစေတနာများအကြောင်း၊ ဆုံးဖြတ်မှုရဲရဲဖြင့် အသည်းကွဲမတတ် ခံစားရင်း စွန့်လွှတ်ခြင်းအကြောင်း များစွာကို မျက်ရည်များနှင့်အတူ သွန်ချပြောပြနေချိန်တွင်

❖



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၈)

မင်္ဂလာအိမ်မို့ မီးထိန်ထိန်အောက်မှာ ညစာကို သုံးဆောင်ရင်း
အော်ဟစ်ဆူညံနေကြပေသည်။ ဘလက်လေဘယ်၊ ဗက်စစ်စတီနိုင်း
စသော နိုင်ငံခြားဖြစ် ယစ်ရွှေရည်များနှင့် တရုတ်ဟင်းလျာ စား
သောက်ဖွယ်များကို မင်္ဂလာဦးညစာအဖြစ် ရင်းနှီးသူများအား တည်
ခင်းနေကြခြင်း ဖြစ်ပါ၏။

"နှမ်းမကြိုက်မှာစိုးလို့ ကိုကို အရက်မသောက်ဘူး"

ဘတ်ချလာနိုက်တွင် အရက်တိုက်ကြသော အပေါင်းအသင်း
များ၏ရန်ကို တွန်းလှန်ပြီး နှမ်းအပေါ်တွင် အရေးထား လေးစား
ရှာသော ကိုကို။

မနေ့ကတစ်နေ့လုံး တစ်ညလုံး အသည်းနင့်အောင် ချစ်လွန်း
ခဲ့ရသော မောင်မောင့်အတွက် နှမ်း တဝကြီးငိုခဲ့ပြီးပါပြီ။

ယနေ့မနက် ကိုကိုနှင့် လူကြီးစုံရာရှေ့မှာ မင်္ဂလာဘိသိက်
သွန်းလောင်းခံပြီး တရားဝင် လက်ထပ်ထိမ်းမြားခဲ့ပြီးပါပြီ။

"ငါဟာ ကိုကို့ရဲ့တရားဝင်ဇနီးဖြစ်ပြီ။ ငါသိပ်ချစ်ခဲ့ဖူးတဲ့





မောင်မောင်ဟာ ငါ့ဘက်က သစ္စာပျက်ကွက်ခြင်း မရှိပါဘဲနဲ့ သူက
အရင် မေတ္တာလမ်းက ခွဲထွက်သွားတဲ့သူ၊ သစ္စာခြံစည်းရိုးကို ဖျက်ဆီး
ကျော်ဖြတ်သွားတဲ့သူ...

"ငါ မောင်မောင့်အတွက် မျက်ရည်တစ်စက်မှ မကျအောင်
ထိန်းသိမ်းရပါမယ်။ ကိုကို့ကို ချစ်လို့ မရသည့်တိုင်အောင် ငါ့ရင်
ထဲမှာ မောင်မောင့်ကို ချစ်နေဖို့ မသင်တော့ပါဘူးလေ...

နှမ်း၏မျက်နှာလေးမှာ မလန်းရွှင်နိုင်သော်လည်း ညှိုးငယ်ခြင်း
မရှိတော့ပါဘဲနှင့် လူပုံအလယ်တွင် ဣန္ဒြေမပျက် ထိုင်နေနိုင်ပါပြီ။

အမှောင်က တစစနှင့် သိပ်သည်းလာခဲ့သည်။ ဧည့်သည်များ
လည်း တဖြည်းဖြည်းနှင့် စဲပါပြီ။

"အေးလာပြီ နှမ်း၊ အနွေးထည် ဝတ်ထားတော့နော်"

နှမ်း၏ကိုယ်ပေါ်သို့ ယုန်မွေးဆွယ်တာဖြူဖြူနုနုလေးကို လွှမ်း
ခြုံပေးလာသည်။ ချစ်မြတ်နိုးစွာ စိုက်ကြည့်နေသော ဒေါက်တာ
ကျော်ဇေလတ်၏မျက်ဝန်းကို နှမ်း မဆုံရဲ။

ဧည့်သည်များစဲချိန်တွင် ပြန်လည်သိမ်းဆည်းရေးကိစ္စများကိုပါ
နှမ်းက ကူညီနေရသည်။ အချိန်များစွာ ကုန်လွန်ခဲ့ပါပြီ။

"မမောသေးဘူးလား နှမ်း"

"ကိုကို့ဒယ်ဒီနဲ့ မာမီအတွက် အိပ်ရာခင်းပေးတာ အဆင်
မပြေမှာ စိုးလို့ပါ"

"ရပါတယ် ကိုကိုတော့ စိတ်မောလူမောမို့ အခန်းထဲမှာနား
ရင်း စောင့်နေမယ်၊ နှမ်း လာခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်… ဟုတ်ကဲ့ပါ ကိုကို"

နှမ်းမှာ ကိစ္စပြီးသော်လည်း အခန်းထဲ မဝင်ရဲသေး။ ဝေ့လံခက်ခဲသောခရီးကြမ်းကို ဖြတ်သန်းလာခဲ့ရသည်လို ကိုယ်ရောစိတ်ပါ နှမ်းမောနေမိသည်။

မိမိ၏သန့်စင်ပျိုနုခြင်း နောက်ဆုံးအချိန်လေးကို လွှတ်လပ်အေးငြိမ်းခြင်းထဲမှာ ခဏတာလေး မြှုပ်နှံထားလိုစိတ်ဖြင့် နှမ်း ခြံတွင်းသို့ ဆင်းလာခဲ့မိသည်။

မောရှမ်းမြေ၏ အလှတန်ဆောင်ဖြစ်သော နှင်းပွင့်ဖြူလေးများက သူတို့၏သခင်မလေး နှမ်း၏ကိုယ်ခန္ဓာအနံ့ မှီတွယ်ခိုကပ်လာကြသည်။ လတ်ဆတ်အေးမြလွန်းသော မောလေကို တဝကြီး ရှူသွင်းလိုက်မိသည်။

"သြော်… နှမ်းရဲ့မင်္ဂလာဦးညကို မောင်မောင့်ရင်ခွင်ရဲ့ အခြားမဲ့မှာ ခိုလှုံဖြစ်လိမ့်မယ်လို့ နှမ်း ဘယ်တုန်းကမှ မတွေးခဲ့မိပါလားကွယ်…

"မောင်မောင်ချိန်းဆိုတဲ့အချိန်မှာ လာဖို့ ပျက်ကွက်ခဲ့ရုံလေးနဲ့ နှမ်းအပေါ်မှာ အငြိုးထားလေသလား မောင်မောင်ရယ်… အဲဒီနောက်မှာ မောင်မောင်ဟာ နှမ်းကို ရှောင်သွားရုံမကဘူး၊ နှမ်းနဲ့ မောင်မောင်တို့ရဲ့အကြင်နာခြံစည်းရိုးလေးကို ရိုက်ချိုးခဲ့တယ်။ မေတ္တာအိမ်ကြီးကို မီးတိုက်ဖျက်ဆီးခဲ့တယ်။ သစ္စာနယ်ပယ်လေးကို မြေသဒ္ဒါလုပ်ပြီး တစ်စမကျန်အောင် ဖျက်ဆီးဖြိုခွဲရက်ခဲ့တယ် မောင်မောင်ရယ်…

ကြောင်နှစ်ကောင်စာအုပ်တိုက်



"အို… တော်ပြီကွယ် သူ့အတွက် မျက်ရည်မကျထိုက်တော့ပါဘူးလို့ ငါဆုံးဖြတ်ထားပြီးသားပါ။ ငါ့ကို… ငါ့ကို ကိုကို စောင့်နေပြီ…"

ဤချောက်ချားမှုအတွေးများဖြင့် နှမ်းမှာ နောက်ဖက်လမ်းမှ အိမ်တွင်းသို့ဝင်ရန် အပြန်တွင်…

"အ… အ… ဟ"

အသံဆုံးအောင် မအော်ဖြစ်လိုက်။ အေးစက်ကြမ်းတမ်းသော လက်ကြီးနှစ်ဖက်က နှမ်းကို ချုပ်ကိုင်၍ ပါးစပ်ကိုပါ ဖိပိတ်ထားလိုက်သည်။

"အင်… အင်"

နှမ်းမှာ အသံမထွက်နိုင်သောလည်း ရုန်းရင်း အော်နိုင်ရန် ကြိုးစားနေမိသည်။

"နှမ်း ရုန်းမနေနဲ့… ငါ ခမ်းပါ"

"ဟင်… ဟင်"

"ဒီမှာ ငြိမ်ငြိမ်နေနော်၊ မအော်နဲ့ ငါပြောမယ်"

ချုပ်နှောင်မှုမှ လွှတ်လိုက်ပြီး ခမ်းက လေသံတိုးနှင့် ပြောလိုက်သည်။

"ဟင်… ဦး ဦးလေး"

"အေးပေါ့ မိခမ်းနောက်ကို အစိုးရတပ်ဖွဲ့တွေ လိုက်နေတယ်လေ။ ဒါကြောင့် မနေနိုင်တဲ့ဦးလေးက 'ပါရပြန်ပြီပေါ့ကွယ်'

ဦးမန်းစံ၏စကားအဆုံးတွင် ခမ်းက…

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နွမ်း၊ နင် ဒေါက်တာကျော်ဇေလက်ကို မချစ်ဘဲ ယူ တယ်ဆိုတာ ငါသိတယ်။ ဒါကြောင့် ငါ အချိန်မီရောက်အောင် လာခဲ့တယ်"

"ဘာ... အချိန်မီ ဟုတ်လား"

"အေးလေ"

"စောပါသေးတယ်၊ ကလေးသုံးယောက်လောက် ရမှ လာ ရောပေါ့"

"ဒီမှာ နင့်ကိုငြိမ်းဝေ ဘာဖြစ်နေတယ်ဆိုတာ နင်သိရဲ့လား ငါ သူ့ကိုတွေ့ခဲ့ပြီ"

"မသိဘူး... သိစရာလည်းလိုမယ် မထင်ပါဘူး၊ သူ့နားမှာ ထွေးထွေးရှိတယ်မဟုတ်လား"

"ရှိတယ်"

"ဒါဆိုပြီးရော မမခမ်း၊ ဓာတ်လမ်းက ပြီးနေပြီ။ ထပ်ရှ အောင် မလုပ်ပါနဲ့"

"အင်း... အဖြစ်မှန်သာသိရင် နင် ရင်ကွဲမယ် နွမ်း"

"ဘာ"

"ခုနေမှာ နင့်ကို အစအဆုံးရှင်းပြနေဖို့ အချိန်မရှိဘူး နွမ်း နင် ဒီည ဦးလေးနဲ့ လိုက်သွား။ နောက်ဖေးကိုဒေါင်အိမ်မှာ အိမ် မနက်ကျမှပဲ ကိုငြိမ်းဝေဆီကို တိတ်တိတ်သွားပေတော့"

"ဘာ... ဘာ"

"ငါ ဒေါက်တာကျော်ဇေလတ်ဆီ သွားပေးပါ့မယ်"





နွမ်းမှာ အကြောက်ဒဏ်နှင့် အချမ်းဒဏ်ကြောင့် တစ်ကိုယ်လုံး တ်ဆတ်တုန်လာသည်။

"လာ... လာမရှုပ်နဲ့နော် နင့်ကြောင့်... နင့်ကြောင့်"

"ငါက လာရှုပ်တာမဟုတ်ပါဘူး နွမ်းရဲ့၊ လာရှင်းပေးတာ င်ရဲ့လား"

"အေး ကောင်းပြီ၊ ရှင်းချင်ရင် အမှောင်ထဲမှာတော့ မရှင်းနဲ့၊ လင်းထဲမှာပဲ ရှင်း... လာ"

နွမ်းမှာ ခမ်းကို တရကြမ်းဆွဲခေါ်လိုက်သည်၊ နှိပ်စက်ပေါင်း း၍ သည်းခံနိုင်စွမ်း မရှိတော့သော နွမ်းမှာ ဒေါသစိတ်များစွာနှင့် စ်မဖြစ်သူကို ကြမ်းတမ်းစွာ ဆွဲခေါ်လာသည်။

မီးလင်းနေသော တိုက်ကြီးပေါ်တွင် ရှိနေကြသော လူစုံရှိရာ ခမ်းကို အရဆွဲခေါ်ရလေပြီ။

ဖြစ်ချင်ရာဖြစ် အားလုံးရှေ့မှာ ဆုံရှင်းပစ်ပါမည်။ သူပြော လို 'တိတ်တခိုး လဲလှယ်မှုကြီး' ကိုပင် လုပ်ဝံ့ရန် မဆိုထားနှင့် ကြားပင် မကြားဝံ့။

ဒေါသကြောင့် အားမာန်ပြည့်နေသော နွမ်း၏ခေါ်ဆောင်မှု ခမ်းမှာ ရုန်းရင်းကန်ရင်းက...

"သူ ဒီလိုဖြစ်ချင်ဖြစ်မယ်ဆိုတာ ခမ်းသိတယ်၊ ဒါကြောင့် ... ဦးလေးရေ လုပ်တော့ မဖြစ်တော့ဘူး"

မတိုးမကျယ်လေသံလေးနှင့် ခမ်းက ဦးမန်းစံဘက်သို့လှည့် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမန်းစံမှာ နွမ်းကို ကြမ်းတမ်းစွာဖက်လိုက်ပြီး အဝတ်တစ်[illegible]ကို နွမ်း၏နှာခေါင်းနှင့် ပါးစပ်တို့သို့ အုပ်ဖိလိုက်သည်။

စိမ်းရွှေ စူးရှသော အနံ့ဆိုးကြီးကို မွန်ကျပ်စွာ ရှူရှိုက်လိုက်[illegible]ရပြီးသည့်နောက်တွင် နွမ်း၏ကိုယ်ခန္ဓာလေးမှာ သက်မဲ့အဝတ်စ[illegible]လို ပျော့ခွေပုံကျသွားခဲ့ရပါပြီ။

နွမ်း၏ကမ္ဘာသည် အမှောင်နှင့် အမည်းပါတည်း။

ခမ်းနှင့် ဦးမန်းစံမှာ နွမ်း၏ မေ့မြောနေသော ခန္ဓာကိုယ်[illegible]ကို နောက်ဖက်အိမ်၏မြေတိုက်ခန်းဆီသို့ ရေးကြီးသုတ်ပျာ သယ်[illegible]ဆောင်သွားကြလေပြီတကား...။

❖





# အခန်း (၃၉)

ရှည်သွယ်သော မျက်တောင်ကော့များပေါ်တွင် မျက်ရည်ကြည်[illegible]လေးများစိုစွတ်လျက် အိပ်ပျော်နေသလို မေ့မြောနေရှာသော နွမ်း၏[illegible]ကျက်နှာ နုနုလှလှလေးကို ခမ်း ငုံ့ကြည့်နေမိသည်။ မနက်ပိုင်းဆီက [illegible]လှခြယ်သထားသော သတို့သမီးလေး၏မျက်နှာပြင်တွင် သိပ်သည်း[illegible]ဝင်နေသော မိတ်ကပ်ညက်ညက်လေးက ပန်းနုရောင်လေး ပြေး[illegible]နေပါ၏။

"နွမ်း ညီမလေးနွမ်းရယ်၊ မမခမ်းရဲ့ပြဿနာပေါင်းစုံကို လွှဲ[illegible]ပြောင်းယူခဲ့ရရှာတယ်၊ ခုတော့ နွမ်းကို မမခမ်း အချိန်မီကယ်တင်[illegible]ပါပြီ"

ခမ်းမှာ မလှုပ်မယှက်ငြိမ်သက်နေသော နွမ်း၏မျက်နှာကို [illegible]ကြည့်လိုက်၊ မှန်ကို ပြန်ကြည့်လိုက် လုပ်နေပြီး သူ့မျက်နှာပြင်ပေါ်[illegible] မိတ်ကပ်ထူအောင် တင်နေသည်။ အိုင်းရှဲဒိုးသုတ်ပြီး နွမ်းလို[illegible]သွားအောင် ပြန်တို့ယူလိုက်ရသည်။ အိုင်းလိုင်နာကို ခပ်ပါးပါး[illegible]သာ ကောက်ကြောင်းဆွဲရသည်။ မျက်တောင်တုတော့ တပ်စရာ[illegible]ပို။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးမန်း"

"အင်း"

"ဦးလေးမန်းတူမများ သတိရလာရင် ခုညတွင်းချင်းပဲ ကိုငြိမ်း
ဝေဆီ ခေါ်သွားတော့"

"သူက အသာတကြည်လိုက်ပါ့မလား၊ စောစောကလို ရှ
ဝါးဝါးထလုပ်ရင် ဒုက္ခပဲ"

"ရုတ်တရက်တော့ ဟိုတိုက်က မကြားနိုင်ပါဘူး၊ ကိုငြိမ်း
နဲ့ ထွေးထွေးတို့ရဲ့ဖြစ်ရပ်မှန်တွေကိုသာ ဦးလေးမန်းက စေ့စေ့
ရှင်းပြလိုက်၊ ဟင်း... မိန္မမ်းတို့လား ကိုငြိမ်းဝေတစ်ယောက် သမ
ရဲ့ဟိုဘက်ခြမ်းမှာ ရှိနေတယ်ဆိုရင်တောင် လက်ပစ်ကူးသွားမှာ

"အေးကွယ် ဒီကလေးနှစ်ယောက်က အချစ်ကြီးသလော
သော့ကတွေ ရောက်ရှာတယ်၊ သနားပါတယ်"

"အခု နာရီပိုင်းအတွင်း ပြေလည်ကြတော့မှာပါ ဦးလေး
ဒေါက်တာကျော်ဇေလတ်ပြဿနာကို ခမ်းက ဒိုင်ခံဖြေရှင်းထား
သူတို့နှစ်ယောက်က လွတ်ရာ ကျွတ်ရာ ပြေးနိုင်ကြပေါ့"

"ခမ်းနော် လုပ်လိုက်ရင် သိပ်ရမ်းတာပဲ ဖြစ်ပါ့မလား"

"ဟာ ဦးလေးမန်းလိုသာ တွန့်ဆုတ် တွန့်ဆုတ်လုပ်နေ
ဟိုရှေ့သုံးဆယ်သား ဘယ်လိုလုပ်ရမလဲ"

"ဟင်"

"အဲဒါတွေရော ကုန်ပြီလား"

"ဘယ်... ဘယ်ကုန်ပါ့မလဲ"





"သိမ်းထားနော် ခမ်းက ဦးလေးမန်းကို ကျေးဇူးပြန်ဆပ်
တာ၊ ခမ်း ဒီအိမ်ကထွက်သွားပြီး ခွန်မိုင်းနဲ့ ပေါင်းဆုံမိအောင်
ဦးလေးက ကူညီလိုက်တယ် မဟုတ်လား"

ဦးမန်းစံမှာ မလုံမလဲနှင့် ဘေးဘီသို့ လှည့်ကြည့်မိသည်။
အမှန်တော့ ဦးမန်းစံသည် အလွန်အမင်း ကောက်ကျစ်စဉ်းလဲသူဖြင့်
မဟုတ်ပါ။ ခမ်းကို တူမလေးတစ်ယောက်ပမာ ချစ်လွန်းရာက ခမ်း
ကို ကူညီရင်း ကူညီရင်းက ဖြစ်သွားရခြင်းပါ။

ယခုလည်း ကြည့်ပါဦး...

ခမ်းသည် နုနယ်သောအသည်းနှလုံး၊ အားနွဲ့သော ကိုယ်ခန္ဓာ
ဆိုသည့် မိန်းမသားတို့၏အဆင်းတန်ဆာတို့နှင့်မှ တည်ဖွဲ့ခြင်းမှ ဟုတ်
ပါရဲ့လား။

သူ့ချစ်သူ ခွန်မိုင်းဆီလိုက်သွားရင်း လူရမ်းကား သူပုန်နှစ်
ယောက်၏လက်တွင် ဘဝပျက်ခဲ့ရသေးသည်။ ခွန်မိုင်းနှင့် ပေါင်းဖက်
မိချိန်တွင်လည်း ကိုက်ဖျက်ရေးလုပ်ငန်းများ၊ မှောင်ခိုလုပ်ငန်းများကို
အတူတွဲလျက် ရဲရင့်ပြတ်သားစွာ လုပ်ရှားပေးခဲ့ဖူးသော ခမ်း။

ခွန်မိုင်းတစ်ယောက် ကျဆုံးပြီးသည့်နောက်ပိုင်းတွင်လည်း သူ့
အဖွဲ့သားများတွက် ဆက်လက်လှုပ်ရှားပေးနေရင်းက ညီမဖြစ်သူ၏
ပြဿနာကို ပြန်လည်ရှင်းပေးရန်ဟု ပြောကာ ပြန်လာပြန်သော ခမ်း။

ဦးမန်းစံပင် ခမ်းကို လန့်လာသည်။ သူ့လုပ်ရပ်များကို လိုက်
မမီနိုင်အောင် ရှိရပါပြီ။

"ဦးလေးမန်း အကျိုးရှိရပါစေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြုံးဝါးသွားသော်လည်း တောတွင်းစခန်းမှာ အဆင်မပြေသော ခမ်းက အိမ်တွင် လျှို့ဝှက်မြှုပ်နှံထားသော ရွှေသုံးဆယ်သားကို သူ့အဖွဲ့သားများ၏ အကူအညီယူပြီး ဦးမန်းစံအား ပေးထားခဲ့ခြင်းပါ။ ဤလျှို့ဝှက်မှုမှာ ယခုတိုင် မပေါ်သေး။ ခမ်းတစ်ဝက် သူ တစ်ဝက် ခွဲယူကြပြီးပါပြီ။

"ကဲ ဦးလေး၊ နွမ်းကိုသာ စောင့်ကြည့်နေပေတော့။ ခမ်းသွားတော့မယ်"

"ခမ်း... ခမ်း ဟို... ဟို"

"ဘာလဲ ဦးလေးရဲ့"

"ဘာ... ဘာမှမဟုတ်တော့ပါဘူး"

ဦးလေးတစ်ယောက်အနေမျိုးနှင့်လည်း ဝင်ပြောသင့်သောကိစ္စမျိုးမဟုတ်ပါ။

ခမ်း၏ လုပ်ရပ်များကို ဦးမန်းစံပင် ရင်တုန်လာမိသည်။ ခမ်းကမူ ထမင်းစားဖိတ်ထားသော အလှူတစ်ခုသို့ သူ့ညီမကိုယ်စား သွားလိုက်ရသလို ထမင်းစားရေသောက် ကိစ္စမျိုး သဘောထားလေသလား မသိ။

ကြောကြော့မော့မော့ ပေါ့ပေါ့ပါးပါးလေးပင် ဒေါက်တာကျော်ဇေလတ် စောင့်နေရာသို့ ထွက်ခွာသွားလေပြီတကား။

❖



# အခန်း (၄၀)

မောမြေမြင့်မှာ ပျော်မွေ့သော နှင်းငွေမှုန်များက ဝန်းကျင်အနှံ့ လွင့်ပျံမှုန်ဝေနေသည်။ တောင်တန်းများ၊ ထင်းရှူးပင်များ၊ ချယ်ရီခက်များက ပန်းချီကားထဲမှ အရိပ်ပုံ ကောက်ကြောင်းများလို ငြိမ်သက်နေပေသည်။

လွင့်မျောရွေ့လျားနေသော နှင်းပွင့်လေးများက ပြတင်းဝတွင် ရပ်နေသော ဒေါက်တာကျော်ဇေလတ်ထံသို့ ခိုဝင်မှီတွယ်လာကြသည်။ လင်းရောင်ခြည် မပီပြင်သေးသောအချိန်မို့ အမြင်အားလုံး ဝိုးဝါးဝေသီနေပေသည်။ အအေးဓာတ်က ပွင့်နေသော ပြတင်းပေါက်ရှိရာသို့ တစ်စုတစ်စည်းတည်း တိုးဝင်လာကြပါ၍ ဒေါက်တာကျော်ဇေလတ်မှာ ပြတင်းမှ ခွာပြီး စားပွဲရှေ့ကုလားထိုင်တွင် ပြန်ထိုင်လိုက်ရသည်။ ပြတင်းတံခါးကို မပိတ်ဖြစ်...။

ပြာလဲ့သောမီးရောင်မှိန်လေးက ဂျပန်ဓာခြင်ထောင်တွင်းမှာ အိပ်မောကျနေသောခမ်းကို ကောင်းစွာမြင်သာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နွမ်း"

လူးလွန့်လာသောခမ်းကို နွမ်းအထင်ဖြင့် ဒေါက်တာကျော်ဇေလတ်က ရင်ထဲမှ ကြိတ်၍ခေါ်လိုက်မိသည်။ သစ်ဦးသောအလှများဆိတ်သုဉ်းရာ ခမ်း၏ကိုယ်ခန္ဓာ အိတွဲ့တွဲ့လေးပေါ်သို့ ယိုးဒယားပြည်ဖြစ် မွေးပွနိုင်လွန်စောင် ပေါ့ပေါ့လေးကို လွှမ်းခြုံပေးလိုက်သည်။

ဒေါက်တာကျော်ဇေလတ်မှာ နွမ်းမျက်နှာအတိုင်း လုနေသော ခမ်း၏မျက်နှာလေးကို နွမ်းအမှတ်ဖြင့် ငုံ့ကြည့်ရင်းက သက်ပြင်းများချမိသည်။

"နွမ်းအနေနဲ့ ဒေါက်တာ့ကို ဘယ်လိုနည်းနဲ့မှ လက်မထပ်နိုင်ပါဘူးလို့ ပြောပါရစေ"

"ဘာဖြစ်လို့လဲဆိုတော့ နွမ်းမှာ သိပ်ပြီး ချစ်မြတ်နိုးရတဲ့ချစ်သူ ရှိနေနှင့်လို့ပါ"

"နွမ်းချစ်သူက ဆင်းရဲတယ်၊ ဒါပေမဲ့ သိပ်ချစ်တတ်တယ် နွမ်းကလည်း သူ့ကိုသိပ်ချစ်တာပဲ"

"နွမ်းရဲ့တစ်သက်တာမှာ အဲဒီနွမ်းရဲ့ချစ်သူက လွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူးလို့ ဆုံးဖြတ်ထားပြီးသားမို့..."

"အို"

တစ်ချိန်က နွမ်းပြောကြားထားခဲ့ဖူးသော စကားသံလေးများကို ယခုပင် နွမ်း၏နှုတ်မှ ပြောကြားနေသလို ပြန်လည်၍ ကြားယောင်လာမိသော ဒေါက်တာကျော်ဇေလတ်မှာ နွမ်းကိုကြည့်နေရာမှ အလန့်တကြား ထရပ်လိုက်မိသည်။





"ကိုကိုနဲ့မတွေ့ခင်ကတည်းက နွမ်းဟာ နွမ်းနေသလား၊ ဒါမှမဟုတ် ကိုကို့ရင်ခွင်ထဲကို နွမ်းဘဝအသစ်ကလေး မထည့်ရက်လို့ နွမ်းရဲ့ချစ်သူကိုများ..."

ဒေါက်တာကျော်ဇေလတ်၏ရင်ထဲမှ အတွေးလက်ကျန်များကို သက်ပြင်းအဖြစ်နှင့် လွှင့်ထုတ်လိုက်သည့်တိုင် ရင်ထဲမှာ မရှင်းနိုင်ပါလားကွယ်...။

မြတ်နိုးအပ်သောရတနာတစ်ခု ဆုံးရှုံးသွားရသလို ရင်ထဲမှာ နမြောတသနေမိခြင်းနှင့် မိမိလို ရန်ကုန်မြို့သား အထက်တန်းစားအတွေ့အကြုံများစွာရှိပြီးသူ ဆရာဝန်တစ်ယောက်ကိုမှ ညာရက်ကြလေခြင်း... လူပါးပုလင်းထိလေတော့ သူများထက် ပိုမိုနာကျင်ရမည် ထင်ပါသည်။

နွမ်းကို စက်ဆုပ်ရွံရှာသည့်စိတ်က တစ်ပိုင်း...

ချစ်ကြင်မြတ်နိုးနေမိဆဲ စိတ်က တစ်ပိုင်း... အဖြစ်နှင့် ဒေါက်တာကျော်ဇေလတ်၏ရင်ထဲမှာ ဆန့်ကျင်ဘက် ပဋိပက္ခလေးများ အားပြိုင်နေကြသည်။

ခမ်းကို နွမ်းအမှတ်နှင့်ကြည့်ပြီး စက်ဆုပ်ခြင်း၊ စုံမက်ခြင်းဟူသော မတူညီသည့် ခံစားမှုနှစ်ခုကို တစ်ပြိုင်တည်းခံစားနေမိရာမှ ဒေါက်တာကျော်ဇေလတ် မျက်နှာလွှဲပစ်လိုက်သည်။

ခုတင်ခြေရင်းမှ ရှမ္မိုင်းဘောင်းဘီကို သူဝတ်ထားသောလုံချည်နှင့် လဲဝတ်ဆင်ပြီး သားမွေးဂျာကင်ပွကြီးကို ထပ်ဝတ်ပြီးသည်နှင့် ခမ်းအိပ်စက်နေရာ မင်္ဂလာဦးအိပ်ခန်းကို ကျောခိုင်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



*အိမ်၏ပြင်ပတွင် နှင်းမြူငွေ့မှုန်များ ဆိုင်းနေသည်။ ဒေါက်တာ* ကျော်ဇေလတ်မှာ နှင်းတောကိုဖြတ်လျက် သွက်လက်စွာ လျှောက်လှမ်းနေမိသည်။

သူ့ဝန်းဝန်းကျင် အရာအားလုံးသည် တစ်ခုမျှမပီပြင် မှုန်ဝါး၍ ဝေသီ၍ပါတကား...

❖





# အခန်း (၄၁)

လူးလွန့်လာသောနှမ်းကို ဦးမန်းစံမှာ ကြောက်လန့်တကြား ကြည့်နေမိသည်။ လုံခြုံစွာပိတ်ပြီးသား တံခါးများကိုလည်း စိတ်မချ နိုင်သလို ဝဲလှည့်ကြည့်မိပါ၏။ အားလုံး တိတ်ဆိတ်ငြိမ်သက်နေ သည်။ တိတ်ဆိတ်ခြင်းသည် ချောက်ချားခြင်း ဖြစ်လာခဲ့သည်။

"အင်... အင်..."

ဟူသော ညည်းသံလေးများအဆုံးတွင် နှမ်း၏မျက်လုံးများ ဖြည်းလေးစွာပွင့်လာသည်။ ဦးမန်းစံကို ကြာမြင့်စွာကြည့်နေပါ၏။ နှမ်း၏အာရုံကြောများ လေးလံထိုင်းမှိုင်းနေဆဲ ဖြစ်မည်ထင်သည်။ ပြီးမှ...

"ဦး... ဦးလေးမန်း..."

"ဟုတ်တယ် နှမ်း"

"ဘာ... ဘာလုပ်နေတာလဲ"

"နှမ်းကို... နှမ်းကိုစောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နှမ်းကို စောင့်နေတာ"

"ဟုတ်"

ဦးမန်းစံ၏အသက်နှင့်အမျှ ဤတစ်ကြိမ် ရင်အခုန်ရဆုံးပါလား။ စကားပင်ဆုံးအောင် မပြောနိုင်ပါ။

နှမ်းမှာ သူ့အသိအာရုံကို ပြန်လည်စုစည်းမိရန် ကြိုးစားပြီး ကြိုးထလိုက်သည်။ ဤနေရာသည် နောက်ဖေးဘက်မှ ဂိုဒေါင်အိမ်၏ မြေတိုက်ခန်းလေးဖြစ်ကြောင်း သိမှတ်မိသွားမိသည်နှင့်...

"အို... နှမ်း... နှမ်းကို မေ့ဆေးပေးပြီး ခေါ်လာကြတာ၊ ဦးလေးမန်း အကြံပက်စက်လှချည့်လား ဟင်..."

"တလွဲမထင်ပါနဲ့ နှမ်းရယ်၊ ခမ်းခိုင်းလို့ ဦးလေး လိုက်လျှောက်လုပ်နေရတာပါ"

"ခမ်း... ဟုတ်ပါရဲ့... ဟင်... ခမ်းရော"

"ခမ်း... ခမ်း... ဒေါက်တာကျော်ဇေလတ်နဲ့ သွား... သွားနေတယ်လေ"

"ဟင်"

မုန်ယိုနေသောဆင်ရိုင်းမလေးလို ကြမ်းတော့ ရမ်းတော့မည့် အသွင်ဖြင့် ရှိနေရာမှ နှမ်းမှာ ငြိမ်သက်တွေဝေသွားရသည်။

"ငါ့ကိုယ်စား ခမ်းက..."

နှမ်းမှာ အတွေးများကိုပင် မဆက်ရဲတော့ပါဘဲနှင့် ခုတင်ပေါ်တွင် ပြန်ထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင် ငိုပစ်လိုက်သည်။

"ခမ်း... မမခမ်း ဘာတွေလာရှုပ်နေပြန်ပြီလဲ ဦးလေးရယ်"





"ရှုပ်တာတော့ မဟုတ်ရှာပါဘူး ကွယ်၊ နှမ်းအတွက် ကူညီပေးတဲ့သဘောပါ"

"ဘာ... ဦးလေးတို့ ဘာတွေကြံနေကြပြန်ပြီလဲ... ဟင်"

"မဟုတ်ဘူး နှမ်း... စိတ်ဆိုးမလွယ်လိုက်ပါနဲ့ တိုတိုးပြောပါ၊ ခမ်းလုပ်သမျှတွေဟာ နှမ်းအတွက်ပါ၊ နှမ်းနဲ့ ကိုငြိမ်းဝေအတွက်ပါ..."

"ဘာ... နှမ်းနဲ့ ကိုငြိမ်းဝေ..."

"ဟုတ်ပါတယ်"

"အို... ဘာဆိုင်တော့လို့လဲ"

"မဟုတ်သေးဘူး နှမ်း... နှမ်းသိထားတာက တခြား၊ တကယ့်အဖြစ်အပျက်က တခြားပါ၊ နှမ်းနဲ့ ဒေါက်တာကျော်ဇေလတ်တို့ လက်ထပ်ဖြစ်အောင်/လုပ်ပေးခဲ့တာပါ၊ ထွေးထွေးနဲ့ မောင်ငြိမ်းဝေ တစ်ခါမှ အတူမနေခဲ့ကြပါဘူး"

"ဟင်"

"ဟုတ်တယ် နှမ်း၊ မောင်ငြိမ်းဝေရဲ့အဖြစ်ဟာ သိပ်သနားစရာကောင်းနေပါတယ်၊ သူ့အဖြစ်မှန်ကို မကြည့်ရက်တဲ့ ထွေးထွေးက အားလုံးရှင်းပြမယ်ဆိုပြီး ကျောက်မဲလိုက်လာတာကို သူက မရှင်းရဘူး၊ နှမ်း လက်ထပ်ဖြစ်ပါစေဆိုပြီး သိပ်နေမကောင်းဖြစ်နေရက်နဲ့ ကျောက်မဲကို..."

"ဟင်... မောင်... မောင်မောင်တို့ကျောက်မဲမှာ"

"ဟုတ်တယ် နှမ်း၊ မောင်ငြိမ်းဝေရဲ့အဖြစ်ဟာ စိုးကျိုးယဉ်"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာမျိုးထက်တောင် ပိုပြီးသနားစရာ ရင်နာစရာပါကွယ် အပြည့်အစုံကို ဦးလေးပြောပြမယ်"

မန္တလေးတွင် နှမ်းငိုပြီး ပြန်သွားသည့်နောက် သူ့လက်ကို သူ စားနင့်ထိုးပစ်သည့်အကြောင်းမှ အစ ဆရာဝန်က ဆေးရုံတက်ပါလို့ ပြောထားပါလျက်နှင့် နှမ်းသိသွားမှာစိုးသည့်အတွက် သူ့အသက်ကို မငဲ့ကွက်ဘဲ နှမ်းကို ချစ်ရဲ့ရှာသည့် ကိုငြိမ်းဝေ၏အဆွေးဇာတ်လမ်းလေးကို တင်ပြအပြီးတွင်...

"အမလေး... မောင်မောင်ရယ်... မောင်မောင်တစ်ယောက်ထဲ ခံစားနေရရှာတဲ့အဖြစ်ကို နှမ်း ရင်ကွဲမတတ် သနားလှပါပြီ အချစ်ရယ်... ဦး... ဦးလေးမန်း"

"ဟေ"

"နှမ်း မောင်မောင့်ဆီသွားချင့်တယ်"

"အေးပေါ့... ဇာတ်ပေါင်းခန်းဆိုတာ ဒါမျိုးပေါ့ နှမ်းရဲ့ လာ... ဦးလေးလိုက်ပို့မယ်"

"ဦးလေးမန်း"

"ဟင်"

"အိမ်ကပြဿနာကို ဘယ်လိုရှင်းမလဲ... ဒေါက်တာကျော်ဇေလတ်နဲ့..."

"တွေးမနေနဲ့တော့လေ နှမ်း... ဒေါက်တာနဲ့အတူ ခမ်းရှိပြီပဲ ..."

"အင်း... ဟုတ်တယ်နော်"





"သူတို့ချင်း ကြည့်ရှင်းကြလိမ့်မယ်၊ နှမ်းနဲ့ မောင်ငြိမ်းဝေသာ လွတ်ရာ ကျွတ်ရာကို ပြေးကြ၊ ထွေးထွေးလည်း ဝမ်းသာမယ်၊ ဦးလေးလည်း ဂမ်းသာမယ်"

တွေဝေနေဆဲခြေလှမ်းများ ( ) သွက်လာသည်။ နှမ်း၏စိတ်အာရုံမှာ ဘာမှ ဝင်မနှောင့်ယှက်ပေ ပါ။ မောင်မောင့်အဖြစ်များသည်သာ တွေးတောစရာ စဉ်းစားစရာ သနားစရာ... ကြေကွဲစရာပါ...။

"လာ နှမ်း... သူတို့ရှိနေတဲ့အိမ်ကို ဦးလေးသိတယ် သစ်လင်ခြံပ်ကွက်ထဲမှာ"

နှမ်းတို့နှစ်ယောက်လည်း နှင်းမြူမှုန်ထဲမှာ သွက်လက်စွာ လျှောက်လှမ်းလာကြသည်။ ဒေါက်တာကျော်ဇေလတ်နှင့် မရှေးနှောင်းပါပင်... အကယ်၍ ဦးတည်သောခရီးချင်းသာ တူညီမည်ဆိုပါလျှင် လိုက်မိနိုင် တွေ့ဆုံနိုင်ကောင်းပါရဲ့။ ယခုတော့ ဦးတည်ရာက ဆန့်ကျင်ဘက်။ သွားကြသည်က အရှေ့နှင့် အနောက်လိုမို့ ကျာခိုင်းခရီးကို လျှောက်လှမ်းနေကြခြင်းဖြစ်ပါ၍ တဖြည်းဖြည်းဝေး၍... ဝေး၍ပါ...။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၂)

"ထွေးထွေးနဲ့ ပါလာတဲ့ ကောင်လေးက ညက လူမှန်းသူမှန်း မသိအောင် အဖျားတက်ပြီး ခေါ်မရလို့ ညတွင်းချင်းပဲ ဆေးရုံတင်လိုက်ရတယ်..."

"အို... မောင်မောင်ရယ်"

နှမ်းမှာ ဘာစကားမှ ဆက်မေးမနေမိတော့။ ဆေးရုံသို့သာ မပြေးရုံတမယ်လေး အမြန်နှုန်းနှင့် လျှောက်လာခဲ့ရပါတော့သည်။

ကျောက်မဲဆေးရုံ ကုန်းလေးသို့ နှမ်းတို့တက်နေချိန်တွင် အရှေ့ဘက်ဆီမှ နေရောင်ခြည် နီလာပြီ။ နေမင်းနီကမှူ တောင်နှင့်ကွယ်နေဆဲ...။

တုန်ရီလှုပ်ရှားနေသောနှမ်းကို ထားခဲ့ပြီး ဦးမန်းစံက လိုက်ရှာသည်။ မကြာမီတွင် ဦးမန်းစံ၏နောက်ဖက်မှ ထွေးထွေးက ပြေးလိုက်လာပြီး နှမ်းကို လှမ်းဖက်လိုက်သည်။

"အစ်မနှမ်းရယ်... ဆရာ့အဖြစ်ကို ကြည့်လှည့်ပါဦး..."





"ဟင်... ထွေးထွေး... မောင်မောင်... မောင်မောင်... ဘာဖြစ်..."

"ဆရာဂန်တွေ ကြိုးစားကုနေကြတုံးပါပဲ၊ သတိမရတော့ဘူး ကုး... အစ်မနှမ်းရဲ့"

"ထွေးထွေးက ကလေးငယ်လေးတစ်ယောက်လို နှမ်းကို အားကိုးတကြီး ဖက်တွယ်ရင်း ဖွင့်အော်ငိုလိုက်သည်။

"သိပ်မငိုနဲ့လေ တခြားလူနာတွေလည်း ရှိသေးတယ် မထွေး၊ သာ... လာ သွားကြည့်ကြရအောင်"

ဦးမန်းစံကဦးဆောင်၍ နှမ်းတို့ကို ခေါ်ဆောင်သွားသည်။ ရာဝန်များနှင့် နီးသော အရေးတကြီးလူနာအခန်းတွင်းသို့ နှမ်းတို့ င်မိကြလျှင်ပင်...

"အို... မောင်မောင်ရယ်"

နှမ်းမကြည့်ရက်တော့... မထိရက် မကိုင်ရက်သ ို လက်လေးက မောင်မောင့်နားတွင် ရစ်ဝဲနေမိသည်။ မောင်မောင်သည် ာက်စီဂျင်ခေတ်ငွေ့အကူအညီယူ၍ အသက်ရှူနေရသည်။ မောင် ာင့်ရင်သည် အရှိန်ပြင်းစွာ မြင့်လိုက်နိမ့်လိုက်နှင့်ပါ။

"အစောကြီးကတည်းက ဆေးရုံတက်ပါဆိုတာ အစ်မနှမ်း မှာစိုးလို့ဆိုပြီး ကြိတ်ခံနေခဲ့တယ် အစ်မနှမ်းရဲ့၊ သူ့အသက်ကို သေခံပြီး ချစ်ဝံ့တဲ့ထွေးထွေးရဲ့ဆရာ့အဖြစ်ကို ကြည့်ပါတော့ရှင်"

"ထွေးထွေးရယ် နှမ်း ဘာမှမသိခဲ့ရပါဘူး"

"ဟုတ်ပါတယ်... သူ... သူဆင်တဲ့ဓာတ်လမ်းမှာ သူမှုတဲ့



www.burmeseclassic.com

www.burmeseclassic.com



လွမ်းခန်းကို ထွေးထွေးမမြင်ရက် မကြည့်ရက်တော့ပါဘူး။ ဆရာဟာ အစ်မနွမ်းကို ဒီကမ္ဘာပေါ်မှာ အချစ်နိုင်ဆုံးယောကျာ်းပါ၊ ဆရာကြေ ကွဲနေရတဲ့အဖြစ်တွေကို မြင်လှည့်စေချင်တယ် အစ်မနွမ်းရယ်...

"မောင်မောင်ရယ်"

နွမ်းမှာ ထွေးထွေး၏ ငိုကြွေးရင်း ပြောနေသော စကားသံများ ကို ကြားနာရင်းက ကိုငြိမ်းဝေ၏လက်ကလေးတစ်ဖက်ကို ဆွဲယူပြီး ပါးဖြင့်အပ်ထားမိသည်။ အေးစက်ဖြူဖျော့လို့ပါလား...။

နွမ်း၏မျက်ရည်များသည် တစ်ပေါက်ချင်းကျမလာတော့... အတန်းလိုက်သွယ်ဆင်းလာခဲ့သည်။

"အချစ်ရယ်... တစ်ယောက်ထဲ အနစ်နာခံလှချည်လားကွယ် နွမ်း... နွမ်းလေ မောင်မောင့်ကို အထင်မှားမိခဲ့ပါတယ် ခုတော့..."

"ခုတော့... မောင်မောင်ရေ၊ ဖြစ်ချင်ရာ ဖြစ်ပါစေတော့ နွမ်း တစ်လောကလုံးကို ရင်ဆိုင်မယ်၊ မောင်မောင်နဲ့ နွမ်းနဲ့ မခွဲ တော့ဘူးနော်... မောင်မောင်"

မောဟိုက်နေသောမောင်မောင့်လိုပင် နွမ်း၏ရင်မှာလည်း လှိုင် ထန်နေရသည်ပါပဲ...

"ခဏလေးဖယ်ကြပါ"

ဆရာမလေးက လမ်းရှင်းပေးပြီး ဆရာဝန်က ကိုငြိမ်းဝေ ဂရုတစိုက် စမ်းသပ်စစ်ဆေးပြီး ပြန်ထွက်ခါနီးတွင်...

"ဒေါက်တာရယ်... အခြေအနေ..."

နွမ်းမှာ စကားတစ်ပိုဒ်ပြည့်စုံအောင် ပြောနိုင်စွမ်းအားမရှိတော့





မျက်ရည်များကြားက အားယူ၍ တာဝန်ကျဆရာဝန်ကို မျှော်လင့် တကြီး ကြည့်နေမိသည်။

ဆရာဝန်သည် နွမ်းနှင့်မရင်းနှီးသော်လည်း သိနေပုံရသည်။ အံ့သြသလို ကြည့်လိုက်ပြီးမှ ကိုယ့်ကိုစွမ်မဟုတ်ပါ၍ ဝင်မစပ်စုလို ဟန်ဖြင့် စကားပြန်သည်။

"အခြေအနေကတော့ ပြောလို့မရသေးဘူး၊ အလယ်လမ်းမှာ ရှိနေပါတယ်"

"ရှင်"

"သူ ဆေးရုံလာတာ သိပ်နောက်ကျသွားတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ အစွမ်းကုန်ကုသနေဆဲပါ၊ သူ့အတွက် ဘုရားသခင်ထံမှာ ဆုတောင်းပေါ့ဗျာ"

ထွက်သွားသော ဆရာဝန်၏နောက်ကျောပိုင်းကို မျှော်လင့် အားကိုးစိတ်ဖြင့် ကြည့်ရင်း နွမ်းမှာ...

"ဘုရား... ဘုရား ကယ်တော်မူပါ၊ မောင်မောင့်ရဲ့အသက် ချမ်းသာရာရအောင် ကယ်မတော်မူပါဘုရား"

နွမ်းမှာ ကိုငြိမ်းဝေလဲလျောင်းနေရာ ခုတင်ကို ကိုင်ပြီး မဟန် နိုင်တော့၍ ဖြည်းညင်းစွာပင် ကြမ်းပြင်တွင် ထိုင်ချလိုက်ရသည်။ နွမ်း၏မျက်ရည်စက်များစွာသည် ကိုငြိမ်းဝေ၏ဝန်းကျင်တွင် ပြန့်ကျဲ လျက်...

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

"သမီး နွမ်း... မောင်ကျော်ဇေလတ် ဘယ်ထွက်သွားတာလဲ"

"မသိဘူးလေ မေမေရဲ့၊ သမီးနိုးတော့ သူမရှိတော့ဘူး"

ဒေါ်နန်းမွေခမ်းမှာ စဉ်းစားတွေဝေစိတ်ဖြင့် ခမ်းကို နွမ်းအမှတ်ဖြင့် ကြည့်နေမိသည်။

နွမ်းထူးခြားနေသည်ဟု ထင်မိသော်လည်း ခမ်းဖြစ်လာလိမ့်မည်ဟုဖြင့် ဒေါ်နန်းမွေခမ်း မမျှော်လင့်မိခဲ့။ ဤမျှကြီးကျယ်သော အပြောင်းအလဲကြီးမျိုး ဖြစ်လာနိုင်လိမ့်မည်ဟုလည်း တွေးပင် မတွေးရဲခဲ့သော ဒေါ်နန်းမွေခမ်းက အမှတ်မထင် နေလိုက်မိသော်လည်း...

ဦးအောင်စိုးမှာ အိပ်ခန်းတွင်းသို့ပြန်ဝင်သွားသော ခမ်းကို အသေအချာပင် မသင်္ကာစိတ်နှင့် လိုက်ကြည့်နေမိသည်။

"သမီးနွမ်း လက်ဖက်ရည်လာသောက်လေ"

ဦးအောင်စိုးကိုယ်တိုင် ခမ်းရှိနေရာအိပ်ခန်းဝမှ လှမ်းခေါ်ရင်း အသေအချာ လှေ့လာကြည့်နေသည်။

"ချမ်းလို့ ဖေဖေ... သမီးအခန်းထဲကိုပဲ ပို့ခိုင်းလိုက်ပါ"

"အေး... အေး"





ဦးအောင်စိုးက အခန်းဝမှ လှည့်ထွက်ပြီးမှ တစ်ခါပြန်လှည့်ပြီး...

"မောင်ကျော်ဇေလတ်က ဘယ်သွားမယ်ပြောသွားလဲ"

"သမီးကို ဘာမှမပြောဘူး ဖေဖေ"

"သမီးတို့ချင်း စိတ်ကောက်လို့လား"

"မကောက်ပါဘူး ဖေဖေ"

"အိမ်ရှေ့မှာ ဒေါ်ကြည်လေးဝေတို့ နိုးနေကြပြီ သမီး၊ လိုတာ ပြုစုပေးဦးမှပေါ့..."

"ဟာ... အပြင်မထွက်ချင်ဘူး၊ သမီး ခေါင်းကိုက်နေလို့ပါ၊ သမီးအခန်းကို စားစရာပို့ခိုင်းပေးစမ်းပါ"

ဤပြတ်သားမာကြောသော စကားသံကို နာခံကြားသိရပြီးသည်နှင့် ဦးအောင်စိုး၏ရင်မှ လှုပ်ရှားနေသော သံသယတို့သည် အစိုင်အခဲအဖြစ်နှင့် ငြိမ်သက်သွားခဲ့ရပါပြီ။

"ကြည့်စမ်း မိခမ်းပြန်ရောက်နေပါလား"

ဦးအောင်စိုးပင်လျှင် ရင်၌ များစွာလှုပ်ရှားသွားရသည်။ သူ့အခန်းမှ ထွက်ခွာလာပြီးသည်နှင့် ဦးအောင်စိုးမှာ ဆောက်တည်ရာမရလောက်အောင် ချောက်ချားတုန်လှုပ်သွားရတော့သည်။

"ဒါဖြင့်... ဒါဖြင့်... နွမ်းရော... ငါ့သမီးလေးနွမ်းရော"

လည်ပတ်ရှုပ်ထွေးလွန်းလှသော သမီးမိုက်ခမ်းကို ဘယ်လိုကိုင်တွယ်ရပါ့မလဲ ဟူသော အတွေးက ဦးအောင်စိုးကို ချာချာလည်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်၍ မရသေးမီအတွင်း ခမ်း၏အခန်းကိုသာ လှမ်းကြည့်နေရသည်။ မျက်ခြည်ပြတ်မခံဝံ့တော့။

မနက်အစောကြီး သားကလည်း ထွက်သွား၊ ချွေးမကလည်း ညဉ့်ဝတ်ပြုဂှာမလုပ်ပါ၍ ဦးတင်မောင်လတ်နှင့် ဒေါ်ကြည်လေးဆာတို့မှာ လက်ဖက်ရည်သောက်ပြီးသည်နှင့် ဒေါက်တာတင်ဦးလွင်၏ကားနှင့် ထွက်သွားကြတော့သည်။

"ဒါ ဘယ်လဲ"

"နောက်ဘက်အိမ်"

"မသွားနဲ့"

"ဦးလေးမန်းစံဆီကိုပါ"

"မသွားရဘူး"

"ဟင်... ဖေဖေကလဲ"

ခမ်းက မလုံမလဲစိတ်နှင့် ဖခင်ဦးအောင်စိုးကို ကြည့်လိုက်သည်။ ဦးအောင်စိုးက ခမ်းကို မျက်နှာလွှဲလိုက်ပြီး မသိသလို လုပ်နေရပါ၏။ ဒေါ်နန်းမွှေခမ်းက သမီးနားသို့ကပ်လိုက်ပြီး...

"မောင်ကျော်ဇေလတ် ထွက်သွားတာရယ်... ဒေါ်ကြည်လေးဝေတို့ကို မပြုစုတာရယ်ကြောင့် သမီးအဖေက စိတ်ဆိုးနေတာ ထင်တယ်"

"အဓိပ္ပာယ်မရှိတာ"

"ဖအေကို ဘယ်တုံးကမှ ဖက်ပြိုင်မပြောဖူးပဲနဲ့ အသာနေ လိုက်စမ်းပါ"





ခမ်းက ဘာမှဆက်မပြောသော်လည်း တင်းမာစွာပင်။ နေရာမှ ဆက်လက်ထိုင်နေသည်။

"သိပ်အရေးကြီးတယ်နော် အဲဒီစာကိုပေးပြီး တစ်ခါတည်း ခေါ်လာခဲ့"

အိမ်နောက်ဖေးတွင် တိုးတိတ်စွာမှာနေသော စကားကို ဒေါ်နန်းမွှေခမ်း အံ့သြစွာကြားလိုက်ရပါသဖြင့် ဦးအောင်စိုးနားသို့ တိုးကပ်လာမိသည်။

ဦးအောင်စိုးမှာ သူခိုင်းလိုက်သော သူ့တပည့်၏ဂျစ်ကား ထွက်သွားသည်နှင့် ခြံဝင်းတံခါးနှစ်ခုလုံးကို ကြီးမားသောသော့ကြီးများနှင့် ခတ်ပိတ်လိုက်သည်။

"နောက်ဖေးအိမ်မှာ ကိုမန်းစံကို သွားခေါ်ခဲ့စမ်း စိုင်းဖ"

ခဏအကြာတွင် စိုင်းဖပြန်လာသည်။ နောက်ဘက်အိမ်မှာ ဦးမန်းစံ မရှိပါဟု အကြောင်းပြန်ကြားလေသည်။

"ကိုစိုး"

ဒေါ်နန်းမွှေခမ်းက ခင်ပွန်းသည်၏ပခုံးကို ကိုင်ပြီး...

"ရှင်ကြည့်ရတာ တစ်မျိုးကြီးပဲ ဘာဖြစ်နေလဲ"

ဒေါ်နန်းမွှေခမ်းကို အသေအချာပြန်ကြည့်ပြီး အနီးတွင်ထိုင်နေသော ခမ်းကိုပါ တစ်ဆက်တည်းကြည့်ရင်း ဦးအောင်စိုးက...

"မင်း ဘာမှမသိပါလား နန်း"

"ဟင်... ဘာကိုသိရမှာလဲ"

"ဟိုမှာထိုင်နေတဲ့ မင်းရဲ့သမီးကို ကြည့်စမ်း အသေအချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်စမ်း"

ဦးအောင်စိုးက ခမ်းကို လက်ညှိုးညွှန်ပြရင်း အော်ပြောလိုက်သည်။

"ဟင်"

အရင်သိနှင့်သွားပြီဖြစ်သော ခမ်းက ဖျတ်လတ်စွာ ထရပ်လိုက်သဖြင့်...

"မိခမ်း... ပြန်ထိုင်စမ်း"

"ဟင်... ဘာ... ကိုစိုး ဘာပြောတယ်"

"မင်းမွေးထားတာလေ နန်းရဲ့ အသေအချာများ ကြည့်စမ်းပါဦး..."

"အို"

ဒေါ်နန်းမွေခမ်းမှာ အလန့်တကြားအော်ရင်း ခမ်းကို အသေအချာကြည့်လိုက်သည်။ လက်ဝဲဘက်မျက်လုံးထောင့်စွန်းတွင် မထင်မရှားမှဲ့လေးတစ်လုံးကို မြင်လိုက်ရသည်။ မှဲ့ရှိသူက ခမ်း...

"ဟင်... ဟင်... ဒါ... ဒါဖြင့်... သ... သ... သမီးကြီးခမ်း မသေဘူးပေါ့... ဟုတ်... ဟုတ်လား ဟင်"

"အေး... သေတော့မသေဘူး၊ ဒါပေမဲ့ သင်း ဘယ်လောက်ဒုက္ခပေးသလဲ ဘယ်လောက် ဂြိုဟ်မွှေခဲ့သလဲဆိုတာ နန်းရယ်... မင်း ဘာမှ မသိခဲ့ပါဘူး၊ ဟိတ်... မိခမ်း ဘယ်လဲ"

ဖခင်စကားမဆုံးမီ ထွက်ပြေးတော့မည့်ခမ်းကို စစ်ပြန်ရဲဘော်ကြီး ဦးအောင်စိုးက ဖျတ်လတ်စွာ ဖမ်းချုပ်ထားလိုက်သည်။





"လွှတ်... လွှတ်ပါ... သမီးကိုလွှတ်ပါ"

"နွမ်း ဘယ်မှာလဲ"

ခမ်းက ငြိမ်နေသည်။ ရေ့တည့်တည့်ကိုသာ ကြည့်နေသည်။ ဘာမှမဖြေ။ ဖခင်က ချုပ်ထားသောလက်ကို ကြမ်းတမ်းစွာ ကိုင်လှုပ်၍...

"ပြောစမ်း... နွမ်း ဘယ်မှာလဲ"

"သမီး... မသိဘူး"

"နင်သိရမယ် ဒါတွေအားလုံး နင်ခင်းတဲ့ဇာတ်တွေ ဖြစ်ရမယ်၊ မိဘအရှက်ကို တစ်ခါကနှစ်ခါ ခွဲချင်ဦး..."

ဦးအောင်စိုးက ခမ်းကို နောက်ဖက်မှ ဒေါသနှင့် ဖြတ်ရိုက်ချလိုက်သည်။ နွမ်းသာဆိုလျှင် ဤနေရာတွင် ပုံလဲကျသွားလောက်သည်။ အတွေ့အကြုံရင့်ကျက်လာပြီဖြစ်သော ခမ်းက ခံနိုင်ရည်ရှိစွာ တောင့်မတ်နေပေသည်။

"ကိုစိုးရယ် သမီးကြီး မသေဘဲ ပြန်လာတာကို ရှင် ဝမ်းမသာဘူးလား၊ ရှင် ဘာတွေလုပ်နေတာလဲဟင်"

"နန်း... မင်း... ဘာမှမသိပါဘူး ဖယ်စမ်းကွာ"

လှုပ်ရှားနေသော ဦးအောင်စိုးက ဇနီးနှင့်သမီးကို ဝေးကွာစေလိုက်ပြီးမှ...

"ငါမေးနေတယ်နော် ခမ်း၊ နွမ်း ဘယ်မှာလဲလို့..."

"သူ... ကိုငြိမ်းဝေဆီသွားပြီ"

"ဘာ... ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်းဝေဟူသည် နွမ်း၏ရည်းစား ဆင်းရဲသား ကျောင်းသားဖြစ်ကြောင်း ဦးအောင်စိုးရော ဒေါ်နန်းမွေခမ်းပါ သိပြီးမို့ နှစ်ယောက်လုံး မျက်လုံးပြူး မျက်ဆံပြူးနှင့် မေးမိကြသည်။

"သူက ဒေါက်တာကျော်ဇေလတ်ကိုမှ မချစ်ဘဲ၊ သူချစ်တာက ကိုငြိမ်းဝေ၊ ဒါကြောင့် ညကမှ သမီး ခဏပြန်လာပြီး သူ့ကို ကိုငြိမ်းဝေဆီ လွှတ်လိုက်တာ"

ခမ်း၏စကားကြောင့် ဦးအောင်စိုးနှင့် ဒေါ်နန်းမွေခမ်းတို့၏ အကြောဆိုင်များ ရပ်ဆိုင်းသွားသလို တောင့်တောင့်ကြီး ဖြစ်သွားကြသည်။ ခမ်းပြောလိုက်သော စကားလုံးများသည် လေးလံသောထုနက်ချက်များအဖြစ်နှင့် မိဘ၏နှလုံးသားပေါ်သို့ တည့်တည့်ကျလာသည်။ ချစ်လှစွာသော သမီးကြီးခမ်း၏နှုတ်မှ သည်မျှလောက် ရက်ကြောက်ဖွယ်ရာစကားမျိုး ပြောထွက်လာခြင်းကို အံ့အားသင့်နေမိကြရာမှ ဒေါ်နန်းမွေခမ်းက အရင်လှုပ်ရှားသည်။

"အမလေး... မိခမ်းရယ်... မကြားဝံ့ မနာသာပါလား... ဟင်... ဟင်... နင် ဒီလောက်မိုက်ရိုင်း..."

"နန်း"

ခမ်းထံသို့ ရိုက်နှက်ရန် အရှိန်ယူထွက်ခွာတော့မည့် ဒေါ်နန်းမွေခမ်း၏လက်ကို ဦးအောင်စိုးက လှမ်းဆွဲထားလိုက်သည်။

"ကိုစိုးရယ်... ဒီကောင်မလုပ်ပုံက နန်းတို့လည်း သေပစ်ဖို့ပဲကောင်းနေပြီ၊ ကြည့်ပါဦး... ခု ဘယ်လိုလုပ်ကြမလဲ... ဟာ ကိုစိုး ခု ဘယ်လိုလုပ်ကြမလဲ"





ဒေါ်နန်းမွေခမ်းမှာ ရှက်ကြောက်ခြင်းများဖြင့် ဆောက်တည်ရာမရလောက်အောင် လှုပ်ရှားနေသည်။

"ပူမနေနဲ့ နန်း"

"အို... မပူလို့ ဘယ်ဖြစ်မှာလဲ၊ တော်ကြာ ဒေါ်ကြည်လေးဝေတို့သားအမိတစ်တွေ ပြန်လာရင် အမလေ ... နန်းတော့ ဘာကိုမှ မရင်ဆိုင်တော့ပါဘူး၊ ကျော်ဇေလတ်ရော သိသွားပြီလား..."

"သိလို့ ထွက်သွားတာ ဖြစ်မှာပေါ့"

"ဟင်... ဘယ်လိုလုပ်ကြမလဲ ကိုစိုးရဲ့"

"ပူမနေပါနဲ့ဆို"

"ဩော်... ဒုက္ခပါပဲ၊ ရှင်ကလည်း အေးရေးထဲ ..."

ဦးအောင်စိုးက တည်ငြိမ်စွာ ခမ်း၏အနားကို ကပ်လာသည်။ ဒေါ်နန်းမွေခမ်းမှာ တည်ငြိမ်နေသောခင်ပွန်းသည်ကို ကြည့်ပြီး အားမလိုအားမရဖြင့် ပြေးတော့ လွှားတော့မယောင်ရှိနေဆဲ...

"ဟော... လာကြပြီ စိုင်းဖ ခြံတံခါး သွားဖွင့်ပေးလိုက်စမ်းရော... သော့"

"ဟင်... ဟင်... ဘယ်သူလာတာလဲ"

ဒေါ်နန်းမွေခမ်း၏အမေးကို ဦးအောင်စိုးက ဖြည်းလေးစွာ ဖြေကြားသည်။

"တို့သမီးကြီးခမ်းက တို့ထက်လည်တယ် လျင်တယ် နန်း... တို့ မနိုင်ဘူး"

"ရှင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သူ့ထက်လည်တဲ့ လျှင်တဲ့ ရဲတပ်ဖွဲ့ရဲ့လက်ကိုတို့ အပ်လိုက်ရမှာပေါ့"

"ဟင်... ဟင်... ဖေဖေက ဒီလိုလား"

ခမ်း၏ဖျတ်လတ်မှုက လျှပ်တစ်ပြက်အတွင်းမှာ သူ့နောက်တွင်ရှိနေသော ကုလားထိုင်ပေါ်သို့ သူ နောက်ပြန်ခုန်တက်လိုက်သည်။ ပြီး ပြတင်းပေါက်ဘောင်ပေါ်သို့ ခုန်တက်လိုက်ပြီး မြေကြီးပေါ်သို့ ခုန်ချလိုက်တော့သည်။ ခမ်း၏ပေါ့ပါးမြန်ဆန်လွန်းသော လှုပ်ရှားမှုကို ဦးအောင်စိုး လိုက်မမီတော့...

"အမလေး... လုပ်ကြပါဦး"

ဒေါ်နန်းမွေခမ်း၏အော်သံမဆုံးမီ ဦးအောင်စိုးက တိုက်ရှေ့သို့ပြေးထွက်ပြီး...

"ခမ်း ထွက်ပြေးသွားပြီ... ဝိုင်းကြပါ... ဖမ်းကြပါ..."

ဦးအောင်စိုး အခေါ်လွှတ်၍ ရောက်လာခဲ့သော ရဲတပ်ဖွဲ့ဝင်များသည် ခြံအနှံ့ လူဖြန့်လိုက်ကြသည်။ စက်ဝိုင်းကြီးတစ်ခုလို ပတ်လိုက်ကြပါ၏။

ခြံတွင်း၌ လက်နက်မဲ့ဖြင့် ခိုကိုးရာရှာနေသော ခမ်းကို ရဲတပ်ဖွဲ့ဝင်များသည် အဖမ်းခံပါရန် ဖျောင်းဖျရင်း ဖြည့်ဖြည်းချင်းတိုးကပ်လာကြသည်။ စက်ဝိုင်းပုံသဏ္ဍာန်မှာ တဖြည်းဖြည်းကျဉ်းမြောင်းလာခဲ့ပါပြီ။

မကြာမီမှာပင် ခမ်း၏တိုက်ခိုက်မှုများကို ရှောင်တိမ်းရင်းက ခမ်းကို မိမိရရ ချုပ်နှောင်ဖမ်းဆီးနိုင်ခဲ့ပါပြီတည်း။





"သူ့ကို လက်ထိပ်ခတ်လိုက်ပါ နည်းနည်းမှ စိတ်မချရဘူးနော်"

ဦးအောင်စိုးကိုယ်တိုင်၏ သတိပေးသံပါ။

"အမလေး သမီးကြီးရယ် မေမေ မမြင်ဝံ့ပါလားကွယ်"

ရဲတပ်ဖွဲ့ဝင်များခြံရံလျက် လက်ထိပ်တန်းလန်းနှင့် ခမ်းတို့အိမ်ပေါ်သို့တက်လာကြသည်ကို ကြည့်ပြီး ဒေါ်နန်းမွေခမ်းက အော်ငိုလိုက်သည်။

မာန်လျှော့လေသော ခမ်းလည်း ငိုပါပြီ။

"ဘာအကြောင်းများပါလဲ ဦးအောင်စိုး၊ ကျွန်တော်တို့လည်း အမြန်လာဖမ်းပါဆိုလို့သာ လိုက်လာရတာ၊ သူ မနေ့က မင်္ဂလာဆောင်တဲ့ မိန်းကလေးမဟုတ်လား..."

"မဟုတ်ပါဘူး ရဲမှူး၊ သူ့ကိုဖမ်းပေးပါလို့ ရဲဌာနမှာ ကျွန်တော်တိုင်ချက်ဖွင့်ထားတဲ့ ကျွန်တော့်ရဲ့သမီးကြီး ခမ်းပါ..."

"ဩော်... အမြွှာညီအစ်မဆိုတော့ ရွေးမရဘူးဗျာ"

"ဒါကြောင့် သူလုပ်ချင်တာတွေ လုပ်နေတာပေါ့ဗျာ..."

"ခင်ဗျာ"

ဦးအောင်စိုး၏စကားက မှားသွားခဲ့သဖြင့် ဦးအောင်စိုးကပင်...

"သူဟာ ပြန်ပေးဆွဲခံရယောင်ဆောင်ပြီး တောတွင်းစခန်းနဲ့ ဆက်သွယ်တယ်၊ မြေပေါ်မှာလာပြီး နွမ်းယောင်ဆောင်ပြီး လှုပ်ရှားတယ်၊ မှောင်ခိုချတယ်၊ ကျွန်တော့်အိမ်က ရွှေတွေကို လာပြီး ခိုးပြီးခိုက်တယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုး... ကိုစိုး... ဟင်... ရှင်က သမီးကြီးကို အမှု မလေးလေးအောင် လုပ်နေတာလား"

ဦးအောင်စိုးက ဘာမှမဖြေ။ ငိုနေသောချစ်ဇနီးကို ကြည့်နေမိသည်။ အားလုံးငြိမ်နေကြချိန်တွင် ငိုနေသောခမ်းက...

"ဩော်... သမီးလုပ်တာတွေ ဖေဖေတို့ အားလုံးသိနေကြပါလား၊ ဟုတ်ပါတယ် ခမ်းလုပ်မိပါတယ်ရှင်၊ ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခမ်း ခံယူပါ့မယ်"

"သမီး... သမီးကြီးရယ်"

"ခမ်း... ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူးရှင်၊ မမျှော်လင့်မထင်မှတ်ဘဲ ကွင်းဆက်တွေက သူ့အလိုလို ဖြစ်လာခဲ့တာပါ၊ ခမ်း... ခမ်း စိတ်ပါလက်ပါမှားခဲ့တာ တစ်ခုတည်းပါ..."

"ဘာ... တစ်ခုတည်း... ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်တစ်ခုတည်းလဲ"

"ခမ်းကို စေ့စပ်ပေးခါနီးမှာ ခမ်းချစ်သူ နွန်မိုင်းက လာခေါ်တာနဲ့ မိုက်မိုက်ကန်းကန်း လိုက်သွားမိခဲ့ပါတယ်။ ခမ်းမိုက်မှားတာ ဒီတစ်ခုတည်းပါ မေမေရယ်..."

"သမီးကြီးရယ်..."

"ခုတော့ သူလည်း ကျဆုံးသွားခဲ့ရပါပြီ"

"ခမ်းကိုယ်တိုင်လည်း ဒီအဖျက်ဝါဒတွေကို စက်ဆုပ်ခဲ့ပါပြီ၊ ဒါကြောင့် ခမ်းသိသလောက် ဖြောင့်ချက်ပေးပါ့မယ်၊ မိဘတွေကို





စိတ်ပင်ပန်းအောင်လုပ်ခဲ့မိတဲ့ ခမ်းကိုသာ အပြစ်ပေးကြပါတော့"

"သမီးကြီးရယ် မေမေကတော့ ဘာပဲဖြစ်ဖြစ်..."

"မငိုပါနဲ့ မေမေရယ်၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ သမီးလေဥပဒေရဲ့အဆုံးအမကို ခံယူပြီးရင် မေမေတို့နဲ့ တစ်သက်လုံး အေးအေးငြိမ်းငြိမ်းနေပါတော့မယ်လို့ ကင်ပေးပါတယ် မေမေရယ်..."

"သမီးကြီး ဖေဖေ့ကိုလည်း ခွင့်လွှတ်ပါ၊ မိဘဆိုတာ သားသမီးရဲ့ကောင်းရာလမ်းကို ရွေးနိုင်ဖို့ ရဲရဲပြတ်သားစွာ ဆုံးဖြတ်ပေးရတာပါကွယ်"

"ဖေဖေ... သမီးနားလည်ပါပြီ သဘောပေါက်ပါပြီ၊ ညီမလေးနွမ်းရဲ့ကိစ္စကိုတော့ ဖေဖေတို့ပဲ သင့်တော်သလို ဖြေရှင်းပေးလိုက်ကြပါတော့... နော်... သမီး... ဖေဖေ မေမေတို့ရှေ့မှာ ကြာရှည်မနေပါရစေနဲ့တော့၊ သမီး ကန်တော့ခဲ့ပါတယ်၊ မေမေ ဖေဖေတို့ရယ်..."

လက်ထိတ်နှင့်ပင် လက်အုပ်ချီလျက် ကန်တော့နေရှာသောသမီးကြီး၏အဖြစ်ကို မိဘနှစ်ပါးလုံး မမြင်ရဲကြတော့ပါ။ ခမ်းကလည်း ချစ်လှစွာသော ဖေဖေနှင့်မေမေတို့ကို မကြည့်ရဲတော့ပါဘဲနှင့် မျက်ရည်များ သုတ်သိမ်းရင်း နေရာမှ ထလိုက်သည်။

ထိုအချိန်တွင်...

"ဟင်... ခမ်း... ခမ်းရယ် ဘယ်လိုဖြစ်ရတာလဲ ဦးလေးလည်း..."

ဆေးရုံမှပြန်လာသော ဦးမန်းစံက ခမ်းကို တုန်တုန်ရီရီ ကြည့်ရင်း ပြောမိပြောရာ ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမန်းစံ"

ဦးအောင်စိုးက ရူးရူးမူးမူးကြည့်ရင်း...

"ခင်ဗျား ကလေးတွေကိစ္စကို အကုန်သိနေတယ် မဟုတ်လား ဟင်... ခင်ဗျားအကြံတွေပါတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာရယ်... သူ... သူတို့က..."

"ကဲ... ခင်ဗျားလည်း တစ်ခါထဲသာ လိုက်သွားပေတော့ဗျာ ရဲဌာနရောက်မှပဲ ရှင်းတော့"

အားလုံးထွက်ခွာသွားကြချိန်တွင် ကြမ်းပြင်တွင် ပုံပုံလေး လဲလျောင်းလျက် ငိုရှိုက်နေရှာသော ဒေါ်နန်းမွေခမ်းကို ဦးအောင်စိုးက ယုယစွာ ထူမလိုက်ရသည်။ သူ့ချစ်ဇနီးနန်း သဘောပေါက်လာအောင် နှစ်သိမ့်မှုများစွာ ပေးရပေဦးတော့မည်သာ...။

❖





# အခန်း (၄၄)

"သိင်္ဂဟာ စိတ်ညစ်မနေနဲ့ပေါ့ကွာ၊ ဘယ်နှယ်လုပ်မလဲ လက်ထပ်ပြီးနေမှပဲ"

ဒေါက်တာစဝ်မြတ်ထွန်းက သူငယ်ချင်းဖြစ်သူ ဒေါက်တာ ကျော်ဇေလတ်၏ရင်ဖွင့်စကားကို ကြားနာအပြီးတွင် ဤမှတ်ချက် ဖြင့် နှစ်သိမ့်လိုက်ခြင်း ဖြစ်ပါ၏။

"နွမ်းကို တကယ်ချစ်တာပါ"

"ဒါဖြင့်လည်း ခွင့်လွှတ်လိုက်တော့ပေါ့ကွာ"

"နွမ်းဟာ သိပ်ရိုးသားပြီး သိပ်အပြစ်ကင်းစင်တဲ့ မိန်းကလေး တစ်ယောက်လို့ ငါ အထင်ကြီးခဲ့မိတယ်၊ ငါကလည်း လူပျိုရိုင်းလေး မဟုတ်တော့ စိတ်ထဲမှာ ခံပြင်းမိတယ် သူငယ်ချင်း၊ နွမ်းဟာ ငါ မျှော်လင့်ထားတဲ့ နွမ်းမဟုတ်ပါလားဆိုတဲ့ အသိက ငါ့ရဲ့မြတ်နိုး ခြင်းစိတ်ကို ပြယ်လွင့်စေခဲ့တယ်၊ ဒါပေမဲ့ စွန့်လွှတ်ဖို့ကျတော့လည်း နွမ်းကို နမြောနေမိသလိုပဲ၊ ငါ ဘာလုပ်ရမလဲ..."

သူငယ်ချင်းကျော်ဇေလတ်၏ရင်တွင်းမှ ခံစားမှုနှစ်ရပ်ကို ထွေ ပြားစွာမြင်နေမိသော ဒေါက်တာစဝ်မြတ်ထွန်းက...



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဘိုးကြီး အဘွားကြီးတွေလည်း ရှိသေးတယ်လေ။ သူတို့ပြန်သွားပြီးမှပဲ မင်းနဲ့ နှမ်းနဲ့ ပွင့်ပွင့်လင်းလင်း ဖြေရှင်းလိုက်ကြရင် မကောင်းဘူးလား"

"ဟုတ်တယ် ခုတော့ ငါ့ရင်ထဲမှာလည်း ဆူဝေနေတယ်"

"မင်းအဖြစ်ကို ငါစာနာပါတယ် ကျော်ဇေလတ်၊ အဆင်သင့်ကလေးဖြစ်ပေမယ့် သူများဝတ်ပြီးသာ အဝတ်အစားကို ဝတ်ရရင်တောင် လူ့စိတ်ဆိုတာ ရွံရှာချင်သလိုလို ဖြစ်တတ်ကြတာပဲ"

"ဟုတ်တယ် အဲဒီဥပမာကို ပုံကြီးချဲ့လိုက်ရုံပါပဲ သူငယ်ချင်း"

"ကဲပါကွာ... ငါပြောသလို စိတ်အေးအေးထားပြီး ဆုံးဖြတ်ကြသေးတာပေါ့၊ လာ... ရှမ်းထမင်းချဉ်နဲ့ ဝက်သချဉ်စားကြရအောင် ငြုပ်သီးတောင့်ကြော်နဲ့ ကြက်သွန်ဖြူလတ်လတ်တို့ပြီး နမ့်ဆမ်လက်ဖက်ခြောက်ကျကျ ရေနွေးကြမ်းလေး သောက်ရင်း စားကြရအောင်ပါ"

နံနက်ဦးစာကို ဒေါက်တာစဝ်မြတ်ထွန်း၏အိမ်မှာပင် ဒေါက်တာကျော်ဇေလတ် စားဖြစ်သည်။

"ငါ ကျောက်မဲဆေးရုံ ခဏသွားစရာရှိတယ်၊ လိုက်ခဲ့မလား"

"အေး... လိုက်မယ်"

အိမ်သို့ ပြန်ချင်စိတ်မရှိသော ဒေါက်တာကျော်ဇေလတ်သည် ဒေါက်တာစဝ်မြတ်ထွန်းနှင့် အတူ နှမ်းရှိနေရာ ကျောက်မဲဆေးရုံသို့ ရောက်ရှိလာခဲ့သည်။

ထိုအချိန်တွင် ပြန်လည်၍ သတိရခြင်းမရှိသေးသော ကိုပြုံး





ဝေ၏ခုတင်ဘေးတွင် နှမ်းမှာ ထိုင်၍ငိုနေဆဲပါ။

"ဟာ... အစ်မ... အစ်မနှမ်း"

ထွေးထွေးက နှမ်း၏ပခုံးကိုပုတ်၍ အလန့်တကြားခေါ်လိုက်သဖြင့်...

"ဟင်... ဘာလဲ ထွေးထွေး"

"ဟို... ဟိုမှာကြည့်စမ်း လိုက်လာပြီ..."

သူတို့အခန်းဆီသို့ လာနေပြီဖြစ်သော ဒေါက်တာကျော်ဇေလတ်ကို ထွေးထွေးက လက်ညှိုးညွှန်၍ ပြောလိုက်သည်။ ထွေးထွေးပြောသလိုပင် နှမ်းဆီသို့လိုက်လာပြီဟု နှမ်းလည်း ထင်မှတ်စွာဖြင့်...

"ဟာ... ကိုကို... ကိုကိုလိုက်လာတယ်"

နှမ်းမှာ... ပြေးကြိုရမလား... ထွက်ပြေးရမလား... ပုန်းနေရမလား... ရှင်းပြရမလား စသော အတွေးများစွာကို တစ်ချိန်တည်း တစ်လုံးတည်း တွေးလိုက်မိပါ၍ အားလုံး လုံးထွေးကုန်တော့သည်။ တစ်ခုတည်းကိုဦးတည်၍ ဆုံးဖြတ်ရန် မရွေးချယ်နိုင်မီမှာပင် ဒေါက်တာကျော်ဇေလတ်က နှမ်းကို အရင်မြင်နှင့်တော့သည်။

"ဟင်... နှမ်း... နှမ်းက ဒီရောက်နေတယ်"

သူလည်း အံ့ဩဟန်နှင့် နှမ်းနားတွင် ရပ်သွားသည်။ နှမ်း၏မျက်နှာပြင်မှ မျက်ရည်စက်များကိုပါ သူမြင်သွားပါ၍...

"နှမ်း... နှမ်းက ဒီမှာ ဘာလာလုပ်နေတာလဲဟင်၊ ဘယ်သူ ဘာဖြစ်လို့လဲ၊ နှမ်း... ဘယ်သူ့အတွက် ငိုနေတာလဲ..."

အမေးများစွာဖြင့် ဒေါက်တာကျော်ဇေလတ်က သူ့ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း အဖြေရှာသလို ဟိုဒီဝဲလှည့် ကြည့်လိုက်သည်။

နှမ်း၏ရှေ့ခုတင်မှ လူနာ၏မျက်နှာကို သူ လှမ်းကြည့်လိုက်သည်။ ကိုငြိမ်းဝေကို သူ မမှတ်မိ။ ခက်ခဲစွာ သက်ရှူနေရရှာသော အရေးတကြီးလူနာတစ်ယောက်ဖြစ်ကြောင်းသာ သူ သိသွားခဲ့သည်။

လူနာ၏ခြေရင်းမှ ဝေဒနာမှတ်တမ်း ကတ်ပြားလေးကို သူ ဆွဲယူပြီး လူနာ၏အမည်ကို အရင်ဦးအောင် ဖယ်လိုက်သည်။

"ဪ... ကိုငြိမ်းဝေဆိုတာ ဒီလူကိုး"

လူနာနှင့် ဆရာဝန်ဟူသော ကြင်နာမှုလမ်းလေးပေါ်တွင် နှလုံးသားရေးရာ ပြဿနာချိုင့်ဝှမ်းလေးများ ဖြစ်လာသည့်အခါ ဆရာဝန်လည်း လူသားမို့ ကျော်လွှားကွေ့ရှောင်သွားရပါလိမ့်မည်။

လူနာမှတ်တမ်းချပ်ကို ခုတင်တွင် ခပ်ကြမ်းကြမ်း ပြန်ချိတ်လိုက်ပြီး နှမ်းကိုကျော်၍ သူ ဆက်လျှောက်သွားတော့သည်။

"ကိုကို... ကိုကို"

နှမ်း၏ခေါ်သံ ကြားပြန်တော့လည်း သူ့ခြေလှမ်းများ ငြိမ်သက်ရပ်တန့်သွားတော့သည်။ နောက်ကိုဖြင့် လှည့်ကြည့်မလာ ကျောခိုင်းထား လျက်ပါ...

နှမ်းမှာ မိမိကိုယ်ကို မိမိ ရေနစ်နေသူတစ်ယောက်အဖြစ်နှင့် ပင် မတင်စားချင်တော့။ ကိုကိုသည်လည်း နွယ်မြက်တစ်ပင် မဟုတ်နိုင် မီးပိုင်းလောင်မြိုက်နေသူတစ်ယောက်အဖြစ်နှင့် တင်စားပါမှ သူ့ရင်မှ ပရိဒေဝနှင့် အံဝင်ခွင်ကျပါလိမ့်မည်။

မီးပိုင်းခံနေရသူတစ်ယောက်အတွက် ထွက်ပေါက်အဖြစ်နှင့်





ခိုကိုးတွယ်တာရာ ဟူ၍ ဒေါက်တာကျော်ဇေလတ်သာလျှင် ရှိပါတော့သည်ဟု သိနားလည်စိတ်ဖြင့်...

"ကိုကို... ကိုကိုရယ်"

ဒေါက်တာကျော်ဇေလတ်၏လက်မောင်းကို အားကိုးတကြီး ကိုင်တွယ်ရင်း...

"နှမ်းပြောဖူးတဲ့ နှမ်းရဲ့ချစ်သူ မောင်မောင်ဆိုတာလေ၊ အခု သိပ်စိုးရိမ်နေတဲ့ လူနာတစ်ယောက်ဖြစ်နေရပါတယ် ကိုကို၊ အဲဒါ နှမ်းကြောင့်... နှမ်းကြောင့် သူ့မှာ..."

"တော်တော့ နှမ်း၊ နှမ်းမို့ပြောထွက်ပေမယ့် ကိုကို မကြားချင်ဘူး..."

"သိပါတယ် ကိုကို အခုနေရှင်းပြနေလို့လည်း ကိုကို ယုံမှာ မဟုတ်ဘူး ခမ်းပါ ဆုံရှင်းကြမှ..."

"ဘာ"

"နှမ်း... နှမ်း ဘာမှမပြောပါရစေနဲ့ဦး ကိုကိုရယ်၊ ပြီးမှပဲ အားလုံး နှမ်းရှင်းပြပါ့မယ်၊ အခုတော့ မောင်မောင်... အို... ကို... ကိုငြိမ်းဝေကို ကြည့်ပေးပါ ကုပေးပါ ကယ်ပေးပါလို့... ကိုကိုရယ် နှမ်းရှိခိုးပြီး တောင်းပန်ပါတယ်..."

မျက်ရည်များနှင့် လက်အုပ်လေးချီပြီး တောင်းပန်နေရှာသော နှမ်းကို ဒေါက်တာကျော်ဇေလတ်က အံ့ဩသလို ကြည့်လိုက်ပြီး...

"နှမ်း သူ့အတွက် ဒီလောက်တောင်ပဲ ခံစားနေရသလား၊ ဆေးရုံမှာ သက်ဆိုင်ရာဆရာဝန်တွေရှိသားပဲ၊ ကိုကိုက ဘာဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ နှည့်သည်ပဲ"

"ဟုတ်ပါတယ် ကိုကို၊ ဒါပေမဲ့ နှမ်းအားမရလို့ပါ၊ ကိုကိုဟာ အင်မတန်မှ တတ်ကျွမ်းတဲ့ တော်တဲ့ဆရာဝန်တစ်ယောက်ပါဆိုတာ နှမ်းသိပါတယ်၊ ဒါကြောင့် ကိုငြိမ်းဝေရဲ့အခြေအနေကို ခဏလေး ကြည့်ပေးပါ၊ ဆရာဝန်စိတ်နဲ့ သနားပါ ကိုကိုရယ်၊ ဟိုမှာလည်း ကိုငြိမ်းဝေရဲ့ဇနီး ထွေးထွေးလည်း ရှိနေပါတယ်"

"ဟင်"

ငိုလျက် ရပ်ကြည့်နေသော ထွေးထွေးကိုကြည့်ပြီး ဒေါက်တာ ကျော်ဇေလတ်၏မာန်များ ပြေလျော့သွားသည်။ ဆရာဝန်စိတ်လည်း ဝင်လာပါပြီ။ ကိုငြိမ်းဝေရှိရာသို့ သူ တစ်လှမ်းချင်းတိုးလာသည်။ ဒေါက်တာစဝ်မြတ်ထွန်း၏လက်မှ နားကြပ်ကို ယူ၍ အသေအချာ စမ်းသပ်တော့သည်။

တာဝန်ကျဆရာဝန်ထံသို့ ခွင့်တောင်းပြီး ဒေါက်တာစဝ်မြတ်ထွန်းပါ ဒေါက်တာကျော်ဇေလတ်နှင့် အတူ တာဝန်ကျဆရာဝန်နှင့် ဝိုင်းအုံစစ်ဆေးကြသည်။ ဆွေးနွေးကြသည်။ ဆေးဆက်ပေးရန် တိုင်ပင်ညွှန်ကြားကြသည်။

"ကိုကို"

မရဲတရဲနှင့် ကပ်ရင်း နှမ်းက...

"သူ... သူ့အခြေအနေ ဘယ်လိုလဲ ဟင်"

"ဆုံးရှုံး လက်လွှတ်လိုက်ရမှာမျိုးတော့ မဟုတ်သေးပါဘူး နှမ်း..."





"သူ... သူ ခုလိုဖြစ်ရတာ နှမ်းကြောင့်ပါ ကိုကို၊ နှမ်းနဲ့ ကိုကိုတို့ လက်ထပ်ဖြစ်ပါစေဆိုတဲ့ စေတနာတွေနဲ့ သူ... သူ..."

နှမ်းက စကားမဆက်နိုင်တော့။ ဒေါက်တာကျော်ဇေလတ်မှာ ယခုမှ သိမှတ်မိသလို ထွေးထွေးကိုပါ လှမ်းကြည့်လိုက်မိသည်။

"မိန်းမတစ်ယောက်ကို အသေခံပြီး ချစ်ပြဝံ့တဲ့လူတစ်ယောက်ကို ဆရာတို့ရယ် မြင်ဖူးဘယ်ရှိအောင် ကြည့်ကြစမ်းပါရှင်"

ဟူသော ဒေါက်တာစဝ်မြတ်ထွန်း၏ဆေးခန်းတွင် ထွေးထွေး ငိုရင်း ပြောသွားသော စကားများကို ဒေါက်တာကျော်ဇေလတ် ပြန်မှတ်မိလာသည်။

ထိုစဉ်က ကိုငြိမ်းဝေ ဆေးရုံတက်ပါရန် သူပင်လျှင် ဝိုင်း၍ တိုက်တွန်းခဲ့ဖူးလေသည်။

"ဒီတုံးက သူငြင်းခဲ့တာ နှမ်းကြောင့်ပဲ ဖြစ်မှာပေါ့... နှမ်းတို့ရဲ့မေတ္တာရေးရာတွေက ရှုပ်ထွေးလှချည်လားကွယ်"

"ကိုကို"

တွေးနေသော ဒေါက်တာကျော်ဇေလတ်သည် နှမ်း၏စကားသံများကို ဆက်လက်၍ ကြားနာရသည်။

"ကိုကို့ရဲ့အတတ်ပညာတွေနဲ့ သူ့အသက်ကို ကယ်ပေးပါ ကိုကိုရယ်... နှမ်းရဲ့အသက်နဲ့ လဲယူလို့ရရင်တောင် လဲယူပေးပါ၊ နှမ်းရဲ့အသက်နဲ့ ကိုယ်ခန္ဓာကို နှမ်းလေ... အခု... အခုမှ တကယ်ပဲ အပ်ပါပြီ..."

"နှမ်း"



www.burmeseclassic.com

www.burmeseclassic.com



"သူသာ ကျန်းမာပြီး အသက်ချမ်းသာရာရမယ်ဆိုရင်လေ… နှမ်း… နှမ်းရဲ့ဘဝကို ကိုကို့ကိုတကယ်အပ်ပါပြီ၊ ကိုကိုရယ် နှမ်းနဲ့ ပတ်သက်ပြီး ကိုကိုကြိုက်သလို ဆုံးဖြတ်တာကို နှမ်း နာခံပါ့မယ်၊ ကို… ကိုငြိမ်းဝေရဲ့အသက်ကိုသာ ကယ်ပေးပါ ကိုကိုရယ်… နှမ်း… နှမ်း ဒူးထောက်ပြီး တောင်းပန်ပါတယ်…"

"ကောင်းပါပြီ နှမ်း… ကိုကို့အတတ်ပညာမှာ စေတနာ ပေါင်းစပ်ပြီး ကိုကို အစွမ်းကုန် ကြိုးစားပေးပါ့မယ်"

"အမလေး ကိုကိုရယ်… နှမ်း ဝမ်းသာလိုက်တာ အားရှိလိုက်တာ ရှင်ရယ်…"

"ကိုငြိမ်းဝေရဲ့အသက်ကို ကယ်ပေးပြီးရင် တကယ်ဆုံးဖြတ်ရမှာက ကိုကိုမဟုတ်ပါဘူး… နှမ်းပါ…"

ညင်သာတိုးတိတ်စွာပြောပြီး ဒေါက်တာကျော်ဇေလတ် ထွက်သွားပါတော့သည်။

ဆေးရုံတွင် တာဝန်ကျနေသော ဆရာဝန်ကလည်း သူငယ်ချင်းမို့ ဒေါက်တာကျော်ဇေလတ်တို့မှာ ဆရာလုပ်သည့်သဘော မဟုတ်ပါဘဲ ကူညီသည့်သဘောနှင့် ဝိုင်းဝန်း၍ အစွမ်းကုန်ပြုစုကုသခွင့်ရကြပါသည်…။

❖



# အခန်း (၄၅)

ထိုနေ့ နေ့လည်ပိုင်းတွင် အိမ်သို့ ပြန်မလာဖြစ်ကြသော နှမ်းနှင့် ဒေါက်တာကျော်ဇေလတ်တို့ကို လိုက်ရှာကြသည့် မိဘများနှင့် ဆေးရုံ၏ပြင်ပတွင်ပင် ဆုံဖြစ်ကြသည်။

"တကယ်ပါပဲ သားရယ်၊ ကျောက်မဲမှာမို့ ရန်ကုန်က ကိုယ့်အသိုင်းအဝိုင်းတွေ ရှေ့မှာသာဆိုရင်တော့ ဘယ်လောက်များရှက်စရာ ကောင်းလိုက်မလဲ၊ တစ်ခါလည်း မဟုတ် စေ့စပ်တုန်းကလည်း ညီအစ်မချင်းလဲထားတာ ခံခဲ့ရပြီးပြီ။ ခုလည်း ဒီ… ခမ်းဆိုတာက ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး ဘယ်အချိန်ထဲက ပြန်ရောက်နေတာလည်း မသိ…"

"ဘာ… ခမ်း… ဟုတ်လား မာမီ"

ဒေါ်ကြည်လေးဝေ၏စကားကို ဒေါက်တာကျော်ဇေလတ်အား



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩခြင်းကြီးစွာဖြင့် မျှော်လင့်နေရှာသည်။

"အေးလေ... ခမ်းက သူ့အိမ်မှာပဲ လာပြီးပုန်းနေလို့ ဦးအောင်စိုးကိုယ်တိုင်ဖမ်းပြီး ရဲလက်ကို အပ်လိုက်ပါရောလား၊ ဦးမန်းစံလည်း ကြံရာပါပဲ ဆိုပြီး အဆစ်တောင် ပါသွားလေရဲ့"

"ဟင်"

"ဒါနဲ့ နေပါဦး မင်းနဲ့ နွမ်းက ဘယ်လိုက ဘယ်လိုဖြစ်ပြီး အစောကြီးကတည်းက ပျောက်သွားကြတာလဲ"

"ကျွန်တော်နဲ့ နွမ်း... ဟုတ်လား"

"အေးလေ ခမ်းကိုလာဖမ်းချိန်က အိမ်မှာ နွမ်းမှ ရှိမနေဘဲ..."

"ဟင်... ဒါဖြင့်... ဒါဖြင့်"

ဒေါက်တာကျော်ဇေလတ်၏ မှောင်မိုက်ပိန်းပိတ်နေရသော အသိအာရုံတွင်းသို့ ဖြေရှင်းချက်ရောင်ခြည်လေးတစ်ကွက် လင်းလက်လာခဲ့သည်။

"ဟုတ်ပါတယ် မောင်ကျော်ဇေလတ်၊ အခုကိစ္စ အားလုံးမှာ သမီးလေးနွမ်းရဲ့ စွမ်းဆောင်ချက် လုံးဝ မပါရှာပါဘူးကွယ်၊ ဦးလေးတို့ရဲ့သမီးမိုက် ခမ်းကြောင့် အားလုံး အရှက်တကွဲနဲ့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ကြရတာပါ၊ ဒါကြောင့်လည်း ထိုက်တန်တဲ့ ဆုံးမမှုကို ခံရအောင် ဦးလေးကိုယ်တိုင် ရဲလက်ကို အပ်ခဲ့ပြီးပါပြီ၊ သားသမီးမကောင်းတဲ့ မိဘတစ်ယောက်အနေနဲ့ ဒေါ်ကြည်လေးဝေတို့မိသားစု ကျေနပ်တဲ့အထိ ကျွန်တော်တို့ တောင်းပန်ပါမယ်ခင်ဗျာ..."





အောက်ကျို့ခံ တောင်းပန်နေရရှာသော ဦးအောင်စိုး၏အားတွင် ဒေါ်နန်းမွေ့ခမ်းက ပိုရှိုက်နေရှာသည်။ ဘာမှဝင်၍ မပြောနိုင်ရှာ။

ဦးတင်မောင်လတ်က အားနာဟန်နှင့် ရှိနေသော်လည်း ဒေါ်ကြည်လေးဝေကမူ စိတ်ညစ်ညူးဟန်နှင့် ငြူစူနေသလို ရှိသည်။ ဘာမှဖြင့် ထပ်၍ မပြောတော့။ ဒေါက်တာကျော်ဇေလတ်ကသာ...

"ခမ်း... ခမ်းက ဘယ်အချိန်ကတည်းက အိမ်ကိုရောက်နေတာတဲ့လဲ"

"ခမ်း သိပ်မိုက်တယ်ကွယ်၊ ဖငေ်တစ်ယောက်အနေနဲ့ မပြောအပ်တဲ့စကားတွေမို့ ခွင့်လွှတ်ပါ"

"ကျွန်တော် နားလည်ပါပြီခင်ဗျာ၊ ဒါဖြင့်... နွမ်းက ညက ဘယ်မှာလဲ"

"ဦးလေး အခုပဲ ရဲဌာနမှာ ဝင်မေးလာခဲ့ပြီးပါပြီ။ ကြံရာပါ မန်းစံရဲ့အကူအညီနဲ့ နွမ်းကို မေ့ဆေးအဝတ်နဲ့ အုပ်ပြီး နောက်ဖေး အိမ်မှာလည်း တစ်ညလုံး သိပ်ထားတယ်တဲ့..."

"အို"

ဒေါက်တာကျော်ဇေလတ်ပင် မျက်နှာလွှဲလိုက်ရသည်။ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ရဲကြ။ ရင်ထဲမှာမူ ကြည်နူးမှုလေးများ ဖြတ်တိုက်သွားသည်ဟု ထင်လိုက်မိပါ၏။

သို့ပါသော်လည်း...

ဒေါက်တာကျော်ဇေလတ် ဆက်မတွေးရဲတော့...



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး အခု နွမ်းက သားနဲ့တူတူလား"

"ဟုတ်ပါတယ် မာမီ"

"သားတို့ ဒီဆေးရုံမှာ ဘာလာလုပ်နေကြတာလဲ"

"ဗျာ"

"နွမ်းရော"

"ရှိ… ရှိပါတယ်"

"ဒါဖြင့် နွမ်းကိုခေါ်လေ ပြန်ကြစို့… အားလုံး စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေကြရတယ်၊ သာတို့လည်း နားကြဦး၊ နွမ်းကို သွားခေါ်လေ… မာမီ ဝင်ခေါ်ပေးရမလား"

ကိုငြိမ်းဝေ၏အနီးတွင် ရှိနေမည့် သမီးနွမ်းအကြောင်းကို မသိသော ဒေါ်ကြည်လေးဝေ၏စကားကြောင့် ဦးအောင်စိုးနှင့် ဒေါ်နန်းမွေခမ်းတို့မှာ အသက်ပင်မရှုရဲကြလောက်အောင် ဒေါက်တာကျော်ဇေလတ်၏အဖြေကို စောင့်နေကြရပေသည်။

ဒေါက်တာကျော်ဇေလတ်မှာ သူ့မာမီ၏လက်ကို လှမ်းဆွဲထားလိုက်သည်။ ကြေကွဲစွာခံစားနေရသလို မှုန်မှိုင်းဝေသီသော အကြည့်များဖြင့် ငေးစိုက်ကြည့်နေရာမှ ခေါင်းကို ခါယမ်းပြီး…

"နေပါစေ… သူ ဒီမှာပဲ နေပါစေ"

"ဟင်"

"မာမီတို့ ဦးလေးတို့ အားလုံးပြန်နှင့်ကြပါခင်ဗျာ၊ ဒယ်ဒီသား လိုက်လာခဲ့ပါ့မယ်… ပြန်နှင့်ကြပါ…"

မြင့်မြတ်တည်ကြည်သော သားမက်ဖြစ်သူ၏စကားကြောင့်





အားလုံး လှည့်ပြန်ခဲ့ရသော်လည်း ဦးအောင်စိုးနှင့် ဒေါ်နန်းမွေခမ်းတို့၏ရင်ထဲတွင်မူ…

"နွမ်း ထပ်ပြီး မမိုက်ပါစေနဲ့တော့"

ဟူသော ဆုတောင်းများဖြင့်သာ မပြောသာ မခေါ်သာ၍ ပြန်လာခဲ့ရပါပြီတည်း…။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၆)

"ကိုကို... သူ... သူ... မောင်မောင်လေ သတိရလာပြီ၊ စကားပြောနိုင်လာပြီ၊ အို... နွမ်း ဝမ်းသာလိုက်ရတာ... လာကြည့်ပါဦး ကိုကိုရယ်..."

နွမ်းမှာ ထိန်းသိမ်းဆင်ခြင်သင့်သော သဘောတရားများ အားလုံးကို မေ့လျော့သွားလေပြီလား မသိ။ ဝမ်းသာလွန်းစိတ်ဖြင့် ဒေါက်တာကျော်ဇေလတ်၏ လက်မောင်းကို ဆွဲခေါ်နေသည်။

လူနာရှင်နှင့် ဆရာဝန်တစ်ယောက်လို ဆက်ဆံနေပြီဖြစ်သော နွမ်းအဖြစ်ကြောင့် မနေ့က လက်ထပ်ထားသည့်ကိစ္စကိုများ မေ့လျော့သွားလေပြီလား...။

"နေကောင်းသွားပြီလား ကိုငြိမ်းဝေ... ကျွန်တော် ဘာကူညီပေးရမလဲ"

နွမ်းလျှဖျော့တော့လွန်းနေသော ကိုငြိမ်းဝေ၏ မေးမှုန်သော အကြည့်များက ဒေါက်တာကျော်ဇေလတ်ထံသို့ ရူးရောက်လာသည်။

"ဒေါက်တာ... ဒေါက်တာ"





"ဟုတ်ပါတယ်... ကျွန်တော် ကျော်ဇေလတ်ပါ"

"အို"

"မောင်မောင်... မောင်မောင် ခုလို ပြန်ပြီးသတိရလာအောင် နေကောင်းလာအောင် ကုပေးခဲ့တဲ့အထဲမှာ ဒေါက်တာကျော်ဇေလတ်လည်းပါတယ် မောင်မောင်ရဲ့ သိလား..."

"နွမ်း"

တိုးတိုက်သော်လည်း လှိုက်လှဲလွန်းသောအသံဖြင့် ကိုငြိမ်းဝေက နွမ်းကိုခေါ်သည်။ အားခဲ၍ ရူးရူးရဲရဲကြည့်လိုက်ပြီး...

"နွမ်း ဘာတွေလုပ်နေတာလဲ"

"ဘာဖြစ်လို့ ဆေးရုံတင်ကြတာလဲ"

ဤစကားလေးနှစ်ပိုဒ်ကို ကိုငြိမ်းဝေက မနည်းအားခဲ၍ ပြောကြားရရှာသည်။ မောဟိုက်နေသည့်ကြားမှ နောက်ထပ် အားယူ၍...

"ဒေါက်တာခင်ဗျာ"

"ပြောပါ ကိုငြိမ်းဝေ... ပြောပါ"

"နွမ်းကို ပြန်ခေါ်သွားပါ၊ ပြီးတော့... ပြီးတော့... ခွင့်လွှတ်[illegible]ပါခင်ဗျာ"

ကိုငြိမ်းဝေ၏မျက်ဝန်းမှ မျက်ရည်များစီးသွယ်ကျလာတော့[illegible]သည်။

ဒေါက်တာကျော်ဇေလတ်မှာ ကိုငြိမ်းဝေ၏လက်တစ်ဖက်ကို [illegible]ကိုင်လိုက်သည်။ ကြင်နာသောအကြည့်များနှင့် ကိုယ်ကို [illegible]၍ ငုံ့ကြည့်လိုက်ပြီး...

www.burmeseclassic.com



"ဘာတွေကိုမှ တွေးမနေပါနဲ့ ကိုငြိမ်းဝေ၊ လူမှုရေးပြဿနာတွေ နှလုံးသားရေးရာတွေကို နောက်ပိုင်းမှပဲ ဖြေရှင်းယူကြတာပေါ့လေ၊ ခုတော့ ကိုငြိမ်းဝေ နေကောင်းအောင်သာ ကြိုးစားနေပါ၊ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ပါ ကိုငြိမ်းဝေ၊ နှမ်းကို ခေါ်မသွားရက်ပါဘူးဗျာ၊ ခင်ဗျားနားမှာ ပြုစုနေပါစေ..."

ကိုင်ထားသောလက်တစ်ဖက်ပေါ်သို့ နောက်ထပ် လက်တစ်ဖက်ပါ ဆုပ်ကိုင်နှစ်သိမ့်ပြီးမှ ဒေါက်တာကျော်ဇေလတ်မှာ အားလုံးကိုကျောခိုင်းလျက် ထွက်ခွာသွားတော့သည်။

❖



# အခန်း (၄၇)

"မောင်မောင်ရယ်... မျက်ရည်တွေ ထပ်ဝဲမလာပါနဲ့တော့ကွယ်..."

"မဟုတ်သေးဘူး နှမ်း"

ကိုငြိမ်းဝေက ခေါင်းကို ခါရမ်းလိုက်သည်။

"ဒေါက်တာကျော်ဇေလတ်ကိုယ်တိုင်က ပြောသွားတာ မောင်မောင်ကြားသားပဲ၊ မောင်မောင်နေကောင်းအောင် နေဖို့ပဲ အရေးကြီးပါတယ်၊ ဘာကိုမှ တွေးမနေပါနဲ့ကွယ်..."

"ဒီလိုဖြစ်လာမှာစိုးလို့ တမင်... တမင်..."

"တော်ပါတော့ မောင်မောင်ရယ်၊ မောင်မောင် ဘာတွေခံစားခဲ့ရတယ်... အို... မောင်မောင်တစ်ယောက်တည်း ကြိတ်ပြီးရင်ကွဲမတတ်ခံစားနေရတယ် ဆိုတာတွေကို သိလာရတဲ့ နှမ်းရင်မှာလည်း ဘယ်လိုရှိမလည်းဆိုတာ မောင်မောင် စာနာကြည့်ပါ အခုင်ရယ်..."

ကိုငြိမ်းဝေ၏လက်ခုံလေးကို ယူပြီး မျက်ရည်စိုလူးနေသော



www.burmeseclassic.com

www.burmeseclassic.com



နှမ်း၏ပါးပြင်လေးနှင့် နှမ်းက ပွတ်တိုက်ရင်း ပြောနေမိသည်။ ကိုငြိမ်းဝေက လက်ကိုပြန်ဆွဲယူပြီး နှမ်း၏နဖူးပြင်မှ ဆံယဉ်စလေးများကို တစ်ချက်မျှသပ်တင်ပြီး သူ့လက်ကို ပြန်၍ ရုပ်သိမ်းထားလိုက်သည်။

"မောင်မောင်"

"မောင်မောင် ဘာလို့ မျက်စိမှိတ်ထားတာလဲ နေမကောင်းလို့လား ဟင်..."

"ရင်ထဲမှာ သိပ်မကောင်းလှသေးဘူးကွယ်"

"နှမ်း ဘာလုပ်ပေးရမလဲ ဟင်"

ကိုငြိမ်းဝေက မျက်စိမှိတ်ထားလျက်က ခေါင်းယမ်းပြလိုက်သည်။

နှမ်းမှာ ခြေရင်းမှ စိုးရိမ်တကြီးရပ်ကြည့်နေသော ထွေးထွေးကို ငေးကြည့်လိုက်မိသည်။ ကိုငြိမ်းဝေအပေါ်တွင် သန့်စင်သော မေတ္တာရှင်မလေး ထွေးထွေးနှင့် လှိုက်လှဲလွန်းစွာ ချစ်ရပါသော နှမ်းတို့မိန်းမသားနှစ်ယောက်၏ မျက်ဝန်းနှစ်စုံချင်း ဆုံတွေ့မိကြသည်။

"နှမ်း"

"ဟင်... မောင်မောင်... ဘာလုပ်ချင်လဲဟင်"

"နှမ်းတို့ လက်ထပ်ဖြစ်ကြသလား"

ကိုငြိမ်းဝေက မျက်ဝန်း များပြန်လည်ပွင့်လာရင်းက နှမ်းအား မျှော်လင့်နေသေးသလို မေးလာသည်။ နှမ်းက...





"လက်ထပ်ဖြစ်တယ် မောင်မောင်၊ ဒါပေမဲ့ ခမ်း အချိန်မီရောက်လာပြီး နှမ်းကို မောင်မောင့်ဆီ ပို့ပေးခဲ့တယ်၊ အဲဒီကိစ္စတွေအားလုံး ရှင်းလင်းကုန်ပါပြီ၊ အားလုံးလည်း သိကြပြီးပါပြီ... ဒီမှာ မောင်မောင်"

"ဟင်"

"ဒေါက်တာကျော်ဇေလတ်ကို မောင်မောင်မြင်သာလောက်ပါပြီနော်၊ သူဟာ အင်မတန်မှ ကြင်နာတတ်တဲ့ ခွင့်လွှတ်တတ်တဲ့ ဆရာဝန်တစ်ယောက်ပါဆိုတာ နှမ်းနဲ့အတူ မောင်မောင် သိလောက်ပါပြီကွယ်"

"အင်း"

"ဒီတော့ ဆက်လက်ပြီးလည်း နှမ်းနဲ့ မောင်မောင့်ကို ခွင့်လွှတ်ဖို့ ဝန်မလေးတော့ဘူးလို့ နှမ်းထင်ပါတယ်၊ ဒါကြောင့် သူ့ကို ခွင့်ပြုဖို့တောင်းပန်ပြီး နှမ်းလေ... မောင်မောင်နဲ့ မခွဲတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

"အို... နှမ်းရယ်"

"ဟုတ်တယ် မောင်မောင်ရယ်၊ သိပ်ပြီးချစ်ခဲ့ကြတဲ့ နှမ်းနဲ့ မောင်မောင်တို့ရဲ့အသည်းတွေလဲ ကြေမတတ် ပင်ပန်းခဲ့ကြရပြီးပါပြီ။ ဒီတစ်ခါတော့ မခွဲတော့ဘူး၊ မောင်မောင့်ကို နှမ်း သိပ်သနားတာပဲ၊ နှမ်းကို ငဲ့ညှာလွန်းလို့ ခုလိုဒုက္ခတွေ ခံစားနေရတဲ့အဖြစ်[illegible] နှမ်း သနားလိုက်တာ မောင်မောင်ရယ်..."

"ဆုံးရှုံးသွားပြီးမှ ပြန်ရလာတဲ့ ရတနာလေးဟာ [illegible] [illegible]



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာစရာ ကောင်းမှာပါ နှမ်း"

"ဒါပေါ့... မောင်မောင်ရယ်"

"ဒါပေမဲ့ နှမ်းရယ်... ဒီလိုဖြစ်လာနိုင်ပါ့မလားကွယ်"

"ဖြစ်အောင် နှမ်းကြိုးစားမယ်၊ အို ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ မောင်မောင့်ကို နှမ်း မခွဲလိုက်နိုင်တော့ဘူး သိလား"

"မောင်မောင် မမျှော်လင့်ရဲတာတွေ တကယ်ဖြစ်လာမှာလား အချစ်ရယ်"

နှမ်း၏လက်ကလေးကိုဆုပ်ကိုင်ရင်း မျှော်လင့်တကြီး ကြည့်နေသော ကိုငြိမ်းဝေကို ထွေးထွေးက အသေအချာကြည့်ပြီး လှည့်ထွက်လာခဲ့သည်။

ဒေါက်တာကျော်ဇေလတ်မှာလည်း အိမ်သို့လည်း မပြန်ချင်၊ သွားစရာလည်းမရှိပါ၍ ဆရာဝန်များနားနေသောအခန်းတွင် စိတ်ညစ်ညစ်နှင့် တစ်ယောက်တည်းထိုင်နေမိသည်။ သူငယ်ချင်း ဆရာဝန်က အရေးကြီးသောလူနာတစ်ယောက်ကို သွားကြည့်နေချိန် ဖြစ်ပါ၏။

"ဩော်... မထွေးထွေး ဘာဖြစ်လို့လဲ... ကိုငြိမ်းဝေ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးရှင်"

"ဩော်... တော်ပါသေးရဲ့"

"ဒေါက်တာများခွင့်ပြုမယ်ဆိုရင် ထွေးထွေး နည်းနည်းလောက်တင်ပြပါရစေရှင်"





"ပြော... ရပါတယ် ထိုင်လေ"

သူ့ရှေ့မှ ထိုင်ခုံငယ်လေးတစ်လုံးတွင် ထွေးထွေး ဝင်၍ထိုင်လိုက်ရသည်။

"ထွေးထွေးဟာ ဆရာကိုငြိမ်းဝေနဲ့ တရားရုံးမှာ တရားဝင်လက်ထပ်ထားတဲ့ မိန်းမပါရှင်"

"ဩော်... ဒါကြောင့် နှမ်းက စောစောကပြောပါတယ်၊ ကိုငြိမ်းဝေရဲ့ဘေးမှာ သူ့ဇနီးထွေးထွေးလည်း ရှိနေပါတယ်တဲ့..."

"ဟုတ်ကဲ့ ဒါပေမဲ့ ဒေါက်တာရယ်..."

ထွေးထွေးမှာ မျက်ရည်များဝဲလာပါ၍ ခေါင်းလေးငုံ့ပြီး နေလိုက်ရသည်။

"ပြောပါ မထွေးထွေး... ကျွန်တော့်ကို ဘာပြောချင်လို့လဲ"

"ဟုတ်ကဲ့ပါ ဒေါက်တာရယ်၊ ထွေးထွေးပြောချင်တဲ့အကြောင်း မပြောခင်မှာ ဆရာနဲ့ အစ်မနှမ်းတို့ရဲ့ဇာတ်လမ်းလေးကို နည်းနည်းတင်ပြခွင့်ပြုပါ"

ဒေါက်တာကျော်ဇေလတ်က ခေါင်းညိတ်ပြပြီး ထွေးထွေးကို ကြည့်နေသည်။ နှုတ်က ဘာမှမပြောရှာ။

စကားတတ်သော စကားသွက်သောထွေးထွေးမှာ ကိုငြိမ်းဝေနှင့် နှမ်းတို့၏မေတ္တာဇာတ်လမ်းလေးကို အကျဉ်းချုံး၍ ပြောလိုက်ပြီးသည့်နောက်တွင်...

ဒေါက်တာကျော်ဇေလတ်နှင့် နှမ်းတို့ ဤကျောက်မဲဆေးရုံသို့ လာကြသည့်နေ့က မြင်ခဲ့ရသောအချိန်မှ စတင်ပြီး ကိုငြိမ်းဝေ၏ ရင်

www.burmeseclassic.com



တွင် စွန့်လွှတ်အနစ်နာခံလိုခြင်းများ ဝင်ရောက်ကိန်းအောင်းလာရသည့်အဖြစ်များနှင့်...

ဒေါက်တာကျော်ဇေလတ်နှင့် နွမ်းတို့ မင်္ဂလာဆောင်ဖြစ်ပါစေရန် သူနှင့်လက်ထပ်ထားသည့် စာချုပ်ကို နွမ်းအား ပြသစေခဲ့ပုံများနှင့် သူနှင့် ကိုငြိမ်းဝေတို့ သီးခြားစီနေခဲ့ကြသည့်အကြောင်းများအပြင်...

ယခု နောက်ဆုံးဖြစ်ရပ်ဖြစ်သော သူ့နောက်သို့ နေမကောင်းပါလျက်နှင့် လိုက်လာခဲ့သောအကြောင်းများ ပြောပြကြားအပြီးတွင်...

"သူ့ကို အချိန်မီ ဆေးရုံတက်ဖို့ ဒေါက်တာစဝ်မြတ်ထွန်း ညွှန်ကြားခဲ့တာ သူငြင်းခဲ့တာတွေ ဒေါက်တာအသိပါနော်၊ ဆရာ ကိုငြိမ်းဝေဟာ ဒေါက်တာနဲ့ အစ်မနွမ်းတို့ လက်ထပ်ဖြစ်အောင် သူ့အသက်ကို စွန့်လှူရဲတဲ့အထိ သတ္တိရှိတဲ့အချစ်မျိုးနဲ့ ချစ်ခဲ့တဲ့သူပါ ဒေါက်တာရယ်..."

"သူတို့နှစ်ယောက်ရဲ့မေတ္တာဇာတ်လမ်းကို အားလုံးခြုံငုံမိ ပါပြီ မထွေးထွေး၊ ကျွန်တော့်ကို မထွေးထွေးပြောချင်တာ ဘာလဲ"

"ထွေးထွေး... ထွေးထွေးပြောချင်တာဆိုတာထက် တောင်းပန်ချင်တာပါလို့ ပြောပါရစေရှင်"

"ပြောပါ မထွေးထွေး"

"ဒေါက်တာရယ် သူတို့နှစ်ယောက်ရဲ့အဖြစ်ကို စာနာစိတ် သနားစိတ်တွေထားပြီး အစ်မနွမ်းကို စွန့်လွှတ်ပေးပါလို့ ထွေးထွေး အနေနဲ့ ကြားဝင်ပြီး လှိုက်လှဲစွာ တောင်းပန်ပါရစေရှင်"





ဒေါက်တာကျော်ဇေလတ်မှာ သက်ပြင်းကို ရှိုက်လိုက်ပြီး ပြတင်းဝမှာ သွားရပ်လိုက်သည်။ ဝေသီသောအကြည့်များဖြင့် တောင်နီးဝေနေသော ရှမ်းတောင်တန်းကြီးများကို ကြာမြင့်စွာ လှမ်းကြည့်နေပြီးမှ...

"ကျွန်တော်ဟာ နွမ်းကို လက်ထပ်ယူခဲ့တာ၊ လူကြီးချင်းသဘောကျကြရုံ မဟုတ်ပါဘူး မထွေးထွေး၊ ကျွန်တော်ကိုယ်တိုင်ကလည်း နွမ်းကို တကယ်ပဲ မြတ်မြတ်နိုးနိုးနဲ့ စုံမက်ချစ်ခင်ပြီး လက်ထပ်ခဲ့တာပါ"

"ရှင်"

"ကျွန်တော် နွမ်းကို သိပ်ချစ်ပါတယ် မထွေးထွေး"

"ဒေါက်တာရယ်"

"ဒါပေမဲ့ ကိုငြိမ်းဝေဟာ ကျွန်တော် နွမ်းကို ချစ်နိုင်တာထက် ပိုကဲသာလွန်ပြီး ချစ်လိမ့်မယ်လို့ ကျွန်တော်သိပါပြီ၊ နားလည်ပါပြီ မထွေးထွေး"

"ရှင်"

"ကျွန်တော် နွမ်းကို မစွန့်လွှတ်ချင်ဘူး၊ မခွဲချင်ဘူး မခွဲရက်ဘူး"

"အို"

"ကျွန်တော့်ရင်ထဲက ဒီလိုခံစားမှုအတွက် အဆရာထောင် ကိုငြိမ်းဝေရဲ့ရင်ထဲမှာ ခံစားနေရပါတယ် ဆိုတာကိုလည်း ကျွန်တော် စာနာမိပါပြီ မထွေးထွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင်"

"ပြီးတော့ နှမ်းကိုယ်တိုင်ကလည်း ကျွန်တော့်ကို မမုန်းဘူး၊ အားကိုးတယ်၊ လေးစားကြည်ညိုတယ်ဆိုပေမယ့် သူတကယ်ချစ်တာဟာ ကိုငြိမ်းဝေပါဗျာ၊ ကျွန်တော်သိပါတယ်"

ထွေးထွေးလည်း မတ်တတ်ရပ်လိုက်ပြီး ဒေါက်တာကျော်ဇေလတ် ဆက်လာမည့်စကားများကို အသက်ပင်မရှူရဲလောက်အောင် နားစိုက်နေမိပါသည်။

"ကျွန်တော်ဟာ နှမ်းရဲ့ဒုတိယလူပါ၊ ကျွန်တော့်ရှေ့မှာ ရှေးယခင်ကတည်းက ကိုငြိမ်းဝေရှိနေနှင့်ပါတယ်၊ ဒါကြောင့် နောက်က ကျွန်တော်ကပဲ နောက်ပြန်ဆုတ်ပေးပါ့မယ်လို့ သူတို့ကို ပြောပြလိုက်ပါ မထွေးထွေးရယ်..."

"ဟာ... ဒေါက်တာ... ဒေါက်တာရယ်၊ ဒေါက်တာ့ရဲ့ သဘောထားကြီးမြင့်ခြင်း ဆုံးဖြတ်ရဲခြင်းတွေကြောင့် မြင့်မြတ်တည်ကြည်တဲ့ ယောကျ်ားကောင်းတစ်ယောက်အဖြစ်နဲ့ ထွေးထွေးလေးစားကြည်ညိုမိလိုက်တာရှင်၊ သူတို့... ဆရာနဲ့ အစ်မနှမ်းတို့ ဘယ်လောက်များ ဝမ်းသာလိုက်ကြမလဲ ထွေးထွေး ပြေးပြောလိုက်တော့မယ်နော်"

ဒေါက်တာကျော်ဇေလတ်က ဘေးတိုက်အနေအထားနှင့်ပင် ခေါင်းညိတ်ပြလိုက်သည်။ ထွေးထွေး ပြန်လှည့်ထွက်မိသည်နှင့်...

"ဩော်... မထွေးထွေး"

"ဟုတ်ကဲ့... ဒေါက်တာ"

"ကိုငြိမ်းဝေရဲ့အခြေအနေက စိတ်ချရတဲ့အဆင့်ထိ မရောက်





သေးဘူးနော်၊ သူ့ကို ဆက်လက်ပြီး ဂရုစိုက်ကြပါဦး..."

"ဟုတ်ကဲ့... ဟုတ်ကဲ့ပါ ဒေါက်တာ"

"ကျွန်တော့်ကိုတော့ ခွင့်လွှတ်ပါတော့၊ ကျွန်တော် သူတို့နှစ်ယောက်နဲ့ ဝေးရာအရပ်ကိုပဲ ပြန်ပါရတော့ဗျာ"

ထွေးထွေးမှာ လေးစားကြည်ညိုဖွယ်ရာ ဒေါက်တာကျော်ဇေလတ်၏ ခံစားမှုပြင်းပြနေရရှာသော မျက်နှာကို မဝံ့မရဲကြည့်ပြီး ဘာမှမပြောဖြစ်တော့ပါဘဲနှင့် ဒေါက်တာကျော်ဇေလတ်၏အခန်းတွင်းမှ ထွက်ခွာခဲ့ရပါတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၈)

"မောင်မောင့်ရဲ့ ခုတ်ပြားရသီချင်းလေးတွေကို ထွေးထွေးက ကက်ဆက်မှာ သွင်းထားတယ်။ နှမ်း နားထောင်ပြီးပြီ၊ မောင်မောင် ရော နားထောင်မလားဟင်... နှမ်း တိုးတိုးလေးဖွင့်ပြမယ်လေ"

ကိုငြိမ်းဝေက မိန်းနေရာမှ ခေါင်းယမ်းပြလိုက်သည်။

"ကြည့်ပါဦး သီချင်းတွေအားလုံး နှမ်းကို ရည်ညွှန်းပြီး စပ်ထားတာချည်းပဲ။ တကယ့်ခံစားမှုတေးမို့ သိပ်ပြီးရသမြောက်တာပဲ မောင်မောင်ရယ်။ ဒီတေးအားလုံး ကျော်ကြားမှာပါ။ တေးချစ်သူ တိုင်းရဲ့နှုတ်က ဆိုညည်းနေကြမှာပါ။ မောင်မောင် အောင်မြင်ပြီး မောင်မောင်မျှော်လင့်နေတဲ့ မှတ်တိုင်ကို မြင်နေရပါပြီကွယ်၊ နှမ်း မောင်မောင့်အတွက် သိပ်ဂုဏ်ယူပါတယ် မောင်မောင်"

နှမ်း ရွှန်းလက်အားတက်နေသလောက် ကိုငြိမ်းဝေအကြည့် များက အားမရစရာကောင်းလောက်အောင် မှုန်မှိုင်းနေပါသည်။

"နှမ်း... ထွေးထွေးရော"





"ရှိပါတယ် ဆရာ ထွေးထွေး ဆရာ့ခြေရင်းမှာ"

ထွေးထွေးကို ကိုငြိမ်းဝေက သူ့အနားသို့လာပါရန် ဟန်နှင့် ပြလိုက်သည်။ ခြေရင်းမှ ထွေးထွေးကြားသာအောင် သူ စကားမပြော နိုင်ရှာ။

"ဆရာ... ဘာလဲဟင်"

"ဆရာ့အင်္ကျီတွေရော"

"ရှိပါတယ် ဆရာ မွေ့ရာအောက်မှာ"

"နှမ်းဝယ်ပေးထားတဲ့ အင်္ကျီပြာလေး"

"ဟုတ်ကဲ့ ယူပေးမယ် ဆရာ"

"အဲဒီအိတ်ထဲမှာ စာရွက်လေး"

ကိုငြိမ်းဝေ၏စကားသံများက လေးလံနေသည်။ မောဟိုက် လွှန်းနေသလိုပါ။ မျက်နှာလည်း ပိုမိုဖြူဖျော့လာသည်။

ထွေးထွေးက စာရွက်ပြာလေးတစ်ရွက်ကို ကိုငြိမ်းဝေ၏လက်ထဲ သို့ ထည့်ပေးလိုက်သည်။ ကိုငြိမ်းဝေက စာရွက်ကို လေးလံသော အရာတစ်ခုလို တုန်ရီစွာ ဖြန့်ခါလိုက်ပြီး အားယူ၍ ကြည့်လိုက်သည်။ ပြီးတော့ နှမ်းဘက်သို့ လက်လှမ်းပြီး...

"ရော့... နှမ်း... နှမ်းအတွက်"

"ဘာလဲ... မောင်မောင် သြော်... တေးစာသားလေးပါလား၊ နှမ်းအတွက် မောင်မောင်ရေးဖွဲ့ထားတာလားဟင်"

"ဟုတ်တယ် နှမ်း... နှမ်းနဲ့ပတ်သက်ပြီး မောင်မောင် ခံစား ခံစားရတာတွေရယ်... ပြီးတော့..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းပြောပါ မောင်မောင်ရယ်"

"ပြီးတော့... မောင်မောင်ဖြစ်စေချင်တဲ့ ဆန္ဒဆုတောင်းလေး ရယ်ပါ"

မောဟိုက်ပင်ပန်းလွန်းစွာ ပြောကြားလာသော ကိုငြိမ်းဝေ၏ အားမရဖွယ်ရာ စကားသံများသည် နှမ်း၏နှလုံးသားပေါ်သို့ ကစဉ့်ကလျား တိုးတိုက်ဝင်ရောက်လာပါ၏။ ရင်မှာ နာကျင်စွာ ခံစားနာယူပြီးမှ...

ကိုငြိမ်းဝေရေးဖွဲ့ထားသည်ဆိုသော တေးစာသား စာလုံးလေးများကို ဖတ်ကြည့်ရပါ၏။

'ချစ်ဝိညာဉ်လေး ဝေ့ဝဲလည်'

အသည်းX အသက်X မကX ချစ်ရတဲ့သူရယ်
ဝေးတယ်ဆိုတာများX စကားအဖြစ်တောင်X မကြားလို ပါကွယ်X
ဖြစ်နိုင်မယ်ဆိုရင်X နှစ်ယောက်မှာX အသည်းတစ်ခုထားလို့X
အတူစားX အတူသွားX အတူတူခံစားနေချင်တယ်X
တွယ်တာအချစ်X နှယ်ပမာရစ်ကာX
ဆယ်ကမ္ဘာသစ်လဲX
အချစ်ကX မပြယ်ပါတယ်X
အနီးကလေး ချစ်ချင်သော်လည်းX
ခရီးဝေးတာX တစ်ကမ္ဘာX မကတယ်X





အသွင်ပုံသဏ္ဌာန်X အမှတ်အသားမလိုX
ရင်ခုန်သံX မရပ်နားသလိုX
ချစ်သဲနှမ်းကိုX ရင်ထဲX အစဉ်အမြဲX တမ်းတနေပါတယ်X
ပြုလေသမျှX ဆုခြွေမရလို့X ခုနေခဏX
လူ့ပြည်ဘဝကX ဝေးရမယ်ဆိုရင်လေX
မောင်မောင့်ဝိညာဉ်အရိပ်ကX သိပ်ချစ်ရသူအနားမှာX
သွေခွဲ မဖယ်စွာX တွေ့မြဲဆယ်ကမ္ဘာX ဝေ့ဝဲလည်ကာX နေမှာပါကွယ်X—
ဪ... 'ချစ်ဝိညာဉ်လေး ဝေ့ဝဲလည်'ကာ နေမှာပါ အချစ် ရယ်X

*

"အစ်မနှမ်း... အစ်မနှမ်း"

"ဟင်"

တေးစာသားကဲ့တွင် စိတ်ဝင်စားနေမိရာမှ ထွေးထွေး၏ အလန့်တကြားအော်သံကြောင့် နှမ်းလှည့်ကြည့်လိုက်မိသည်။

"အို... မောင်မောင်"

ကိုငြိမ်းဝေ၏ရင်က ယခင်ထက်ပင် ဆိုးရွားစွာမို့မောက်လိုက် နိမ့်ဆင်းလိုက်ဖြစ်ရုံမက မျက်ဝန်းအကြည့်က လန်သွားသည်။ သို့ ဘာမှမြင်ပုံမရတော့...

"အမလေး... မောင်မောင်... မောင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ... ဆရာ ခေါ်လို့လဲမရတော့ဘူး... ဘယ်လိုလုပ်ကြမလဲဟင် အစ်မနွမ်း..."

"ကိုကို... ကိုကို့ကိုသွားခေါ်ပါ ဆရာဝန်တွေ သွားခေါ်ပါဦး ထွေးထွေးရဲ့"

နွမ်းမှာ ခိုကိုးရာမဲ့သွားသူတစ်ယောက်လို ဆောက်တည်ရာမရနိုင်လောက်အောင် ဖြစ်သွားရသည်။ ကိုငြိမ်းဝေ၏ ခုတင်ဘေးတွင် ပြေးရတော့မလို ထူရတော့မလို ခေါ်ကြည့်ရတော့မလို ဘာလုပ်ရမှန်းမသိတော့ပါဘဲနှင့် ကိုငြိမ်းဝေ၏ လက်ကို ဆွဲယူလိုက်မိသည်။

"အို... လက်တွေလည်း အေးစက်လို့ပါလား"

"ဘုရား... ဘုရား မောင်မောင်ရယ်... အားလုံးပြေလည်နေပါပြီကွယ်"

"ဘာမှ မဖြစ်ပါစေနဲ့"

"မောင်မောင် ဘာမှမဖြစ်ပါစေနဲ့ရှင်"

ဆရာဝန်ဆ ာမများ အပြေးအလွှားရောက်လာကြသည်။ အောက်စီဂျင်ကို အမြန်ပြန်တပ်ပြီး ဆေးများဆင့်ထိုးသည်။ အကြောဆေးသွင်းသည်။ အစွမ်းကုန်ပြုစုကြပါသည်။

"ဒေါက်တာရယ်... သူ ဘာဖြစ်သွားတာလဲဟင်... ကယ်ပါဦးရှင်"

နွမ်းမှာ ဆရာဝန်ကို အားကိုးတကြီးကြည့်ရင်း ထွေးထွေးကို ရှာမိသည်။

"ထွေးထွေး ဘယ်ရောက်သွားပါလိမ့်"





ခဏအကြာတွင် ပြေးလာသော ထွေးထွေး၏အနောက်မှာ ဒေါက် တာကျော်ဇေလတ်...

"စိုးရိမ်စိတ်သိပ်မပြင်းပါနဲ့ နွမ်း... ကိုကို အစွမ်းကုန်ကြိုးစားပေးပါ့မယ်ကွယ်"

နွမ်း ဘာမှမပြောနိုင်တော့။ ကိုငြိမ်းဝေကိုလည်း မကြည့်ရဲတော့။ ဘင်ခြေရင်းတွင် ထိုင်ရင်း လက်ဝါးပေါ် မျက်နှာမှောက်ပြီးသာ ု ှနမိပါသည်။

အရေးတကြီးပြေးကြ လွှားကြ ယူကြင်ကြ ပြောကြဆိုကြနှင့် ကိုငြိမ်းဝေ၏ခုတင်ဘေးတွင် ရှုပ်ယှက်ခတ်နေကြသည်ကို အောက်ခြေမှနေ၍ နွမ်းမြင်နေရသည်။ နွမ်းရင်ထဲမှ နှလုံးသားသည် သောကစိတ်ဖြင့် ဆတ်ဆတ်ခုန်နေသည်မှာ ပွင့်ထွက်ကျလာတော့မလိုပါ။

ခဏအကြာတွင်...

လှုပ်ရှားမှုများ နှေးကွေးသွားကြသည်။ နောက် ငြိမ်သက်သွားကြသည်။ ပြီးတော့ ကိုငြိမ်းဝေ၏ခုတင်ဘေးမှ တရွေ့ရွေ့ထွက်ခွာကုန်ကြသည်။

"အစ်မနွမ်း"

"ဟင်... ဟင်"

"အမ ေလး ဆရာရယ် အစ်မနွမ်းကိုတောင်မှ မကြည့်နိုင်တော့ပါလား။ အဖြစ်ဆိုးလှချည်လား... အချစ်သူ့ရဲ့ကောင်းကြီးရယ်... ဆရာ့ကို ထွေးထွေး သနားလှချည်ရဲ့ ဆရာရဲ့..."

ထွေးထွေး ဟစ်၍ငိုပါလေပြီ။ သည်တော့မှ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဟင်... အမလေး... မောင်မောင်... မောင်မောင်"

နှမ်းမှာ သတိလက်လွတ်သွားပြီထင်သည်။ ငိုရမည်ဆိုသည်ကိုပင် မေ့လျော့သွားလေသလား...

နှမ်းနယ်ဖျော့တော့လွန်းနေသော အချစ်ဆုံးချစ်သူ၏ သက်မဲ့မျက်နှာလေးကို မျက်လုံးဝိုင်းကြီးနှင့် နှမ်း အလန့်တကြားကြည့်နေမိသည်။

"ဖွင့်ငိုလိုက်ပါ နှမ်း"

"ရင်ထဲမှာ တင်းမထားနဲ့ လျှော့ချလိုက်"

"ဖွင့်ငိုလိုက်"

သတိပေးသံများကို ဆင့်ကာဆင့်ကာ ကြားလိုက်ရသည်။

"အမလေး မောင်မောင်... နှမ်းကိုအသက်ပေးပြီး ချစ်သွာ ခဲ့တဲ့ မောင်မောင်ရယ်..."

ကိုငြိမ်းဝေ၏ မလှုပ်ရှားနိုင်တော့သော နှလုံးသားနေရာ သို့ နှမ်းမျက်နှာကို ဖိ၍ ရင်ပွင့်ကွဲမတတ် နှမ်း ငိုရပါပြီ။

"သတိထားလေ နှမ်း တော်ရောပေါ့ကွယ်"

ဆရာမလေးတစ်ယောက်က နှမ်းကို ကိုငြိမ်းဝေ၏ ချစ်တ လွန်းသော နှလုံးသားရှိရာ ရင်ခွင်မှ ခွာယူလိုက်သည်။

ပြီးတော့ ကိုငြိမ်းဝေ၏ မျက်နှာပေါ်သို့ အဝတ်ဖြူကို ဆွဲ လိုက်ပါ၏။

"အို... မောင်မောင်ရယ်"

ကိုငြိမ်းဝေ၏ ခုတင်ဘေးတွင် မားမားကြီးရပ်လျက်





ခဲကြိတ်ထားရှာသော ဒေါက်တာကျော်ဇေလတ်က နှမ်းကို စိုက်ကြည့်နေရာက...

"နှမ်း"

နှမ်းက မျက်ရည်များကြားမှ အားယူ၍ ဖွင့်ကြည့်လိုက်ရသည်။

"နှမ်းကို ဒီလိုအဖြစ်မျိုးနဲ့ မကြုံစေချင်လို့ ကိုကို့ရဲ့အတတ်ပညာတွေနဲ့ အစွမ်းကုန်ကူညီခဲ့ပါတယ် နှမ်း"

နှမ်းမှာ ဒေါက်တာကျော်ဇေလတ်ရှိရာသို့ တစ်လှမ်းတိုးလာမိသည်။

"ကိုကို့အပေါ် နှမ်း ကျေနပ်ရဲ့လား... ခွင့်လွှတ်နိုင်ရဲ့လား ကွယ်..."

"ကိုကိုရယ်"

နှမ်းမှာ ဒေါက်တာကျော်ဇေလတ်၏ ပခုံးစွန်းပေါ်သို့ နဲ့မှီချ လိုက်ရင်း အားပါးတရ ငိုရှိုက်လိုက်မိပါသည်။

"နှမ်းငိုနေတာကို ကိုကိုမကြည့်ရက်ဘူး၊ နှမ်း ဘယ်တော့မှ ငိုရအောင် ကိုငြိမ်းဝေရဲ့ရင်ခွင်ထဲကို ထည့်ပေးပါမယ်လို့ ကိုကို ံးဖြတ်ပြီးသားပါ နှမ်းရယ်..."

"ကိုကို"

"ဟင်"

"နှမ်းငိုပါရစေ သူ့အတွက် နောက်ဆုံးအနေနဲ့ နှမ်း အားရ ောင် ငိုပါရစေနော်"

ဒေါက်တာကျော်ဇေလတ်က နှမ်း၏ ပခုံးစွန်းလေးကို ဖက်



www.burmeseclassic.com

www.burmeseclassic.com



တွယ်လိုက်သည်။

"ကိုကို့ရဲ့စေတနာတွေ သဘောထားကြီးမြင့်မှုတွေကို နှမ်းလေ... နှမ်းသိပါပြီ ကိုကိုရယ် ဒါပေမဲ့..."

"နှမ်းရယ်..."

"မောင်မောင့်ကို သနားလွန်းလို့ နောက်ဆုံးအနေနဲ့ နှမ်း ငိုပါရစေ ကိုကိုရေ..."

"ဩော်... နှမ်းရယ် ငိုပါကွယ်... နောက်ကျရင်သာ နှမ်းရဲ့ မျက်ရည်စက်လေးတွေ လျော့နည်းသွားအောင် ကိုကို့ရဲ့ယုယမြတ်နိုးမှုတွေနဲ့ ကြိုးစားချေဖျက်နိုင်ခွင့် ရလာပါစေလို့ ကိုကို မျှော်လင့်ရင်း ဆုတောင်းပါတယ် နှမ်းရယ်..."

အားလျော့ခြင်းများဖြင့် ယိုင်နွဲ့နေသော နှမ်း၏ကိုယ်ခန္ဓာလေးကို ဒေါက်တာကျော်ဇေလတ်က ဖေးမ ခေါ်ဆောင်လာခဲ့ရသည်။

မောမြေ၏လေနုအေးသည် ဆေးရုံ၏ကြမ်းပြင်ပေါ်မှ စာရွက်ပြာလေးကို သယ်ဆောင်လျက် နှမ်းလှမ်းသွားသော ခြေရာလမ်းလေးပေါ်တွင် ဝဲလှည့် လိုက်ပါနေရှာသည်။

စာရွက်ပြာလေးပေါ်မှ တေးစာသားလေးများက ကိုငြိမ်းဆေ ရေးဖွဲ့ခဲ့သော...

'ချစ်ဝိညာဉ်လေး ဝေ့ဝဲလည်'

ကလျာ (ဝိဇ္ဇာ သိပ္ပံ)
၂၄-၂-၁၉၈၃

ကြောင်နှစ်ကောင်စာအုပ်တိုက်

['ချစ်ဝိညာဉ်လေး ဝေ့ဝဲလည်' တေးစာသားကို ခင်မင်သော တေးပြုစာဆို ကိုတည်ငြိမ်က ကူညီရေးဖွဲ့ပေးပါသည်။]

BURMESE CLASSIC .com

www.burmeseclassic.com